# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

■၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက်   ၂၀၁၅ ခုနှစ်၊ ဩဂုတ် ၂၈ ရက်၊ သောကြာနေ့၊   အတွဲ [၅၄]၊ အမှတ် [၃၂၇]


ဒါန၃ တော်မင်္ဂလ မုတ္တမံ

စွန့်ကြဲပေးကမ်း

လှူဒါန်းခြင်းသည်

မြတ်သောမင်္ဂလာမည်၏။

# စီမံကိန်းစတင်စဉ်က မြို့နယ်သုံးမြို့နယ်၌သာ ဆောင်ရွက်နိုင်သော်လည်း ယခုအခါ မြို့နယ် ၁၅ မြို့နယ်အထိ တိုးချဲ့ဆောင်ရွက်နိုင်ပြီးဖြစ်



မြို့နယ် ၆၂ မြို့နယ်တွင် တိုးချဲ့ဆောင်ရွက်ရန် အီတလီနိုင်ငံအစိုးရမှ ယူရိုသန်း ၂၀ နှင့် ကမ္ဘာ့ဘဏ်မှ အမေရိကန်ဒေါ်လာသန်း ၄၀၀ ကို ထပ်မံကူညီပေးခဲ့၊ လူဦးရေခုနစ်သန်းကို ထပ်မံအကျိုးပြုစေမည်၊ ယခင်က ကျေးရွာအုပ်စုတစ်အုပ်စုလျှင် ငွေကျပ် (၃၂ ဒသမ ၄)သန်း ထောက်ပံ့ရာမှ ယခုအခါ ၃၉ ဒသမ ၆ သန်းအထိ တိုးမြှင့်ထောက်ပံ့ပေးလာနိုင်ကာ စီမံကိန်းစက်ဝန်းကိုလည်း လေးနှစ်အဖြစ် တိုးချဲ့ဆောင်ရွက်သွားနိုင်မည်။

**နေပြည်တော် ဩဂုတ် ၂၇**

လူထုဗဟိုပြုစီမံကိန်း ဒုတိယနှစ်နှစ်ပတ်လည် ပြည်ထောင်စုအဆင့် သက်ဆိုင်သူအားလုံး ပါဝင်သော သုံးသပ်ဆွေးနွေးပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II) ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက် အမှာစကားပြောကြားသည်။ **(ဓာတ်ပုံ)**

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကမ္ဘာ့ဘဏ်မှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ စီမံကိန်းကျေးရွာများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတက မိမိတို့အနေဖြင့် ပြည်သူများ၏ တူညီသော ဆန္ဒနှင့်အညီ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေး ဖော်ဆောင်ရေး၊ ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံအဖြစ်မှ

*စာမျက်နှာ ၃ ကော်လံ ၁* ✻

# သီလဝါအထူးစီးပွားရေးဇုန်တွင် ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိနေသော ဟက်တာ ၂၀၀၀ အတွက် မဟာဗျူဟာမြောက် ပတ်ဝန်းကျင်ဆန်းစစ်ခြင်းဆိုင်ရာပြုလုပ်

သတင်း
ရဲခေါင်ညွန့်
ဓာတ်ပုံ
ဖိုးထောင်

**ရန်ကုန် ဩဂုတ် ၂၇**

သီလဝါအထူးစီးပွားရေးဇုန် ဟက်တာ (၄၀၀) စီမံကိန်း အကောင်အထည်ဖော်ရာတွင် ဆက်လက်အကောင်အထည်ဖော်ရန် ကျန်ရှိနေသေးသည့် ဟက်တာ(၂၀၀၀)အတွက် မဟာဗျူဟာမြောက် ပတ်ဝန်းကျင်ဆန်းစစ်ခြင်း (Strategic Environmental Assessment – SEA)ဆိုင်ရာ သက်ဆိုင်သူများနှင့်တွေ့ဆုံပွဲတစ်ခုကို သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီရုံး၌ ပြုလုပ်ခဲ့သည်။

ဩဂုတ် ၂၆ ရက် နံနက်ပိုင်းကပြုလုပ်သည့် SEA အစီရင်ခံစာ သက်ဆိုင်သူများနှင့်တွေ့ဆုံတင်ပြခြင်းသည် ဂျပန်နိုင်ငံရှိ ERM Environmental Resource Management အဖွဲ့နှင့် မြန်မာနိုင်ငံက E-Guard Environmental Services အဖွဲ့က ပညာရှင်များ ပူးပေါင်းလုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။

*စာမျက်နှာ ၁၃ ကော်လံ ၁* ❍




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# သဘာဝအခြေခံခရီးသွားလုပ်ငန်း

ကျွန်ုပ်တို့ မြန်မာနိုင်ငံသည် ရေမြေတောတောင် လှပ်ပြောင်ချိုင့်ဝှမ်း၊ စိမ့်စမ်းရေတံခွန်နှင့် အပန်းဖြေကမ်းခြေ သဘာဝအလှတရားများ ပေါများသော နိုင်ငံဖြစ်ပါသည်။ ပုပ္ပါးတောင်၊ ဖွဲ့ကပင်တောင်၊ အင်းလေးကန်၊ ရိဒ်ရေကန်၊ အင်းတော်ကြီး၊ ငပလီ၊ ငွေဆောင်၊ ချောင်းသာ၊ စက်စဲ အစရှိသော ရေမြေတောတောင်တို့သည် လူတို့၏ ဖန်တီးမှုမဟုတ်ဘဲ သဘာဝကပေးထားသော လက်ဆောင်များပင် ဖြစ်ပါသည်။

ဤသဘာဝအခြေခံလက်ဆောင်များသည် မြန်မာနိုင်ငံသို့ နှစ်စဉ် နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးကို များစွာ အထောက်အကူပြုလျက်ရှိပါသည်။

ယခုရက်ပိုင်းအတွင်း မြန်မာနိုင်ငံသို့ အိမ်နီးချင်းနိုင်ငံများဖြစ်ကြသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ခရီးသွားဧည့်သည်များသည် လေကြောင်းခရီးစဉ်နှင့် မဟုတ်ဘဲ နယ်စပ်ဝင်ပေါက်များမှတစ်ဆင့် မော်တော်ယာဉ် တန်းအုပ်စုများဖြင့် လာရောက်လည်ပတ်မှုမှာ သိသိသာသာ တိုးလာသည်ကို တွေ့ရသည်။ ခရီးသွားဧည့်သည်များသည် အဓိကအားဖြင့် မြန်မာနိုင်ငံ၏ ရေမြေတောတောင် သဘာဝရှုခင်းအလှအပများ၊ တိုင်းရင်းသားတို့၏ ရိုးရာဓလေ့များကို လေ့လာအပန်းဖြေရန် လာရောက်ကြခြင်းဖြစ်သည်။ ဤသည်ပင်လျှင် သဘာဝအခြေခံခရီးသွားလုပ်ငန်းမှာ ဖွံ့ဖြိုးလာပြီဟု ဆိုနိုင်ပေသည်။

မြန်မာနိုင်ငံသည် ရေမြေတောတောင်များပေါများသည့် အလျောက် သဘာဝအခြေခံခရီးသွားလုပ်ငန်းသည် မဖြစ်မနေ ဖွံ့ဖြိုးအောင် ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ပါသည်။ မကြာသေးမီက ပဲခူးရိုးမမှ တောဆင်ရိုင်းများ မြို့ရွာများကို လာရောက်နှောင့်ယှက်သည်ဆိုသော သတင်းများကို ကြားသိရသည်။ ဤကဲ့သို့သော တောဆင်ရိုင်းများ၊ သားရဲတိရစ္ဆာန်များကို ကမ္ဘာလှည့်ခရီးသွားများအား အမြဲမပြတ် ကြည့်ရှုလေ့လာနိုင်အောင် သဘာဝတောများစနစ်တကျ ပြုစုပျိုးထောင်ပေးနိုင်မည်ဆိုလျှင် သဘာဝအခြေခံ ခရီးသွားလုပ်ငန်းသည် ယခုထက်အောင်မြင်လာနိုင်သည်။

သန်းပေါင်းများစွာသော နိုင်ငံခြားသားခရီးသွားဧည့်သည်များကို ပိုမိုဆွဲဆောင်လာနိုင်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံရှိ ဖိုးကျားဆင်စခန်းသည် သဘာဝအခြေခံခရီးသွားလုပ်ငန်းတစ်ခုဖြစ်ပါသည်။ သို့သော် ကမ္ဘာလှည့်ခရီးသွားများနှင့် ချိတ်ဆက်နိုင်မှုအားနည်းနေပါသည်။ အာဖရိကမှာကဲ့သို့ သဘာဝတောရိုင်းဆင်များကို ကမ္ဘာလှည့်ခရီးသွားများ အမြဲမပြတ်လေ့လာနိုင်အောင် စီစဉ်သွားနိုင်မည်ဆိုလျှင် သဘာဝအခြေခံ ခရီးသွားလုပ်ငန်းသည် ယခုထက်ပို၍ အောင်မြင်လာနိုင်ပါသည်။

ကမ္ဘာလှည့်ခရီးသွားများသည် သဘာဝရေမြေတောတောင် ရှုခင်းများနှင့် သဘာဝအလျောက်ရှိသော သားရဲတိရစ္ဆာန်များကို လေ့လာကြည့်ရှုရင်း အပန်းဖြေခရီးထွက်ရသည်ကို အထူးပင်စိတ်ဝင်စား လာကြသည်။ သို့ပါ၍ မီးခိုးမထွက်သော စီးပွားရေးလုပ်ငန်းဟု ဆိုကြသည့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကို ပိုမိုဖွံ့ဖြိုးအောင် ဆောင်ရွက်မည်ဆိုလျှင် သဘာဝအခြေခံခရီးသွားလုပ်ငန်းကို ယခုထက်ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်သင့်ပြီဖြစ်ပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

" မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။
မဲစာရင်းမှားယွင်းမှုရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။
မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု
လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ ၅၀ (ဂ)တွင် အတိအလင်း ပြဋ္ဌာန်းထားပါသည်။ "

# ရေဘေးသင့်ပြည်သူ လေးသိန်းကျော်အတွက် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်ကထောက်ပံ့

**ရန်ကုန် ဩဂုတ် ၂၇**

ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် (WFP)က ဇူလိုင် ၃၀ ရက်နေ့ ရက်စွဲဖြင့်ထုတ်ပြန်သော နိုင်ငံတော်သမ္မတ၏ သဘာဝဘေးအန္တရာယ် ကျရောက်သည့်ဒေသများ ကြေညာချက်ထွက်ပေါ်ပြီး ၄၈ နာရီအတွင်း ဩဂုတ် ၂ ရက်၌ အရေးပေါ်ကယ်ဆယ်ရေးအစီအစဉ်ကို စတင်ဆောင်ရွက်ခဲ့ရာ ယခုအချိန်တွင် ရေဘေးသင့်ပြည်သူ ၄၀၈၀၀၀ ကျော်အတွက်ကယ်ဆယ်ရေး စားနပ်ရိက္ခာများကို ထောက်ပံ့ပေးခဲ့ကြောင်း ဩဂုတ် ၂၆ ရက်ကထုတ်ပြန်ခဲ့သည်။

"ကုလသမဂ္ဂစားနပ်ရိက္ခာအစီအစဉ်က ကယ်ဆယ်ရေး စားနပ်ရိက္ခာများ ထောက်ပံ့ခြင်းအားဖြင့် နိုင်ငံတော်အစိုးရအား ပံ့ပိုးပေးလျက်ရှိပါတယ်။ နိုင်ငံတစ်ဝန်းနီးပါးဖြစ်ပေါ်တဲ့ ရေကြီးရေလျှံမှုများနဲ့ မြေပြိုမှုများကြောင့် လမ်းများ ပျက်စီးခဲ့တဲ့အတွက် ခြေကျင်ခရီးဖြင့်သာသွားရောက်နိုင်တဲ့ ဒေသတွေကိုလည်း ထောက်ပံပေးခဲ့ပါတယ်" ဟု ကုလသမဂ္ဂစားနပ်ရိက္ခာအစီအစဉ်၏ ဌာနေကိုယ်စားလှယ် Dom Scalpeiil က ဆိုသည်။

ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်၏ စားနပ်ရိက္ခာမက်ထရစ်တန် ၂၅၀၀ ကျော်ကို နိုင်ငံတော်အစိုးရနှင့် အဲပုဂံ၊ အဲကမ္ဘောဇ၊ ရွှေမြန်မာနှင့် မြန်မာနိုင်ငံလေကြောင်းလိုင်းများက ရေဘေးသင့်ဒေသများအတွက် အခမဲ့ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ ကုလသမဂ္ဂစားနပ်ရိက္ခာအစီအစဉ်သည် နိုင်ငံတော်အစိုးရ၊ အခြားကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ကချင်၊ ကရင်၊ ချင်း၊ မွန်နှင့် ရခိုင်ပြည်နယ်၊ ပဲခူး၊ မကွေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးများမှ လူဦးရေ ၄၄၀၀၀၀ ကျော်အတွက် စားနပ်ရိက္ခာကို စက်တင်ဘာလ အစောပိုင်းတွင် အပြီးသတ် ထောက်ပံ့ပေးနိုင်ရန် ရည်မှန်းထားကြောင်း ရေဘေးသင့်ပြည်သူများအတွက် တစ်လစာ ဆန်၊ ပဲ၊ စားသုံးဆီနှင့် ဆားတို့အပြင် ၄င်းတို့အနက်မှ တချို့အတွက် ရက်သတ္တပတ်စာ အာဟာရ၊ အာဟာရဖြည့်ဘီစကွတ်ကို ထောက်ပံပေးလျက်ရှိကြောင်း သိရသည်။

ရေဘေးကယ်ဆယ်ရေးတုံ့ပြန်ဆောင်ရွက်မှုကို ၂၀၁၆ ခုနှစ် ဇူလိုင်လအထိ ဆောင်ရွက်သွားရန် မျှော်မှန်းထားကြောင်း၊ သို့ရာတွင် ယင်းရေဘေး ကယ်ဆယ်ရေးတုံ့ပြန်ဆောင်ရွက်မှုက ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်၏ အခြားလုပ်ငန်းအစီအစဉ်များအပေါ် သက်ရောက်မှုရှိခဲ့ကြောင်း၊ ရန်ပုံငွေလိုအပ်မှုနှင့် စားနပ်ရိက္ခာရရှိနိုင်မှု အကန့်အသတ်ကြောင့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်၏ ပုံမှန်လုပ်ငန်းအစီအစဉ်များကို ခေတ္တရပ်နားထားခြင်း သို့မဟုတ် လျှော့ချပြီး ရေဘေးသင့်ပြည်သူများအတွက် ဦးစားပေးထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မွန်းဦးနဒီ**

# ရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာ ရှင်းလင်း



**မိုးညှင်း ဩဂုတ် ၂၇**

၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့၌ ကျင်းပမည့် ရွေးကောက်ပွဲအောင်မြင်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ လုံခြုံရေးဆိုင်ရာအစီအမံ ဆောင်ရွက်ထားခြင်းကို ဩဂုတ် ၂၄ ရက်က ကချင်ပြည်နယ် မိုးညှင်းမြို့ ရဲတပ်ဖွဲ့အစည်းအဝေးခန်းမ၌ မိုးညှင်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဟန်ဝင်းအောင်နှင့် မိုးညှင်းမြို့မရဲတပ်ဖွဲ့စခန်းမှူး ဒုတိယရဲမှူး လှထွေးတို့က သတင်းစာနှင့် ဂျာနယ်မီဒီယာများကို တွေ့ဆုံရှင်းလင်းသည်။

ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရန် မြို့နယ်တွင်မဲရုံပေါင်း ၉၈ နေရာရှိမည်ဖြစ်ကြောင်း၊ မဲရုံအလိုက်လုံခြုံရေး အနီးကပ်စောင့်ရှောက်နိုင်ရန် အထူးရဲ ၉၈ ဦးကို ဝတ်စုံပြည့်ဖြင့်ဆောင်ရွက်ထားပါကြောင်း၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် အထူးရဲများအပြင် အရန်ရဲများကိုလည်း စီစဉ်ထားပါကြောင်း၊ မဲရုံတာဝန်ရှိသူများက မဲပြားများကိုရေတွက်စိစစ်ပြီးသည်နှင့် ချိတ်ပိတ်မဲပြား၊ မဲစာရင်းများအား လုံခြုံရေးအနီးကပ်စောင့်ရှောက်၍ မြို့နယ်ကော်မရှင်ရုံးသို့ အဆင့်ဆင့် စည်းကမ်းနှင့်အညီ ပေးပို့သွားမည်ဖြစ်ပါကြောင်း စသည်ဖြင့်ရှင်းလင်းပြောကြားသည်။

(၀၆၃)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၇-၈-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၅၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၁၀၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၅၅၀၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၆၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၇၀၀/၇၁၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၇၀၀ |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၇၇ |
| ဥရောပ | တစ်ယူရို | ၁၄၆၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၀၈.၆၄ |
| ထိုင်း | တစ်ဘတ် | ၃၆.၀၉၆ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၆၂၆ |
| တရုတ် | တစ်ယွမ် | ၂၀၁.၁၃ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၀.၈၄ |

ခင်ရတနာ-စုစည်းသည်။



ဒုတိယသမ္မတ ဦးညဏ်ထွန်း လူထုဗဟိုပြုစီမံကိန်း ဒုတိယနှစ် နှစ်ပတ်လည်ပြည်ထောင်စုအဆင့် သက်ဆိုင်သူ အားလုံးပါဝင်သော သုံးသပ်ဆွေးနွေးပွဲ အခမ်းအနားအပြီးတွင် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

* ရှေ့ဖုံးမှ

လွတ်မြောက်ရေး၊ အလယ်အလတ်အဆင့် ဝင်ငွေရှိသည့် နိုင်ငံအဖြစ် ရပ်တည်နိုင်ရေး၊ အမျိုးသားရေးရည်မှန်းချက်များထားရှိကာ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းများကို မဟာဗျူဟာမြောက် အစီအမံများ ရေးဆွဲချမှတ်ကာ တစိုက်မတ်မတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လူထုဗဟိုပြုစီမံကိန်းသည် အဆိုပါ ရေးဆွဲထားသည့် မဟာဗျူဟာထဲမှ အရေးကြီးသည့် အစိတ်အပိုင်း တစ်ခုဖြစ်ပါကြောင်း။

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် စီမံကိန်း စတင်စဉ်က မြို့နယ်သုံးမြို့နယ်၌သာ ဆောင်ရွက်ခဲ့သော်လည်း ယခုအခါ မြို့နယ် ၁၅ မြို့နယ်အထိ တိုးချဲ့ဆောင်ရွက်နိုင်ပြီး ဖြစ်ပါကြောင်း၊ ပြီးခဲ့သည့် နှစ်နှစ်တာကာလအတွင်း မြို့နယ် ကိုးမြို့နယ်၌ စီမံကိန်းလုပ်ငန်းပေါင်း ၁၈၂၂ ခုကို ငွေကျပ် ၉ ဒသမ ၃၆ ဘီလီယံဖြင့် ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ကျေးလက်ပြည်သူ ၂ ဒသမ ၄၈ သန်းကို အကျိုးပြုစေခဲ့ပါကြောင်း။

လူထုဗဟိုပြု စီမံကိန်း၏ လက်တွေ့ကျသည့် အောင်မြင်မှုများကြောင့် မြို့နယ် ၆၂ မြို့နယ်တွင် တိုးချဲ့ဆောင်ရွက်ရန် အီတလီနိုင်ငံအစိုးရမှ ယူရိုသန်း ၂၀ နှင့် ကမ္ဘာ့ဘဏ်မှ အမေရိကန်ဒေါ်လာသန်း ၄၀၀ ကို ထပ်မံကူညီပေးခဲ့ပါကြောင်း၊ ထို့ကြောင့် လူဦးရေ ခုနစ်သန်းကို ထပ်မံ အကျိုးပြုစေမည်ဖြစ်ပြီး ယခင်က ကျေးရွာအုပ်စုတစ်အုပ်စုလျှင် ငွေကျပ် ၃၂ ဒသမ ၄ သန်း ထောက်ပံ့ရာမှ ယခုအခါ ၃၉ ဒသမ ၆ သန်းအထိ တိုးမြှင့်ထောက်ပံ့ပေးလာနိုင်ကာ စီမံကိန်းစက်ဝန်းကိုလည်း လေးနှစ်အဖြစ် တိုးချဲ့ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါကြောင်း။

ယနေ့ ကျင်းပသည့် သုံးသပ်ဆွေးနွေးပွဲမှ ဖြည့်စွက်အကြံပြုချက်များ၊ အတွေ့အကြုံမျှဝေမှုများ၊ သင်ခန်းစာ ဖော်ထုတ်ချက်များသည် စီမံကိန်းအောင်မြင်စေရန် များစွာ အထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ တက်ရောက်လာကြသူများအနေဖြင့် မြေပြင်တွင် ဖြစ်ပေါ်နေသော ပကတိဖြစ်ရပ်မှန်အခြေအနေများ၊ အတွေ့အကြုံများ၊ ကျေးလက်နေပြည်သူများ၏ အသံနှင့် ခံစားချက်များအား အရှိကိုအရှိအတိုင်း ပွင့်ပွင့်လင်းလင်း ဆွေးနွေးအကြံပြုပေးကြရန် တိုက်တွန်း မှာကြားလိုပါကြောင်း။

**စတင်စဉ်က မြို့နယ် သုံးမြို့နယ်၌သာ ဆောင်ရွက်ခဲ့သော်လည်း ယခုအခါ မြို့နယ် ၁၅ မြို့နယ်အထိ တိုးချဲ့ဆောင်ရွက်နိုင်ပြီး နှစ်နှစ်တာကာလအတွင်း မြို့နယ် ကိုး မြို့နယ်၌ စီမံကိန်းလုပ်ငန်းပေါင်း ၁၈၂၂ ခုကို ငွေကျပ် ၉ ဒသမ ၃၆ ဘီလီယံဖြင့် ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ကျေးလက်ပြည်သူ ၂ ဒသမ ၄၈ သန်းကို အကျိုးပြုစေခဲ့**

ကမ္ဘာ့ဘဏ်နှင့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာနတို့ကလည်း ယခုဆွေးနွေးပွဲမှ အကြံပြုချက်များကို လေးလေးနက်နက်စဉ်းစား၍ တတိယနှစ် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ထည့်သွင်း ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်မှု၊ စွမ်းဆောင်ရည်များ မြင့်မားလာစေရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းများကို အထောက်အကူပြုစေမည့် လူထုဗဟိုပြုစီမံကိန်း အောင်မြင်စေရန်အတွက် ကမ္ဘာ့ဘဏ်အပါအဝင် သက်ဆိုင်သူ အားလုံးနှင့် နီးနီးကပ်ကပ် လက်တွဲပူးပေါင်း၍ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကမ္ဘာ့ဘဏ်မှ မြန်မာနိုင်ငံ ဌာနခွဲမန်နေဂျာ မစ္စတာ အဗ္ဗဒူလ် ယေဆက်ဖ်က နှုတ်ခွန်းဆက်စကားပြောကြားပြီး စီမံကိန်းအကျဉ်းကို ဗီဒီယိုဆလိုက်ဖြင့် ပြသသည်။

ယင်းနောက် ဒုတိယသမ္မတက ကျေးရွာအုပ်စု ပထမဆုရရှိသည့် ကန်ပက်လက်မြို့နယ် မကြားအိမ်နူး ကျေးရွာအုပ်စုနှင့် ကျေးရွာပထမဆုရရှိသည့် ဖုန်းတွေးကျင်း ကျေးရွာ၊ ကျေးရွာအုပ်စု ပထမဆုရရှိသည့် ကျွန်းစုမြို့နယ် ကဘင်ကျေးရွာအုပ်စုနှင့်ကျေးရွာပထမဆုရရှိသည့် လင်မလိုင်ယ်ကျေးရွာများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးဦးအုန်းမြင့်က ကျေးရွာအုပ်စု ပထမဆုရရှိသည့် နမ့်ဆန်မြို့နယ် နမ့်လင်းကျေးရွာအုပ်စုနှင့် ကျေးရွာပထမဆုရရှိသည့် ဇယ်ဘန်ကောက်ကျေးရွာ၊ ကျေးရွာအုပ်စု ပထမဆုရရှိသည့် တပ်ကုန်းမြို့နယ် ရှားတောကျေးရွာအုပ်စုနှင့် ကျေးရွာပထမဆုရရှိသည့် သဲကုန်းကျေးရွာများကိုလည်းကောင်း၊ ကမ္ဘာ့ဘဏ်မှ မြန်မာနိုင်ငံ ဌာနခွဲမန်နေဂျာက ကျေးရွာအုပ်စု ပထမဆုရရှိသည့် ထန်းတပင်မြို့နယ် လှည်းဆိပ်ကျေးရွာအုပ်စုနှင့် ကျေးရွာပထမဆုရရှိသည့် ကွဲကူးကျေးရွာ၊ ကျေးရွာအုပ်စုပထမဆုရရှိသည့် လေးမျက်နှာမြို့နယ် အိုင်သပြု ကျေးရွာအုပ်စုနှင့် ကျေးရွာပထမဆုရရှိသည့် အလုံးကြီးကျေးရွာများအားလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယသမ္မတသည် တက်ရောက်လာကြသည့် ဧည့်သည်တော်များ၊ ဆုရရှိသည့်ကျေးရွာများမှ ကိုယ်စားလှယ်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတသည် အဆိုပါခန်းမ၌ ခင်းကျင်းပြသထားသည့် လူထုဗဟိုပြုစီမံကိန်း လှုပ်ရှားမှုဓာတ်ပုံများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် သုံးသပ်ဆွေးနွေးပွဲကိုစတင်ကျင်းပရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ နမ့်ဆန်၊ ကျွန်းစု၊ ကန်ပက်လက်၊ ထန်းတပင်၊ ပင်လည်ဘူး၊ စေတုတ္တရာ၊ လေးမျက်နှာ၊ အမ်းနှင့် တပ်ကုန်းမြို့နယ်များမှ ကိုယ်စားလှယ်များက လူထုဗဟိုပြုစီမံကိန်းများ ဆောင်ရွက်ခဲ့မှု၊ တွေ့ကြုံရသည့် အခက်အခဲများနှင့် လိုအပ်ချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာသူများက တင်ပြချက်များအပေါ် မေးမြန်းဆွေးနွေးကြသည်။

ယနေ့ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုအနေအထားကို ခြုံငုံသုံးသပ်ရာတွင် မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးမှု ကွာဟချက်ကျဉ်းမြောင်းလာပြီး နိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုနှုန်းမှာ ၂၀၀၅ခုနှစ်တွင် ၃၂ ရာခိုင်နှုန်းရှိရာမှ ၂၀၁၀ ပြည့်နှစ်တွင် ၂၆ ရာခိုင်နှုန်းအထိ ကျဆင်းလာခဲ့သည်။ ထောင်စုနှစ်ဖွံ့ဖြိုးမှုပန်းတိုင်နှင့်အညီ ဆင်းရဲနွမ်းပါးမှုနှုန်းကို ၂၀၁၅ ခုနှစ်တွင် ၁၆ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ ကုလသမဂ္ဂမှ ချမှတ်ထားသည့် ၂၀၁၅ ခုနှစ်အလွန် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်ရည်မှန်းချက်များ ပြည့်မီစေရေးအတွက်လည်း ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရေဘေးဒဏ်သင့်ဒေသများ အမြန်ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ကုလသမဂ္ဂနှင့်အတူ ဆက်လက်ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၇**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်အဖွဲ့အစည်း၏ လက်ထောက်အတွင်းရေးမှူးချုပ်နှင့် အရေးပေါ် အခြေအနေ တုံ့ပြန်မှုဌာန၏ ညွှန်ကြားရေးမှူး မစ္စအီဇုမိ နာကာမိဆု ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီတွင် နိုင်ငံတော်သမ္မတ အိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့ တွေ့ဆုံရာ၌ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ မိုးလေဝသနှင့် သတင်းအချက်အလက် နည်းပညာရှင်များနှင့် ပူးပေါင်း၍ သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းများ ညှိနှိုင်းဆောင်ရွက်မှုဆိုင်ရာကိစ္စ၊ နိုင်ငံတကာမိတ်ဖက် အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ သဘာဝဘေးပြန်လည်ထူထောင်ရေးဆိုင်ရာ ဆန်းစစ်ချက်များဆောင်ရွက်ပြီး၊ ဆန်းစစ်ချက်ရလဒ်များအပေါ် အခြေခံ၍ ကာလတို၊ ကာလရှည် ပြန်လည်ထူထောင်ရေး စီမံချက်များ ရေးဆွဲဆောင်ရွက်သွားရေးကိစ္စ၊ ယင်းလုပ်ငန်းများ ဆောင်ရွက်ရန် ဘဏ္ဍာရေးနှင့် နည်းပညာပိုင်းဆိုင်ရာ အထောက်အပံ့များ ပေးအပ်ရေးကိစ္စ၊ ကုလသမဂ္ဂဗဟိုအရေးပေါ် တုံ့ပြန်မှုဆိုင်ရာရန်ပုံငွေမှ မြန်မာနိုင်ငံ ရေဘေးသင့်ဒေသများ ပြန်လည် ထူထောင်ရေးအတွက် ထောက်ပံ့ရေးနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ တစ်ဆင့် နိုင်ငံတကာ အလှူရှင်များက ပေးအပ်လှူဒါန်းမှု၊ ဖြန့်ဝေပေးမှု အချက်အလက်များကို စနစ်တကျ မှတ်တမ်းထားရှိနိုင်ရန်နှင့် ပွင့်လင်းမြင်သာမှုရှိစေရန် ပူးပေါင်းဆောင်ရွက်သွားရေးကိစ္စ၊ မြန်မာနိုင်ငံအစိုးရအနေဖြင့် ရေဘေးဒဏ်သင့်ဒေသများ အမြန်ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ကုလသမဂ္ဂနှင့်အတူ ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။



အဆိုပါ တွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးတင်ဦးလွင်၊ ဒေါ်လဲ့လဲ့သိန်း၊ ဦးစိုးတင့်၊ ဒေါ်စုစုလှိုင်တို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၂၇**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Gautam Mukhopadhaya အား ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



# သံအမတ်ကြီး ဒေါ်မော်မော် နော်ဝေနိုင်ငံဘုရင်ထံ ၎င်း၏ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဩဂုတ် ၂၈**

နော်ဝေနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဒေါ်မော်မော်သည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၅ ခုနှစ် ဩဂုတ် ၂၀ ရက်တွင် အော်စလိုမြို့၌ နော်ဝေနိုင်ငံ ပဉ္စမမြောက် ဟာရယ်လ် ဘုရင်မင်းမြတ်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

# ဒိုင်းနက်လူမျိုးများ တိုးတက်ရေးပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ်(၅၁/၂၀၁၅)**
**၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်**
**(၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်)**

**ဒိုင်းနက်လူမျိုးများတိုးတက်ရေးပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့၊ အမှတ်(၄) (သပြေကုန်း) ရပ်ကွက်၊ မင်းစောမွန်လမ်း၊ အမှတ်(၅၉၃)တွင် ပါတီရုံးချုပ်(ယာယီ) ဖွင့်လှစ်ထားရှိသော **ဒိုင်းနက်လူမျိုးများတိုးတက်ရေးပါတီ**အား ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

**ဒိုင်းနက်လူမျိုးများတိုးတက်ရေးပါတီ**၏ မှတ်ပုံတင်အမှတ်မှာ (၁၀၀) ဖြစ်ပါသည်။

**အမိန့်အရ**

**(တင်ထွန်း)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၂၇**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ **(မိုး/ဇလ)**

# မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာသံအမတ်ကြီးအဖြစ် မစ္စတာ ကေ ဒဗလျူ အင်န် ဒီ ကရုနာရတ်နေ အား ခန့်အပ်ရန်သဘောတူ

**နေပြည်တော် ဩဂုတ် ၂၈**

မစ္စတာ ကေ ဒဗလျူ အင်န် ဒီ ကရုနာရတ်နေ အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် အဆိုပြုချက်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်ပါသည်။

မစ္စတာ ကေ ဒဗလျူ အင်န် ဒီ ကရုနာရတ်နေ သည် ၁၉၅၃ ခုနှစ်တွင် မွေးဖွားခဲ့ပြီး သင်္ချာ၊ စီးပွားရေးနှင့်ပထဝီဆိုင်ရာ အဓိကဘာသာရပ်ဖြင့် ဝိဇ္ဇာဘွဲ့ကိုလည်းကောင်း၊ တိုင်းတာရေးနှင့်မြေပုံရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်ဒီပလိုမာကိုလည်းကောင်း၊ ကိုလံဘိုတက္ကသိုလ်မှ လယ်ယာမြေဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဘွဲ့လွန်ဒီပလိုမာဘွဲ့ကိုလည်းကောင်း ရရှိခဲ့ပါသည်။ ၁၉၇၈ ခုနှစ်မှ ၁၉၇၉ ခုနှစ်အထိ သီရိလင်္ကာနိုင်ငံ ပြည်တွင်းအခွန်ဦးစီးဌာနတွင် အခွန်ဦးစီးမှူးအဖြစ်လည်းကောင်း၊ ၁၉၇၉ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ မြေတိုင်းဦးစီးဌာနတွင် လက်ထောက်ကြီးကြပ်ရေးမှူး/ကြီးကြပ်ရေးမှူး၊ ဒုတိယမြေတိုင်းမှူးချုပ်အဖြစ်လည်းကောင်း၊ ၂၀၀၄ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ မြေတိုင်းဦးစီးဌာနတွင် အကြီးတန်း ဒုတိယမြေတိုင်းမှူးချုပ်နှင့် ၂၀၀၉ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ တွဲဖက်မြေတိုင်းမှူးချုပ်အဖြစ် လည်းကောင်း အသီးသီးတာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၂၀၁၃ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ လက်ရှိသမ္မတမှ ကျန်းမာရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့စဉ် ကိုယ်ရေးအတွင်းဝန်နှင့် ၂၀၁၅ ခုနှစ်၌ လက်ရှိသမ္မတမှ ကာကွယ်ရေးဝန်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်ရာတွင် ကာကွယ်ရေးညှိနှိုင်းရေးအတွင်းဝန်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ ၎င်းသည် အိမ်ထောင်ရှင်တစ်ဦးအဖြစ် သားသမီးနှစ်ဦးထွန်းကားပါသည်။ **(သတင်းစဉ်)**

# (၁၂) ကြိမ်မြောက် ရန်ကုန်ပရိဘောဂပြပွဲဖွင့်

**ရန်ကုန် ဩဂုတ် ၂၇**

(၁၂)ကြိမ်မြောက် Yangon Lifestyle Furniture Fair ၂၀၁၅ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်း တပ်မတော်ခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းနှင့် တာဝန်ရှိသူတို့က ပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ခင်းကျင်းပြသထားသည့် ပရိဘောဂပစ္စည်းများကို လှည့်လည်ကြည့်ရှုကြသည်။

ယနေ့ကျင်းပသည့် (၁၂) ကြိမ်မြောက် ရန်ကုန်ပရိဘောဂပြပွဲကို ဩဂုတ် ၃၁ ရက်ထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း၊ ပြပွဲတွင် ပြည်တွင်းကုမ္ပဏီပေါင်း ၃၁ ခုမှ ပြခန်းပေါင်း ၁၆၄ ခန်းဖြင့် မြန်မာ့ရိုးရာအိမ်ထောင်ပရိဘောဂများ၊ ပြည်ပရောင်းတန်းဝင် ကျွန်းသစ်နှင့် သစ်မာပရိဘောဂများ၊ ခေတ်မီအလှဆင်ပစ္စည်းများအပြင် ပြည်ပမှ တင်သွင်းဖြန့်ဖြူးရောင်းချသော ခေတ်မီပရိဘောဂမျိုးစုံတို့ကို အထူးဈေးနှုန်းများဖြင့် ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်သည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (က)ဦးမြင့်ဆွေ | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| (ခ)ပါမောက္ခဒေါက်တာ<br>ဒေါ်မြတ်သန္တာ | ပါမောက္ခချုပ်<br>သူနာပြုတက္ကသိုလ်(ရန်ကုန်)<br>ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်<br>ဖွံ့ဖြိုးတိုးတက်ရေးနှင့်စီမံခန့်ခွဲရေး<br>ဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|
| (က)ဦးမြင့်ထွေး<br>ဒုတိယအမြဲတမ်းအတွင်းဝန်/<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>ပြန်ကြားရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား<br>ပြန်ကြားရေးဝန်ကြီးဌာန |
| (ခ) ဦးခင်မောင်ဝင်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပင်စင်ဦးစီးဌာန<br>ဘဏ္ဍာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ပင်စင်ဦးစီးဌာန<br>ဘဏ္ဍာရေးဝန်ကြီးဌာန |
| (ဂ) ဒေါ်ချယ်ရီလွင်<br>အထွေထွေမန်နေဂျာ<br>မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်<br>ဘဏ္ဍာရေးဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်း<br>ရောင်းဝယ်ရေးဘဏ်<br>ဘဏ္ဍာရေးဝန်ကြီးဌာန |
| (ဃ) ပါမောက္ခဒေါက်တာခင်မောင်လွင်<br>ဒုတိယပါမောက္ခချုပ်(စီမံ)<br>ဆေးတက္ကသိုလ်(မန္တလေး)<br>ဆေးဘက်ဆိုင်ရာလူ့စွမ်းအား<br>အရင်းအမြစ်<br>ဖွံ့ဖြိုးတိုးတက်ရေးနှင့်<br>စီမံခန့်ခွဲရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ဆေးတက္ကသိုလ်(မန္တလေး)<br>ဆေးဘက်ဆိုင်ရာလူ့စွမ်းအား<br>အရင်းအမြစ်<br>ဖွံ့ဖြိုးတိုးတက်ရေးနှင့်<br>စီမံခန့်ခွဲရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |
| (င)ပါမောက္ခ ဒေါက်တာ<br>ဒေါ်ဆန်းဆန်းဝင်း<br>ပါမောက္ခ/ဌာနမှူး<br>ကလေးသွားကျန်းမာရေးပညာဌာန<br>သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်<br>(ရန်ကုန်)<br>ဆေးဘက်ဆိုင်ရာလူ့စွမ်းအား<br>အရင်းအမြစ်<br>ဖွံ့ဖြိုးတိုးတက်ရေးနှင့်<br>စီမံခန့်ခွဲရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>သွားဘက်ဆိုင်ရာ<br>ဆေးတက္ကသိုလ်<br>(မန္တလေး)<br>ဆေးဘက်ဆိုင်ရာ<br>လူ့စွမ်းအားအရင်းအမြစ်<br>ဖွံ့ဖြိုးတိုးတက်ရေးနှင့်<br>စီမံခန့်ခွဲရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |

# သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေး ခြင်ဆေးဖျန်း

**ကွတ်ခိုင် ဩဂုတ် ၂၇** ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ် ပညာရေးဌာနနှင့် စည်ပင်သာယာရေးဌာနတို့ပူးပေါင်း၍ ကွတ်ခိုင်မြို့ပေါ်ရှိ စာသင်ကျောင်းများအားလုံးတွင် သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရေးအတွက် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို ဩဂုတ် ၂၆ ရက်က ဆောင်ရွက်ခဲ့ရာ မြို့နယ်ပညာရေးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်စည်ပင် သာယာရေးဌာနမှ အမှုဆောင်အရာရှိ ဦးအောင်ဖေနှင့် အင်ဂျင်နီယာ ဦးဖြိုးပြည့်ဟိန်းတို့ကဦးဆောင်၍ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **အယ်လ်စိုး(ပြန်/ဆက်)**

◆ ***ကျောဖုံးမှ***

အယ်လ်ဘာတိုက တီမောအတွက် ဂိုးစတင်သွင်းယူပေးခဲ့သည်။ မြန်မာအသင်းမှာ အကောင်းဆုံးပုံစံ မရသေးသည့်အပြင် စောစီးစွာ ဂိုးပေးခဲ့ရ၍ ကစားကွက်တည်မရခဲ့ဘဲ တီမောအသင်း၏ ဆက်တိုက်ဖိအားပေးခြင်း ခံခဲ့ရသည်။ တီမောတိုက်စစ်မှူးများ အပိုင်အခွင့်အရေးများ အသုံးမချနိုင်ခဲ့၍ မြန်မာအသင်း သက်သာရာရခဲ့သည်။ မြန်မာအသင်းသည် ချေပဂိုး ပြန်လည်ရရှိရန် တိုက်စစ်အားမြှင့်ခဲ့သော်လည်း တီမောနောက်တန်းကို ထင်သလို မခြိမ်းခြောက်နိုင်ခဲ့ပေ။ ၇၉ မိနစ်တွင် ကျော်ကိုကိုဦး၏ ခေါင်းတိုက်ချက် ဘားထိထွက်ခဲ့သလို ၈၇ မိနစ်တွင် အောင်ကောင်းမာန် အပိုင်ကန်သွင်းခွင့်ရသော်လည်း အသုံးမချနိုင်ခဲ့ပေ။ ပွဲပြီးခါနီး နာကျင် အချိန်ပိုကျမှ မြန်မာအသင်း ချေပဂိုး ပြန်ရခဲ့ပြီး အောင်ဇင်ဖြိုးက ခေါင်းတိုက်သွင်းခဲ့ခြင်းဖြစ်သည်။

မြန်မာယူ-၁၉ အသင်းသည် နှစ်ပွဲကစားအပြီးတွင် လေးမှတ်သာ ရရှိသေးပြီး ဩဂုတ် ၂၉ ရက်တွင် မလေးရှားနှင့် ကစားရမည်ဖြစ်သည်။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အစည်းအဝေးတက်ရန် ထိုင်းနိုင်ငံသို့ထွက်ခွာ


နေပြည်တော် ဩဂုတ် ၂၇

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ဦးဆောင်သော မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ၌ကျင်းပပြုလုပ်မည့် 3rd Thailand –Myanmar High Level Committee Meeting တက်ရောက်ရန်အတွက် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်မှ မြန်မာ့တပ်မတော်လေယာဉ်ဖြင့် ထွက်ခွာသည်။**

တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ဦးဆောင်သော မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့အား ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ပူးတွဲတာဝန် ဗိုလ်ချုပ်ကြီးခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းရေတပ်စစ်သံမှူး Captain Apakorn Youkongkaew နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(ယာပုံ)**

တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဦးဆောင်သော မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဗိုလ်ချုပ်မင်းနောင်၊ ဗိုလ်ချုပ်ဆန်းဦးနှင့် တပ်မတော်အရာရှိကြီးများ လိုက်ပါသွားသည်။

(မြဝတီ)



# မြန်မာ့တပ်မတော်အနေဖြင့် နှစ်နိုင်ငံတည်ငြိမ်ရေးအတွက် အမြဲတမ်း ပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိ

နေပြည်တော် ဩဂုတ် ၂၇


**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ဦးဆောင်သော မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ၌ကျင်းပပြုလုပ်မည့် 3rd Thailand-Myanmar High Level Committee Meeting တက်ရောက်ရန် ယနေ့နံနက် ၇ နာရီ ၃၅ မိနစ်က မြန်မာ့တပ်မတော် အထူးလေယာဉ်ဖြင့် နေပြည်တော်မှထွက်ခွာခဲ့ရာ ဒေသစံတော်ချိန် ၁၀ နာရီတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ရောက်ရှိကြသည်။**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ထိုင်းအစိုးရအဖွဲ့ရုံးသို့ ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် ရောက်ရှိကြပြီး ထိုင်းဝန်ကြီးချုပ် General Prayut Chan-o-cha အား တွေ့ဆုံနှုတ်ဆက်သည်။

ထိုသို့တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နှစ်နိုင်ငံတပ်မတော်များ၏ ချစ်ကြည်ရင်းနှီးမှုအရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့် TBC, RBC, HLC အစည်းအဝေးဆိုင်ရာကိစ္စရပ်များကို အိမ်နီးချင်းနိုင်ငံများကလည်း စိတ်ဝင်စားကြကြောင်း၊ မြန်မာနိုင်ငံ၌ ဇွန်၊ ဇူလိုင်နှင့် ဩဂုတ်လအတွင်း သဘာဝရေဘေးအန္တရာယ်ဖြစ်ပွားခဲ့ပြီး ရေဘေးသင့်ပြည်သူများအတွက် ထိုင်းနိုင်ငံအစိုးရက ဘတ်ငွေ ၁၈ သန်းနှင့် ပစ္စည်းများ ပေးပို့လှူဒါန်းခြင်း၊ ဆေးအကာအကွယ်ပေးရေးအဖွဲ့များ စေလွှတ်ပေးခြင်းများအတွက် ကျေးဇူးတင်ရှိကြောင်း၊ ဩဂုတ် ၁၇ ရက်က ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ဗုံးပေါက်ကွဲမှုတစ်ရပ် ဖြစ်ပွားရခြင်းအတွက် ထိုင်းပြည်သူများနှင့်အတူ အံ့ဩတုန်လှုပ်စိတ်မကောင်းဖြစ်ရကြောင်း၊ မြန်မာ့တပ်မတော်အနေဖြင့် နှစ်နိုင်ငံတည်ငြိမ်ရေးအတွက် အမြဲတမ်း ပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိပါကြောင်း ပြောကြားသည်။



ထိုင်းဘုရင့်အတိုင်ပင်ခံ ကောင်စီဥက္ကဋ္ဌ General Prem Tinsulanonda အား လက်ဆောင်ပစ္စည်းပေးအပ်စဉ်။ (မြဝတီ)



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထိုင်းဝန်ကြီးချုပ် General Prayut Chan-o-cha အား တွေ့ဆုံစဉ်။ (မြဝတီ)

ထို့နောက် ထိုင်းဝန်ကြီးချုပ်က ထိုင်းအစိုးရအနေဖြင့် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများကို အားပေးလျက်ရှိကြောင်း၊ တစ်ဖက်နိုင်ငံကို ဆန့်ကျင်သော အဖွဲ့အစည်းများကို အားမပေးကြောင်း၊ မြန်မာနိုင်ငံ၏ ရေဘေးကိစ္စရပ်များအတွက် ထိုင်းအစိုးရအနေဖြင့် ဝမ်းနည်းပါကြောင်း၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများသည် အရေးကြီးကြောင်း၊ နှစ်နိုင်ငံ ဆက်ဆံရေးအရှိန်အဟုန်သည် အမြင့်ဆုံးအဆင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ နှစ်နိုင်ငံနယ်စပ်ဒေသတွင် စက်မှုဇုန်များဖွင့်လှစ်ရန် ထိုင်းနိုင်ငံဘက်မှ အဆင်သင့်ဖြစ်နေပြီး မကြာမီ မြန်မာနိုင်ငံဘက်ခြမ်းတွင် ဖွင့်လှစ်နိုင်ရန် မျှော်လင့်ပါကြောင်း၊ ရွှေ့ပြောင်းအလုပ်သမားများ မှတ်ပုံတင်ရေးကိုလည်း နှစ်နိုင်ငံ အရှိန်အဟုန်မြှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နယ်စပ်လုံခြုံရေးကို ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဒေသစံတော်ချိန် ယနေ့မွန်းလွဲ ၂ နာရီတွင် ထိုင်းဘုရင့်အတိုင်ပင်ခံ ကောင်စီဥက္ကဋ္ဌ General Prem Tinsulanonda အား ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ နေအိမ်၌ သွားရောက်ဂါရဝပြုတွေ့ဆုံသည်။

ယင်းနောက် ဒေသစံတော်ချိန် ည ၇ နာရီတွင် ဗန်ကောက်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီးနေအိမ်သို့ရောက်ရှိပြီး မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင် မြန်မာကျောင်းသားများအတွက် လက်ဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် ပညာသင်ချီးမြှင့်ငွေများပေးအပ်ရာ သံအမတ်ကြီး၊ စစ်သံမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့အား သံရုံးနှင့် စစ်သံရုံးမိသားစုများက ညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# နိုင်ငံတော်သမ္မတ၏ ငြိမ်းချမ်းရေးကမ်းလှမ်းချက်များကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (၁၅) ဖွဲ့နှင့် နှစ်ဖက်သဘောတူညီချက်စာချုပ် (၃၉) ခုလက်မှတ်ရေးထိုးနိုင်ခဲ့

**နေပြည်တော် ဩဂုတ် ၂၇**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၈၂ ရက်မြောက် နေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ကျင်းပသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှပေးပို့သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများခန့်အပ်တာဝန်ပေးခြင်းကို လွှတ်တော်က မှတ်တမ်းတင်ခြင်း၊ နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်ကို လွှတ်တော်သို့တင်ပြပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက်တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးရေးဆောင်ရွက်ထားရှိမှုအခြေအနေနှင့် စပ်လျဉ်း၍ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ပြည်ထောင်စုမြန်မာနိုင်ငံ၏ အစိုးရအဆက်ဆက်အနေနှင့် လွတ်လပ်ရေးရပြီးချိန်မှစ၍ ဖြစ်ပွားနေခဲ့သော လက်နက်ကိုင် ပဋိပက္ခများ ချုပ်ငြိမ်းစေရန် နည်းလမ်းအမျိုးမျိုးဖြင့် ကြိုးပမ်းခဲ့ကြပါကြောင်း၊ သို့သော် မိမိတို့တိုင်းပြည်တွင် ဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခအများစုမှာ နိုင်ငံရေးပြဿနာများအပေါ်တွင် အခြေခံပြီး ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဆိုသည့် အချက်ကို အကြောင်းအမျိုးမျိုးကြောင့် အဖြေရှာခြင်း မပြုနိုင်ခဲ့ပါကြောင်း။

ရေရှည်တည်တံ့သည့် ငြိမ်းချမ်း


**လွှတ်တော်ကိုယ်စားလှယ်**
**ဒေါက်တာခင်ရွှေ**

ရေးတည်ဆောက်နိုင်ရန်အတွက် ကနဦးဆုံး ဆောင်ရွက်ရသည့်ကိစ္စမှာ နှစ်ဖက်တိုက်ခိုက်နေမှုများ လျှော့ကျရန်နှင့် ရပ်စဲနိုင်ရန်ပင်ဖြစ်ပါကြောင်း၊ ကမ္ဘာ့ငြိမ်းချမ်းရေး ဖြစ်စဉ်အားလုံးကို လေ့လာကြည့်ရှုပါက ပစ်ခတ်တိုက်ခိုက်မှုများ ရပ်စဲရေးအဆင့်တွင် အစိုးရ၊ အစိုးရတပ်မတော်နှင့် လက်နက်ကိုင် တိုက်ခိုက်နေသည့် အဖွဲ့အစည်းများ စေ့စပ်ညှိနှိုင်းရေးကို အဓိက လုပ်ဆောင်ရလေ့ရှိသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ လက်နက်ကိုင်တိုက်ခိုက်မှုများ လျှော့ချရပ်ဆိုင်းနိုင်မှသာ နိုင်ငံရေးဆွေးနွေးမှုများကို တည်တည်ငြိမ်ငြိမ်ဖြင့် အောင်မြင်အောင် ကျင်းပနိုင်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတွင် နှစ်ပေါင်း ၆၀ ကျော်ကြာမြင့်ခဲ့ပြီဖြစ်သည့် လက်နက်ကိုင် ပဋိပက္ခအား အဆုံးသတ်နိုင်ရန် ရည်ရွယ်၍ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အနေဖြင့် ၂၀၁၁ ခုနှစ် ဩဂုတ် ၁၈ ရက်တွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများထံသို့ လက်နက်ကိုင် ပဋိပက္ခများအား နိုင်ငံရေးနည်းလမ်းများဖြင့် တွေ့ဆုံ ဆွေးနွေးညှိနှိုင်းအဖြေရှာရန် တရားဝင်ငြိမ်းချမ်းရေးဖိတ်ခေါ်ကမ်းလှမ်းခဲ့ပါကြောင်း။

နိုင်ငံတော်သမ္မတအနေဖြင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းများကို ပိုမိုအားကောင်းစွာ လုပ်ဆောင်နိုင်ရန်အတွက် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီ (Union Peace-making Central Committee) နှင့် ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (Union Peace-making Work Committee) ၂၀၁၂ ခုနှစ် မေ ၃ရက်တွင် ဖွဲ့စည်းတာဝန်ပေးခဲ့ပါကြောင်း၊ ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းစဉ်တွင် ပြည်သူ့လွှတ်တော်၊ အမျိုးသား လွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော်တို့၏ အခန်းကဏ္ဍကို အသိအမှတ်ပြုသောအားဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီတို့တွင် လွှတ်တော်များမှ ကိုယ်စားလှယ်များ ထည့်သွင်းဖွဲ့စည်းထားရှိပါကြောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီတွင် လွှတ်တော်နှစ်ရပ်မှ ဥက္ကဋ္ဌများ အဖွဲ့ဝင်အဖြစ် ပါဝင်ပါကြောင်း။

ထိုတာဝန်ရှိသူများ၏ ကြိုးပမ်းမှုကြောင့် နိုင်ငံတော်သမ္မတ၏ ငြိမ်းချမ်းရေး ကမ်းလှမ်းချက်များကို လက်ခံသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း (၁၅)ဖွဲ့နှင့် နှစ်ဖက်သဘောတူညီချက် စာချုပ် (Bilateral Agreements) (၃၉)ခုကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါကြောင်း။

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီသည် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များမှ လိုင်ဇာညီလာခံတွင် ဖွဲ့စည်းထားသည့် တစ်နိုင်ငံလုံးအပစ်အခတ် ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ (Nationwide Ceasefire Coordination Team-NCCT) နှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်မူကြမ်းနှင့် စပ်


**လွှတ်တော်ကိုယ်စားလှယ်**
**ဒေါ်နန်းစေအွာ**

လျဉ်း၍ ပူးပေါင်းညှိနှိုင်းမှုများ ပြုလုပ်ခဲ့ကြပါကြောင်း။

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက် ပြည်ထောင်စုနေ့တွင် နိုင်ငံတော်သမ္မတမှ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များအား နေပြည်တော်သို့ ဖိတ်ကြားပြီး ငြိမ်းချမ်းရေးနှင့် အမျိုးသား ပြန်လည်သင့်မြတ်ရေး(Deed of Commitment for Peace and National Reconciliation) အတွက် ကတိကဝတ်ပြုခြင်းဟု ခေါ်သည့် လက်မှတ်ရေးထိုးခြင်းပြုလုပ်ခဲ့ပါကြောင်း၊ အဆိုပါလက်မှတ်ရေးထိုးခြင်းတွင် လွှတ်တော်နှစ်ရပ်မှ ဥက္ကဋ္ဌကြီးများကိုယ်တိုင် ပါဝင်လက်မှတ်ရေးထိုးခဲ့ပါကြောင်း။

၂၀၁၅ ခုနှစ် မတ်လ ၃၁ရက်နေ့တွင် ၁၇ လအကြာ ပူးပေါင်းညှိနှိုင်းမှုများကြောင့်တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူ စာချုပ် (အတည်ပြုမူကြမ်း)ကို နှစ်ဖက်သဘောတူညီမှု ရရှိခဲ့ပါကြောင်း။

သို့သော်လည်း တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ကရင်ပြည်နယ် လော်ခီးလာတွင် ညီလာခံကျင်းပပြီး သဘောတူညီထားသော အတည်ပြုမူကြမ်းကို ပြင်ဆင်မှုပြုလုပ်ရန် အချက်(၁၃) ချက်ကို တင်ပြလာပါကြောင်း။

အစိုးရအနေဖြင့် တိုင်းပြည်၏ အကျိုး၊ ပြည်သူလူထု၏အကျိုးတို့ကို ဦးထိပ် ထား၍ ငြိမ်းချမ်းရေးရရှိရေးကို ဦးတည်စဉ်းစားကာ သဘောတူပြီးသား အချက်များကို တိုင်းရင်းသားလက်နက်ကိုင်တို့၏ တောင်းဆိုမှု အတိုင်း ထပ်မံဆွေးနွေးရန်ဆုံးဖြတ်ခဲ့ပါကြောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေး လုပ်ငန်းကော်မတီနှင့် အဆင့်မြင့်ညှိနှိုင်းရေး ကိုယ်စားလှယ်အဖွဲ့ (Senior Delegation) တို့သည် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေး လုပ်ငန်းဗဟိုဌာနတွင် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ပြီး တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူ စာချုပ်မူကြမ်းတွင် ပါရှိသည့် အချက်ကြီး (၃၃)ချက်အပေါ် စာချုပ်မူချောအဖြစ် သဘောတူညီမှု ရရှိခဲ့ပါကြောင်း။

ယခုအချိန်တွင် အဆိုပါ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်အား အများပြည်သူအနေဖြင့် ကျယ်ပြန့်စွာ သိရှိနိုင်ရန် ထုတ်ပြန်ကြေညာထားပြီးဖြစ်သည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များအားလုံးလည်း ပိုမိုကျယ်ပြန့်စွာ သိရှိကြပြီးဖြစ်သည်ဟု မှတ်ယူပါကြောင်း၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်တွင် သဘောတူညီထားသည့် အချက်များ အားလုံးသည် ငြိမ်းချမ်းရေးကို မြတ်နိုးလိုလားသူများ အားလုံး လက်ခံနိုင်မည့် အချက်များဖြစ်သည်ဟု ယုံကြည်ပါကြောင်း၊ ထို့ကြောင့်လည်း ဆွေးနွေးမှုရလဒ်များ အားလုံးကိုလည်း ပွင့်လင်းမြင်သာစွာ ထုတ်ပြန်ကြေညာမှုများ ပြုလုပ်ခဲ့ပါကြောင်း။

ထို့ပြင် စာချုပ်၏ အခန်း(၆)၊ အပိုဒ်(၂၆)တွင်လည်း "ဤသဘောတူစာချုပ်အား ပြည်ထောင်စုလွှတ်တော်သို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်သွင်း၍ အတည်ပြုချက်ရရှိရေးအတွက် ဆောင်ရွက်သွားရန် သဘောတူသည်"ဟူ၍ ထည့်သွင်းသဘောတူညီထားပြီးဖြစ်ပါကြောင်း၊ အခြားနိုင်ငံများ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင်လည်း လုပ်ရိုးလုပ်စဉ်ရှိသည့်အတိုင်း သဘောတူလက်မှတ်ရေးထိုးပြီးသည့်အခါ ပြည်ထောင်စုလွှတ်တော်သို့ စာချုပ်ကို တင်သွင်း၍ အတည်ပြုချက်ရယူသွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်အပေါ် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ် ၅ ဦးက ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းများနှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူ စာချုပ်လက်မှတ်ရေးထိုးနိုင်ရေးတို့အပေါ် အကြံပြုဆွေးနွေးခဲ့ကြပြီး လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့သောအာဆီယံ-ကိုရီးယား ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု မူဘောင်သဘောတူစာချုပ်အောက်တွင် ကုန်စည်ကုန်သွယ်ရေးသဘောတူစာချုပ်ကို ပြင်ဆင်သည့် တတိယအခြေပြစာချုပ်အား မြန်မာနိုင်ငံမှပါဝင်လက်မှတ်ရေးထိုးရန်ကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက ထောက်ခံဆွေးနွေးခဲ့ကြပြီး လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှပေးပို့သော MaritimeLabour Convention 2016 သို့ မြန်မာနိုင်ငံမှ အတည်ပြုဝင်ရောက်ရန်ကိစ္စနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်က ရှင်းလင်းတင်ပြပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ဥပဒေကြမ်း ၉၆ ခုအနက် ဥပဒေပေါင်း ၈၀ ကို ဆွေးနွေးခဲ့ပြီး ကျန် ၁၆ ခု လွှတ်တော်အတွင်းဆွေးနွေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၇**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၈၉ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပပြီး ဥပဒေကြမ်း ငါးခုကို အတည်ပြုခြင်းနှင့် အသိပေးခြင်းတို့ကိုဆောင်ရွက်သည်။

အစည်းအဝေးတွင် **စက်မှုလုပ်ငန်းဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီက တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုကို တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်က အတည်ပြုခဲ့သည်။

ထို့နောက် ပို့ဆောင်ရေးဝန်ကြီးဌာနက တင်သွင်းသည့် **ကုန်သွယ်ရေကြောင်း သွားလာရေးဆိုင်ရာ တူးမြောင်းဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက ဖတ်ကြားပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များအမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပို့ဆောင်ရေးဝန်ကြီးဌာနမှ **မြန်မာနိုင်ငံ မီးပြတိုက် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊** ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ **ကုန်းလမ်း သယ်ယူပို့ဆောင်ရေး လုပ်ငန်းများဥပဒေကြမ်း**နှင့် **ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေကြမ်း** တို့ကို လွှတ်တော်သို့ တင်သွင်းခဲ့သည်။


**လွှတ်တော်ကိုယ်စားလှယ်**
**ဒေါက်တာဒေါ်သိန်းသိန်းဌေး**

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး၌ ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းပြောကြား၍ ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးအောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာသည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကို ၈၉ ကြိမ်ကျင်းပခဲ့ရာ ကြယ်ပွင့်ပြနှင့် ကြယ်ပွင့်မပြမေးခွန်းပေါင်း ၁၇၉၃ ခုအနက် ၁၆၆၆ ခုဖြေကြားနိုင်ခဲ့သည့်အပြင် အဆို ၂၅ ခုနှင့် အရေးကြီးအဆိုတစ်ခု တင်သွင်းနိုင်ခဲ့သည်။ အလားတူဥပဒေကြမ်း ၉၆ ခုအနက် ဥပဒေပေါင်း ၈၀ ကို ဆွေးနွေးခဲ့ပြီးကျန် ၁၆ ခုမှာလွှတ်တော်အတွင်း ဆွေးနွေးလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**


**လွှတ်တော်ကိုယ်စားလှယ်**
**ဦးစိုးသိန်း**

❄ ***ကျောဖုံးမှ***

စတုတ္ထမြောက်ဂိုးသွင်းယူကာ ပွဲပြီးချိန်တွင် လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

မန်ချက်စတာယူနိုက်တက်၏ အသက် ၂၉ နှစ်ရှိ တိုက်စစ်မှူး ရွန်းနီသည် ၂၀၁၅-၂၀၁၆ ဘောလုံးရာသီတွင် ယနေ့ပွဲမတိုင်ခင်ထိ ဂိုးသွင်းယူနိုင်ခြင်း မရှိသေးဘဲ ချန်ပီယံလိဂ် ဒုတိယအကျော့ပွဲစဉ်မှသာ ဂိုးများ စတင်သွင်းယူခဲ့သည်။

ရွန်းနီသည် အဲဗာတန်မှ ၂၀၀၄ ခုနှစ်တွင် မန်ယူသို့ပြောင်းရွှေ့လာပြီး ၂၀၁၄ တွင်မန်ယူအသင်း၏အသင်းခေါင်းဆောင်အဖြစ်တာဝန်ယူခဲ့သည်။ ရွန်းနီသည် မန်ယူအသင်းတွင် ကစားခဲ့သည့် ၂၀၀၄ မှ ၂၀၁၅ ယနေ့ပွဲအထိ ဂိုးပေါင်း ၂၃၃ ဂိုးသွင်းယူခဲ့သည်။

**သီဟ**

# ရေဘေးသင့်ဒေသများတွင် ကူးစက်ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း အရေးပေါ်တုံ့ပြန်မှုဗဟိုဌာနဖွင့်ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၇**

ကျန်းမာရေးဝန်ကြီးဌာနသည် ရေလွှမ်းမိုးမှုခံခဲ့ရသည့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဆေးနှင့်ဆေးပစ္စည်းများ ထောက်ပံ့ပို့ဆောင်ခြင်းနှင့် ကူးစက်ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း၊ အရေးပေါ်တုံ့ပြန်မှုဗဟိုဌာနဖွင့်လှစ်၍ ကြီးကြပ်ဆောင်ရွက်ခြင်းတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ စီစဉ်မှုဖြင့် ချင်းပြည်နယ်တွင် ရွေ့လျားဆေးခန်း ခုနစ်ခု ဖွင့်လှစ်ထားရှိကာ ဆေးခန်းလာပြသူလူနာများကို ဆေးကုသမှုများပေးခဲ့ပြီး ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ၊ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ကျန်းမာရေးပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

အလားတူ ရခိုင်ပြည်နယ်တွင် ရွေ့လျားဆေးခန်း ၁၇ ခု၊ ပဲခူးတိုင်းဒေသကြီးတွင် ရွေ့လျားဆေးခန်း ခုနစ်ခု၊ မကွေးတိုင်းဒေသကြီးတွင် ရွေ့လျားဆေးခန်း ငါးခု၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ယာယီဆေးခန်း ၁၆ ခု၊ ရွေ့လျားဆေးခန်း ၁၀ ခု၊ မန္တလေးတိုင်းဒေသကြီးတွင် ယာယီဆေးခန်း ငါးခု၊ ဧရာဝတီတိုင်းဒေသကြီးတွင် ယာယီဆေးခန်း ၂၅ ခုနှင့် ရွေ့လျားဆေးခန်း ၄၅ ခု ဖွင့်လှစ်ကာ လူနာများအား ဆေးကုသမှုပေးလျက်ရှိပြီး ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ရေဘေးသင့်ဒေသမှ ပြည်သူများကို ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေတွင်း၊ ရေကန်များအား ကလိုရင်းဆေးခတ်ခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ခြင်နှိမ်နင်းရေး၊ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုပေးခြင်း၊ ကျန်းမာရေးပညာပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပြီး ကလိုရင်းရေသန့်စင်ဆေးမှုန့်၊ ဆေးစိမ်ခြင်ထောင်၊ ရေသန့်ဆေးထုပ်၊ ကလိုရင်းဆေးပြား၊ DHF Testkit ၊ အဏုအာဟာရဖြည့်မှုန့်ထုပ်များ၊ ယင်လုံအိမ်သာခွက်များကို ဖြန့်ဝေပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပဲခူးတိုင်းဒေသကြီး ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများပို့ဆောင်

**နေပြည်တော် ဩဂုတ် ၂၇**

ပဲခူးတိုင်းဒေသကြီး အတွင်းရှိ ရေဘေးသင့် ပြည်သူများအတွက် ကယားပြည်နယ် အစိုးရအဖွဲ့၊ စေတနာရှင်ပြည်သူများနှင့် ဌာနဆိုင်ရာများမှ စုပေါင်းလှူဒါန်းသည့် ဆန် ၃၆ အိတ်၊ ဆား သုံးအိတ်၊ ကုလားပဲ တစ်အိတ်၊ အဝတ်အထည်မျိုးစုံ ၁၅ အိတ်၊ အိုးခွက်ပန်းကန်လေးအိတ်ကို ကယားပြည်နယ် ပို့ဆောင်ရေးနှင့် လမ်းကြောင်းရှင်းလင်းရေး ဆပ်ကော်မတီ အစီအစဉ်ဖြင့် လွိုင်ကော်ဘူတာမှ ပဲခူးမြို့သို့ ယနေ့နံနက် ၅ နာရီတွင် မြန်မာ့မီးရထားဖြင့် ပို့ဆောင်ပေးခဲ့သည်။ ဆေးပစ္စည်းနှင့် အခြားအရေးကြီးပစ္စည်းများကို ကယားပြည်နယ် အစိုးရအဖွဲ့ အစီအစဉ်ဖြင့် ပေးပို့လှူဒါန်းမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ကန်ကြီးထောင့်မြို့နယ်တွင် ဒါးကမြစ်ရေကျဆင်းပြီဖြစ်၍ ရေဘေးကယ်ဆယ်ရေးစခန်းများပိတ်သိမ်း

**ကန်ကြီးထောင့် ဩဂုတ် ၂၇**

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကန်ကြီးထောင့်မြို့နယ်တွင် ဒါးကမြစ်ရေမြင့်တက်ခဲ့မှုကြောင့် မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာအချို့မှ လူနေအိမ်များတွင် ရေဝင်နစ်မြုပ်မှုများဖြစ်ပွားခဲ့ရာ ရေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးစခန်း(၁၂)ခု ဖွင့်လှစ်ခဲ့သည်။ အဆိုပါ ဒါးကမြစ်ရေသည် ဩဂုတ် ၂၅ ရက်တွင် ပြန်လည်ကျဆင်းခဲ့သဖြင့် ရေဘေးသင့်ပြည်သူများသည် ၎င်းတို့၏ နေအိမ်များသို့ ပြန်လည်ထွက်ခွာသွားခဲ့ရာ ယနေ့မှစ၍ ပိတ်သိမ်းခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ရေဘေးသင့်ဒေသများသို့ လေယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်းများ ပို့ဆောင်ထောက်ပံ့

**နေပြည်တော် ဩဂုတ် ၂၇**

သဘာဝဘေးအန္တရာယ် ကြုံတွေ့နေရသည့် ရေဘေးသင့်ဒေသရှိ ပြည်သူများထံသို့ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်နိုင်ရန် ပြည်တွင်းလေကြောင်းလိုင်းမှ လေယာဉ်ဖြင့် ဆက်လက်ပေးပို့လျက်ရှိသည်။

ထိုသို့ ပေးပို့လျက်ရှိရာ ယနေ့တွင် ကမ္ဘောဇလေကြောင်းမှ လေယာဉ်များဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးလေဆိပ်သို့ ခေါက်ရေ နှစ်ခေါက်ဖြင့် ကယ်ဆယ်ရေးနှင့် ထောက်ပံ့ပစ္စည်းများ၊ ကျောင်းစိမ်းလုံချည်၊ စားသောက်ကုန်မျိုးစုံ၊ အိမ်သုံးပန်းကန်မျိုးစုံ၊ အဝတ်အထည်၊ ဆန်၊ ဆေးမျိုးစုံနှင့် ငါးသေတ္တာတို့ကို ပေးပို့ခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ရေဘေးသင့်ပြည်သူများတွက် နိုင်ငံတကာအဖွဲ့အစည်းများမှ အလှူငွေများဆက်သွယ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၂၇**

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ နိုင်ငံတကာဆက်ဆံရေးကော်မတီသို့ နိုင်ငံ့အဖွဲ့အစည်းများက ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များတွင် ပါဝင်ကူညီနိုင်ရေး ဆက်သွယ်ဆောင်ရွက်လျက်ရှိရာ အဖွဲ့ဝင် ၂၅ ဦး ပါဝင်သည့် ထိုင်းတပ်မတော် ဆေးဝါးကုသရေးအဖွဲ့သည် ဩဂုတ် ၂၇ ရက်မှ စက်တင်ဘာ ၄ ရက်အထိ မြန်မာနိုင်ငံသို့ လာရောက်ပြီး ဧရာဝတီတိုင်းဒေသကြီးအတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ဆွစ်ဇာလန်နိုင်ငံမှ အရေးပေါ်ထောက်ပံ့ရေးအကူအညီအဖြစ် အမေရိကန်ဒေါ်လာ ၆၂၇၀၀၀ သုံးစွဲရန် ခွဲဝေချထားကြောင်း၊ ၎င်းအလှူငွေများကို နိုင်ငံတကာကြက်ခြေနီကော်မတီနှင့် ပြည်တွင်းပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှတစ်ဆင့် ထောက်ပံ့သွားမည် ဖြစ်ကြောင်း၊ ထို့အပြင် ၎င်းတို့သည် ဘီးလင်းမြို့၊ ကျိုက်ထိုမြို့များရှိ ရေဘေးသင့်ပြည်သူ ၃၉၀၀ ထံသို့ အစားအသောက်နှင့် သောက်ရေသန့်များကို မော်လမြိုင်မြို့တွင် အခြေစိုက်သည့် ဆွစ်ဇာလန်အစိုးရ၏ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာအဖွဲ့မှတစ်ဆင့် သွားရောက်လှူဒါန်းပြီးဖြစ်ကြောင်း၊ ကိုရီးယားသမ္မတနိုင်ငံမှ Join Together Society (JTS) အမည်ရှိ အစိုးရမဟုတ်သော အဖွဲ့အစည်းကလည်း မြန်မာသံရုံး ဆိုးလ်မြို့မှတစ်ဆင့် အမေရိကန်ဒေါ်လာ ၁၀၀၀၀ လှူဒါန်းလာသဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အမျိုးသား သဘာဝဘေးဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ ဩဂုတ် ၂၆ ရက်က သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

လူသားချင်းစာနာထောက်ထားမှု အကူအညီပေးအပ်ရမည့် အရေအတွက်သည် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် နိုင်ငံပေါင်း ၃၁ နိုင်ငံ၌ လူပေါင်း ၇၆ သန်း ဖြစ်သော်လည်း ၂၀၁၅ ခုနှစ် ဇွန်လတွင် နိုင်ငံပေါင်း ၃၇ နိုင်ငံ၌ လူပေါင်း ၇၈ ဒသမ ၉ သန်းအထိ တိုးမြင့်လာကြောင်း၊ ICRC၊ IFRC၊ MSF၊ ကုလသမဂ္ဂအဖွဲ့အစည်းအတွင်းနှင့် ပြင်ပမှ လှူဒါန်းသော စုစုပေါင်းရန်ပုံငွေမှာ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၅ ဘီလီယံဖြစ်ရာ ၂၀၁၄ ခုနှစ်တွင် ရရှိငွေ စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၂ ဘီလီယံနှင့် နှိုင်းယှဉ်လျှင် နည်းပါးကြောင်း၊ မြန်မာနိုင်ငံအတွင်း ရန်ပုံငွေလိုအပ်မှုသည် အမေရိကန်ဒေါ်လာ ၁၈၉ ဒသမ ၅ သန်း ဖြစ်သော်လည်း ၄၁ ရာခိုင်နှုန်းဖြစ်သော ၇၇ ဒသမ ၄ သန်းသာ ရရှိထားကြောင်း OHCHA မှ လူသားချင်း စာနာထောက်ထားမှုလုပ်ငန်းများအတွက် ရန်ပုံငွေရရှိ/လိုအပ်မှုများနှင့် စပ်လျဉ်း၍ ဩဂုတ် ၁၉ ရက်တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

**နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ရေဘေးသင့်ပြည်သူများအတွက် နိုင်ငံတကာအဖွဲ့အစည်း/အလှူရှင်နိုင်ငံများမှ လှူဒါန်းသည့် အလှူငွေများအနက် မြန်မာနိုင်ငံသဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ ငွေစာရင်းသို့ လွှဲပြောင်းပြီးနှင့် ငွေစာရင်းသို့ဝင်ရန် ကျန်ရှိနေသေးသည့် လှူဒါန်းငွေများစာရင်း**

**(၂၆-၈-၂၀၁၅ ရက်နေ့အထိ)**

| ငွေကြေးအမျိုးအစား | ကန်ဒေါ်လာ | | ယူရိုငွေ | | ထိုင်းဘတ် | | ယွမ် | |
|---|---|---|---|---|---|---|---|---|
| | လွှဲပြောင်းပြီး | ဝင်ရန်ကျန် | လွှဲပြောင်းပြီး | ဝင်ရန်ကျန် | လွှဲပြောင်းပြီး | ဝင်ရန်ကျန် | လွှဲပြောင်းပြီး | ဝင်ရန်ကျန် |
| | ၄၆၈၀၀၆ | - | ၁၃၉၆၃ | - | ၆၈၀၀၀၀၀ | ၇၀၀၀၀၀၀ | ၅၀၀၀ | ၅၀၀၀၀၀၀ |
| စုစုပေါင်း | ၄၆၈၀၀၆ | | ၁၃၉၆၃ | | ၁၃၈၀၀၀၀၀ | | ၅၀၀၅၀၀၀ | |

## တိုင်းဒေသကြီး/ပြည်နယ်အလိုက် မိုးရွာသွန်းမည့်အခြေအနေ

**နေပြည်တော် ဩဂုတ် ၂၇**

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ဩဂုတ် ၂၈ ရက်တွင် ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြားမိုးရွာနိုင်သည်။ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ကယားပြည်နယ်တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့်မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**(မြန်မာ့အလင်း)**



# တောင်သာမြို့နယ်အတွင်း ရေဝင်ရောက်သည့် ကျေးရွာများသို့ ဆန် ၂၄၃ အိတ်ထောက်ပံ့

**တောင်သာ ဩဂုတ် ၂၇**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ်အတွင်း ဧရာဝတီမြစ်ရေ မြင့်တက်မှုကြောင့် မြစ်ရေဝင်ရောက်သည့် ခေတ္တပြောင်းရွှေ့ခဲ့ရသော အိမ်ထောင်စုများမှ ပြည်သူများအား မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက ထောက်ပံ့သည့် ဆန် ၁၂ ပြည်ပါ ၂၄၃ အိတ်တို့ကို မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့က ကျေးရွာရှစ်ရွာရှိ ဒေသခံပြည်သူများလက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့သည်။

မြစ်ရေဝင်ရောက်သည့်ကျေးရွာများဖြစ်သော သာယာအေး၊ ကျွန်းကြီး(မ)၊ ကျွန်းကြီး(တ)၊ အောင်ဇမ္ဗူ ရွာလေးကုန်း၊ ရဘဲ၊ ငါးပင်စင်၊ ဆင်မင်း ကျေးရွာများမှ လူဦးရေ ၃၀၆၄ ဦးအတွက် ဆန် ၂၄၃ အိတ်ကို လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါ ထောက်ပံ့မှုတွင် ရေဝင်ရောက်သည့်ကျေးလက်နေပြည်သူများ လက်ဝယ်အရောက် တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်မျိုးနိုင်(တောင်သာ)**

# ရေဘေးသင့်ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၇**

မြန်မာနိုင်ငံအတွင်းဖြစ်ပွားလျက်ရှိသော ရေဘေးသင့် ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများကို နေပြည်တော်ရှိ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးရုံးများသို့ လာရောက်လှူဒါန်းလျက်ရှိရာ ဩဂုတ် ၂၇ ရက်တွင် နေပြည်တော်(ရုံးချုပ်) အလှူခံဌာန၌ မန်စီမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းနှင့်ဇနီး ဒေါ်ဝေဝေ(မိသားစု)က ငွေကျပ်သိန်း ၁၀၀၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရှိ ဝန်ထမ်းများက ငွေကျပ် ၅၁၁၉၁၀၀နှင့် ဒေါ်စန်းစန်းဝင်း၊ သစ်တောဝင်း၊ မှော်ဘီက ငွေကျပ် ၁၀၀၀၀၀ ကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော် အလှူငွေစာရင်းအမှတ် (CF-002301)သို့ တိုက်ရိုက်ထည့်သွင်းလှူဒါန်းခဲ့ခြင်းအပါအဝင် စုစုပေါင်း မြန်မာငွေကျပ် ၁၅၂၁၉၁၀၀ ကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းကော်မတီ အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် တာဝန်ခံညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်တို့က လက်ခံယူကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဩဂုတ် ၂၇ ရက်တွင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ရှမ်းပြည်နယ် ဦးစီးမှူးရုံး၌ ငွေကျပ် ၁၇၈၀၀၀၀ လက်ခံရရှိသည့်အတွက် ဇူလိုင် ၂၉ ရက်မှ ဩဂုတ် ၂၇ ရက်အထိ အလှူငွေရရှိမှုစုစုပေါင်းမှာ ငွေကျပ် ၁၈၈၁၈၄၄၃၇၂၊ အမေရိကန်ဒေါ်လာ ၁၂၃၃၃၁၅ ဒသမ ၂၆၊ ထိုင်းဘတ် ၁၆၈၀၅၅၊ မလေးရှားရင်းဂစ် ၂၀၀၀၊ တရုတ်ယွမ် ၉၁၀၀၊ ယူရို ၄၂၀၊ ဂျပန်ယန်း ၉၆၀၀၀ ဖြစ်ပြီး အဆိုပါ လက်ခံရရှိသော အလှူငွေနှင့် ပစ္စည်းများကို ရေဘေးသင့်ပြည်သူများသို့ ထောက်ပံ့လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ဧရာဝတီတိုင်းဒေသကြီးရှိ ရေဘေးသင့်ပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုပေးရန် ထိုင်းနိုင်ငံမှ ဆေးဝန်ထမ်းအဖွဲ့ ရောက်ရှိ

**ရန်ကုန် ဩဂုတ် ၂၇**

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုပေးရန် ထိုင်းနိုင်ငံမှ ဆေးဝန်ထမ်းအဖွဲ့သည် ဆေးဘက်ဆိုင်ရာ ပစ္စည်းများနှင့်အတူ ထိုင်းဘုရင့်လေတပ်မတော်လေယာဉ်ဖြင့် ယနေ့ နံနက် ၈ နာရီ ၄၅ မိနစ်တွင် မင်္ဂလာဒုံလေတပ်စခန်း ဌာနချုပ်သို့ရောက်ရှိလာသည်။ **(အပေါ်ပုံ)**

ထိုသို့ရောက်ရှိလာမှုနှင့် ပတ်သက်၍ ထိုင်းသံရုံးယာယီတာဝန်ခံ ချိုင်းနရုံးကီရတိယု(တ်)ဝုန်က "မြန်မာနိုင်ငံက ရေဘေးသင့်ပြည်သူတွေအတွက် ထိုင်းနိုင်ငံအနေနဲ့ အမေရိကန်ဒေါ်လာ နှစ်သန်းကျော် တန်ဖိုးရှိတဲ့ အစားအသောက်၊ ဆေးဝါးနဲ့ ကယ်ဆယ်ရေးပစ္စည်းတွေကို ထောက်ပံ့ပေးခဲ့ပါတယ်။ ဒါ့အပြင် ကျန်းမာရေးဝန်ကြီးဌာနနဲ့အတူ ဆေးဝါးကုသမှုတွေ ပေးနိုင်ဖို့ ဆေးဝန်ထမ်း ၅၁ ဦးပါဝင်တဲ့ အဖွဲ့ကို စေလွှတ်ခဲ့ရတာပါ" ဟုပြောသည်။

အဆိုပါဆေးဝန်ထမ်းအဖွဲ့တွင် ဆေးပညာပါရဂူ၊ ခွဲစိတ်ပါရဂူ၊ ကလေးအထူးကုပါရဂူ၊ ဆေးဝါးကျွမ်းကျင်ပါရဂူ၊ ပြည်သူ့ကျန်းမာရေးပါရဂူတို့နှင့် ဆေးဘက်ဆိုင်ရာ အထောက်အကူပြုအဖွဲ့တို့ပါဝင်ပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့်အတူ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင်အတွင်းရှိ ဟင်္သာတ၊ ဇလွန်၊ လေးမျက်နှာ၊ ကြံခင်း၊ အင်္ဂပူ၊ မြန်အောင်မြို့နယ်များအတွင်း၌ အဖွဲ့နှစ်ဖွဲ့ဖြင့် နေရာ ၁၄ နေရာကို ကွင်းဆင်း၍ ခုနစ်ရက်ကြာ ဆေးဝါးကုသမှုနှင့် ကျန်းမာရေး စောင့်ရှောက်မှုများ ပြုလုပ်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

"မြန်မာနဲ့ ထိုင်းနိုင်ငံတို့က ကျန်းမာရေးကိစ္စတွေမှာ ပူးပေါင်းဆောင်ရွက်မှုတွေ အများကြီးရှိပါတယ်။ နာဂစ်တုန်းကလည်း ထိုင်းနိုင်ငံက ဆေးအဖွဲ့တွေလာ ကူညီခဲ့တယ်။ အခုလို ရေနစ်မြုပ်မှုဖြစ်တဲ့အခါမှာလည်း ထိုင်းအစိုးရရဲ့ ကမ်းလှမ်းမှုအရ ဆေးအဖွဲ့တွေရောက်ရှိလာတာပါ။ ထိုင်းဆေးအဖွဲ့တွေနဲ့အတူ ပြည်သူ့ကျန်းမာရေး ဦးစီးဌာနကလည်း ရွေးချယ်ထားတဲ့ နယ်မြေဒေသတွေမှာ ဆေးကုသမှုအပိုင်းတွေအပြင် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းတွေကိုလည်း ဆောင်ရွက်သွားမှာပါ"ဟု ပြည်သူ့ကျန်းမာရေးဦးစီးဌာန (ကူး/စက်)မှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ ဉာဏ်ဝင်းမြင့်က ပြောသည်။

ယင်းသို့ ဆောင်ရွက်နိုင်ရန်အတွက် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့်အတူ တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က ရေဘေးသင့်ဒေသများကို ကြိုတင်ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်၍ ဒေသရွေးချယ်မှုများကို ပြုလုပ်ခဲ့ရကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ**
**ဇော်ကြီး (ပဏီတ)**




ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုပေးရန် ထိုင်းနိုင်ငံမှ ဆေးဝန်ထမ်းအဖွဲ့ကို တွေ့ရစဉ်။

# မင်းဘူး(စကု)၌ ကျေးရွာများသို့ နယ်လှည့်အခမဲ့ ဆေးကုသဆောင်ရွက်

**မင်းဘူး ဩဂုတ် ၂၆**

မကွေးတိုင်းဒေသကြီး မင်းဘူး (စကု)မြို့နယ်အတွင်း ကျေးရွာများသို့ ဩဂုတ် ၂၄ ရက်မှ စက်တင်ဘာ ၂ ရက်အထိ နယ်လှည့်အခမဲ့ ဆေးကုသခြင်းဆောင်ရွက်နေမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေနှင့်အဖွဲ့သည် ဩဂုတ် ၂၅ ရက်က ဆေးကုသမှုဆောင်ရွက်နေသည့် ကျေးရွာသို့ သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က မင်းဘူး(စကု)မြို့နယ် ရေတွင်းကုန်းကျေးရွာ ဓမ္မာရုံ၌ ဆေးကုသမှုခံယူရန် ရောက်ရှိနေသော ကျေးရွာသူ ကျေးရွာသားများနှင့် လူနာများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်၍ ဆေးကုသပေးသော ဆရာဝန် ဆရာမများကို ဂုဏ်ပြုအားပေးစကားပြောကြားခဲ့သည်။

မင်းဘူး(စကု)မြို့နယ် ရေတွင်းကုန်းကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ရောဂါဝေဒနာရှင်များအား အခမဲ့ဆေးကုသပေးရာတွင် မျက်စိလူနာ ၁၀၉ ဦး၊ သွားနှင့်ခံတွင်း ၅၇ ဦး၊ တိုင်းရင်းဆေး ၁၂၀၊ အထွေထွေ ၅၃၄ ဦး၊ အရိုးအကြော ၁၁၆ ဦး လာရောက်ဆေးကုသမှုခံယူခဲ့ကြကြောင်းနှင့် နယ်လှည့်အခမဲ့ဆေးကုသရေးအဖွဲ့မှ ကျန်ရှိနေသည့် စုရပ်ကျေးရွာများသို့ သွားရောက်ကာဆက်လက်ကုသပေးမည်ဖြစ်ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# ငါးသိုင်းချောင်းမြို့နယ်တွင် ရေကြီးနစ်မြုပ်ခဲ့သည့် လယ်မြေဧကများ၌ ပြန်လည်စိုက်ပျိုးလျက်ရှိ

**ငါးသိုင်းချောင်း ဩဂုတ် ၂၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့ရှိ မြို့ပေါ်ရပ်ကွက်သုံးခုနှင့် ကျေးရွာအုပ်စု ၂၃ စုတို့တွင် ဩဂုတ်လဆန်းက ငဝန်မြစ်ရေကြီးမြင့်မှုကြောင့် လယ်မြေ ၈၇၁၁ ဧကရေဝင်နစ်မြုပ်ခဲ့ပြီး ထိခိုက်မှု ၆၄၈၉ ဧကနှင့် ပျက်စီး ၅၃၃၆ ဧကရှိခဲ့ပြီး ဩဂုတ် ၂၆ ရက်ကစ၍ ရေကျသွားခဲ့ရာ ၇၀၀၆ ဧကတွင် ပြန်လည်စိုက်ပျိုးနိုင်သော အခြေအနေရှိကြောင်း သိရသည်။

သို့ဖြစ်၍ ဒေသမျိုးစပါးများဖြင့် လယ်မြေ ၁၀ ဧကတွင် ပြန်လည်စိုက်ပျိုးပြီးစီးခဲ့ကြောင်း၊ ဆက်လက်စိုက်ပျိုးနိုင်ရေး ဒေသခံတောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း မြို့မြေစာရင်းဦးစီးဌာနမှ သိရသည်။

**စိုးမင်းဦး(ပြန်/ဆက်)**

# ရေဘေးသင့် ပြည်သူများအတွက် ငွေလှူ

**ရွှေလီ ဩဂုတ် ၂၇**

တရုတ်နိုင်ငံ တယ်ဟုန်ပြည်နယ်ခွဲ ကြက်ခြေနီအသင်းသည် နှစ်နိုင်ငံ ချစ်ကြည်ရေးကိုအလေးထားပြီး မြန်မာနိုင်ငံမှ ရေဘေးသင့်ပြည်သူများ အတွက် တရုတ်ယွမ် ၇၆၆၈၅ (မြန်မာငွေကျပ် ၁၅၁၈၅၂၀၀)ကို ယနေ့မွန်းလွဲ ၁၂ နာရီခွဲက ကျယ်ဂေါင်နန်းတော်ဂိတ်၌ ပေးအပ်လှူဒါန်းသည်။

အဆိုပါ လှူဒါန်းပွဲတွင် တယ်ဟုန်ပြည်နယ်ခွဲ ကြက်ခြေနီအတွင်းရေးမှူး Mr.Lang Chang Hui နှင့်အစိုးရအဖွဲ့ဝင်များ တက်ရောက်ကြပြီး မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းနှင့် မူဆယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာ တင်ထွန်းတို့က အလှူငွေကို လက်ခံယူခဲ့သည်။

**(ခရိုင် ပြန်/ဆက်)**



ကလေး-ဖောင်ကူးလမ်းမ ဘေးဝဲယာရေနုတ်မြောင်းများကို ဆည်မြောင်းဦးစီးဌာနက စက်ယန္တရားကြီးများဖြင့် ဖော်ထုတ်ရှင်းလင်းနေသည်ကို ဩဂုတ် ၂၆ ရက်က တွေ့ရစဉ်။

ချင်းတွင်းသား(ပြန်/ဆက်)

# ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများ လှူဒါန်း

**ကန်ပက်လက် ဩဂုတ် ၂၇**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကန်ပက်လက်မြို့နယ် သဘာဝဘေးသင့်ပြည်သူများအတွက်ပေးပို့သော အလှူပစ္စည်းများ ထပ်ဆင့်လှူဒါန်းပွဲကို ဩဂုတ် ၂၆ ရက် နံနက် ၈ နာရီက ကန်ပက်လက်မြို့ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ လှူဒါန်းပွဲတွင် ကန်ပက်လက်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်တင်တင်ခိုင်က စောင် ၃၅ ထည်နှင့် စတီးလ်ဒန်အိုးငါးလုံးပါ ၃၅ စုံကို ပေးအပ်လှူဒါန်းရာ နန်းအိုးကျေးရွာနေ ရေမျှောအိမ်ထောင်စုကိုးစုကိုယ်စား ရပ်မိရပ်ဖ ဦးဖေမောင်က လက်ခံယူခဲ့ကြောင်းနှင့် အခြားရေဘေးသင့်ပြည်သူများကိုလည်း ဆက်လက်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

**ရေဘေးသင့်ဒေသပြန်လည်ထူထောင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး**

# လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ရေဘေးဖြစ်ပွားမှုအပေါ် ထောက်ပံ့မှုအခြေအနေဇယားချုပ် (၂၇ - ၈ - ၂၀၁၅)

**နေပြည်တော် ဩဂုတ် ၂၇**

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဇွန် ၂၄ ရက်မှ ၂၈ ရက်အထိ တိုင်းဒေသကြီးသုံးခုနှင့် ပြည်နယ်နှစ်ခုတွင်လည်းကောင်း၊ ဇူလိုင် ၁၆ ရက်မှ ဩဂုတ် ၂၇ ရက်အထိ တိုင်းဒေသကြီးခြောက်ခုနှင့် ပြည်နယ်ခြောက်ခုတို့တွင်လည်းကောင်း သဘာဝဘေးအန္တရာယ်များကြောင့် အိမ်ထောင်စု ၄၁၉၆၈၄ စုမှ လူဦးရေ ၁၆၃၁၀၀၁ ဦး ရေဘေးသင့်ခဲ့ပြီး ၁၂၂ သေဆုံးခဲ့မှုအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဆန်ရိက္ခာ တန်ဖိုးငွေကျပ် ၁၀၅၆၈၃၁၅၀၊ အရေးပေါ်အစားအစာ တန်ဖိုးငွေကျပ် ၁၅၂၄၄၂၃၀၊ အိမ်ဆောက်ပစ္စည်းတန်ဖိုးငွေကျပ် ၂၂၁၁၉၀၀၀၀၊ ကယ်ဆယ်ရေးပစ္စည်း တန်ဖိုးငွေကျပ် ၃၃၃၁၁၇၂၉၀ နှင့် သေဆုံးမှုထောက်ပံ့ကြေး ငွေကျပ် ၁၀၆၀၀၀၀၀ စုစုပေါင်း တန်ဖိုးငွေကျပ် ၆၈၅၈၃၄၆၇၀ ကို ပေးပို့ထောက်ပံ့ခဲ့သည်။

(သတင်းစဉ်)

| စဉ် | ဘေးဖြစ်ပွားသည့် တိုင်းဒေသကြီး/ပြည်နယ် | ဘေးသင့်အိမ်ထောင်စု | | ဘေးသင့် လူဦးရေ | သေဆုံး | ထောက်ပံ့မှု(ကျပ်) | | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | မျောပါ/ပျက်စီး | ပြောင်းရွှေ့ | | | ဆန်ရိက္ခာ | အရေးပေါ်အစားအစာ | အိမ်ဆောက်ပစ္စည်း | ကဆရပစ္စည်း | သေဆုံး | စုစုပေါင်း | |
| **ဇွန်လ ၂၄ ရက်နေ့မှ ၂၈ ရက်နေ့အထိ** | | | | | | | | | | | | |
| ၁ | ရခိုင်ပြည်နယ် | ၃၈၉ | ၁၈၆၇ | ၁၃၅၄၂ | ၆ | ၂၈၃၅၀၀၀ | ၂၈၃၅၈၄၀ | ၄၀၃၀၀၀၀၀ | ၁၃၆၆၉၆၁၄ | ၆၀၀၀၀၀ | ၆၀၂၄၀၄၅၄ | |
| ၂ | တနင်္သာရီ | - | ၅၆ | ၂၆၄ | - | ၁၇၄၆၀၀ | - | - | ၄၅၅၂၈၀ | - | ၆၂၉၈၈၀ | |
| ၃ | ကရင် | - | ၇၂ | ၃၈၉ | - | - | ၉၅၆၉၄၀ | - | - | - | ၉၅၆၉၄၀ | |
| ၄ | ဧရာဝတီ | ၄ | ၁၄၉ | ၇၁၆ | ၁ | ၅၃၇၇၅၀ | - | - | ၁၂၉၉၆၃၄ | ၁၀၀၀၀၀ | ၁၉၃၇၃၈၄ | |
| ၅ | ပဲခူး | ၁၂ | ၂ | - | - | - | - | - | ၂၈၁၀၅၂ | - | ၂၈၁၀၅၂ | |
| | **ပေါင်း** | **၄၀၅** | **၂၁၄၆** | **၁၄၉၃၁** | **၇** | **၃၅၄၇၃၅၀** | **၃၇၉၂၇၈၀** | **၄၀၃၀၀၀၀၀** | **၁၅၇၀၅၅၈၀** | **၇၀၀၀၀၀** | **၆၄၀၄၅၇၁၀** | |
| **ဇူလိုင်လ ၁၆ ရက်နေ့မှ ဩဂုတ်လ ၂၇ ရက်နေ့အထိ** | | | | | | | | | | | | |
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး | ၂၁၀၉ | ၈၁၃၂၂ | ၃၉၉၅၂၆ | ၂၄ | ၅၁၆၉၈၆၅၀ | - | ၁၉၇၅၀၀၀၀ | ၆၀၅၂၅၈၀၀ | ၁၈၀၀၀၀၀ | ၁၃၃၇၇၄၄၅၀ | |
| ၂ | ကချင်ပြည်နယ် | ၆၈ | ၁၄၈၅ | ၇၄၅၄ | ၁ | ၁၂၉၅၀၃၀၀ | - | ၂၅၀၀၀၀၀ | ၂၉၁၀၅၄၀ | ၁၀၀၀၀၀ | ၁၈၄၆၀၈၄၀ | |
| ၃ | ရှမ်းပြည်နယ် | ၁၂၇ | ၁၀၃၂ | ၅၃၂၉ | ၉ | ၈၉၁၀၀ | - | ၁၀၀၀၀၀၀ | ၅၀၉၉၇၂၂ | ၉၀၀၀၀၀ | ၇၀၈၈၈၂၂ | |
| ၄ | မန္တလေးတိုင်းဒေသကြီး | ၂၅၅ | ၄၆၉၃ | ၁၈၉၇၇ | ၁၂ | ၉၄၃၆၅၀၀ | - | ၄၉၀၀၀၀၀ | ၃၀၅၂၅၆၁၀ | ၁၁၀၀၀၀၀ | ၄၅၉၆၂၁၁၀ | |
| ၅ | ချင်းပြည်နယ် | ၂၇၆၀ | ၄၀၉၃ | ၂၀၉၄၇ | ၅ | - | - | ၅၂၃၄၀၀၀၀ | ၄၁၇၉၉၆၈ | ၅၀၀၀၀၀ | ၅၇၀၁၉၉၆၈ | |
| ၆ | ရခိုင်ပြည်နယ် | ၁၀၄၈၅ | ၁၆၃၁၆ | ၉၆၁၆၅ | ၅၆ | - | - | - | ၇၂၈၀၁၃၇၀ | ၅၅၀၀၀၀၀ | ၇၇၈၀၁၃၇၀ | |
| ၇ | ကရင်ပြည်နယ် | ၁ | ၁၃၉၉ | ၇၃၂၅ | - | ၆၅၂၄၄၀၀ | ၇၂၈၃၄၅၀ | - | - | - | ၁၃၈၀၇၈၅၀ | |
| ၈ | မွန်ပြည်နယ် | ၄၄ | ၁၅၁၅ | ၆၆၃၂ | - | - | ၄၁၅၈၀၀၀ | - | ၂၃၄၉၅၇၀ | - | ၆၅၀၇၅၇၀ | |
| ၉ | ပဲခူးတိုင်းဒေသကြီး | ၂၁၅ | ၈၇၉၅၅ | ၁၇၇၃၁၅ | ၅ | - | - | - | ၃၀၄၁၂၃၂၀ | - | ၃၀၄၁၂၃၂၀ | |
| ၁၀ | မကွေးတိုင်းဒေသကြီး | ၄၆၄ | ၆၃၂၂၃ | ၃၀၈၀၄၆ | ၂ | ၅၇၆၀၀၀၀ | - | ၁၀၀၀၀၀၀၀၀ | ၅၇၃၅၂၆၅၀ | - | ၁၆၃၁၁၂၆၅၀ | |
| ၁၁ | ဧရာဝတီတိုင်းဒေသကြီး | ၃၇၆ | ၁၂၁၆၅၂ | ၅၀၅၂၉၂ | - | ၁၅၆၆၀၂၀၀ | - | ၄၀၀၀၀၀ | ၄၁၂၀၁၄၂၀ | - | ၅၇၂၆၁၆၂၀ | |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | - | ၁၅၅၂၃ | ၆၃၀၈၂ | ၁ | ၁၆၆၅၀ | - | - | ၁၀၅၅၂၇၄၀ | - | ၁၀၅၆၉၃၉၀ | |
| | **စုစုပေါင်း** | **၁၆၉၀၅** | **၄၀၀၂၂၈** | **၁၆၁၆၀၇၀** | **၁၁၅** | **၁၀၂၁၃၅၈၀၀** | **၁၁၄၅၁၄၅၀** | **၁၈၀၈၉၀၀၀၀** | **၃၁၇၄၁၁၇၁၀** | **၉၉၀၀၀၀၀** | **၆၂၁၇၈၈၉၆၀** | |
| | **ဇွန်၊ ဇူလိုင်၊ ဩဂုတ်လ စုစုပေါင်း** | **၁၇၃၁၀** | **၄၀၂၃၇၄** | **၁၆၃၁၀၀၁** | **၁၂၂** | **၁၀၅၆၈၃၁၅၀** | **၁၅၂၄၄၂၃၀** | **၂၂၁၁၉၀၀၀၀** | **၃၃၃၁၁၇၂၉၀** | **၁၀၆၀၀၀၀၀** | **၆၈၅၈၃၄၆၇၀** | |

## ရေဘေးသင့်ဒေသများသို့ တိရစ္ဆာန်များအတွက် အစာနှင့်ဆေးဝါးများပေးပို့လှူဒါန်း

**နေပြည်တော် ဩဂုတ် ၂၇**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ရေကြီးမှုဖြစ်ပွားခဲ့သော တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ အစာနှင့်ဆေးဝါးများအခက်အခဲဖြစ်ပေါ်နေသော မြို့နယ်များသို့ တိရစ္ဆာန်များအတွက် ဩဂုတ် ၁၃ ရက်မှစ၍ ၂၅ ရက်အထိ တိရစ္ဆာန်အစာ ၁၈၅ ဒသမ ၃၀၆ တန် တန်ဖိုးငွေကျပ် ၅၁ ဒသမ ၂၂၉ သန်း၊ ဆေးဝါးအမျိုးမျိုး တန်ဖိုးငွေကျပ် ၁၅ ဒသမ ၉၈ သန်း စုစုပါင်းတန်ဖိုးငွေကျပ် ၆၇ ဒသမ ၂၇၉ သန်းတို့ကို ပေးပို့လှူဒါန်းပြီးဖြစ်သည်။

ဆက်လက်၍ ရေကြီးမှုဖြစ်ပွားခဲ့သော ဒေသများသို့ တိရစ္ဆာန်အစာနှင့် ဆေးဝါးများကို မော်တော်ယာဉ်များ၊ မီးရထား၊ သင်္ဘောများဖြင့် ပေးပို့လှူဒါန်းလျက်ရှိပြီး ဝန်ကြီးဌာနအနေဖြင့် ရေဘေးသင့်ဒေသများရှိ တိရစ္ဆာန်များ၏ ကျန်းမာရေးအတွက်လည်း ကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




မြန်မာနိုင်ငံအတွင်း ဖြစ်ပွားလျက်ရှိသော ရေဘေးသင့်ပြည်သူများအတွက် မြန်မာနိုင်ငံရှိ ထိုင်းနိုင်ငံစီးပွားရေးလုပ်ငန်းအဖွဲ့အစည်း Thai Business Association of Myanmar (TBAM)၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံးနှင့် Ramkhamhaeng Hospital Public Company Limited တို့က ရေဘေးသင့်ပြည်သူများအား ကူညီထောက်ပံ့ရေးပစ္စည်းများကို မြန်မာနိုင်ငံကြက်ခြေနီအသင်းဖောင်ဒေးရှင်းသို့ ဩဂုတ် ၂၅ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပေးအပ်လှူဒါန်းစဉ်။ တင်စိုး(မြန်မာ့အလင်း)

## ငဖဲမြို့တွင် သံဘေလီတံတား ယာယီတည်ဆောက်

**မင်းဘူး ဩဂုတ် ၂၇**

မင်းဘူးခရိုင် ငဖဲမြို့နယ်တွင် ဇူလိုင်လအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကျိုးပဲ့ပျက်စီးသွားသော ငဖဲ-ချောင်းဖြူမန်းချောင်းတံတားကြီး အသစ်ပြန်လည်မတည်ဆောက်မီ အများပြည်သူယာယီသွားလာနိုင်ရန် အလျားပေ ၁၅၀၊ အနံ ၁၃ ပေရှိသော သံဘေလီတံတားကို လမ်းအထူး(၃)အဖွဲ့မှ ဩဂုတ် ၂၄ ရက်က ဆောက်လုပ်ပြီးစီးခဲ့ကြောင်း သိရသည်။

**သန်းဌေး(မင်းဘူး)**




## လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း သီးနှံများရေကြီးနစ်မြုပ်မှု၊ ထိခိုက်ပျက်စီးမှုစာရင်းနှင့် ပြန်စိုက်ဧက

၂၀၁၅ ခုနှစ် ဩဂုတ် ၂၇ ရက်

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | သီးနှံစုစုပေါင်း(ဧက) | | | | |
|---|---|---|---|---|---|---|
| | | ရေမြုပ် | ရေပြန်ပေါ် | ထိခိုက် | ပျက်စီး | ပြန်စိုက် |
| ၁။ | နေပြည်တော် | ၂၃ | ၂၃ | - | - | - |
| ၂။ | ကချင်ပြည်နယ် | ၃၂၀၂၇ | ၂၈၄၇၄ | ၁၅၆၆၃ | ၁၂၇၉၁ | ၅၈၀၇ |
| ၃။ | ကယားပြည်နယ် | ၁၄၆ | ၁၄၆ | ၁၀၄ | ၆၈ | ၄ |
| ၄။ | ကရင်ပြည်နယ် | ၁၁၆၂ | ၁၁၆၂ | ၆၄၈ | ၁၀၆ | ၇၄ |
| ၅။ | ချင်းပြည်နယ် | ၅၀၃၁ | ၅၀၃၁ | ၅၀၃၁ | ၂၉၀၉ | ၃၇၂ |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၉၀၀၅၈ | ၁၈၆၉၆၂ | ၁၅၂၆၈၂ | ၁၂၁၃၈၅ | ၄၈၀၉၂ |
| ၇။ | ပဲခူးတိုင်းဒေသကြီး | ၃၇၅၉၂၅ | ၃၇၅၉၂၅ | ၂၂၉၉၈၉ | ၁၅၂၈၄၇ | ၄၃၃၇၅ |
| ၈။ | မကွေးတိုင်းဒေသကြီး | ၉၆၈၄၆ | ၉၆၈၄၆ | ၉၆၈၄၆ | ၆၅၈၅၈ | ၈၃၇၀ |
| ၉။ | မန္တလေးတိုင်းဒေသကြီး | ၃၅၈၃ | ၃၅၈၃ | ၂၆၂ | ၂၈ | ၅ |
| ၁၀။ | မွန်ပြည်နယ် | ၁၃၀၁၀ | ၁၃၀၁၀ | ၂၂၉၄ | - | - |
| ၁၁။ | ရခိုင်ပြည်နယ် | ၂၉၁၂၁၉ | ၂၉၁၂၁၉ | ၂၇၃၁၅၄ | ၂၁၇၂၄၆ | ၂၀၂၆၂၂ |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | ၁၀၇၈၄၅ | ၉၃၄၃၇ | ၇၆၇၈၇ | ၄၀၄၈၆ | ၅၅၈၅ |
| ၁၃။ | ရှမ်းပြည်နယ် | ၁၃၃၇၃ | ၁၃၃၇၃ | ၃၈၆၃ | ၂၆၅၃ | ၃၁၈ |
| ၁၄။ | ဧရာဝတီတိုင်းဒေသကြီး | ၃၁၅၆၃၂ | ၂၃၄၄၅၃ | ၂၄၇၁၃၃ | ၁၉၉၃၅၄ | ၉၅၆၄ |
| | **စုစုပေါင်း** | **၁၄၄၅၉၈၀** | **၁၃၄၃၆၄၄** | **၁၁၀၄၄၅၆** | **၈၁၅၇၃၁** | **၃၂၄၁၉၈** |

## ချင်းတွင်းမြစ်ရေ ကလေးဝမြို့၌ ပြန်လည်ကျဆင်း

**နေပြည်တော် ဩဂုတ် ၂၇**

ချင်းတွင်းမြစ်ရေသည် ကလေးဝမြို့တွင်ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိရန် နှစ်ပေခန့်အထိ မြင့်တက်ခဲ့ပြီး ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခွဲခန့်သို့ ပြန်လည်ကျဆင်းသွားပြီဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဩဂုတ် ၂၇**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ဩဂုတ် ၂၈ ရက်တွင် ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**(မိုး/ဇလ)**

## ကချင်ပြည်နယ်တွင် မိုးပိုလာမည်

**နေပြည်တော် ဩဂုတ် ၂၇**

မနက်ဖြန်အတွက် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ခန့်မှန်းထုတ်ပြန်ချက်မှာ ကချင်ပြည်နယ်တွင် မိုးပိုလာမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# နိုင်ငံရေးပါတီများ ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခွင့်ပြုလုပ်ရာတွင် လိုက်နာကြရမည့်ကြေညာချက်ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၅၂ / ၂၀၁၅ )**
**၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်**
**( ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက် )**

**နိုင်ငံရေးပါတီများ ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခွင့်**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၈-၇-၂၀၁၅ ရက်စွဲပါကြေညာချက်အမှတ်(၂၈ / ၂၀၁၅) ဖြင့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်ဖြစ်ကြောင်း သတ်မှတ်ကြေညာထားပြီး နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်များကိုလည်း စိစစ်ခွင့်ပြုခဲ့သည်။

၂။ နိုင်ငံရေးပါတီများမှ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် စည်းရုံးမဲဆွယ်ရန် မိမိတို့ပါတီ၏ မူဝါဒသဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခွင့်များကို ၈-၉-၂၀၁၅ ရက်နေ့မှ ၆-၁၁-၂၀၁၅ ရက်နေ့အထိ ခွင့်ပြုပေးရန်ရှိပါသည်။ နိုင်ငံရေးပါတီများက ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြလိုလျှင် သက်ဆိုင်ရာ ပါတီဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူးသည် သတ်မှတ်ခွင့်ပြုပေးသည့် ရက်မတိုင်မီ အနည်းဆုံး(၇)ရက် ကြိုတင်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ဟောပြောတင်ပြလိုသည့် စာမူနှင့်အတူ ခွင့်ပြုမိန့်လျှောက်ထားရမည်။ ခွင့်ပြုမိန့်လျှောက်ထားသည့် စာမူသည် ($A_4$) အရွယ်အစား စက္ကူ(၇)မျက်နှာထက် မပိုစေရ။

၃။ ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောခွင့်ပြုရန် လျှောက်ထားကြသည့် နိုင်ငံရေးပါတီများအား အဆင်ပြေစွာ အလှည့်ကျဟောပြောတင်ပြနိုင်စေရန်အတွက် နိုင်ငံရေးပါတီတစ်ခုချင်းအလိုက် ဟောပြောတင်ပြခွင့်ရရှိသည့် နေ့ရက်နှင့် အချိန်ဇယားကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သက်ဆိုင်ရာဌာန အဖွဲ့အစည်းများနှင့် ညှိနှိုင်းသတ်မှတ်ပေးပါမည်။

၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ဟောပြောတင်ပြလိုသည့်စာမူကို လိုအပ်သလို စိစစ်ပြီး ပြန်ကြားရေးဝန်ကြီးဌာနနှင့် ညှိနှိုင်း၍-
(က) ခွင့်ပြုမိန့်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။
(ခ) ခွင့်ပြုမိန့်ထုတ်ပေးပါက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သတ်မှတ်သော နေ့ရက်၊ အချိန်ဇယားနှင့်အညီ ခွင့်ပြုသည့် နေ့ရက်၊ အချိန်အပိုင်းအခြားနှင့် ဟောပြောရန်ခွင့်ပြုသည့် ပုဂ္ဂိုလ်၏ အမည်ကို ခွင့်ပြုမိန့်တွင် ဖော်ပြရမည်။
(ဂ) ခွင့်ပြုမိန့်လျှောက်ထားခြင်းကို ငြင်းပယ်ပါက အကျိုးအကြောင်းဖော်ပြလျက် လျှောက်ထားသူထံ အကြောင်းကြားရမည်။

၅။ ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောရာတွင် နိုင်ငံရေးပါတီတစ်ခုအား-
(က) ရေဒီယိုအစီအစဉ်မှ ဟောပြောတင်ပြလျှင် ဟောပြောချိန် ၁၅ မိနစ်အထိ ခွင့်ပြုမည်။
(ခ) ရုပ်မြင်သံကြားအစီအစဉ်မှ ဟောပြောတင်ပြလျှင် ဟောပြောချိန် ၁၅ မိနစ်အထိ ခွင့်ပြုမည်။
(ဂ) ပါတီ၏သီချင်းများကိုလည်း ဟောပြောရန် ခွင့်ပြုသည့် သတ်မှတ်ချိန် ၁၅ မိနစ်အတွင်း ထုတ်လွှင့်ခွင့်ပြုမည်။
(ဃ) ဟောပြောစည်းရုံးမှုအား မြန်မာဘာသာဖြင့်ဖြစ်စေ တိုင်းရင်းသားဘာသာဖြင့်ဖြစ်စေ စည်းရုံးဟောပြောခွင့်ပြုပါမည်။

၆။ နိုင်ငံရေးပါတီများသည် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြရာတွင် အောက်ဖော်ပြပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း မပြုရ -
(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထိခိုက်စေသည့် ဟောပြောမှုပြုလုပ်ခြင်း၊
(ခ) လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အေးချမ်းသာယာရေးကို ထိခိုက်စေသည့် ဟောပြောမှုပြုလုပ်ခြင်း၊
(ဂ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာမှုမရှိခြင်း၊
(ဃ) နိုင်ငံတော်အား အကြည်ညိုပျက်စေရန် သို့မဟုတ် ဂုဏ်သိက္ခာထိပါးစေရန် ဟောပြောမှု ပြုလုပ်ခြင်း၊
(င) တပ်မတော်ပြိုကွဲရေးကိုဖြစ်ပေါ်စေရန် သို့မဟုတ် တပ်မတော်၏ ဂုဏ်သိက္ခာကို ထိခိုက်စေရန် ဟောပြောမှု ပြုလုပ်ခြင်း၊
(စ) လူမျိုးရေး သို့မဟုတ် ဘာသာရေး သို့မဟုတ် လူတစ်ဦးချင်း သို့မဟုတ် လူအများနှင့်ပတ်သက်၍ ပဋိပက္ခဖြစ်ပေါ်စေနိုင်သည့်၊ သိက္ခာနှင့် ကိုယ်ကျင့်တရားကို ထိခိုက်စေနိုင်သည့် ဟောပြောမှုသို့မဟုတ် စည်းရုံးလှုံ့ဆော်မှု ပြုလုပ်ခြင်း၊
(ဆ) ဘာသာရေးကို နိုင်ငံရေးအတွက် အလွဲသုံးစားပြုလုပ်ခြင်း၊
(ဇ) ငြိမ်းချမ်းစွာပညာသင်ကြားရေးကို ထိခိုက်ပျက်ပြားစေရန် သွေးထိုးလှုံ့ဆော်ဟောပြောခြင်း၊
(ဈ) နိုင်ငံ့ဝန်ထမ်းများအား ယင်းတို့၏ တာဝန်ကို ကျေပွန်စွာမထမ်းဆောင်နိုင်စေရန် သို့မဟုတ် အစိုးရအား ဆန့်ကျင်ဆန္ဒပြစေရန် သွေးထိုးလှုံ့ဆော်ဟောပြောခြင်း။

၇။ နိုင်ငံရေးပါတီများသည် မိမိတို့၏ မူဝါဒသဘောတရားနှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော မြန်မာနိုင်ငံတော်ကြီးဖြစ်ပေါ်လာအောင် မည်သို့ဆောင်ရွက်ဖော်ဆောင်မည်ကို ဥပဒေများနှင့်အညီ ဟောပြောမဲဆွယ်စည်းရုံးကြရမည်ဖြစ်ပါသည်။

၈။ သို့ဖြစ်၍ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရေးအတွက် နိုင်ငံရေးပါတီများသည် စည်းရုံးမဲဆွယ်ရန်ကိစ္စအလို့ငှာ မိမိတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြမှုများ ပြုလုပ်ကြရာတွင် ဤကြေညာချက်နှင့်အညီ ဆောင်ရွက်ကြရန် ဖြစ်သည်။

**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများ၏ ဟောပြောချက်များကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(News Channel)၊ ရေဒီယိုအစီအစဉ်များနှင့် နေ့စဉ်ထုတ်သတင်းစာများတွင် အောက်ဖော်ပြပါဇယားအတိုင်း ထုတ်လွှင့်ဖော်ပြပေးမည်ဖြစ်ပါသည်

| စဉ် | ဟောပြောမည့်နိုင်ငံရေးပါတီ | ရုပ်သံ/ရေဒီယို ထုတ်လွှင့်မည့်ရက် | | သတင်းစာတွင် ဖော်ပြမည့်ရက် |
|---|---|---|---|---|
| | | ပထမအကြိမ် | ဒုတိယအကြိမ် | |
| ၁။ | မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ(မ. တ. ဖ. ပ)<br>တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ<br>လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၈-၉-၂၀၁၅ | ၈-၁၀-၂၀၁၅ | ၉-၉-၂၀၁၅ |
| ၂။ | ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ<br>ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ<br>ဒီမိုကရက်တစ်ပါတီ(မြန်မာ) | ၉-၉-၂၀၁၅ | ၉-၁၀-၂၀၁၅ | ၁၀-၉-၂၀၁၅ |
| ၃။ | ကယန်းအမျိုးသားပါတီ<br>ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ<br>ကရင်ပြည်သူ့ပါတီ | ၁၀-၉-၂၀၁၅ | ၁၀-၁၀-၂၀၁၅ | ၁၁-၉-၂၀၁၅ |
| ၄။ | “ဝ”အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ<br>တအာင်း(ပလောင်)အမျိုးသားပါတီ<br>မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ | ၁၁-၉-၂၀၁၅ | ၁၁-၁၀-၂၀၁၅ | ၁၂-၉-၂၀၁၅ |
| ၅။ | ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးပါတီ<br>ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ<br>ညီညွတ်သောဒီမိုကရက်တစ်ပါတီ (UDP) | ၁၂-၉-၂၀၁၅ | ၁၂-၁၀-၂၀၁၅ | ၁၃-၉-၂၀၁၅ |
| ၆။ | ၈၈မျိုးဆက်ကျောင်းသားလူငယ်များ<br>(ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ<br>ပြည်ထောင်စုမြန်မာနိုင်ငံ<br>အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ<br>အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီ | ၁၃-၉-၂၀၁၅ | ၁၃-၁၀-၂၀၁၅ | ၁၄-၉-၂၀၁၅ |
| ၇။ | ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီ<br>ဝံသာနုဒီမိုကရက်တစ်ပါတီ<br>ခေတ်သစ်ပြည်သူ့ပါတီ | ၁၄-၉-၂၀၁၅ | ၁၄-၁၀-၂၀၁၅ | ၁၅-၉-၂၀၁၅ |
| ၈။ | ပြည်ထောင်စုဒီမိုကရေစီပါတီ<br>မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ<br>ချင်းတိုးတက်ရေးပါတီ | ၁၅-၉-၂၀၁၅ | ၁၅-၁၀-၂၀၁၅ | ၁၆-၉-၂၀၁၅ |
| ၉။ | အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ<br>“ဝ” ဒီမိုကရက်တစ်ပါတီ<br>ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ | ၁၆-၉-၂၀၁၅ | ၁၆-၁၀-၂၀၁၅ | ၁၇-၉-၂၀၁၅ |
| ၁၀။ | အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီ<br>ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ<br>တိုင်းရင်းသားလူမျိုးစုများဖွံ့ဖြိုးရေးပါတီ | ၁၇-၉-၂၀၁၅ | ၁၇-၁၀-၂၀၁၅ | ၁၈-၉-၂၀၁၅ |
| ၁၁။ | ကမန်အမျိုးသားတိုးတက်ရေးပါတီ<br>ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ<br>အမျိုးသားဒီမိုကရေစီအင်အားစုပါတီ | ၁၈-၉-၂၀၁၅ | ၁၈-၁၀-၂၀၁၅ | ၁၉-၉-၂၀၁၅ |
| ၁၂။ | စည်းလုံးညီညွတ်ရေးနှင့်ဒီမိုကရေစီပါတီ<br>ကချင်ပြည်နယ်(စဒက)<br>ကရင်ပြည်နယ်ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ<br>အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့်ငြိမ်းချမ်းရေးပါတီ | ၁၉-၉-၂၀၁၅ | ၁၉-၁၀-၂၀၁၅ | ၂၀-၉-၂၀၁၅ |
| ၁၃။ | ပြည်သူ့ဒီမိုကရေစီပါတီ<br>အမျိုးသားဒီမိုကရေစီပါတီသစ်ပါတီ<br>ဗမာပြည်သူ့ပါတီ | ၂၀-၉-၂၀၁၅ | ၂၀-၁၀-၂၀၁၅ | ၂၁-၉-၂၀၁၅ |
| ၁၄။ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ<br>မြန်မာ့လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ<br>မြန်မာအမျိုးသားကွန်ဂရက်ပါတီ | ၂၁-၉-၂၀၁၅ | ၂၁-၁၀-၂၀၁၅ | ၂၂-၉-၂၀၁၅ |
| ၁၅။ | ကရင်ဒီမိုကရက်တစ်ပါတီ<br>မြို့တိုင်းရင်းသားပါတီ<br>တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၂-၉-၂၀၁၅ | ၂၂-၁၀-၂၀၁၅ | ၂၃-၉-၂၀၁၅ |
| ၁၆။ | အရှိုချင်းအမျိုးသားပါတီ<br>ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ<br>ဓနုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ | ၂၃-၉-၂၀၁၅ | ၂၃-၁၀-၂၀၁၅ | ၂၄-၉-၂၀၁၅ |
| ၁၇။ | မွန်အမျိုးသားပါတီ<br>ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီ<br>ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ | ၂၄-၉-၂၀၁၅ | ၂၄-၁၀-၂၀၁၅ | ၂၅-၉-၂၀၁၅ |

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

| စဉ် | ဟောပြောမည့်နိုင်ငံရေးပါတီ | ရုပ်သံ/ရေဒီယို ထုတ်လွှင့်မည့်ရက် | | သတင်းစာတွင် ဖော်ပြမည့်ရက် |
|---|---|---|---|---|
| | | ပထမအကြိမ် | ဒုတိယအကြိမ် | |
| ၁၈။ | မြန်မာနိုင်ငံတောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးပါတီ<br>အမျိုးသားညီညွတ်ရေးကွန်ဂရက်ပါတီ<br>ဒီမိုကရေစီနှင့်လူ့အခွင့်အရေးပါတီ | ၂၅-၉-၂၀၁၅ | ၂၅-၁၀-၂၀၁၅ | ၂၆-၉-၂၀၁၅ |
| ၁၉။ | လူမျိုးပေါင်းစုံဒီမိုကရေစီပါတီ(ကယားပြည်နယ်)<br>ကယားလူမျိုးစုဒီမိုကရေစီပါတီ<br>အမျိုးသားတိုးတက်မြင့်မားရေးပါတီ | ၂၆-၉-၂၀၁၅ | ၂၆-၁၀-၂၀၁၅ | ၂၇-၉-၂၀၁၅ |
| ၂၀။ | ကချင်ပြည်နယ်ဒီမိုကရေစီပါတီ<br>ကချင်အမျိုးသားများဒီမိုကရေစီကွန်ဂရက်ပါတီ<br>လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ) | ၂၇-၉-၂၀၁၅ | ၂၇-၁၀-၂၀၁၅ | ၂၈-၉-၂၀၁၅ |
| ၂၁။ | ထားဝယ်တိုင်းရင်းသားများပါတီ<br>ဖက်ဒရယ်ပြည်ထောင်စုပါတီ<br>ကချင်ဒီမိုကရက်တစ်ပါတီ | ၂၈-၉-၂၀၁၅ | ၂၈-၁၀-၂၀၁၅ | ၂၉-၉-၂၀၁၅ |
| ၂၂။ | ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (ပ. အ. မ. ဖ)ပါတီ<br>ရခိုင်အမျိုးသားပါတီ<br>ချင်းဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၂၉-၉-၂၀၁၅ | ၂၉-၁၀-၂၀၁၅ | ၃၀-၉-၂၀၁၅ |
| ၂၃။ | ခူမီး(ခမီး)အမျိုးသားပါတီ<br>လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ<br>ကရင်အမျိုးသားပါတီ | ၃၀-၉-၂၀၁၅ | ၃၀-၁၀-၂၀၁၅ | ၁-၁၀-၂၀၁၅ |
| ၂၄။ | မြန်မာနိုင်ငံတောင်သူလယ်သမား အလုပ်သမားပြည်သူ့ပါတီ<br>မြိုအမျိုးသားဒီမိုကရေစီပါတီ<br>ဓနုအမျိုးသားများအဖွဲ့ချုပ်ပါတီ | ၁-၁၀-၂၀၁၅ | ၃၁-၁၀-၂၀၁၅ | ၂-၁၀-၂၀၁၅ |
| ၂၅။ | ပြည်သူ့အကျိုးပြုကျောင်းသားများဒီမိုကရေစီပါတီ<br>လမ်းပြကြယ်ပါတီ<br>ရှမ်းနီ(တိုင်းလိုင်)နှင့်မြောက်ပိုင်းရှမ်းမျိုးနွယ်စုများ သွေးစည်းညီညွတ်ရေးပါတီ | ၂-၁၀-၂၀၁၅ | ၁-၁၁-၂၀၁၅ | ၃-၁၀-၂၀၁၅ |
| ၂၆။ | လူ့ဘောင်သစ်ပါတီ<br>အင်းတိုင်းရင်းသားအဖွဲ့ချုပ်ပါတီ<br>၈၈ မျိုးဆက်ဒီမိုကရေစီပါတီ | ၃-၁၀-၂၀၁၅ | ၂-၁၁-၂၀၁၅ | ၄-၁၀-၂၀၁၅ |
| ၂၇။ | စည်းလုံးညီညွတ်သော ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ<br>လော်ဝေါ်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ<br>ခေတ်သစ်ပြည်ထောင်စုပါတီ | ၄-၁၀-၂၀၁၅ | ၃-၁၁-၂၀၁၅ | ၅-၁၀-၂၀၁၅ |
| ၂၈။ | ရှမ်းပြည်နယ်အရှေ့ပိုင်းဖွံ့ဖြိုးတိုးတက်ရေး ဒီမိုကရက်တစ်ပါတီ<br>မဟာမိတ်တောင်သူလယ်သမားပါတီ<br>အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၅-၁၀-၂၀၁၅ | ၄-၁၁-၂၀၁၅ | ၆-၁၀-၂၀၁၅ |
| ၂၉။ | ဇိုတိုင်းရင်းသားဒေသဖွံ့ဖြိုးရေးပါတီ<br>အမျိုးသားတိုးတက်ရေးပါတီ<br>အမျိုးသမီးပါတီ(မွန်)<br>ရခိုင်မျိုးချစ်ပါတီ | ၆-၁၀-၂၀၁၅ | ၅-၁၁-၂၀၁၅ | ၇-၁၀-၂၀၁၅ |
| ၃၀။ | စေ့စပ်ညှိနှိုင်းရေးနှင့်တည်ငြိမ်အေးချမ်းရေးပါတီ<br>ပြည်ထောင်စုတောင်သူလယ်သမားအင်အားစုပါတီ<br>ဒိုင်းနက်လူမျိုးများတိုးတက်ရေးပါတီ<br>မြန်မာနိုင်ငံလုံးဆိုင်ရာ ကမန်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၇-၁၀-၂၀၁၅ | ၆-၁၁-၂၀၁၅ | ၈-၁၀-၂၀၁၅ |

**မှတ်ချက်**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် မှတ်ပုံတင်ခွင့်ပြုထားသော နိုင်ငံရေးပါတီအစီအစဉ်အတိုင်း ရိုက်ကူးထုတ်လွှင့်ဖော်ပြခြင်းဖြစ်ပါသည်။**

# နိုင်ငံတော်အနေဖြင့် ဂြိုဟ်တုနည်းပညာပိုင်ဆိုင်ရေးအတွက် ရေတိုရေရှည်စီမံကိန်းများ ချမှတ်ဆောင်ရွက်သွားရန်ရှိ

သတင်း
ကျော်သူထက်၊ မျိုးမြင့်

**နိုင်ငံတစ်နိုင်ငံတွင် အာကာသနည်းပညာ အသုံးပြုမှုနှင့် ဂြိုဟ်တုနည်းပညာ ပိုင်ဆိုင်မှုအတွက် ဆောင်ရွက်ရာတွင်လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဓိကရည်မှန်းချက်ထားပြီး ဆောင်ရွက်ရမည်ဖြစ်သည်။**





အာကာသစခန်းများ၏လုပ်ငန်းများနှင့် ဆောင်ရွက်ချက်များကို သိရှိနိုင်စေရန် အာကာသအတွင်း ရက်ပေါင်း ၁၇၇ ရက်ကြာ နေထိုင်ခဲ့သည့် ဂျပန်နိုင်ငံ ဂျက်ဆာ အာကာသယာဉ်မှူးအဖွဲ့၏ အကြီးအမှူးဖြစ်သူ စောအိချီနိုကိုချီ၏ အတွေ့အကြုံရှင်းလင်းပွဲကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ယနေ့ကျင်းပခဲ့သည်။

“မြန်မာနိုင်ငံမှာ လေကြောင်းနဲ့ အာကာသနည်းပညာ အသုံးပြုမှု ဖွံ့ဖြိုးတိုးတက်လာစေဖို့၊ အထောက်အကူပြုစေဖို့၊ အတွေ့အကြုံတွေရရှိစေဖို့နဲ့ ပညာရေးမြှင့်တင် ပြောင်းလဲမှုတွေကို အထောက်အကူပြုစေဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဒီပွဲကို ကျင်းပပေးတာပါ။ နိုင်ငံတော်ရဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု၊ နိုင်ငံတော်လုံခြုံမှုနဲ့ သဘာဝဘေးအန္တရာယ်တွေကို ကြိုတင်သိရှိနိုင်ဖို့အတွက် အာကာသနည်းပညာအသုံးပြုမှုဟာ မဖြစ်မနေလိုအပ်ချက်တစ်ခုအနေနဲ့ ရှိလာပါပြီ”



ဟု ယနေ့ရှင်းလင်းပွဲတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘရွှေက ပြောသည်။

နိုင်ငံတော်အနေဖြင့် အာကာသနည်းပညာအသုံးပြု မှုဖွံ့ဖြိုးတိုးတက်ရေး၊ ဂြိုဟ်တုနည်းပညာပိုင်ဆိုင်ရေးတို့အတွက် အာကာသဆိုင်ရာမူဝါဒ၊ ရည်မှန်းချက်များနှင့် ရေတိုရေရှည်စီမံကိန်းများ ချမှတ်ဆောင်ရွက်သွားရန်ရှိကြောင်း သိရသည်။

“ကျွန်တော်ရဲ့ ပထမဦးဆုံးခရီးစဉ်ဖြစ်ပြီး အခုလိုမျိုး ကျွန်တော်ရဲ့ အတွေ့အကြုံ ဗဟုသုတတွေကို မြန်မာနိုင်ငံက ကျောင်းသားကလေးငယ်လေးတွေဆီ လာရောက်ဖြန့်ဝေခွင့်ရရှိတဲ့အတွက် အလွန်ပျော်ရွှင်ဝမ်းမြောက်မိပါတယ်။ ကျွန်တော်




ယုံကြည်ပါတယ်။ ဂျပန်နိုင်ငံသားတစ်ယောက်အနေနဲ့ ပြောရရင် ကာလရှည်ကြာစွာ ရင်းနှီးချစ်ကြည်ခဲ့တဲ့ ဂျပန်-မြန်မာ ဆက်ဆံရေးမှာ ဒါဟာ ကျွန်တော်ရဲ့ ပထမဦးဆုံး ခြေလှမ်းတစ်ရပ်လည်း ဖြစ်ပါတယ်။

“ကျွန်တော့်အနေနဲ့ ကလေးငယ်တွေကို မိတ်ဆက်ပေးချင်တာက အာကာသနည်းပညာနဲ့ နိုင်ငံတကာ အာကာသ စခန်းဆိုင်ရာ ဗဟုသုတတွေဖြစ်ပါတယ်။ နိုင်ငံတကာ အာကာသစခန်းဆိုင်ရာများနဲ့ပတ်သက်လို့ ကျွန်တော်တို့ သိပ္ပံဆိုင်ရာ လုပ်ငန်းအတော်များများလုပ်ခဲ့ကြရတယ်။ သင်ကြားမှုတွေလုပ်ခဲ့ကြရတယ်။ ဒီအတွက် ဒီနေ့ဆိုရင် ကျောင်းသားအရွယ် ကလေးငယ်တွေကို ကျွန်တော်ပြန်ပြောပြနိုင်ပြီ။ အဲ့ဒါဘာလဲဆိုတော့ ကျွန်တော်တို့ အာကာသမှာ ဘာတွေလုပ်နိုင်ကြပြီလဲဆိုတာကိုပါ။ အခုဆိုရင် ကလေးတွေအနေနဲ့ သင်္ချာ၊ သိပ္ပံပညာရပ်ဆိုင်ရာနဲ့ အာကာသနည်းပညာဆိုင်ရာတွေကို လေ့လာနိုင်ကြပြီဖြစ်ပါတယ်”ဟု ဂျပန်အာကာသယာဉ်မှူး ဆူအိချီနိုကိုချီက ဆွေးနွေးပွဲအပြီးတွင် ပြောပြသည်။

ထို့ပြင် ၎င်းက “အာကာသနည်းပညာကို လေ့လာခြင်းအားဖြင့် လူသားတွေအနေနဲ့ အကျိုးကျေးဇူးများစွာရရှိလာမှာ ဖြစ်ပါတယ်။ အထူးသဖြင့် ဆေးဝါးအသစ် အဆန်းတွေ၊ သဘာဝဘေးအန္တရာယ်တွေကို ကာကွယ်ဖို့အတွက် ဖန်တီးပေးနိုင်မယ့် အခွင့်အလမ်းတွေ ရရှိလာမှာဖြစ်ပါတယ်။ ဂြိုဟ်တုကရလာတဲ့ အချက်အလက်တွေကို လေ့လာခြင်းအားဖြင့် ပိုမိုကောင်းမွန်တဲ့ ပုံရိပ်ကောင်းတွေရရှိလာမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဂျပန်နိုင်ငံရဲ့ အာကာသအေဂျင်စီအနေနဲ့ ဆိုရင်လည်း နောက်ဆုံးပေါ်အကောင်းဆုံး ဂြိုဟ်တုနည်းပညာဆိုင်ရာတွေ ထူထောင်ထားပြီး မြန်မာနိုင်ငံရဲ့ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စောင့်ကြည့်မှုတွေကိုလည်း လုပ်ဆောင်ပေးလျက်ရှိပါတယ်။ အနာဂတ်မှာ ကြုံတွေ့လာနိုင်တဲ့ သဘာဝဘေးအန္တရာယ်တွေကို ကာကွယ်လာနိုင်မှာ ဖြစ်ပါတယ်”ဟု ဆက်လက်ပြောပြသည်။

ဒုတိယကမ္ဘာစစ် ပြီးနောက် အမေရိကန်ပြည်ထောင်စုနှင့် ဆိုဗီယက်ပြည်ထောင်စုတို့သည် ကမ္ဘာပေါ်တွင် အင်အားအကြီးဆုံးနိုင်ငံများ ဖြစ်လာခဲ့ပြီး အာကာသသွားလာမှု၌ အပြိုင်အဆိုင် တီထွင်ဖန်တီးလုပ်ကိုင်လာကြသည်။ ဆိုဗီယက်ပြည်ထောင်စုသည် ပထမဆုံးဂြိုဟ်တုကို အာကာသအတွင်းသို့ အောင်မြင်စွာ ပစ်လွှတ်နိုင်သကဲ့သို့ အမေရိကန်ပြည်ထောင်စုအစိုးရသည်လည်း လေကြောင်းပညာနှင့် အာကာသစူးစမ်းရှာဖွေရေးလုပ်ငန်းများ သုတေသနပြုတီထွင်လုပ်ကိုင်စေရန် အမျိုးသားလေကြောင်းနှင့် အာကာသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့ “နာဆာ” (NASA) ကို တည်ထောင်ပြီး ဆောင်ရွက်လျက်ရှိသည်။ ယခုအခါ ကမ္ဘာ့လူသားများအနေဖြင့် အာကာသစူးစမ်းလေ့လာရေးမှ အရေးပါသည့် အောင်မြင်မှုများ ရရှိနေပြီဖြစ်သည်။



နာဆာက လွှတ်တင်ထားသည့် Voyager အာကာသယာဉ်ကို တွေ့ရစဉ်။ Photo-NASA

# မုတ္တမကမ်းလွန်လုပ်ကွက် (M-7) အတွက် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ် လက်မှတ်ရေးထိုး

**နေပြည်တော် ဩဂုတ် ၂၇**

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ဩစတြေးလျနိုင်ငံအခြေစိုက် Tap Energy (M-7) Pte. Ltd. နှင့် မြန်မာနိုင်ငံမှ Smart E & P International Co., Ltd. တို့သည် မုတ္တမကမ်းလွန်ရေတိမ်ပိုင်းလုပ်ကွက် M-7 တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဩဂုတ် ၂၆ ရက် ညနေ ၆ နာရီက နေပြည်တော် ဟိုတယ်ဇုန်ရှိ Hilton Hotel ၌ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ် (Production Sharing Contract-PSC) ကို လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြသည်။

လက်မှတ်ရေးထိုးပွဲတွင် စွမ်းအင်ဝန်ကြီးဌာနနှင့် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်က အမှာစကားပြောကြားပြီး မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်ဦးနှင့် Tap Energy (M-7) Pte.Ltd. ကုမ္ပဏီမှ Chairman ဖြစ်သူ Mr.Douglas W.Bailey တို့က နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ဆက်လက်၍ နှစ်ဖက်သဘောတူစာချုပ်များကို မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်ဦး၊ Tap Energy (M-7) Pte. Ltd. ကုမ္ပဏီမှ Chairman ဖြစ်သူ Mr. Douglas W.Bailey နှင့် Smart E & P International Co., Ltd. မှ Managing Director ဖြစ်သူ ဒေါ်ရတနာစုလှိုင်တို့က လက်မှတ်ရေးထိုးကာ စာချုပ်များကို အပြန်အလှန်လဲလှယ်ကြသည်။

အဆိုပါစာချုပ်လက်မှတ်ရေးထိုးခြင်းမှ Signature Bonus အမေရိကန်ဒေါ်လာ ၅ ဒသမ ၂ သန်း နှင့် Data Fee အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ သိန်း ရရှိမည်ဖြစ်သည်။ ဖော်ပြပါလုပ်ကွက်အတွက် လေ့လာရေးကာလ နှစ်နှစ်နှင့် ရှာဖွေရေးကာလ ခြောက်နှစ်အတွင်း အနည်းဆုံးအမေရိကန်ဒေါ်လာ ၁၁၀ ဒသမ ၇၅ သန်းသုံးစွဲမည်ဖြစ်ပြီး စာချုပ်များလက်မှတ်ရေးထိုးပြီးပါက နိုင်ငံခြားရေနံကုမ္ပဏီအနေဖြင့် သဘာဝပတ်ဝန်းကျင်နှင့်လူမှုစီးပွားထိခိုက်ပျက်စီးမှု ဆန်းစစ်လေ့လာခြင်းလုပ်ငန်းများကို သက်ဆိုင်ရာလုပ်ကွက်ဒေသတွင် စတင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း သိရသည်။

၁၉၉၅ ခုနှစ်မှ စတင်ထူထောင်ခဲ့သည့် ဩစတြေးလျနိုင်ငံအခြေစိုက် Tap Oil Ltd. သည် ဩစတြေးလျ၊ နယူးဇီလန်၊ ဖိလစ်ပိုင်၊ ဘရူနိုင်းနှင့်ဂါနာနိုင်ငံများတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေ၊ တူးဖော် ထုတ်လုပ်မှုလုပ်ငန်းများကို အဓိကဆောင်ရွက်နေသော ကုမ္ပဏီတစ်ခုဖြစ်ပြီး မြန်မာနိုင်ငံမှ Smart E & P International Co., Ltd. ကုမ္ပဏီသည် ကုန်းပိုင်းလုပ်ကွက် EP-5 အတွက် PT. Istech ကုမ္ပဏီနှင့်အတူ ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေ၊ တူးဖော် ထုတ်လုပ်မှုလုပ်ငန်းများကို အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် ရေနံနှင့် သဘာဝဓာတ်ငွေ့ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်နေသည့် ကုမ္ပဏီတစ်ခုဖြစ်သည်။

ယခု မုတ္တမကမ်းလွန်လုပ်ကွက် M-7 တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေ၊ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် PSC စာချုပ်လက်မှတ်ရေးထိုးခြင်းသည် ၂၀၁၃ ခုနှစ် ဧပြီလတွင် စတင်ခေါ်ယူခဲ့သော ကမ်းလွန်လုပ်ကွက် ၃၀ အတွက် ပထမအကြိမ် အပြည်ပြည်ဆိုင်ရာတင်ဒါတွင် အောင်မြင်ခဲ့သည့် လုပ်ကွက် ၂၀ အနက် နောက်ဆုံးလုပ်ကွက်အတွက် လက်မှတ်ရေးထိုးခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကျောင်းပြင်ပမူလတန်းပညာရေး ဗဟိုကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းဆွေးနွေး

**ရန်ကုန် ဩဂုတ် ၂၇**

ကျောင်းပြင်ပမူလတန်းပညာရေး ဗဟိုကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ဩဂုတ် ၂၅ ရက်က ရန်ကုန်မြို့ Summit Parkview ဟိုတယ် ပင်းယခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ စာတတ်မြောက်ရေး အထောက်အကူပြုပင်မဌာန ဥက္ကဌ နိုင်ငံတော်သမ္မတ၏ ပညာရေးအကြံပေးပုဂ္ဂိုလ် ဆရာကြီး ဒေါက်တာသန်းဦးက အဖွင့်အမှာစကားပြောကြားရာတွင် အခြေခံပညာသည် ပညာရေး၏ အခြေခံပင်ဖြစ်ပါကြောင်း၊ ထို့အတွက် မူလတန်း ပညာရေးသည် သာမန်မဟုတ်၊ ပညာ၏ အခြေခံကို ပေးရမည့်နေရာဖြစ်၍ အရေးကြီးပါကြောင်း၊ တစ်နည်းအားဖြင့် တင်စားပြောရလျှင် မူလတန်းပညာသည် အခြေခံပညာ၏ အရင်းအမြစ်ပင်ဖြစ်၍ အဆင့်မြင့်ပညာသည် အခေါင်အမိုး ဖြစ်ပါကြောင်း၊ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ကျောင်းပြင်ပမူလတန်းပညာရေးကို မြို့နယ်ပေါင်း ၉၄ မြို့နယ်၊ အခြေစိုက်စခန်းပေါင်း ၅၇၁ ခု၊ အဆင့်(၁)တွင် ကလေး ၅၄၄၀၊ အဆင့်(၂)တွင် ကလေး ၄၉၈၂ ဦး၊ စုစုပေါင်း ကလေး ၁၀၄၂၂ ဦးတက်ရောက်ကြပြီး ဆရာ ဆရာမပေါင်း ၁၀၈၀၊ မြို့နယ်ကြီးကြပ်ရေးမှူး ၁၅၇ ဦးနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ကြီးကြပ်ရေးမှူးပေါင်း ၄၃ ဦးတို့ ပါဝင်သင်ကြား၊ ကြီးကြပ်ပေးလျက်ရှိပါကြောင်း။

၂၀၁၅ ခုနှစ် ဇွန်လ ၁၅ ရက်တွင် စတင်ဖွင့်လှစ် သင်ကြားခဲ့ရာ ယခု အသားတင်စာသင်ရက် ၆၀ ပြည့်ပြီးဖြစ်၍ပထမနှစ်ဝက် ပထမပိုင်း ပြီးဆုံးပြီဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့် ဖွင့်ပွဲများနှင့် မြို့နယ်အဆင့်ဖွင့်ပွဲများကို ဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့က ၄၂ မြို့နယ်၊ အလှူရှင်များက မြို့နယ် ၃၀ နှင့် ပညာရေးဝန်ကြီးဌာနက ၂၂ မြို့နယ်တို့တွင် ရန်ပုံငွေများ ထောက်ပံ့ပေးလျက်ရှိပါကြောင်း မြန်မာနိုင်ငံ စာတတ်မြောက်ရေး အထောက်အကူပြု ပင်မဌာနက ၈၁ မြို့နယ်နှင့် အခြားသောအဖွဲ့များကလည်း တာဝန်ယူဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြောကြားသည်။

၂၀၁၄-၂၀၁၅ ပညာသင်နှစ် အောင်မြင်ပြီးမြောက်မှုမှာ ပထမအဆင့်တွင် ၆၉ ဒသမ ၆၃ ရာခိုင်နှုန်း၊ ဒုတိယအဆင့်တွင် ၇၃ ဒသမ ၇၃ ရာခိုင်နှုန်းတို့ရှိခဲ့ပြီး ဒုတိယအဆင့် အောင်မြင်သူ ၃၂၀၂ ဦးအနက် ၁၂၁၄ ဦးသည် ပဉ္စမတန်း ဆက်လက်တက်ရောက်နေပြီး ၃၇ ဒသမ ၉၁ ရာခိုင်နှုန်းရှိပါကြောင်း၊ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် အလယ်တန်းနှင့် အထက်တန်းတို့ တက်ရောက်သူ ပဉ္စမတန်းမှ ဒသမတန်းအထိ ၂၃၁၀ ရှိပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ စာတတ်မြောက်ရေး အထောက်အကူပြု ပင်မဌာန ဒုတိယဥက္ကဌ ဆရာကြီး ဒေါက်တာတင်ညိုက ကျောင်းပြင်ပမူလတန်း ပညာရေးဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် အလှူရှင်များ၏ ငွေစာရင်းရှင်းတမ်းနှင့် ကျောင်းပြင်ပ ရှင်းတမ်းနှင့် ကျောင်းပြင်ပ မူလတန်း ပညာရေးအစီအစဉ် ဝင်ငွေတိုးလုပ်ငန်း ထားရှိဆောင်ရွက်ထားမှု အခြေအနေတို့ကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး အလှူရှင်များကိုယ်စား ဒေါ်ခင်လှလှပညာရေးဖောင်ဒေးရှင်း၏ နာယက ပြည်ထဲရေးဝန်ကြီး(ငြိမ်း)ဦးတင်လှိုင်က လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကို ဆွေးနွေးကြပြီး မြန်မာနိုင်ငံစာတတ်မြောက်ရေးအထောက်အကူပြု ပင်မဌာန ဥက္ကဌ ဒေါက်တာသန်းဦးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

ကျောင်းပြင်ပ မူလတန်း ပညာရေးဟူသည့် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းလုံးဝ မနေခဲ့ဖူးသေးသူ၊ ကျောင်းနေခဲ့သော်လည်း မူလတန်း ပညာမပြီးဆုံးမီ ကျောင်းစော ထွက်ခဲ့ရသူ၊ အသက် ၁၀ နှစ်မှ ၁၄ နှစ် သက်ငယ်အုပ်စု ကလေးများကို ဒုတိယအကြိမ် ပညာရေးအခွင့်အလမ်း ထပ်မံဖြည့်ဆည်းပေးရန်နှင့် အဆိုပါကလေးငယ်များကို အခြေခံပညာ အလယ်တန်းနှင့် အထက်တန်းအဆင့်တို့ ဆက်လက်သင်ယူခွင့်ရရှိစေရန် ရည်ရွယ်ချက်များဖြင့် ကျောင်းပြင်ပမူလတန်းပညာရေး ဗဟိုကြီးကြပ်မှုကော်မတီက ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရှိရသည်။



**သတင်းနှင့်ဓာတ်ပုံ**
**ဇော်မင်းလတ်(သတင်းစဉ်)**


## အာစရိယပူဇော်ပွဲ မြောင်မြို့

ဒသမကြိမ်မြောက် အသက်(၆၀)နှင့် အထက် ဆရာကြီး၊ဆရာမကြီးများကို ကျောင်းသား၊ ကျောင်းသူဟောင်းတို့မှ ၁၃၇၇ ခုနှစ် တော်လသင်းလဆန်း (၁၄)ရက်တွင်အထက ရာပြည့်ခန်းမ၌ ပူဇော်ပွဲကျင်းပမည်ဖြစ်ပါ၍ ရပ်ဝေးမှတပည့်များအားလုံး သိရှိလှူဒါန်းနိုင်ရန် နှိုးဆော်လိုက်ပါသည်။

**ဆက်သွယ်လှူဒါန်းနိုင်ရန်**

| | |
|---|---|
| ဦးကျော်ကျော် ရန်ကုန် | ဖုန်း-၀၉-၈၇၄၂၉၈၄ |
| ဦးမြင့်နိုင် ရန်ကုန် | ဖုန်း-၀၁-၃၉၄၆၄၂ |
| ဦးဝင်းလွင် သန်လျင် | ဖုန်း-၀၉၅၁၂၉၄၇၈ |
| ဦးလှမြင့် မန္တလေး | ဖုန်း-၀၉-၂၀၀၂၅၀၄ |
| ဦးစိန်ဝင်း မန္တလေး | ဖုန်း-၀၂-၃၃၉၀၅ |
| ဦးစိန် မြောင် | ဖုန်း-၀၇၁-၄၃၀၄၅ |
| ဦးချစ်ဆွေ မြောင် | ဖုန်း-၀၇၁-၄၃၀၅၁ |

**ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**
**မြောင်မြို့**



## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်းမြို့နယ်)၊ ၄ ရပ်ကွက်၊ ဗိုလ်ပျိုလမ်း၊ အမှတ်၅ဟုခေါ်တွင်သောမြေနှင့်အိမ်တို့နှင့်စပ်လျဉ်း၍ အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သန္တာအောင် ၁၂/ဒဂရ(နိုင်)၀၀၇၆၅၆၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။ အထက်ဖော်ပြပါမြေအိမ်တို့မှာ ကျွန်ုပ်မိတ်ဆွေ ဒေါ်သန္တာအောင်၏ဦးကြီးအရင်းဖြစ်သည့်အပြင် မွေးစားဖခင် ဦးထွန်းကြည်အမည်ပေါက်ပိုင်ဆိုင်ပါသည်။

အဘိုးဖြစ်သူ ဦးချစ်ခင်နှင့်အဘွားဖြစ်သူ ဒေါ်ရင်မေတို့တွင် (၁)ဦးထွန်းအောင်၊ (၂)ဦးထွန်းကြည်၊ (၃) ဦးလှညွှန့်၊ (၄) ဦးဦးသန်း၊ (၅)ဦးမြင့်အောင်၊ (၆)ဒေါ်မာမာခင်ဆိုသည့် သားသမီးခြောက်ဦးထွန်းကားခဲ့ပါသည်။ ဦးထွန်းကြည်မှာ လူပျိုကြီးဖြစ်ပါသည်။ ကျွန်ုပ်မိတ်ဆွေဖြစ်သူသည် ငယ်စဉ်ကပင် ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ တန်ဆောင်းကြီးလမ်း၊ အမှတ် ၁၈တွင် အဘွားဒေါ်ရင်မေ ဦးကြီးအရင်းဖြစ်သူ ဦးထွန်းကြည်တို့နှင့်အတူ နေထိုင်ခဲ့ပါသည်။ ထို့နောက် အထက်ဖော်ပြပါလိပ်စာသို့ အတူတကွ ပြောင်းရွှေ့နေထိုင်လာခဲ့ကြပါသည်။ အဘွားဖြစ်သူ သေဆုံးချိန်တွင်လည်းကောင်း၊ မွေးစားဖခင် ဦးထွန်းကြည် သေဆုံးစဉ်တွင်လည်းကောင်း သာမူနာမူများဆောင်ရွက်ခဲ့ပါသည်။ အထက်ပါအမွေဆိုင်ပစ္စည်းကို မွေးစားသားဖြစ်သူ ဦးမျိုးသန်း ၁၂/ကမတ(နိုင်)၀၁၉၃၃၅ (ဘ)(ဦးအုန်းသန်း)က အခြားသူသို့ ရောင်းချရန် စီစဉ်ဆောင်ရွက်နေကြောင်း သိရှိရပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါမြေအိမ်တို့ကို ကျွန်ုပ်မိတ်ဆွေ၏သဘောတူခွင့်ပြုချက်မရှိဘဲ လွှဲပြောင်းရောင်းချခြင်းမပြုရန် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်ဝင်းနိုင်(စဉ်-၇၈၄၈)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် ၁၂၀၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၂၀၁၆၉၉၈၊ ၀၉-၇၉၂၀၁၆၉၉၈**



## ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၉၀)
## သူရတပ်ခွဲ
## (၂၁)နှစ်မြောက်နှစ်ပတ်လည်နေ့
## စုံညီတွေ့ဆုံပွဲနှင့် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ

သူငယ်ချင်းတို့ ၉-၉-၂၀၁၅ရက်တွင် ကျရောက်မည့် (၂၁)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားမှာ စုံညီတွေ့ဆုံပြီး သံဃာတော်အရှင်သူမြတ်များအား ဆွမ်း၊ သင်္ကန်းဆက်ကပ်လှူဒါန်းရန်နှင့် ညစာမိတ်ဆုံစားပွဲပြုလုပ်ရန် အောက်ပါအတိုင်း ပြန်လည်တွေ့ဆုံကြပါစို့-

**နေပြည်တော်**
ရက်စွဲ- ၆-၉-၂၀၁၅ရက်(တနင်္ဂနွေနေ့)
အချိန်- နံနက် ၉ နာရီ
နေရာ- နေပြည်တော်၊ ဘူးကွဲကျောင်းတိုက်

**ရန်ကုန်**
ရက်စွဲ- ၉-၉-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့)
အချိန်- ည ၇ နာရီ
နေရာ- (၇)မိုင်၊ ကုန်းမြင့်သာ စားသောက်ဆိုင်

**ဆက်သွယ်ရန်-**

| | | | |
|---|---|---|---|
| လှမျိုးမောင်(ငမဲ) | ဖုန်း-၀၉-၅၀၈၅၈၇၃ | စိန်လွင်(ဂျပု) | ဖုန်း-၀၉-၃၃၂၁၈၁၀၃ |
| စိန်လှမောင်(ဖီးကြမ်း) | ဖုန်း-၀၉-၄၉၂၀၇၃၄၄ | ဟိန်းဇော်(ခတ်ဖူးရှိန်)| ဖုန်း-၀၉-၈၃၀၄၀၀၄ |
| ဇော်မင်း(ဖိုးစီ) | ဖုန်း-၀၉-၄၃၀၃၆၀၁၀ | အေးလွင်(ငပု) | ဖုန်း-၀၉-၄၉၂၀၂၇၃၀ |



## အမည်ဖြည့်စွက်ခေါ်ပါရန်

မင်းပြားမြို့၊ ချောင်းရှည်ကျေးရွာနေ ဦးမောင်အေးသန်း၏သား မောင်မောင်အေး ၁၁/မပန(နိုင်)၀၉၀၈၉၃ အား ယနေ့မှစ၍ မောင်ရန်အေးစိုးဟု အမည်ဖြည့်စွက်ခေါ်ပါရန်။ **မောင်ရန်အေးစိုး**



## အမည်ပြောင်း

ဦးထွန်းမြင့်နိုင်၏သမီး၊ စစ်တွေမြို့ အထက(၂) တက္ကသိုလ်ဝင်တန်း(A) မှ မမြတ်မြတ်ခိုင်အား မဆုကေခိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **မဆုကေခိုင်**



## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8I/4224,Sein Tun MPV(STMDV-01), M/B(4x2)® ယာဉ်လက်ဝယ်ရှိသူ ဦးအောင်နိုင်ထွန်း ၁၂/တမန(နိုင်)၁၁၀၂၀၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ရန်ကုန်တိုင်းဒေသကြီးအစိုးရ
## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
## ပစ္စည်းဝယ်ယူရေးအဖွဲ့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)တွင် အသုံးပြုရန်အတွက် လိုအပ်သော ဘိလပ်မြေအိတ်(၅၀၀၀၀)ကို ဌာနအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ ဈေးနှုန်းလွှာပိတ်ရက်မှာ ၁-၉-၂၀၁၅ရက် ၁၆း၀၀နာရီဖြစ်ပြီး တင်ဒါပုံစံတစ်စုံလျှင် ကျပ် ၃၀၀၀၀(ကျပ်သုံးသောင်းတိတိ)နှုန်းဖြင့် မြို့တော်ခန်းမ(ပထမထပ်)ဘတ်ဂျက်နှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၃၈၈၇၃၂သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင် ပါသည်။

**အတွင်းရေးမှူး**
**ပစ္စည်းဝယ်ယူရေးအဖွဲ့**



## အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ဘုရင့်နောင်၊ မြေကွက်အမှတ်-က/၁၂၀၊ ဧရိယာပေ(၄၀'×၆၀')မြေကွက်နှင့် စွဲကပ်လျက်ရှိသော အကျိုးခံစားခွင့်များကို ဦးကျော်မြင့် HRGN-၀၁၇၂၀၇ အမည်ပေါက် ပိုင်ဆိုင်ပါသည်။ ၎င်းမြေကွက်၏ မခွဲစိတ်ရသေးသော အစိတ်အပိုင်းတောင်ဘက်ခြမ်း၊ ဧရိယာပေ (၂၀'×၆၀') ကို ဝယ်ယူရန်စရန်ငွေပေးချေထားပါသည်။ အကျိုးသက်ဆိုင်ခွင့်ရှိသူများသည် အထောက်အထားခိုင်လုံစွာဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိန်ရီ (တရားလွှတ်တော်ရှေ့နေ)**
**အမှတ် ၂၂၊ ဌာနာလမ်း၊ အလုံမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၃၀၃၇၄၊ ၀၁-၂၂၃၉၅၆**

❍ ရှေ့ဖုံးမှ

မဟာဗျူဟာမြောက် ပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်ခြင်းဆိုင်ရာ (SEA) အစီရင်ခံစာတွင် အချက်ခုနစ်ချက်ပါဝင်ပြီး(၁) စီမံကိန်းနဲ့သက်ဆိုင်သူများကိုသတ်မှတ်ခြင်း၊ (၂) စီမံကိန်းမစတင်မီအခြေအနေ (သတိထားဆောင်ရွက်ရမည့်အကြောင်းကိစ္စများ)၊ (၃)ဥပဒေဆိုင်ရာမူဘောင်ကန့်သတ်ချက်၊ (၄)စီမံကိန်းအတွက်စစ်ဆေးရန်အချက်အလက်ရေးဆွဲခြင်း၊ (၅) ဖွံ့ဖြိုးရေးအတွက် အနာဂတ်ဆိုင်ရာ မျှော်မှန်းချက်၊ (၆) ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်သက်ရောက်မှုများ၊ (၇)ထိခိုက်သက်ရောက်မှုများအတွက် လျှော့ချရေးအစီအမံတို့ပါဝင်ခဲ့သည်။

သီလဝါအထူးစီပွားရေးဇုန်ရှိ ပတ်ဝန်းကျင်လေ့လာဆန်းစစ်မှုတွေကို စီမံကိန်းဆောင်ရွက်မည့် အခြေအနေနှင့်ပတ်သက်၍ "ကျွန်တော်တို့ သီလဝါအထူးစီပွားရေးဇုန်မှာ ပတ်ဝန်းကျင်လေ့လာဆန်းစစ်မှုတွေကို ၂၀၁၃ နှစ်ကုန်ပိုင်းလောက်မှာ စတင်ဆောင်ရွက်ပါတယ်။ အပိုင်းနှစ်ပိုင်းနဲ့ဆောင်ရွက်ပါတယ်။ ပထမအဆင့်ကတော့ မဟာဗျူဟာမြောက်ပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်ခြင်းဆိုင်ရာ (SEA) ပါ။ မူဝါဒပိုင်းဆိုင်ရာကို လေ့လာသုံးသပ်တဲ့အပိုင်းပါ။ နောက်တစ်ဆင့်ကတော့ EIA (Environmental Impact Assessment) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းကို ဆောင်ရွက်ပါတယ်။ EIA ကတော့ စီမံကိန်းကြောင့် ဖြစ်ပေါ်လာနိုင်တာကို တိုက်ရိုက်ဆန်းစစ်တာပါ။ အခုက မူဝါဒပိုင်းဆိုင်ရာကို လေ့လာသုံးသပ်တဲ့ SEA နဲ့ပတ်သက်တဲ့ အစီရင်ခံစာကို သက်ဆိုင်ရာဌာနတွေ၊ စီမံကိန်းကိုစိတ်ဝင်စားသူတွေ၊ အကြံပေးလိုတဲ့ NGOs တွေ၊ ဒေသခံတွေကို ရှင်းလင်းတင်ပြတာပါ။ အစီရင်ခံစာကိုလည်း ဌာနဆိုင်ရာတွေ၊ စိတ်ပါဝင်စားသူတွေနဲ့ ဒေသခံတွေကို ဝေပေးထားပါတယ်။ မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာနဲ့ပါ။ အကြံပြုချင်တယ်။ ဝေဖန်သုံးသပ်ချက်တွေပေးချင်တယ်ဆိုရင် စက်တင်ဘာ ၃၀ ရက် နောက်ဆုံးထားပြီး Thilawaygn@gmail.com ကို ပေးပို့နိုင်ပါတယ်" ဟု E-Guard Environmental Services အဖွဲ့မှ ဦးအေးသီဟက ပြောသည်။

နိုင်ငံတကာနဲ့ယှဉ်၍ လုပ်ငန်းဆောင်ရွက်နိုင်သည့် အခြေအနေမျိုးတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အဓိကကဏ္ဍတစ်ခုအနေဖြင့်အလေးထားပြီး လုပ်ကြရမည်ဖြစ်ကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အရှိန်အဟုန်ဖြင့် လုပ်ဆောင်ရာတွင် သဘာဝပတ်ဝန်းကျင်အား မည်မျှအထိ ထိခိုက်နိုင်မည်ဆိုသည့် ပြဿနာနှင့်မေးခွန်းများအား ကြိုတင်သိရှိထားနိုင်သည်မှာ ကောင်းမွန်ကြောင်း၊ သီလဝါ



အထူးစီးပွားရေးဇုန်သည် မြန်မာနိုင်ငံတွင် ပထမဆုံး စတင်ခဲ့ခြင်းဖြစ်ပြီး အောက်တိုဘာလအတွင်း ဖွင့်နိုင်ရန်လည်း ကြိုးစားနေကြောင်း သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး ဒေါက်တာသန်းအောင်က အဆိုပါအခမ်းအနားတွင် ပြောကြားခဲ့သည်။

မဟာဗျူဟာမြောက် ပတ်ဝန်းကျင်ဆန်းစစ်ခြင်းဆိုင်ရာ သက်ဆိုင်သူများနှင့်တွေ့ဆုံပွဲတွင် နယ်မြေဒေသခံများဖြစ်သည့် ကျောက်တန်းမြို့ ကယက်သီတာမြိုင်ရပ်ကွက်မှ ဦးအေးငွေ၊ အလွမ်းဆွတ်တွင် လာရောက်နေထိုင်သည့် သဲကွင်းလုပ်သား ကိုသိန်းလင်းအောင်၊ ဒေါ်ကေသီဦးနှင့် ကိုအောင်မျိုးတို့က သိရှိလိုသည်များကို မေးမြန်းခဲ့သည်။

## နိုင်ငံတကာသတင်း

# လှေစီးဒုက္ခသည် ၅၅ ဦး လစ်ဗျားကမ်းလွန်တွင် သေဆုံးလျက်တွေ့ရှိ

**လစ်ဗျား ဩဂုတ် ၂၇**

လစ်ဗျားကမ်းရိုးတန်းအနီးတွင် အရှေ့အလယ်ပိုင်းနှင့် အာဖရိကဒေသများမှ လှေစီးဒုက္ခသည်များ သယ်ဆောင်လာသော လှေများပေါ်မှ လူအယောက် ၅၀ ကျော် သေဆုံးလျက်ရှိသည်ကို တွေ့ရှိရသည်။

ဩဂုတ် ၂၆ ရက်က လစ်ဗျားကမ်းလွန်ဒေသနှင့် ကီလိုမီတာ ၅၀ ကွာဝေးသောနေရာတွင် ဝန်ပိုတင်ဆောင်လာသော လှေသုံးစင်းပေါ်၌ လူအယောက် ၅၅ ဦးတို့၏ ရုပ်အလောင်းများကို တွေ့ရှိခဲ့ကြောင်း အီတလီကမ်းခြေစောင့် အရာရှိများက ပြောသည်။

၎င်းတို့ သေဆုံးရသည့်အကြောင်းနှင့် အသေးစိတ် အချက်အလက်များကို မသိရသေးပေ။ အီတလီကမ်းခြေစောင့်တပ်မှ တပ်ဖွဲ့ဝင်များက ကယ်ဆယ်ရေးအဖွဲ့ ၁၀ ဖွဲ့နှင့်ပူးပေါင်းပြီး လူအယောက် ၃၀၀၀ လောက်ကို ဩဂုတ် ၂၆ ရက်က ကယ်တင်ခဲ့ကြောင်း ပြောသည်။



အရှေ့အလယ်ပိုင်းနှင့်အာဖရိကဒေသများမှ လူများသည် ဥရောပကမ်းခြေသို့ရောက်ရှိရန် ကြိုးစားမှုကြောင့် မြေထဲပင်လယ်တွင် လှေစီးခရီးသည် သေဆုံးမှုအရေအတွက်မှာ မြင့်တက်လျက်ရှိသည်။ ဩဂုတ် ၁၅ ရက်က လစ်ဗျားကမ်းလွန်ဒေသအတွင်း နစ်မြုပ်နေသော သင်္ဘောတစ်စင်းပေါ်မှ လူသေအလောင်း ၄၀ ကျော် တွေ့ရှိခဲ့သည်။ ၎င်းတို့သည် ရေမွန်းပြီး သေဆုံးခဲ့သည်ဟု သိရသည်။

ရွှေ့ပြောင်းဒုက္ခသည်များဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းက ဇန်နဝါရီလကတည်းက သေဆုံးခဲ့သော လှေစီးဒုက္ခသည်များမှာ ၂၃၀၀ ကျော်ရှိသည်ဟု ပြောခဲ့သည်။

**(အင်န်အိတ်ချ်ကေ)**

# တီယန်ကျင်းပေါက်ကွဲမှုအပေါ် လူတစ်ဒါဇင်ထိန်းသိမ်း တာဝန်ပျက်ပေါ့လျော့မှုဖြင့် အရာရှိများကို စွဲချက်တင်

**တီယန်ကျင်း ဩဂုတ် ၂၇**

တရုတ်နိုင်ငံ တီယန်ကျင်းမြို့၌ ယခုလအတွင်း လူပေါင်း ၁၃၉ ဦးသေဆုံးခဲ့ရသည့် ဓာတုဗေဒပေါက်ကွဲမှုနှင့် စပ်လျဉ်း၍ လူပေါင်းတစ်ဒါဇင်ကို ဖမ်းဆီးထိန်းသိမ်းထားကြောင်း တာဝန်ရှိသူများက ပြောသည်။

တီယန်ကျင်း ရှုဟိုင်းနိုင်ငံတကာထောက်ပံ့ပို့ဆောင်ရေးကုမ္ပဏီ၏ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ၊ လက်ထောက်အထွေထွေမန်နေဂျာသုံးဦးနှင့် ပေါက်ကွဲမှုဖြစ်ပွားခဲ့သည့် ကုန်လှောင်ရုံပိုင်ရှင်တို့ကို ပြစ်မှုဆိုင်ရာ ဥပဒေများဖြင့် ဖမ်းဆီးထိန်းသိမ်းထားကြောင်း ဆင်ဟွာသတင်း တစ်ရပ်တွင် ဖော်ပြခဲ့သည်။

ယင်းတို့တွင် ဆိပ်ကမ်းတာဝန်ရှိသူ ၁၁ ဦးအား တာဝန်ပေါ့လျော့မှုနှင့် အာဏာအလွဲသုံးစားမှုတို့ဖြင့် တရားစွဲဆိုထားသည်ဟုဆိုသည်။ တရုတ်နိုင်ငံတွင် ဆယ်စုနှစ်သုံးခုအတွင်း စီးပွားရေးတိုးတက်ပြောင်းလဲခဲ့သော်လည်း စက်ရုံအလုပ်ရုံများနှင့်ဆိုင်သော ဘေးအန္တရာယ်များ မကြာခဏဖြစ်ပွားနေ၍ ပြည်သူအများက ဒေါသထွက်နေကြသည်။ သမ္မတ ရှီကျင့်ဖျင်အနေဖြင့်အာဏာပိုင်များအား သွေးထွက်သံယိုဖြစ်ပွားမှုအပေါ် သင်ခန်းစာပေးရန် သန္နိဋ္ဌာန်ချထားသည်။ တရုတ်အာဏာရကွန်မြူနစ်ပါတီက တီယန်ကျင်း ဒုတိယမြို့တော်ဝန်ဟောင်းလည်းဖြစ်၊ တရုတ်လုပ်ငန်းနှင့် ဘေးကင်းရေးညွှန်ကြားရေးမှူးလည်းဖြစ်သူအား အကျင့်ပျက်ခြစားမှုဖြင့် ရာထူးမှဖယ်ရှားလိုက်ပြီးနောက် အဆိုပါ ဖမ်းဆီးမှုသတင်းထွက်ပေါ်လာခြင်းဖြစ်သည်။ **(ဆင်ဟွာ)**


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ (၆)၊ စစ်ကိုင်းတိုင်းဒေသကြီးရုံး၊ မုံရွာမြို့မှ ဆောင်ရွက်မည့် ချင်းတွင်းမြစ်ရေလမ်းဖွံ့ဖြိုးရေးလုပ်ငန်းအတွက် အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။

**(က) ချင်းတွင်းမြစ်ရေလမ်းဖွံ့ဖြိုးရေး၊ မုံရွာရေလမ်းကောင်းမွန်ရေး**

| စဉ် | ပစ္စည်းအမျိုးအမည် |
| --- | --- |
| ၁။ | ဝါးထရံကြမ်း |
| ၂။ | ကျောက်ကြီး (၆" -၉" ) |
| ၃။ | ၃" ×၃" နိုင်လွန်ပိုက် |

**(ခ) မော်လိုက်ရေလမ်းကောင်းမွန်ရေး**

| စဉ် | ပစ္စည်းအမျိုးအမည် |
| --- | --- |
| ၁။ | ဝါးထရံကြမ်း |
| ၂။ | သဲ |
| ၃။ | ပီနံအိတ် |
| ၄။ | (၂" -၃" ) တန်းမျော |

**(ဂ) မင်းကင်း-မော်လိုက်ရေလမ်းပိုင်း ကောင်းမွန်ရေး**

| စဉ် | ပစ္စည်းအမျိုးအမည် |
| --- | --- |
| ၁။ | ဝါးထရံကြမ်း |
| ၂။ | ပီနံအိတ် |
| ၃။ | ၃" ×၃" နိုင်လွန်ပိုက် |

**(ဃ) ကနီရေလမ်းကောင်းမွန်ရေး**

| စဉ် | ပစ္စည်းအမျိုးအမည် |
| --- | --- |
| ၁။ | (၄" -၆" )တိုင်မျော |
| ၂။ | ဝါးထရံကြမ်း |
| ၃။ | ကျောက်ကြီး (၆" - ၉" ) |

**တင်ဒါပုံစံရယူရမည့်နေရာ** ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၆)၊ စစ်ကိုင်းတိုင်းဒေသကြီးရုံး၊ မုံရွာမြို့

**တင်ဒါပုံစံယူရမည့်ရက်** ၂၇-၈-၂၀၁၅မှ ၃-၉-၂၀၁၅ရက်အထိ (ရုံးချိန်အတွင်း)

**တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** ၃-၉-၂၀၁၅ရက် (ကြာသပတေးနေ့) ၁၂:၀၀နာရီ

**တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** ၄-၉-၂၀၁၅ရက်(သောကြာနေ့) ၁၄:၀၀နာရီ

**တင်ဒါဖွင့်လှစ်မည့်နေရာ** သစ်တောလမ်း၊ ဒေသ (၆)၊ တိုင်းဒေသကြီး ရေမြစ်ဖြိုးဦးစီးဌာနရုံး

အိတ်ဖွင့်တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များ၊ ပစ္စည်းလိုအပ်ချက်နှင့် အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ (၆)၊ စစ်ကိုင်းတိုင်းဒေသကြီးရုံး၊ ဖုန်း-၀၇၁-၂၁၁၆၂၊ ၂၃၂၄၉သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**မှတ်ချက်။** ရေကျချိန်ဆောင်ရွက်မည့်လုပ်ငန်းများဖြစ်ပါ၍ ရေကျချိန်တိုင်းတာချက်အရ ဒီဇိုင်းအပြောင်းအလဲရှိပါက ပစ္စည်းအရေအတွက် အပြောင်းအလဲရှိနိုင်ပါသည်။

## ဖခင်အမည်မှန်

မုံရွာမြို့နယ်၊ အထက(၂) တက္ကသိုလ်ဝင်တန်း(ဃ)တွင် ပညာသင်ကြားနေသော မမြဖူးငယ်၏ ဖခင်အမည်မှန်မှာ ဦးတင်ရီ ၁၀/သမရ(နိုင်)၀၈၄၄၆၄ ဖြစ်ပါကြောင်း။

## အမည်ပြောင်းလဲခေါ်ဆိုပါရန်

ဦးစံကြိုးအောင်-ဒေါ်မသိန်းညွှန့်၏ သမီး အထက ပလက်ဝ နဝမတန်း(B)မှ မစန်းစန်းခိုင်အား ယနေ့မှစ၍ မအိအိခိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မအိအိခိုင် ပလက်ဝမြို့**

## ဖခင်အမည်မှန်

မုံရွာမြို့နယ်၊ အထက(၂) တက္ကသိုလ်ဝင်တန်း(ဃ)မှ မအိကြွယ်၏ ဖခင်အမည်မှန်မှာ ဦးရွှေသိန်း ၁၀/ကမရ(နိုင်)၀၁၁၅၅၁ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မုံရွာမြို့နယ်၊ အထက(၂) တက္ကသိုလ်ဝင်တန်း(ခ)မှ မောင်စန်းထက်အောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်စိုး ၁၀/သထန(နိုင်)၁၂၆၈၄၉ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8L/5083Bagan L/T P/U (4×2)ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင်မြင့် ၁၂/ဒဂတ(နိုင်)၀၁၀၇၁၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## အိမ်ကား ယာဉ်မောင်းအမြန်အလိုရှိသည် (အချိန်ပြည့်/အချိန်ပိုင်း)

- အချိန်ပြည့် ခံစားခွင့်-၂၅၀၀၀၀ မှ ၃၅၀၀၀၀ ကျပ်
- အချိန်ပိုင်းခံစားခွင့် တစ်နာရီလျှင် ၁၀၀၀ မှ ၂၀၀၀ကျပ် ခန့်ဖြင့် (ခေါက်ရေဖြင့်)
- မိမိ၏စွမ်းဆောင်ရည်ပေါ်တွင် မူတည်မည်ဖြစ်ပါသည်။
- အသက်(၅၀)ဝန်းကျင်ဖြစ်ရမည်။
- ကြည့်မြင်တိုင်မြို့နယ်တွင် မောင်းရန်။ (မြို့နယ်နီးသူကို ဦးစားပေးပါမည်။)
- ရိုးသားကြိုးစားသူဖြစ်ရပါမည်။

ကိုယ်ရေးရာဇဝင်နှင့်တကွ ငါးရက် ရုံးချိန်အတွင်း တိုက်ရိုက် အင်တာဗျူးဝင်နိုင်ပါသည်။

**အမှတ် F ၂မှ ၆၊ ပထမထပ်၊ အောင်ဆန်းကွင်းမြောက်ဘက်တန်း၊ ဖ·ဆ·ပ·လရှေ့၊ HOME Distribution Group၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5H/8519 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6G/8882 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

# အသည်းရောင်အသားဝါ ဘီရောဂါ အနှစ်ချုပ်

အပိုင်း (၇)

**၂၀၁၅ ခုနှစ် မတ်လထုတ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ရဲ့ ဘီရောဂါ ကာကွယ်စောင့်ရှောက်ရေးနဲ့ ဘီပိုးနာတာရှည်ပိုး သယ်ဆောင်သူများအား ကုသရေးလမ်းညွှန်စာအုပ်ကို မှီငြမ်းပြီး အသည်းရောင်အသားဝါဘီပိုးအကြောင်း ရေးနေပါတယ်။**

ပါမောက္ခ ခင်မောင်ဝင်း(အသည်း)

**အသည်းရောင်အသားဝါဘီရောဂါ အနှစ်ချုပ်**

**<u>ကမ္ဘာတစ်ဝန်းဖြစ်နှုန်းများ</u>**

- ကမ္ဘာပေါ်မှာ ဘီလီယံ ၂၀ လောက် ရှိပါတယ်။
- သန်း ၂၄၀ လောက်ဟာ ဘီပိုး နာတာရှည် သယ်ဆောင်တဲ့ သူတွေဖြစ်သွားပါတယ်။
- ဘီပိုးနာတာရှည် သယ်ဆောင်လာသူတွေရဲ့ ၂၀ ရာခိုင်နှုန်းနဲ့ ၃၀ ရာခိုင်နှုန်းလောက်ဟာ အသည်းခြောက်၊ အသည်းကင်ဆာဖြစ်သွားကြပါတယ်။
- မြန်မာပြည်မှာတော့ ဖြစ်နှုန်းဟာ ၁၀ ရာခိုင်နှုန်းလောက် ရှိပါတယ်။

**<u>ဘီပိုး ရောဂါကူးစက်ပုံ</u>**

- မိခင်မှကလေး ကူးစက်ခြင်း
- ဘီပိုးရှိတဲ့သူကနေ တခြားလူတွေကို ကူးစက်ခြင်း
- လိင်ဆက်ဆံရင်လည်း ဘီပိုးကူးစက်နိုင်ပါတယ်။
- မြန်မာပြည်မှာတော့ မိခင်ကနေကလေးကို ကူးစက်တဲ့ နည်းလမ်းကသာ အသည်းရောင်အသားဝါဘီရောဂါ အဓိက ကူးစက်တဲ့ နည်းလမ်းတစ်ခုဖြစ်ပါတယ်။

**<u>မြန်မာနိုင်ငံနဲ့ ဘီပိုးရောဂါ</u>**

- ဘီပိုးရောဂါဖြစ်နှုန်းဟာ ၁၀ ရာခိုင်နှုန်းလောက်ရှိပါတယ်။
- ကမ္ဘာပေါ်မှာ ဘီပိုးအဖြစ်များဆုံးနိုင်ငံတွေထဲမှာ ပါဝင်တဲ့ နိုင်ငံတစ်ခုဖြစ်ပါတယ်။
- မြန်မာနိုင်ငံမှာ အဓိက အသည်းရောင်အသားဝါဘီရောဂါပိုး ကူးစက်မှုဟာ ဘီပိုးရှိတဲ့ မိခင်ကနေ မွေးလာတဲ့ကလေးကို ကူးစက်တဲ့ နည်းလမ်းဖြစ်ပါတယ်။

**<u>ရောဂါလက္ခဏာတွေ</u>**

- အများစု (၉၀ ရာခိုင်နှုန်း)လောက်ဟာ ဘာရောဂါလက္ခဏာမှ မပြပါဘူး။
- ဘီပိုးကို တိုက်ခိုက်နိုင်တဲ့ ကိုယ်ခံအားနည်းမယ်ဆိုရင် ဘီပိုးဟာ ထွက်မသွားတော့ဘဲ နာတာရှည်ပိုး သယ်ဆောင်သူ ဖြစ်သွားပါတယ်။

**<u>နာတာရှည်ပိုးသယ်ဆောင်သူ</u>**

- ဘီပိုးစစ်ကြည့်လို့ ဘီပိုးတွေ့တယ်ဆိုတာနဲ့ ဘီပိုးခြောက်လကြာရင် တစ်ခါထပ်စစ်ပါ။
- အဲဒီလို ဘီပိုးတွေ့ပြီး ခြောက်လကြာထပ်စစ်လို့ ဘီပိုးတွေ့မှသာ ဘီပိုးနာတာရှည် သယ်ဆောင်သူလို့ ပြောနိုင်မှာပါ။

**<u>နာတာရှည်ပိုးသယ်ဆောင်ထားတော့ ဘာတွေဖြစ်နိုင်လဲ</u>**

- အသည်းခြောက်ရောဂါနဲ့ အသည်းကင်ဆာဖြစ်နိုင်ပါတယ်။

**<u>ဘီပိုးအကောင်အရေအတွက်နဲ့ အသည်းကင်ဆာ</u>**

- အသည်းရောင်အသားဝါ ဘီရောဂါပိုးများလေလေ အသည်းကင်ဆာဖြစ်နှုန်း များလေပါပဲ။

**<u>ဘီပိုးနဲ့ အလုပ်အကိုင်</u>**

- ဘီပိုးရှိပြီဆိုတာနဲ့ တပ်မတော်နဲ့ ပါဝင်ပတ်သက်တဲ့ တပ်မတော်ဆေးတက္ကသိုလ်၊ စစ်အင်ဂျင်နီယာ တက္ကသိုလ်၊ ဗိုလ်သင်တန်းကျောင်းစတဲ့ အရာရှိသင်တန်းတွေမှာ လုံးဝတက်လို့ မရပါဘူး။
- ဘီပိုးရှိရင် ဘဏ်တွေအတော်များများက အလုပ်လက်မခံပါဘူး။
- ဟိုတယ်ကြီးတွေ၊ စားသောက်ဆိုင်တွေမှာ အလုပ်လျှောက်လို့ မရပါ၊
- ဘီပိုးရှိရင် နိုင်ငံခြားဆေးရုံတွေမှာ ဆရာဝန်၊ သူနာပြုလုပ်လို့ လုံးဝမရပါဘူး။

**<u>မလေးရှား၊ ကိုရီးယားနဲ့ ဘီပိုး</u>**

- ကိုရီးယားနိုင်ငံနဲ့ မလေးရှားနိုင်ငံ နှစ်နိုင်ငံဟာ ဘီပိုးရှိရင် ဘာအလုပ်မှ လုပ်လို့မရပါဘူး။

**<u>ဘီပိုးနဲ့ စင်ကာပူ</u>**

- ဘီပိုးရှိပေမယ့်လည်း ကျန်းမာရေးကောင်းမွန်တယ်။ အသည်းရောဂါမရှိဘူး။ အသည်းဟာကောင်းတယ်။ မည်သည့်တာဝန်မဆို ထမ်းဆောင်နိုင်တယ်လို့ ထောက်ခံစာရေးပေးလိုက်ရင် စင်ကာပူနိုင်ငံက လက်ခံပါတယ်။

**<u>အသည်းကင်ဆာ ကာကွယ်ပါ</u>**

- အသည်းကင်ဆာမဖြစ်စေချင်ရင် အသည်းကင်ဆာကို ကာကွယ်ချင်တယ်ဆိုရင် အသည်းရောင်အသားဝါ ဘီပိုးမဝင်နိုင်အောင် ဘီပိုးကာကွယ်ဆေးထိုးထားကြပါ၊
- အသည်းရောင်အသားဝါဘီပိုးရှိနေတဲ့သူတွေရောက်တော့ ဘီပိုးပျောက်သွားအောင် ဘီပိုးသေဆေးတွေနဲ့ ထိထိမိမိ ကုသရမှာပါ၊

**<u>ဘီပိုးမဝင်အောင် ကာကွယ်နည်းတွေ</u>**

- ဘီပိုးကာကွယ်ဆေး စနစ်တကျ ဆေးထိုးပါ။

**<u>ဘယ်ဘီပိုးကာကွယ်ဆေးကို ထိုးရမလဲ</u>**

- သွေးရည်ကြည်ကထုတ်တဲ့ ကာကွယ်ဆေးကို လုံးဝ မသုံးသင့်ပါဘူး။
- စက်မှုဝန်ကြီးဌာနကထုတ်တဲ့ LEVOVAX B ဘီပိုး ကာကွယ်ဆေးကိုပဲ ယုံယုံကြည်ကြည်နဲ့ ထိုးကြပါ။

**<u>ဘီပိုးကာကွယ်ဆေးကို ဘယ်လိုထိုးရမှာလဲ</u>**

- လူကြီးမှာဆိုရင် လက်မောင်းမှာထိုးပါ။ ကလေးမှာဆိုရင် ပေါင်ရှေ့ဘေးနားလေးမှာ ထိုးပါ။
  - ကလေး ၁၀ µg ထိုးပါ။
  - လူကြီး ၂၀ µg ထိုးပါ။
  - အလွယ်ဆုံးနည်းကတော့ တစ်လတစ်လုံး သုံးလဆက်တိုက်ထိုးပါ။

**<u>မိခင်ကနေကလေးကို ဘီပိုးမကူးအောင် ကာကွယ်နည်း</u>**

- ဘီပိုးရှိတဲ့မိခင်ကနေ ကလေးကိုမကူးဖို့ နည်းသုံးနည်းနဲ့ တားဆီးရပါမယ်။
- မိခင်ကို ကိုယ်ဝန် ၃၂ ပတ်ရောက်ရင် တင်နိုဖိုဗီဟာ (Tenofovir) ဘီပိုးသေဆေးတိုက်ပါ။
- မွေးလာတဲ့ကလေးကို ၂၄ နာရီအတွင်းမှာ ဘီပိုးကာကွယ်ဆေးထိုးပါမယ်။ နောက်ပြီးတော့ ဘီပိုးသေဆေး Hepatitis B Immune Globulin (HBIG) ကိုလည်း ထိုးပေးပါမယ်။

**<u>ဘီပိုးရှိတဲ့သူတွေကို ကုရမယ်</u>**

- ဘီပိုးနာတာရှည် သယ်ဆောင်သူတွေ၊ ဘီပိုးသေဆေးနဲ့ ကုပေးရမယ်ဆိုတာဟာလည်း အရေးကြီးတဲ့ အချက်တစ်ချက်ပါ။
- ဒီလိုပိုးတွေရှိနေတဲ့ လူအုပ်စုကြီးကို ဘီပိုးသေဆေးတွေနဲ့ ကုသပေးမှသာ ပိုးရှိတဲ့လူဦးရေအရေအတွက် လျော့နည်းသွားပြီး လူထုကို ကူးစက်မှုလည်းနည်းသွားမှာ ဖြစ်ပါတယ်။
- ဒီလိုနာတာရှည်ပိုး သယ်ဆောင်ထားတဲ့သူတွေကို ဘီပိုးသေဆေးနဲ့ ထိရောက်အောင်ကုသပေးပြီး အသည်းကင်ဆာမဖြစ်အောင် ကာကွယ်ထားဖို့လိုပါတယ်။

**<u>ဘီပိုးနဲ့ပတ်သတ်ပြီး လွဲမှားနေတဲ့ အယူအဆတွေ</u>**

- ဘီပိုးဆို ကုလို့မရဘူး။ ဘီပိုးရှိရင် တစ်သက်လုံး ကုမရတော့ဘူးလို့ ပြောကြတယ်။
- အခုခေတ်မှာ ဘီပိုးကို လုံးဝပျောက်အောင် သေစေတဲ့၊ ကုတဲ့ဆေးတွေအများကြီး ပေါ်နေပြီပဲ။
- ဘီပိုးဆိုတာကို လုံးဝပျောက်သွားအောင် ကုလို့ရနေပါပြီဆိုတာကို ပြောလိုက်ချင်ပါတယ်။

**<u>ဘီပိုးသေဆေးတွေ</u>**

ဒီနေ့ကမ္ဘာပေါ်မှာရှိတဲ့ ဘီပိုးသေဆေးတွေကို အဓိကအားဖြင့် အုပ်စုနှစ်စု ခွဲထားပါတယ်။

- ကိုယ်ခံအားမြှင့်စေတဲ့ ဆေးတွေ
  - ပက်ဂလိတ်တက် အင်တာဖရွန် ထိုးဆေး

**<u>ဘီပိုးသေဆေး စားဆေး</u>**

- လင်မီဗြူဒင်း (Lamivudine)
- အဒက်ဖိုဗီယာ (Adefovir)
- အင်တက်ကဗီယာ (Entecavir)
- တင်နိုဖိုဗီယာ (Tenofovir)

**<u>ဘီပိုးကုမယ်ဆိုရင် ဘာတွေစစ်ရမှာလဲ</u>**

ဘီပိုးအကောင်အရေအတွက် (HBV DNA)

- ဘီပိုးအကောင်အရေအတွက် HBV DNA ဆိုတာဟာ သွေးထဲမှာ ဘီပိုးဘယ်နှစ်ကောင် ရှိတယ်ဆိုတာကိုပြောတာပါ။

**<u>ဘီပိုးပျောက်နှုန်း (qHBsAg)</u>**

- အလွယ်တကူ ပြောရမယ်ဆိုရင်တော့ qHBsAg စမ်းသပ်မှု test ကို ဘီပိုးပျောက်နှုန်း၊ ဘီပိုးဘယ်တော့ ပျောက်မှာလဲ ပြောနိုင်တဲ့ test တစ်ခုလို့ခေါ်ရမှာပါ။

**<u>ဘီပိုးသေဆေးထိုးမယ်ဆိုရင်</u>**

- ဘီပိုးသေဆေးနဲ့ကုရင် ဘီပိုးလုံးဝပျောက်သွား HBsAg negative ဖြစ်သွားနိုင်ပါတယ်။ qHBsAg အနည်းအများကို တိုင်းတာပြီး စနစ်တကျ ဘီပိုးသေဆေးထိုးပြီး ကုမယ်ဆိုရင် ဘီပိုးလုံးဝပျောက်အောင် ကုလို့ရပြီလို့ ပြောရမှာပါ။ ကမ္ဘာပေါ်ရှိ ဘယ်နိုင်ငံမှာသွားစစ်စစ် HBsAg negative ဖြစ်သွားမှာပါ။
- ဘီပိုးသေဆေးထိုးဆေးနဲ့ ဘီပိုးပျောက်အောင် ကုမယ်ဆိုရင် qHBsAg ကို ပထမဆုံးတိုင်းတာရမှာပါ။

- qHBsAg ၁၅၀၀ အထက် ____ ပျောက်နှုန်း ၄၀ ရာခိုင်နှုန်းခန့်
- qHBsAg ၁၅၀၀ အောက် ____ ပျောက်နှုန်း ၇၀ရာခိုင်နှုန်းခန့်
- qHBsAg ၁၀၀၀ အောက် ____ ပျောက်နှုန်း ၈၀ ရာခိုင်နှုန်းခန့်
- qHBsAg ၅၀၀ အောက် ____ ပျောက်နှုန်း ၉၀ ရာခိုင်နှုန်းခန့်
- qHBsAg ၁၀၀ အောက် ____ ပျောက်နှုန်း ၉၉ ရာခိုင်နှုန်းခန့်

**<u>နာတာရှည်ဘီပိုးသယ်ဆောင်ထားသူတွေ ဘယ်သူတွေကို ကုရမလဲ</u>**

- လူကြီး၊ လူငယ်၊ ကလေး ဘယ်သူ့မှာမဆို အသည်းခြောက်နေပြီဆိုရင် ဘီပိုးသေဆေးနဲ့ မဖြစ်မနေကုရပါမယ်။
- အပြည်ပြည်ဆိုင်ရာ guidelines လမ်းညွှန်မှုတွေ အားလုံးဟာ ဘီပိုးသေဆေးပေးဖို့ဆိုတာကို အဓိကထားတာကို ပြန်ပြောရမယ်ဆိုရင်တော့ -

(က) အသည်းခြောက်ရမယ်၊

(ခ) အသည်းအင်ဇိုင်း ALT ဟာ ပုံမှန်ထက် နှစ်ဆများရပါမယ် ဆိုတဲ့အချက် နှစ်ချက်နဲ့ ကိုက်ညီရပါမယ်လို့ပြောပါတယ်။

**<u>လမ်းညွှန်မှု guidelines တွေက ဘာပဲပြောပြော</u>**

- ဘီပိုးသေဆေးနဲ့ကုတဲ့အခါမှာ လမ်းညွှန်တွေက ဘာပဲပြောပြော ဘီပိုးအကောင်အရေအတွက်များရင် ဘီပိုးသေဆေးနဲ့ ကုရမယ်ဆိုတဲ့ အယူအဆတွေဟာ ခေတ်စားလာပါတယ်။

**<u>နိဂုံး</u>**

- ယနေ့ခေတ်မှာ ဘီပိုးလုံးဝပျောက်အောင် ကုလို့ရနေပါပြီ။
- ဒါကြောင့် ဘီပိုးရှိပြီး မေ့မေ့လျော့လျော့နေတဲ့သူတွေ စနစ်တကျ စစ်ဆေးပြီး ဘီပိုးပျောက်အောင် ကုကြပါလို့ တိုက်တွန်းလိုက်ပါရစေ။

**မြန်မာနိုင်ငံမှာ အဓိက အသည်းရောင်အသားဝါဘီရောဂါပိုးကူးစက်မှုဟာ ဘီပိုးရှိတဲ့ မိခင်ကနေမွေးလာတဲ့ ကလေးကိုကူးစက်တဲ့ နည်းလမ်းဖြစ်ပါတယ်။**

# အမျိုးသမီးလုပ်ငန်းရှင်များ စွန့်ဦးတီထွင်မှု အလုပ်ရုံဆွေးနွေးပွဲကျင်းပ



**တောင်ကြီး ဩဂုတ် ၂၇**

ဂျာမနီ (giz) အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်မှုဖြင့် ဦးစီးကျင်းပသော အမျိုးသမီးလုပ်ငန်းရှင်များ စွန့်ဦးတီထွင်မှု အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၂၅ ရက်က တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက် (Royal Star Hotel)၌ ကျင်းပရာ အမျိုးသမီးလုပ်ငန်းရှင်များနှင့် အရပ်ဘက်အဖွဲ့အစည်း စုစုပေါင်း ၆၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် ဆရာဦးသာထက်က မြန်မာပြည်အတွက် စွမ်းရည်စွန့်ဦးတီထွင်မှုခေါင်းစဉ်ဖြင့် အကျိုးအမြတ်ရရန် ထုတ်ကုန်နှင့်ဝန်ဆောင်မှုများ ပံ့ပိုးနိုင်ရန်အတွက် လုပ်ငန်းသစ်တည်ထောင်၍ သို့မဟုတ် လက်ရှိလုပ်ငန်းအတွင်းမှာပင် အခွင့်အလမ်းသစ်များကို ဘာ့ကြောင့် ဘယ်အချိန် မည်သို့သိရှိ ဖန်တီးအသုံးချမည်ဟူသော အတတ်ပင်ဖြစ်သည်ဟု ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ ဂျာမနီနှင့်ပူးပေါင်းဆောင်ရွက်မှု (giz) ပထမအကြိမ် အမျိုးသမီးလုပ်ငန်းရှင်များ စွန့်ဦးတီထွင်မှုအလုပ်ရုံဆွေးနွေးပွဲသို့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ ညောင်ရွှေမြို့၊ ရပ်စောက်မြို့၊ ကလောမြို့နှင့် တောင်ကြီးခရိုင်အတွင်းရှိ အမျိုးသမီးလုပ်ငန်းရှင်များနှင့် အခြားဖိတ်ကြားထားသော အရပ်ဘက်အဖွဲ့အစည်းများမှ အမျိုးသမီးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

# ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဆွေးနွေး

**သီပေါ ဩဂုတ် ၂၇**

သီပေါမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးသို့ ဩဂုတ် ၂၅ ရက်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါက်တာစိုင်းစံဝင်းသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကော်မရှင်အဖွဲ့ခွဲ ခေါင်းဆောင်ဦးလုပ်ရွှန်းနှင့် တာဝန်ရှိသူများနှင့်အတူရောက်ရှိပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များကို တွေ့ဆုံဆွေးနွေးခဲ့သည်။

တွေ့ဆုံရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပမည့်ရက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာပြီးဖြစ်ကြောင်း၊ ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်း၊ နိုင်ငံရေးပါတီများ ကွင်းဆင်းစည်းရုံးခွင့်နှင့် မဲဆွယ်စည်းရုံးခွင့်တို့ကိုလည်း ကြေညာပြီးဖြစ်ကြောင်း၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ နိုင်ငံရေးပါတီများသည် ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ မဲစာရင်းတွင် မပါရှိသေးသည့် မဲဆန္ဒရှင်များကို နောက်ထပ်တစ်ကြိမ်ကပ်သည့်အခါ၌ ပါရှိရေးလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပေးသွားရန် မှာကြားလိုကြောင်း၊ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် တာဝန်ရှိသူများအားလုံးက အမျိုးသားရေးတာဝန်အဖြစ်သတ်မှတ်ပြီး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ သီပေါမြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးစိုင်းသာလှိုင်၊ အတွင်းရေးမှူး ဦးမိုးထွေးဦးတို့က အခြေခံမဲဆန္ဒရှင်များ စာရင်းထုတ်ပြန်ကြေညာခဲ့မှုနှင့် ဩဂုတ်လတွင် ထုတ်ပြန်ကြေညာမည့် မဲဆန္ဒရှင်များစာရင်းကို ရှင်းလင်းတင်ပြသည်။

ဩဂုတ်လတွင် ထုတ်ပြန်ကြေညာမည့် မဲဆန္ဒရှင်ဦးရေမှာ အမျိုးသား ၅၆၁၄၆ ဦးနှင့် အမျိုးသမီး ၆၀၉၁၂ ဦးဖြစ်ကာ စုစုပေါင်း ၁၇၇၀၅၀ ဖြစ်ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

# မဟာဓာတ်အားလိုင်းများ ဆောင်ရွက်လျက်ရှိ

**ကျောက်ထု ဩဂုတ် ၂၇**

ဂန့်ဂေါခရိုင် ကျောက်ထုမြို့ဒေသ၌ မဟာဓာတ်အားလိုင်းသွယ်ယူမှုလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ အဆိုပါဓာတ်အားလိုင်းမှာ ပခုက္ကူခရိုင် ပေါက်မြို့မှတစ်ဆင့် ကျောက်ထုမြို့သို့ရောက်ရှိမည်ဟု သိရသည်။

ဓာတ်အားလိုင်းသွယ်တန်းရာတွင် ပေါက်မြို့မှ ကျောက်ထုသို့ ၃၂ မိုင်ဝေးကွာ၍ ကျောက်ထုမြို့၌ 66KV ဓာတ်အားခွဲရုံတည်ဆောက်မည်ဖြစ်ကြောင်း၊ ထို့ပြင် ကျောက်ထုမှ ၁၈ မိုင် ဝေးကွာသည့် ချင်းပြည်နယ် မင်းတပ်မြို့သို့ သွယ်တန်းလျက် 66KV ခွဲရုံတည်ဆောက်မည်ဖြစ်ကြောင်း၊ ထို့ပြင် ကျောက်ထုမှ ၂၅ မိုင်စီဝေးကွာသည့် ထီးလင်းမြို့နှင့် ဆောမြို့သို့သွယ်တန်းလျက် 66KVဓာတ်အားခွဲရုံများ တည်ဆောက်သွားမည်ဖြစ်ကြောင်းနှင့် လျှပ်စစ်ဓာတ်အား ရောက်ရှိလာမည်ဖြစ်သည့်အတွက် ဒေသနေပြည်သူများ စိတ်အားတက်ကြွလျက်ရှိကြောင်း သိရသည်။ **(၁၀၁)**

# အလုံမြို့နယ်တွင် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်

**ရန်ကုန် ဩဂုတ် ၂၇**

ရန်ကုန် အနောက်ပိုင်းခရိုင် အလုံမြို့နယ်၊ ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ သူနာပြုဆရာမကြီး ဒေါ်လှလှမျိုးနှင့် သားဖွားဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများနှင့်



အတူ အလုံမြို့နယ် စည်ပင်ကျန်းမာရေးဌာနမှ ဝန်ထမ်းများသည် သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများဖြစ်သော အဘိတ်ဆေးခတ်ခြင်း၊ ခြင်ဆေးမှုတ်ခြင်းလုပ်ငန်းများကို ဩဂုတ် ၂၆ ရက်က အလုံမြို့နယ် စောရန်ပိုင်တောင်ရပ်ကွက် ငုဝါလမ်းရှိ မဟာအောင်မြေဓမ္မိကာရုံ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၌ ပြုလုပ်သည်။ **(ဓာတ်ပုံ)**

အလုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များမှ ပါဝင်ကူညီဆောင်ရွက်ပေးကြကြောင်း သိရသည်။

**တင်မောင်ဦး(အလုံ)**

# ထရန်စဖော်မာတိုးချဲ့တပ်ဆင်

**မတ္တရာ ဩဂုတ် ၂၇**

မန္တလေးတိုင်းဒေသကြီး မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း မတ္တရာမြို့နယ် ဓာတ်အားခွဲရုံမှ မတ္တရာမြို့ အမှတ်(၂) ဘူတာရပ်ကွက်၊ မြနန္ဒာလမ်းတွင် ရပ်ကွက်နေပြည်သူများ လျှပ်စစ်ဓာတ်အားပိုမိုပြည့်ဝစွာ သုံးစွဲနိုင်ရေးအတွက် ဩဂုတ် ၂၄ ရက်က (၁၁/၀ဒသမ ၄)ကေဗွီ (၂၀၀) ကေဗွီအေထရန်စဖော်မာအသစ်တစ်လုံးကို တိုးချဲ့တပ်ဆင်ပေးခဲ့သည်။

အဆိုပါရပ်ကွက်ရှိ အိမ်ထောင်စု ၂၀၀ ခန့်သည် ယခင်က မြို့မဈေးအနီးရှိ (၁၁/၀ ဒသမ ၄) ကေဗွီ ၃၁၅ ကေဗွီအေထရန်စဖော်မာမှ ဓာတ်အားရယူသုံးစွဲရသောကြောင့် ဓာတ်အားလုံလောက်မှုမရှိဘဲ အခြားရပ်ကွက်နှင့် မျှဝေသုံးစွဲနေရသောကြောင့် လျှပ်စစ်ဓာတ်အားအပြည့်အဝသုံးစွဲနိုင်ရေးအတွက် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းနှင့် New Ever Light ကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်ခဲ့ရာ ရပ်ကွက်အတွင်းရှိ လျှပ်စစ်သုံးစွဲသူများ ယခင်ကထက်ဓာတ်အားပိုမိုပြည့်ဝစွာ အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

# ယာဉ်တိုက်မှုမကြာခဏဖြစ်ပွားနေ၍ အသိပေးရောင်ပြန်နှင့် မီးတိုင်များတပ်ဆင်ပေးစေလို

**ရန်ကုန် ဩဂုတ် ၂၇**

ဩဂုတ် ၂၅ ရက် နံနက် ၄ နာရီခွဲဝန်းကျင်တွင် အရှေ့မှအနောက်သို့ ပုဇွန်တောင်မြို့နယ် လမ်း(၅၀)နေ အသက်(၄၀နှစ်) ဝန်းကျင်ရှိ ကိုဖြိုးဆိုသူမောင်းနှင်လာသည့် ယာဉ်နံပါတ်မပါ မော်တော်ဆိုင်ကယ်သည် လမ်းမတော်မြို့နယ် ၁၆ လမ်းတိုထိပ် အနော်ရထာလမ်းမပေါ်ရှိ လမ်းကပ်တုံးတန်းကိုတိုက်မိခဲ့သည်။

ခရီးသည်တင်ယာဉ်လိုင်း ယာဉ်ကြောအတွင်းမှ လမ်းကပ်တုံးများနှင့် မော်တော် ဆိုင်ကယ်တောက်လျှောက်ခြစ်တိုက်မိပြီး ဒုတိယလမ်းကပ်တုံးတန်း၏တတိယတုံးအနီး မော်တော်ဆိုင်ကယ်နှင့်စီးသူပါ ခရီးသည်တင်ယာဉ်ကြောပေါ်တွင် လဲကျသွားသည်။ မော်တော်ဆိုင်ကယ်စီးလာသူမှာ ဦးခေါင်းပိုင်းထိခိုက်၊ ပေါင်ကျိုးသွားပြီး ယင်းနေရာအနီးရှိ ရန်ကုန်ဆေးရုံကြီးသို့ နံနက် ၆ နာရီခွဲခန့်တွင် တင်ပို့လိုက်သည်။ မော်တော်ဆိုင်ကယ်ကို ခရီးသည်ယာဉ်များသွားလာနိုင်ရန် လမ်းဘေးသို့ ရွှေ့ထားပြီး နံနက် ၇ နာရီတွင် သက်ဆိုင်ရာမှ မော်တော်ဆိုင်ကယ်ကို သိမ်းဆည်းသွားသည်ဟု သိရသည်။

ဩဂုတ် ၂၃ ရက် တနင်္ဂနွေနေ့ နံနက် ၇ နာရီခွဲတွင်လည်း မီနီဘတ်လိုင်းကားယာဉ်ငယ်အနီး အဆိုပါတုံးအနီးနှင့် တိုက်မှုဖြစ်ပွားခဲ့သည်။ ဇူလိုင်လ နောက်ဆုံးပတ်ဝန်းကျင်မှ ဩဂုတ် ၂၅ ရက်ထိ တစ်လဝန်းကျင်ကာလတွင် အဆိုပါတုံးတန်းကို ယာဉ်တိုက်မှု ခြောက်ကြိမ်ဖြစ်ခဲ့သည်။ အချို့ယာဉ်များဆိုလျှင် ကရိန်းကားဖြင့်ဆွဲယူ ဖယ်ရှားခဲ့ရသည်ဟု ယင်းနေရာအနီးနေထိုင်သူများက ဆိုသည်။

မကြာခဏ ယာဉ်တိုက်မှုဖြစ်ပွားနေသော အဆိုပါလမ်းကပ်တုံးတန်းထိပ်တွင် ယာဉ်မောင်းသူများသတိပြုမောင်းနှင်နိုင်ရန် ရောင်ပြန်အမှတ်အသားများ၊ မီးတိုင်များတပ်ဆင်ပေးစေလိုကြောင်း၊ အဆိုပါလမ်းထိပ်ရှိ လမ်းကပ်တုံးတန်း ထိပ်ဘက်နေရာများ အများစုတွင် ယာဉ်တိုက်သည့်ထိခိုက်ထားမှုများ မြင်တွေ့နေရကြောင်း ယင်းဝန်းကျင်နေသူများက ဆိုသည်။

ရန်ကုန်မြို့တွင်း လမ်းလယ်များတွင် လမ်းကပ်တုံးမြောက်မြားစွာချထားရာ နေရာအများအပြားတွင် ယာဉ်တိုက်မှုကြောင့် ထိခိုက်ပျက်စီးနေသည့်ကပ်တုံးများကို လမ်းတားကပ်တုံးတန်းများအလယ်တွင် မြင်တွေ့ရဆဲဖြစ်ရာ လမ်းလယ်ကပ်တုံးများ ထိခိုက်ပျက်စီးရသည်အထိ စည်းကမ်းမဲ့မောင်းနှင်မှုများကို ထိရောက်စွာအရေးယူရန်နှင့်လမ်းကပ်တုံးချထားသည့် အသိပေးသင်္ကေတအမှတ်အသားများပါ ထားရှိသင့်သည်ဟု လမ်းမတော်မြို့နယ်နေ အိမ်စီးယာဉ်ပိုင်ရှင် ဦးမောင်ကျော်က ဆိုသည်။

ခင်ဆိုင်

# အရန်သားဖွားဆရာမသင်တန်းဆင်း လုပ်ငန်းသုံးဆေးသေတ္တာများ ပေးအပ်

**မြောင်းမြ ဩဂုတ် ၂၇**

ကျေးလက်နှင့်မြို့ပြ ကျန်းမာရေးကွာဟချက်မရှိစေဘဲ ပြည်သူ့ကျန်းမာရေးအထောက်အကူပြုရေးအတွက် ကိုယ်ဝန်ဆောင်မိခင်များနှင့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် မြောင်းမြခရိုင်ကျန်းမာရေးဦးစီးဌာနက ကြီးမှူးသော အရန်သားဖွားဆရာမသင်တန်း (၁/၂၀၁၅) သင်တန်းဆင်းပွဲကို ဩဂုတ် ၂၅ ရက်က မြောင်းမြပြည်သူ့ဆေးရုံကြီး သင်တန်းခန်းမဆောင်၌ ကျင်းပရာ မြောင်းမြခရိုင်အုပ်ချုပ်ရေးမှူး ဦးထွေးမြင့်၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဝေါ်ဗွီးရှင်း မြန်မာမှတာဝန်ရှိသူများ၊ မြောင်းမြခရိုင်ပြည်သူ့ဆေးရုံကြီးမှ တာဝန်ရှိသူများ၊ သင်တန်းသူအရန်သားဖွားဆရာမများ တက်ရောက်ကြကြောင်း သိရသည်။

သင်တန်းတွင် ထူးချွန်ဆုရရှိသူများကို ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်ဆရာဝန်ကြီးနှင့် တာဝန်ရှိသူများက ချီးမြှင့်ပေးပြီး အရန်သားဖွားသင်တန်းဆင်းလက်မှတ်နှင့် လုပ်ငန်းသုံးဆေးသေတ္တာ(Kit Box)များကို သင်တန်းသူတစ်ဦးချင်းထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်မင်း(ပြန်/ဆက်)**

အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့်သတင်းစာ
မြန်မာ့အလင်းတွင် ကြော်ငြာပါ

# ရေသန့်သုံးစွဲခွင့်ရရှိရေးဆောင်ရွက်



**ရန်ကုန် ဩဂုတ် ၂၇**

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ခွင့်ပြုရန်ပုံငွေဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (ရေနှင့်သန့်ရှင်းမှု) အင်ဂျင်နီယာဌာနသည် ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်အတွင်းရှိ ရပ်ကွက်ပေါင်း ၁၂ ရပ်ကွက်ကို အများပြည်သူတို့ ရေသန့်သောက်သုံးခွင့်ရှိရန် မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းအနီးရှိ ရန်ကုန်မြို့တော် ရေပေးဝေရေး စီမံကိန်း(၄မိုးရိပ်) ရေသန့်စင်စက်ရုံမှ ရေပိုက်လိုင်းများ၊ ရေစုကန်နှင့် ရေဘားများ သွယ်တန်းတည်ဆောက်ခြင်းလုပ်ငန်းများကို မေလပထမပတ်မှ စတင်ဆောင်ရွက်လျက်ရှိရာ ယခုအခါ ၉၀ ရာခိုင်နှုန်းပြီးစီးနေပြီးဖြစ်၍ ဩဂုတ် ၂၅ ရက်ကစပြီး ရေသန့်သုံးစွဲလိုသူ ပြည်သူများ ရေမီတာကို မြို့နယ်စည်ပင်အုပ်ချုပ်ရေးမှူးရုံး၌ လျှောက်ထားနိုင်ကြောင်း သိရသည်။

"အခုလောလောဆယ်မှာတော့ ကျွန်တော်တို့က ရေပိုက်လိုင်းများအားလုံး သွယ်တန်းမှုအဆင့်ဆင့်ပြီးစီးသွားပြီး ရေပေးဝေမှုအဆင်သင့်ဖြစ်နေတဲ့ အမှတ် (၂/၅/၆) ရပ်ကွက်က ပြည်သူတွေကို အိမ်ထောင်စုစာရင်းမိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ မြေဂရန်မိတ္တူနှင့်ရေမီတာဖိုးကုန်ကျငွေကျပ် ၁၀၅၀၀၀ ကို စိစစ်လက်ခံပြီး ရေပေးဝေသွားမှာပါ။ ကျန်ရှိရပ်ကွက်များဖြစ်တဲ့အမှတ် (၁၊ ၃၊ ၇၊ ၈၊ ၁၀၊ ၁၂၊ ၁၃၊ ၁၉၊ ၂၀) တွေကတော့ လုပ်ငန်းဆောင်ရွက်မှုအပိုင်း အနည်းငယ်ကျန်ရှိနေသေးတဲ့အတွက် မကြာမီအချိန်အတွင်းမှာ ရရှိကြလိမ့်မယ်"ဟု မြို့နယ် စည်ပင်ဥက္ကဌ ဦးသိန်းနိုင်က ပြောသည်။

ရွှေပြည်သာမြို့နယ်သည် ရပ်ကွက်ပေါင်း ၂၇ ရပ်ကွက်ရှိပြီး များစွာသော ပြည်သူတို့သည် အဝီစိရေကိုသာ သုံးစွဲခဲ့သည်မှာ အနှစ် ၂၀ ကျော်ကြာမြင့်ခဲ့ပြီး မြေအောက်အဝီစိတွင်းရေသည် သံဓာတ်များပါဝင်သောကြောင့် သုံးစွဲရာတွင် အခက်အခဲများ ကြုံတွေ့ရသောကြောင့် ဒေသခံပြည်သူတို့သည် အဝီစိမှထွက်လာသောရေကို ကြားဖူးနားဝနည်းပညာများဖြစ်သည့် ဖွဲပြာ၊ သဲ၊ ကျောက်စရစ်ခဲ၊ မီးသွေး စသောကြားခံများဖြင့် ရေစစ်ကန်လုပ်ကာ ရေသန့်အဖြစ်အသုံးပြုကြရသည်။ ယခု အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)က ဆောင်ရွက်ပေးသော ရေသည် ဓာတ်ခွဲသန့်စင်ထားပြီးဖြစ်၍ အရည်အသွေးပြည့်မီသော ရေကိုအသင့်သုံးနိုင်သဖြင့် ပြည်သူများ အသုံးပြုရာတွင် စိတ်ချယုံကြည်ရသော ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် ရေသန့်ကို တစ်နေ့လျှင်ရေဂါလန် ၃ ဒသမ ၇၅ သန်းဖြန့်ဝေမည်ဟု သိရသည်။

အမှတ် (၉) ရပ်ကွက်နေဦးကျော်က "ဘဏ္ဍာနှစ်မှာ ကျွန်တော်တို့ရပ်ကွက်မပါဘူးဆိုတော့ နောက်နှစ်တွေမှာ ဆက်လုပ်ပေးမလားလို့သိချင်ပါတယ်။ ဘာလို့လဲဆိုတော့ ရေသန့်သုံးစွဲခွင့်မရလိုက်မှာကို စိတ်ပူမိလို့ပါ။ အခုဆိုရင် ပါတီစုံရွေးကောက်ပွဲကလည်း ပြုလုပ်တော့မယ်၊ ပြီးတာနဲ့ အစိုးရအသစ်ဖွဲ့မယ်၊ အဲဒီအစိုးရသစ်လက်ထက်မှာက မြို့နယ်ထဲမှ ရေသန့်ရရှိဖို့ ရပ်ကွက်ပေါင်း ၁၅ ရပ်ကွက်လောက်ကျန်နေသေးတယ်ဆိုတော့ ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်မှုမရှိဘူးဆိုရင် တစ်မြို့နယ်ထဲမှာ နေတာချင်းအတူတူတောင်မှ ရေသန့်ရရှိမှုကို တန်းတူမရဘူးဆိုရင် ဘယ်လိုလုပ်ကြမလဲ။ ကျန်းမာရေး လိုက်စားတဲ့သူတွေ၊ ရေသုံးစွဲမှုရဲ့ အရည်အသွေးကိုသိတဲ့ သူတွေကြတော့ ရေသန့်ရဲ့ တန်ဖိုးဟာ ဘယ်လောက်အရေးကြီးတယ်၊ ဘယ်လောက်အထိအကျိုးသက်ရောက်မှုတွေရှိတယ်ဆိုတာ သိကြပါတယ်။ ဒါကြောင့်မို့လို့ နောက်ကြ၍ ကျန်ရစ်မှာကိုစိုးရိမ်လွန်းလို့ တင်ပြရခြင်းဖြစ်ပါတယ်"ဟု ပြောသည်။

**မြင့်သန်းကြည်(ရွှေပြည်သာ)**

## ဒေါ့ဖုန်းယန်မြို့၌ အမျိုးသမီးအိမ်တွင်းမှု စက်ချုပ်သင်တန်းဖွင့်

**ဒေါ့ဖုန်းယန် ဩဂုတ် ၂၇**

ဒေသခံတိုင်းရင်းသူလေးများ၏ အသက်မွေးဝမ်းကျောင်း ပြုလုပ်နိုင်ရန် ရည်ရွယ်၍ ပညာရေးနှင့်လေ့ကျင့်ရေး ဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ် (၂၄/၂၀၁၅) နှင့် အဆင့်မြင့် စက်ချုပ်သင်တန်းအမှတ်စဉ် (၁၅/၂၀၁၅) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၄ ရက်က ဒေါ့ဖုန်းယန်မြို့ သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့အုပ်ချုပ်ရေးမှူး ဦးဝင်းသိန်းထွန်းက အမှာစကားပြောကြားပြီး အမျိုးသမီးအိမ်တွင်းမှု ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန်းဝင်းက သင်တန်းနှင့်ပတ်သက်သည့် အကြောင်းများ ရှင်းလင်းပြောကြားပြီး အခြေခံသင်တန်းသူ ၂၉ ဦးနှင့် အဆင့်မြင့်သင်တန်းသူကိုးဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



## ပူတာအိုခရိုင်၌ အခြေခံပညာမူလတန်းအဆင့် ကျောင်းပေါင်းစုံဘောလုံးပြိုင်

**ပူတာအို ဩဂုတ် ၂၇**

ကျောင်းသားလူငယ်များ၏ကိုယ်ကာယကျန်းမာကြံ့ခိုင်လာစေရန်၊ ကျောင်းသားလူငယ်အချင်းချင်းချစ်ကြည်ရင်းနှီးမှုရရှိစေရန်နှင့် စည်းကမ်းသေဝပ်ပြီး ဥပဒေကို လေးစားလိုက်နာတတ်စေရန်ရည်ရွယ်၍ ကချင်ပြည်နယ် ပူတာအိုခရိုင်ပညာရေးမှူးရုံးက ကြီးမှူး၍ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် အခြေခံပညာမူလတန်းအဆင့် ကျောင်းပေါင်းစုံဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၅ ရက် မွန်းလွဲ ၂ နာရီက ပူတာအိုမြို့ အခြေခံပညာအထက်တန်းကျောင်းဘောလုံးကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ပညာရေးမှူးရုံး ဦးစီးအရာရှိ ဦးခင်မောင်ရီက အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြသည်။ ကွင်းဖွင့်ပွဲတွင် အထက(ခွဲ) ဆန်ဂေါင်အသင်းနှင့် အထက(ခွဲ)လေယာဉ်ကွင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အထက(ခွဲ)လေယာဉ်ကွင်းအသင်းက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

အဆိုပါပြိုင်ပွဲသို့ ပူတာအိုခရိုင်အတွင်းရှိ ပူတာအို/ မချမ်းဘောမြို့နယ်တို့မှ ပြိုင်ပွဲဝင်အသင်း ၁၁ သင်းက ဩဂုတ် ၂၅ ရက်မှစတင်ကာ တစ်နေ့လျှင်သုံးပွဲဖြင့် စက်တင်ဘာ ၅ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ရွှေဘိုပေါ်ဆန်း သီပွံနည်းကျ GAP ပေါင်စနစ်ဖြင့် စိုက်ပျိုး

**တန့်ဆည် ဩဂုတ် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ခုနှစ် မိုးရာသီတွင် မိုးစပါးရွှေဘိုပေါ်ဆန်းမျိုးစပါးကို နောင်နှစ်မိုးအတွက် မျိုးစေ့ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရန် ရည်ရွယ်၍ တန့်ဆည်မြို့နယ် ချောင်းရိုးကျေးရွာ တောင်သူဦးဘမြင်း၏ လယ်ကွင်းအမှတ် ၁၀၅၉၊ ဦးပိုင်အမှတ် ၁၂၃ ရှိ လယ်မြေပေါ်၌ ပေါင်စနစ်ဖြင့် စိုက်ပျိုးနေမှုကို ဩဂုတ် ၂၅ ရက်က တန့်ဆည်မြို့နယ်တွင်းရှိ တောင်သူများအား သီပွံနည်းကျ စိုက်ပျိုးနေမှုများကို သိရှိနားလည်နိုင်ရန် ဖိတ်ကြားပြသခဲ့ကြောင်း သိရသည်။

စိုက်ပျိုးနေသူများကို လာရောက်ကြည့်ရှုကြသည့် တောင်သူများအား တန့်ဆည်မြို့နယ်ဦးစီးအရာရှိ ဦးကျော်စိုးမင်းက ယခုစိုက်ပျိုးနေသော လယ်အကျယ်မှာ ဧက ၂ ဒသမ ၃၀ ရှိပြီး GAP စနစ်ဖြင့် ခြောက်တန်းတစ်တန်း လှပ်စိုက်စနစ်ဖြစ်ကြောင်း ရှင်းပြသည်။

ယင်းစိုက်ပျိုးသရုပ်ပြပွဲကို မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ တောင်သူများ၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**မျိုးဝင်းညွန့်(တန့်ဆည်)**

## ပြည်သူ့ဝန်ဆောင်မှုရုံး ကော့ကရိတ်မြို့နယ်၌ဖွင့်

**ကော့ကရိတ် ဩဂုတ် ၂၇**

ဌာနဆိုင်ရာများနှင့် ဆက်ဆံလုပ်ကိုင်နေရသော ပြည်သူများအနေဖြင့် အချိန်ကုန်သက်သာပြီး အလွယ်တကူ ဆောင်ရွက်နိုင်စေရန်အတွက် ဌာနဆိုင်ရာရုံးများကို တစ်နေရာတည်းတွင် စုပေါင်းဖွင့်လှစ်ထားသည့် ပြည်သူ့ဝန်ဆောင်မှုစုပေါင်းရုံး (One Stop Shops )ကို ကော့ကရိတ်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ဩဂုတ် စတုတ္ထပတ်က စတင်ပြီး ဌာန ခုနစ်ခုဖြင့် စတင်ဖွင့်လှစ်လျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## မိုးစပါးထိခိုက်ပျက်စီးသည့် တောင်သူများသို့ မျိုးစပါးနှင့် ဓာတ်မြေဩဇာများပံ့ပိုး

**ဘီးလင်း ဩဂုတ် ၂၇**

ဘီးလင်းမြို့နယ်တွင် ဇူလိုင်လကုန်နှင့် ဩဂုတ်လပထမပတ်အတွင်း ရေကြီးနစ်မြုပ်မှုကြောင့် ဒေသခံတောင်သူများ၏ မိုးစပါးစိုက်ဧက ၂၂၂၀ ထိခိုက်ပျက်စီးခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းပျက်စီးသွားသည့် မိုးစပါးစိုက်လယ်မြေများကို အချိန်မီပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် မွန်ပြည်နယ်အစိုးရအဖွဲ့က မိုးစပါးနှင့် ဓာတ်မြေဩဇာများ ပံ့ပိုးပေးအပ်ပွဲကို ဩဂုတ် ၂၅ ရက်က ဘီးလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးက မျိုးစပါးနှင့် ဓာတ်မြေဩဇာများ ပံ့ပိုးပေးနိုင်မှုအခြေအနေ၊ ထိခိုက်ပျက်စီးသွားသော လယ်မြေများကို အချိန်မီပြန်လည်စိုက်ပျိုးရေးတို့ကို ဆွေးနွေးခဲ့ပြီး ထိခိုက်ပျက်စီးခဲ့ရသည့် တောင်သူ ၇၄၈ ဦးထံ မျိုးစပါး တင်း ၄၅၀ နှင့် ယူရီးယားဓာတ်မြေဩဇာ ၅၅၅ အိတ်တို့ကို ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## မော်လမြိုင်မြို့၏ ပထမဆုံး Miss Universe Mawlamyine 2015ကျင်းပမည်

**မော်လမြိုင် ဩဂုတ် ၂၇**

မော်လမြိုင်မြို့အမျိုးသမီးထုများကြား စံပြုထိုက်သော အမျိုးသမီးများ ပေါ်ထွန်းလာစေရေးရည်ရွယ်ကာ မော်လမြိုင်မြို့၏ ပထမဆုံးအကြိမ်အဖြစ်ကျင်းပမည့် 1st Miss Universe Mawlamyine 2015 ရွေးချယ်ပွဲကြီးကို Mawlamyaing Strand Hotel ၌ ဩဂုတ်လကုန်ပိုင်းတွင် ကျင်းပမည် ဖြစ်ကြောင်း သိရသည်။

Miss Universe Organization အဖွဲ့အစည်းက ကြီးမှူးကျင်းပမည်ဖြစ်သော အဆိုပါပြိုင်ပွဲသို့ မွန်ပြည်နယ်အတွင်း အသက် ၁၈ နှစ်မှ ၂၅ နှစ်အောက်ရှိ သတ်မှတ်စည်းကမ်းချက်များနှင့် ကိုက်ညီမှုရှိသည့် အမျိုးသမီးများ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိမည်ဖြစ်သည်။ အကျင့်စာရိတ္တကောင်းမွန်ရမည်၊ နှစ်လိုဖွယ် ကိုယ်ဟန်အနေအထားနှင့် ဥပဓိရုပ်ပိုင်ဆိုင်ရမည်၊ ရုပ်ရည်ချောမောကာ ကိုယ်ခန္ဓာအချိုးကျလှပရမည်၊ အနိမ့်ဆုံးအရပ် ငါးပေခြောက်လက်မရှိရမည်စသည်ဖြင့် အလှမယ်တစ်ဦး၏ ပြိုင်ပွဲဝင်အရည်အချင်းများကို သတ်မှတ်ထားသည်။

ပြိုင်ပွဲတွင် ပထမဆု ငွေကျပ် ၁၅ သိန်း၊ ဒုတိယဆု ငွေကျပ် ၁၀ သိန်း၊ တတိယဆု ငွေကျပ် ငါးသိန်းနှင့်အခြား Title ဆုများစွာတို့ကို ရွေးချယ်ချီးမြှင့်သွားမည်ဖြစ်သည်။ ပထမဆုရရှိသူ အလှမယ်သည် ရန်ကုန်တွင်ကျင်းပမည့် Miss Universe Myanmar 2015 သို့ မော်လမြိုင်ကိုယ်စားပြု အလှမယ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်ကာ Miss Universe Myanmar 2015 မှ ထပ်မံ ပထမရရှိပါက အမေရိကန်နိုင်ငံတွင် ကျင်းပမည့် Miss Universe 2015 သို့ မြန်မာနိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်ကြောင်း Miss Universe Myanmar Organization မှ City Director ကိုမျိုးမျိုးက ပြောသည်။

သတ်မှတ်စည်းကမ်းများနှင့် ညီညွတ်သည့် ပြိုင်ပွဲဝင်အလှမယ်အဖြစ် ဆန်ခါတင် ရွေးချယ်ပြီးပါက အဆိုပါအလှမယ်များသည် ပရဟိတအလုပ်များ လုပ်ဆောင်ရခြင်း၊ လေ့လာရေးခရီးထွက်ခြင်း၊ ဘုရားဖူးခြင်းတို့ ပြုလုပ်ရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်များသည် စာနာသနားစိတ်ရှိရမည်ဖြစ်ပြီး အများပြည်သူရှေ့၌ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်စွာ စကားပြောဆိုနိုင်ရမည်ဟုလည်း စည်းကမ်းသတ်မှတ်ထားသည်ဟု သိရသည်။

**မြတ်မွန်ထွေး(မြန်မာ့အလင်း)**

# နိုင်ငံခြားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးလာမှုကြောင့် ဒေသထွက်စားသောက်ကုန်အရောင်းဆိုင်များ အဆင်ပြေလျက်ရှိ

**ကျောက်ပန်းတောင်း ဩဂုတ် ၂၇**

မန္တလေးတိုင်းဒေသကြီး ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပြီး နိုင်ငံခြားသားခရီးသည်များ ဝင်ရောက်မှုများလာသဖြင့် ကျောက်ပန်းတောင်း-ပုဂံ-ညောင်ဦးကားလမ်းတစ်လျှောက်တွင် ဖွင့်လှစ်ထားသည့် ဒေသထွက်စားသောက်ကုန်နှင့် တိုင်းရင်းဆေးဝါးပစ္စည်းအရောင်းဆိုင်များ၊ အမှတ်တရပစ္စည်းအရောင်းဆိုင်များမှာ လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျောက်ပန်းတောင်း-ညောင်ဦးကားလမ်းဘေး၌ ဖွင့်လှစ်ထားသော ဆိုင်များသည် မြန်မာမှုရိုးရာဓလေ့များဖြင့် နိုင်ငံခြားသားခရီးသည်များအား ဆွဲဆောင်ကြပြီး ဆိုင်ရှေ့၌ နိုင်ငံခြားခရီးသွားအများစု စိတ်ဝင်စားသည့် မြန်မာမှုရိုးရာလုပ်ငန်းများဖြစ်သော ဆီကြိတ်ခြင်းနှင့် ထန်းတက်ခြင်းများကို သရုပ်ပြထားပြီး ဆိုင်အတွင်း၌ ဒေသထွက်စားသောက်ကုန်နှင့် တိုင်းရင်းဆေးဝါးများကို ရောင်းချကြခြင်းဖြစ်ကြောင်း သိရသည်။

"အခုအချိန်ကတော့ ဧည့်ပါးတဲ့အချိန်ဗျ။ ဧည့်သည်အဝင်များတာက ဆောင်းတွင်းပေါ့။ အဲဒီ ပွင့်လင်းရာသီရက်တွေမှာဆို တစ်နေ့တစ်နေ့ကို ဧည့်ကား ၁၀ စီးကနေ ၁၅ စီးလောက်အထိ ကျတယ်။ အဲဒီရက်တွေဆိုရင် တစ်ရက်ကို ပျမ်းမျှသုံးသိန်းဖိုးလောက် ရောင်းရတယ်။ ခုလိုရက်မှာတော့ တစ်နေ့မှ တစ်သိန်းဖိုးလောက်ပါပဲ။ တစ်ခါတလေလည်း မရောင်းရဘူး။ သူတို့က နွားနဲ့ဆီဆုံကြိတ်တာရယ်၊ မြူအိုးတွေခါးမှာချိတ်ပြီး ယင်းထောင်နဲ့ထန်းပင်တက်တာရယ်ကို တအားစိတ်ဝင်စားကြတာ။ သူတို့ စိတ်ဝင်စားတာကို ကျွန်တော်တို့ကသရုပ်ပြပြီး ဈေးရောင်းစားရတာပေါ့ဗျာ"ဟု ကျောက်ပန်းတောင်း-ညောင်ဦး ကားလမ်းဘေး၌ ဖွင့်လှစ်ထားသည့် ရွှေလှိုင်းတဲတိုက် ဈေးဆိုင်တန်းရှိ ပိုင်ပဲဆီသန့်နှင့် ဒေသထွက်ကုန်အရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဆီဆုံနှင့်နွားဖြင့် မြေပဲဆီကြိတ်ခဲ့ရာတွင် တစ်ဆုံလျှင် မြေပဲဆံ လေးပိဿာထည့်၍ကြိတ်နိုင်ပြီး ကြိတ်ခွဲချိန်မှာ တစ်နာရီခွဲခန့်ကြာမြင့်ကာ တစ်ဆုံလျှင် မြေပဲဆီစစ်စစ် တစ်ပိဿာနှင့် ကျပ် ၇၅ သားရရှိကြောင်းနှင့် ပဲဖတ်နှစ်ပိဿာခန့်ရရှိကြောင်း သိရသည်။ မြေပဲဆံဈေးမှာ ဆီကြိတ်ဆံအသန့် တစ်ပိဿာ ကျပ် ၃၅၀၀ ပေးရပြီး ထွက်ရှိသည့်မြေပဲဆီကို တစ်ပိဿာ ကျပ် ၈၀၀၀ဖြင့် ပြန်လည်ရောင်းချပေးရကြောင်းနှင့် နိုင်ငံခြားခရီးသွားများက ဝယ်ယူမှုရှိသလို ပြည်တွင်းမှလည်း လက်ဆောင်ပေးရန်နှင့် ဆီသန့်စားသုံးလိုသူများက တကူးတက လာရောက်ဝယ်ယူလေ့ရှိကြကြောင်း သိရသည်။

မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံခြားခရီးသွားဧည့်သည်များ ဝင်ရောက်မှုမှာလည်း တစ်နှစ်ထက်တစ်နှစ် တိုးတက်များပြားလာလျက်ရှိရာ ယခုနောက်ပိုင်းနှစ်များတွင် မိုးရာသီတွင်ပါ ဧည့်သည်မပြတ်ဘဲ နေ့စဉ်ဝင်ရောက်မှုရှိနေကြောင်း သိရသည်။ "အရင်နှစ်တွေက ပွင့်လင်းရာသီမဟုတ်ရင် ဧည့်သည်လုံးဝမရှိသလောက်ဘဲ။ အခုဒီဘက်နှစ်တွေမှာတော့ မိုးတွင်းလည်း ဧည့်သည်က သိပ်ပြတ်တယ်မရှိဘူး။ တစ်နေ့ကို ကားနှစ်စီးသုံးစီးတော့ ပုံမှန်လောက်လာနေတာပဲ။ ဈေးလည်း မှန်မှန်တော့ရောင်းနေရတာပေါ့"ဟု ပိုင်ပဲဆီသန့်နှင့် ဒေသထွက်ကုန်အရောင်းဆိုင်မှ တာဝန်ရှိသူက ပြောသည်။



အဆိုပါ လမ်းဘေးဆိုင်လေးများသည် နိုင်ငံခြားခရီးသွားများ စိတ်ဝင်စားမှုရှိသည့် ဆီဆုံလုပ်ငန်းနှင့် ထန်းတက်လုပ်ငန်းများကို ဆွဲဆောင်မှုတစ်ခုအဖြစ် လုပ်ဆောင်ပြသကြပြီး ဆိုင်အတွင်း၌ မြန်မာ့ဓလေ့စားစရာ လက်ဖက်သုပ်၊ ရေနွေးကြမ်း၊ ထန်းလျက်တို့ဖြင့် ဧည့်ခံကာ ဒေသထွက်စားသောက်ဖွယ်ရာများဖြစ်သည့် ထန်းလျက်၊ ဇီးထန်းလျက်၊ အုန်းထန်းလျက်၊ မြေပဲယို၊ နှမ်းယိုစသည့် စားသောက်ဖွယ်ရာများနှင့် မြန်မာ့တိုင်းရင်းဆေးဝါးများဖြစ်သည့် တောရှောက်မြစ်နှင့် အရက်ဦးရည်လိမ်းဆေး၊ သဘာဝဆေးမြစ်များ စသည်တို့ကို ရောင်းချကြခြင်းဖြင့် မိသားစုဝင်ငွေ ရရှိနေကြပြီး နိုင်ငံခြားခရီးသွားလုပ်ငန်းကိုလည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလျက်ရှိကြောင်း သိရသည်။

**နေအောင်(iprd)**

# မြင်းမူမြို့နယ်တွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြော

**မြင်းမူ ဩဂုတ် ၂၇**

စားသုံးသူပြည်သူများ ကျန်းမာရေးနှင့်အညီ စားသောက်နေထိုင်နိုင်ရန်အတွက် ကုန်သွယ်မြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ဝန်ထမ်းများက ကွင်းဆင်းအသိပညာပေး ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၅ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။



ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်က အမှာစကားပြောကြားပြီး စစ်ကိုင်းခရိုင် ကုန်သွယ်မြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးအောင်က စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကျင်းပခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ ဒေါ်ခိုင်မို့မို့က ဟင်းချိုမှုန့်နှင့် စားသုံးဆီများတွင် ဓာတုပစ္စည်းများ ရောနှောရောင်းချနေမှုနှင့် နောက်ဆက်တွဲဆိုးကျိုးများအကြောင်းကိုလည်းကောင်း၊ ဒေါ်ကေသီအောင်က ကလေးငယ်များအနေဖြင့် ပတ်ဝန်းကျင်တွင်ရောင်းချနေသော ဓာတုပစ္စည်းများပါဝင်သည့် မုန့်မျိုးစုံကို စားမိသောကြောင့် ကလေးများတွင် ဦးနှောက်အာရုံကြောဆိုင်ရာများ၊ ကင်ဆာရောဂါများ၊ မှတ်ဉာဏ်ချို့ယွင်းမှုရောဂါများ ဖြစ်ပွားရခြင်းအကြောင်းကိုလည်းကောင်း၊ မြင်းမူမြို့နယ်တာဝန်ခံ ဒေါ်သင်းယုနွယ်က ဆေးလိပ်၊ အရက်၊ ဘီယာနှင့် ကွမ်းများစားသုံးမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကျန်းမာရေးပြဿနာများအကြောင်းကို လည်းကောင်း အသိပညာပေးဟောပြောခဲ့သည်။

အလားတူ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကို မြင်းမူမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ နေ့လယ်ပိုင်းတွင် ဆက်လက်ကျင်းပပြုလုပ်ပြီး စစ်ကိုင်းခရိုင် ကုန်သွယ်မြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ဝန်ထမ်းများက အသိပညာပေးဟောပြောခဲ့ကြသည်။

အသိပညာပေးဟောပြောပွဲများသို့ မြင်းမူမြို့ အမှတ်(၁)နှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ကျောင်းဈေးသည်များ တက်ရောက်ခဲ့ကြသည်။

**အောင်စိုးဇေ(iprd)**

## သတင်းတိုများ

### ရထားပေါ်တွင် ဆွဲကြိုးလုပြေးသူအား ညတွင်းချင်းဖမ်းမိ

မြစ်ကြီးနား-မန္တလေး အမှတ်(၅၈)အစုန် မန္တလာရထားတွင် လိုက်ပါလာသော ခရီးသည်တစ်ဦးထံမှ ဆွဲကြိုးလုပြေးမှု ဩဂုတ် ၂၅ ရက်က ဖြစ်ပွားခဲ့ပြီး ပြစ်မှုကျူးလွန်သူအား ရထားရဲတပ်ဖွဲ့ဝင်များက ညတွင်းချင်းဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။ ဒေါ်ပြားတင်သည် မြစ်ကြီးနားမှ မန္တလေးသို့ အမှတ်(၅၈)ရထား အထက်တန်းတွဲ(၂)ထိုင်ခုံနံပါတ် B1 မှ စီးနင်းလိုက်ပါလာရာ ဩဂုတ် ၂၅ ရက် နံနက် ၄ နာရီခန့်တွင် ဆည်ရွာဘူတာမှ ရထားဖြတ်သန်းစဉ် ဒေါ်ပြားတင်လိုက်ပါလာသော ရထားပြတင်းပေါက်ဘက်မှ အမည်မသိလူတစ်ဦးက ဒေါ်ပြားတင်ဆွဲထားသော အလေးချိန်နှစ်ကျပ်သားခန့်ရှိ ရွှေဆွဲကြိုးကို ဆွဲဖြတ်ခဲ့ပြီး ရထားပေါ်မှ ခုန်ချထွက်ပြေးသွားသဖြင့် ရွှေဘိုမီးရထားရဲတပ်ဖွဲ့ဝင်များဖြစ်သော ရဲတပ်သား စန်းမြင့်နှင့်အဖွဲ့က အင်းတော်နယ်မြေရဲစခန်းမှ တာဝန်ရှိသူများနှင့်အတူ လိုက်လံဖမ်းဆီးပေးခဲ့ရာ ဆွဲကြိုးဖြတ်ပြေးသူကို အင်းတော်ဘူတာတွင် ဖမ်းဆီးရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူမှာ မိုးကောင်းမြို့နယ် နတ်ကြီးကုန်းရပ်ကွက်နေ ထွန်းထွန်းလှိုင်(၂၅ နှစ်)ဖြစ်ကြောင်း သိရသည်။ ပြစ်မှုကျူးလွန်သူအား အင်းတော်ရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုနိုင်(အင်းတော်)**

### စပါးခင်းနှင့် သဘာဝရေပြင်အတွင်း ငါးမျိုးများစိုက်ထည့်

သံဖြူဇရပ်မြို့နယ် တောင်ဖလုကျေးရွာ၌ သံဖြူဇရပ်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှကြီးမှူး၍ ဩဂုတ် ၂၅ ရက်က စပါးခင်းနှင့် သဘာဝရေပြင်အတွင်း ငါးမျိုးများစိုက်ထည့်ခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဇော်လင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မြင့်သိန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးမျိုးလွင်နှင့် ဝန်ထမ်းများ၊ ကျေးရွာပြည်သူများက စုပေါင်း၍ ငါးမြစ်ချင်းကောင်ရေ ၁၅၀၀၀ ကို သဘာဝရေပြင်အတွင်းသို့လည်းကောင်း၊ ငါးခုံးမကြီး၊ ရွှေဝါငါးကြင်းနှင့် တီလားဗီးလားငါးသားပေါက် ကောင်ရေ ၄၀၀၀၀ ကို စပါးခင်းအတွင်းသို့လည်းကောင်း မျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

**ကျော်ဝင်း(iprd)**

# မုံးထ၌ မိုးသည်းထန်စွာရွာသွန်း၍ တံတားနှစ်စင်း ပျက်စီး

**မုံးထ ဩဂုတ် ၂၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် မုံးထမြို့၌ ဩဂုတ် ၂၂ ရက် ညနေ ၅ နာရီခန့်မှစ၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တံတားနှစ်စင်း ပျက်စီးခဲ့ပြီး လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှုမရှိစေရန် ယာယီလမ်းများ ဖောက်လုပ်လျက်ရှိကြောင်း သိရသည်။

မုံးထော်-မုံးထ-တာဆွတ်ဖ-မိုင်းပန်ကားလမ်းပေါ် မိုင်တိုင်အမှတ်(၂/၆) ရှိ အရှည် ၁၀ ပေ၊ အကျယ် ၁၈ ပေ ကွန်ကရစ်တံတားနှင့် မိုင်တိုင်အမှတ်(၄/၂) ရှိ အရှည်ပေ ၃၀၊ အကျယ် ၁၈ ပေ ဘေလီတံတား နှစ်စင်းမှာ ကမ်းကပ်ခုံများ ပြိုကျပျက်စီးခဲ့ခြင်းဖြစ်ကာ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်လျက်ရှိကြောင်း သိရသည်။

တံတားပျက်စီးမှုဖြစ်ပွားရာသို့ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနိုးဝေ၊ မုံးထဒေသရှိ ဗိုလ်မှူး ဟိန်းစည်သူမောင်၊ လမ်းဦးစီးဌာနမှ အငယ်တန်းအင်ဂျင်နီယာ(၁) ဦးချစ်ဆွေနှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုပြီး လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှုမရှိစေရေးအတွက် ရှောင်ကွင်းလမ်းဖောက်လုပ်ထားရှိမှုနှင့် တံတားများကို အမြန်ဆုံး ပြန်လည်ပြုပြင်တည်ဆောက်နိုင်ရေးအတွက် ဩဂုတ် ၂၅ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါလမ်းသည် ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)ကို ဆက်သွယ်ထားသည့် လမ်းတစ်ခုဖြစ်ပြီး တပ်မတော်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးက ဖောက်လုပ်ထိန်းသိမ်းထားသည့်လမ်းဖြစ်ကြောင်း သိရသည်။ **သန်းဇော်(iprd)**



# ဘိုင်ယန်မြူးနစ်တို့ အမှတ်ပြည့်ရဖို့မလွယ်တဲ့ ဘွန်ဒက်လီဂါပွဲစဉ်(၃)

*ဂျာမနီမြေမှာ လွန်ဒက်လီဂါပွဲစဉ်တွေကို ဆက်တိုက်ဆင်နွှဲနေပြီဖြစ်တာမို့ ဩဂုတ် ၂၈ ရက်နဲ့ ၃၀ ရက်တွေမှာ ပွဲစဉ်(၃)ကို ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာတော့ ဘိုင်ယန်မြူးနစ်တို့ဟာ လေဗာကူဆင်နဲ့တွေ့ရမှာဖြစ်သလို ရှော်ကေးတို့ကလည်း အဝေးကွင်းမှာ ဝုဖ်ဘတ်နဲ့ကစားရမှာမို့ အကြိတ်အနယ်ရှိမယ့်ပွဲဖြစ်နေပါတယ်။ ကိုလုံးတို့ကတော့ အိမ်ကွင်းမှာ ဟမ်းဘတ်ကိုဧည့်ခံရမှာမို့ ကြည့်ကောင်းဦးမယ့်ပွဲတွေပဲ ဖြစ်ပါတယ်။*



**ဘိုင်ယန်မြူးနစ်နှင့် လေဗာကူဆင်**

ပြီးခဲ့တဲ့ မေလက နောက်ဆုံးတွေ့ဆုံခဲ့တဲ့ ဒီနှစ်သင်းရဲ့ ရလဒ်ကတော့ ဘိုင်ယန်မြူးနစ်တို့ နှစ်ဂိုးပြတ်နဲ့ရှုံးထားပါတယ်။ ဒါပေမယ့် ဘိုင်ယန်မြူးနစ်ဟာ လောလောဆယ်မှာ နိုင်ပွဲတွေရရှိအောင် အားထုတ်နိုင်နေပြီး တိုက်စစ်မှူးတွေကလည်း ပြတ်သားတဲ့ရလဒ်တွေကို အကောင်းဆုံးပုံဖော်ပေးနေပါတယ်။ ဘိုင်ယန်မြူးနစ်ဟာ လေဗာကူဆင်နဲ့ နောက်ဆုံးငါးပွဲတွေ့ဆုံခဲ့တဲ့ ရလဒ်ကိုကြည့်ရင် ဘိုင်ယန်မြူးနစ်တို့က နှစ်ပွဲသာနိုင်ပြီး လေဗာကူဆင်တို့က တစ်ပွဲနိုင်၊ နှစ်ပွဲသရေကစားထားနိုင်ပါတယ်။ လေဗာကူဆင်တို့က ချန်ပီယံလိဂ်ပွဲကစားထားလို့ ကစားသမားတွေ ပွဲပမ်းနေပေမယ့် အားထည့်ကစားမှာဖြစ်တာကြောင့် ဘိုင်ယန်မြူးနစ်တို့ အမှတ်ပြည့်ရဖို့ ရုန်းကန်ရပါလိမ့်မယ်။

**ကိုလုံးနှင့် ဟမ်းဘတ်**

ရာသီအဖွင့်ပွဲစဉ်မှာ ခြေစွမ်းပြခဲ့ပြီး နိုင်ပွဲတွေဆက်တိုက်ရယူနေတဲ့ ကိုလုံးတို့က အခုပွဲ ဟမ်းဘတ်နဲ့ တွေ့ဆုံရာမှာလည်း နိုင်ပွဲဆက်တိုက်ရယူဦးမှာဖြစ်ပါတယ်။ မက်ပန်၊ စတုဂတ်နဲ့ ဝုဖ်ဘတ်အသင်းတွေကို နိုင်ပွဲရအောင် ကြိုးစားထားတဲ့ ကိုလုံးဟာ ဒီနှစ်မှာတော့ အကောင်းဆုံးစွမ်းရည်ကို ပြသနိုင်နေပါတယ်။ လက်ရှိခြေစွမ်းပိုင်းအရ ကိုလုံးတို့က အားသာချက်ရှိနေပြီး ပွဲတိုင်းအနိုင်ရရေး စိတ်ဓာတ်ပြင်းပြင်းနဲ့ ကစားနေတာမို့ အခုပွဲမှာ ဟမ်းဘတ်တို့ အမှတ်ရဖို့ မလွယ်ပါဘူး။

**စတုဂတ်နှင့် ဖရန့်ဖတ်**

ဒီနှစ်သင်းရဲ့ နောက်ဆုံးငါးပွဲတွေ့ဆုံမှု ရလဒ်ကိုကြည့်ရင် စတုဂတ်တို့က သုံးပွဲနိုင်ပြီး ဖရန့်ဖတ်တို့က တစ်ပွဲနိုင်၊ တစ်ပွဲသရေကစားထားပါတယ်။ စတုဂတ်တို့ရဲ့ လက်ရှိခြေစွမ်းက လူသစ်တွေကြောင့် အထိုင်မကျသေးဘဲ ရလဒ်ကောင်းတွေမရသေးပါဘူး။ ဒါပေမယ့် အဝေးကွင်းမှာ ခြေစွမ်းကျဆင်းလေ့ရှိတဲ့ ဖရန့်ဖတ်တို့ အခုပွဲမှာ အိမ်ရှင် စတုဂတ်တို့က တစ်မှတ်ပေးရင်တောင် ပျော်ရမယ့် အနေအထားဖြစ်နေပါတယ်။

**မိန့်ဇ်နှင့် ဟန်နိုဗာ**

ခံစစ်ပိုင်းကောင်းမွန်တဲ့ မိန့်ဇ်နဲ့ တိုက်စစ်မှူးတွေက အခက်အခဲကြားမှ ဂိုးရအောင် သွင်းပေးနိုင်တဲ့ ဟန်နိုဗာတို့ ဆုံတွေ့တဲ့ပွဲဖြစ်တာမို့ အပြန်အလှန်ဖိအားပေးပြီး ထိုးဖောက်ကြဦးမယ့်ပွဲပါပဲ။ မိန့်ဇ်ဟာ အိမ်ကွင်းမှာဆိုရင် နိုင်ပွဲရအောင် စိတ်ဓာတ်ပြင်းပြင်းနဲ့ ကစားလေ့ရှိတာမို့ ဟန်နိုဗာတို့ ပွဲမချောင်ပါဘူး။ ဒီနှစ်သင်းရဲ့ နောက်ဆုံးငါးပွဲတွေ့ဆုံမှု မှတ်တမ်းကိုကြည့်ရင် မိန့်ဇ်တို့ တစ်ပွဲသာရှုံးထားတာမို့ အခုပွဲမှာလည်း အိမ်ရှင်တို့အားသာချက်ရှိနေတာတော့ အမှန်ပါပဲ။

**ဝုဖ်ဘတ်နှင့် ရှော်ကေး**

ဘွန်ဒက်လီဂါမှာ ဒီနှစ်သင်းစုစုပေါင်း ၃၆ ပွဲ တွေ့ဆုံခဲ့ရာမှာ ရှော်ကေးတို့က ၁၂ ပွဲနိုင်ပြီး ဝုဖ်ဘတ်တို့က ၁၀ ပွဲနိုင်ထားပါတယ်။ အခုပွဲမှာ ရှော်ကေးတို့က အဝေးကွင်းဖြစ်ပေမယ့် အမှတ်ပြည့်ရအောင် အားထုတ်လာပါလိမ့်မယ်။ ဝုဖ်ဘတ်တို့နဲ့ဆုံတိုင်း ရှော်ကေးတို့ နိုင်ပွဲရတာများပြီး ဂိုးမပြတ်ပေမယ့် အသာစီးက ကစားနိုင်ခဲ့တာချည်းပါပဲ။ ဒါပေမယ့် ဝုဖ်ဘတ်တို့က အိမ်ကွင်းမှာဆိုရင် ရှော်ကေးကို ဂိုးပြတ်သွင်းအောင်ပွဲခံခဲ့တာတွေလည်းရှိတာမို့ ရှော်ကေးတို့ သတိပြုကစားမှုရပါလိမ့်မယ်။ အခုတစ်လော နိုင်ပွဲတွေ ဆက်တိုက်ရနေတဲ့ ရှော်ကေးတို့ပဲ အမှတ်ရယူသွားနိုင်ပေမယ့် သရေရလဒ်လည်း ထွက်ပေါ်နိုင်တဲ့ပွဲဖြစ်ပါတယ်။

**အော့စ်ဘတ်နှင့် အင်ဂိုစတက်**

တန်းတက်မျက်နှာသစ် အင်ဂိုစတက်တို့ အဝေးကွင်းမှာ မိန့်ဇ်အသင်းကို အနိုင်ကစားခဲ့တာမို့ လျှော့တွက်လို့မရတဲ့ပွဲပါပဲ။ ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံခဲ့မှု ငါးပွဲမှတ်တမ်းကိုကြည့်ရင် တစ်ပြန်စီ အနိုင်ယူထားကြတာမို့ အခုပွဲမှာ အိမ်ရှင်အော့စ်ဘတ်ရဲ့ ခြေစွမ်းကို စမ်းသပ်မယ့်ပွဲဖြစ်ပါတယ်။ အဖွင့်ပွဲစဉ်မှာ ရှုံးပွဲကြုံထားတဲ့ အော့စ်ဘတ်ရဲ့ ခြေစွမ်းကလည်း အားရစရာမရှိတာမို့ အခုပွဲဟာ ရလဒ်က အမှတ်ခွဲယူရကိန်းဆိုက်သွားနိုင်ပါတယ်။


**မိုးမြင့်လင်းလက်**

# ကက်ပီတယ်ဝမ်း တတိယအကျော့ စပါးနှင့် အာဆင်နယ်တွေ့ပြီ

ကက်ပီတယ်ဝမ်းဖလားတတိယအကျော့ပြိုင်ပွဲ ပွဲစဉ်တွေတော့ ထွက်ပေါ်လာပြီဖြစ်ပါတယ်။ အာဆင်နယ်က စပါးအိမ်ကွင်း ဝှိုက်ဟတ်လိမ်းမှာ ကစားရမှာဖြစ်ပါတယ်။ ချန်ပီယံ ချယ်လ်ဆီးကတော့ ပထမတန်းကလပ် ဝေါဆဲလ်နှင့်ကစားရမှာဖြစ်ပါတယ်။ မန်ယူကတော့ အိုးထရက်ဖို့ဒ်မှာ အစ်ဆွစ်တောင်းကိုကြိုဆိုလက်ခံကစားမှာဖြစ်ပါတယ်။ တတိယအကျော့ပွဲစဉ်တွေကို စက်တင်ဘာ ၂၁ ရက်မှာ ကစားဖွယ်ရှိပါတယ်။ မြောက်လန်ဒန်ကလပ်နှစ်ခုဖြစ်တဲ့ စပါးနဲ့ အာဆင်နယ်တို့ရဲ့ ဆုံတွေ့မှုဟာ ၁၀ နှစ်အတွင်းမှာ တတိယအကြိမ်ဆုံတွေ့မှုဖြစ်ပါတယ်။ အာဆင်နယ်နဲ့ စပါးတို့ဟာ တတိယအကျော့ပြိုင်ပွဲမှာ အကြိတ်အနယ်ရှိမယ့် အနေအထားရှိပါတယ်။ အာဆင်နယ်အသင်းဟာ ၂၀၀၇ ခုနှစ်က ကက်ပီတယ်ဝမ်းဖလားပြိုင်ပွဲဆီမီးမှာ စပါးကို နှစ်ကျော့ပေါင်းနဲ့ အနိုင်ရခဲ့ဖူးပါတယ်။ သို့ပေမယ့် နောက်တစ်နှစ်မှာ စပါးက အာဆင်နယ်ကို ဆီမီးအဆင့်မှာပဲ နှစ်ကျော့ပေါင်း ခြောက်ဂိုး-နှစ်ဂိုးနဲ့ အနိုင်ရခဲ့ပါတယ်။ ၂၀၁၀-၂၀၁၁ မှာတော့ အာဆင်နယ်က တတိယအကျော့မှာပဲ လေးဂိုး-တစ်ဂိုးနဲ့ အနိုင်ရခဲ့ပါတယ်။



## ဝက်စ်ဘရွန်းတိုက်စစ်မှူးကို စပါးခေါ်ယူမည်



ဝက်စ်ဘရွန်းရဲ့ အဓိကတိုက်စစ်မှူးဖြစ်တဲ့ ဆိုင်ဒိုဘီရာဟီနိုကို စပါးက တတိယအကြိမ်ကမ်းလှမ်းဖွယ်ရှိပါတယ်။ သို့ပေမယ့် စပါးက ပေါင် ၂၀ သန်းနဲ့ ကမ်းလှမ်းမှုကိုတော့ ဝက်စ်ဘရွန်းက ပယ်ချခဲ့ပါတယ်။ ဝက်စ်ဘရွန်းက တိုက်စစ်မှူး ဆိုင်ဒိုဘီရာဟီနိုကို လိုချင်ရင် ပေါင် ၂၅ သန်းပေးမှ ရောင်းမယ်လို့ ဆိုပါတယ်။ ယခုသီတင်းပတ်အတွင်း စပါးက ပေါင် ၂၀ သန်းနဲ့ ကမ်းလှမ်းမှုကိုတော့ ဝက်စ်ဘရွန်းက ပယ်ချခဲ့ပါတယ်။ စပါးနည်းပြ ပိုချက်တီနိုအနေဖြင့် ဟယ်ရီကိန်းကို ကူညီနိုင်ဖို့ တိုက်စစ်မှူးတစ်ဦး အမြန်ဆုံးခေါ်ယူဖို့ ဆုံးဖြတ်ချက်ချရတော့မှာ ဖြစ်ပါတယ်။ စပါးက ပထမဆုံးအနေနဲ့ ပေါင် ၁၈ သန်းနဲ့ ကမ်းလှမ်းခဲ့တာပါ။ သို့ပေမယ့် မကြာသေးမီက ပေါင် ၂၀ သန်းအထိ တိုးပြီး ကမ်းလှမ်းခဲ့ပါတယ်။ အခုတစ်ဖန် ပေါင် ၂၅ သန်းအထိ လိုချင်တယ်လို့ ဝက်စ်ဘရွန်းက ဆိုပါတယ်။ စပါးမှာလည်း အဓိကတိုက်စစ်မှူးဖြစ်တဲ့ ဟယ်ရီကိန်းကို ဂိုးပေါက်ဖန်တီးပေးနိုင်အောင် တိုက်စစ်မှူးတစ်ဦး အမြန်ဆုံးလိုအပ်နေတာဖြစ်ပါတယ်။

**ကောင်းမြတ်သူ ➢ ➢ စုစည်းသည်။**

# ဖယ်လိုင်နီကို တိုက်စစ်မှူးထားမယ့် ဗန်ဟားလ်

မန်ယူနည်းပြ ဗန်ဟားလ်က ဒီနှစ်ရာသီမှာ ကွင်းလယ်ကစားသမားတွေ ခေါ်ယူခဲ့တာကြောင့် ကွင်းလယ်ကစားကွက် တောင့်တင်းနေပြီး တိုက်စစ်မှူးလိုအပ်ချက်ရှိနေပါတယ်။ ဒီအတွက် ဖယ်လိုင်နီကို ကျောနံပါတ် ၉ သို့မဟုတ် နံပါတ် ၁၀ ဂျာစီအင်္ကျီကို ဝတ်ဆင်ပေးပြီး တိုက်စစ်မှူးနေရာထားမယ်လို့ ဆိုပါတယ်။ မန်ယူတိုက်စစ်အတွက် ဂိုးတွေသွင်းယူပေးနိုင်အောင် ကြိုးစားသွားမယ်လို့လည်း ဖယ်လိုင်နီက ဆိုပါတယ်။ မန်ယူအသင်းအနေနဲ့ ပရီမီယာလိဂ်မှာ ရှုံးပွဲမရှိဆက်ထိန်းထားနိုင်ပါသေးတယ်။ သို့ပေမယ့် ဂိုးသွင်းမှုပုံစံကတော့ အနေအထားမကျသေးဘဲဖြစ်နေပါတယ်။ မန်ယူဟာ သုံးပွဲမှာ နှစ်ဂိုးသာ သွင်းယူနိုင်ပါသေးတယ်။ ဒီအထဲမှာ တစ်ဂိုးကလည်း ကိုယ့်ဂိုးကိုယ်မတော်တဆပြန်သွင်းတဲ့ ဂိုးဖြစ်နေပါတယ်။ အဓိကတိုက်စစ်မှူးဖြစ်တဲ့ ရွန်းနေကလည်း ဂိုးမသွင်းနိုင်တာ ၁၀ ပွဲရှိသွားပြီဖြစ်ပါတယ်။ ဒီအတွက် ဖယ်လိုင်နီကို တိုက်စစ်မှူးအဖြစ်ထားဖို့ စီစဉ်လျက်ရှိပါတယ်။



# ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်များအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော



**ပျဉ်းမနား ဩဂုတ် ၂၇**

နေပြည်တော်အခြေစိုက် ပြေးဆွဲလျက်ရှိသော ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီ(တော်ဝင်) ယာဉ်အသင်းမှ ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်များ ယာဉ်တိုက်မှုအန္တရာယ် လျော့နည်းစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပိုမိုနားလည်သဘောပေါက်စေရန် အသိပညာပေးဟောပြောပို့ချခြင်းကို ဩဂုတ် ၂၅ ရက်က ပျဉ်းမနားမြို့ ဘောဂသီရိ အဝေးပြေးကားဝင်းရှိ တော်ဝင်ပို့ဆောင်ရေးအုပ်ချုပ်ရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။ **(ဓာတ်ပုံ)**

အခမ်းအနားတွင် ဗန္ဓုလသယ်ယူပို့ဆောင်ရေး ကုမ္ပဏီလီမိတက်မှ ဒါရိုက်တာ ဦးကိုကိုကြီးက အမှာစကားပြောကြားပြီး ယာဉ်ထိန်းရဲတပ်ဖွဲ့ အမှတ်(၅)ယာဉ်ထိန်းရဲတပ်ဖွဲ့စု (ဇေယျာသီရိ)မှ တပ်ဖွဲ့စုမှူး ဒုတိယရဲမှူးမြင့်မိုးက ယာဉ်တိုက်မှုလျော့နည်းစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း နားလည်သဘောပေါက်စေရန် လမ်းညွှန်အမှတ်အသား စည်းမျဉ်း စည်းကမ်းများ၊ ဆေးရေးလမ်းညွှန်အမှတ်အသားများ၊ ယာဉ်တိုက်မှုဖြစ်စဉ်ကြောင့် ဒဏ်ရာရရှိမှု၊ သေဆုံးမှုများကို ပါဝါပွိုင့်ဖြင့် ပြသဟောပြောခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# တပ်ကုန်းဈေး၌ ဆားတွင်အိုင်အိုဒင်းဓာတ်ပါဝင်မှုနှုန်း စစ်ဆေး

**တပ်ကုန်း ဩဂုတ် ၂၇**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ စည်ပင်သာယာဈေးအတွင်းရှိ လက်လီလက်ကားဆားများ ရောင်းချနေသော ဆိုင်များ၌ အိုင်အိုဒင်းပါဝင်မှု အရည်အသွေး စစ်ဆေးခြင်းနှင့် ပညာပေးဆွေးနွေးမှုကို ဩဂုတ်လနောက်ဆုံးပတ်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ အိမ်သုံးဆားအိုင်အိုဒင်းဓာတ်ပါဝင်မှုနှုန်း စစ်ဆေးပညာပေးဆောင်ရွက်ရာတွင် မြို့နယ်မိခင်နှင့်ကလေး ကျန်းမာရေးဌာန ဆရာမများနှင့် ဈေးတာဝန်ခံရုံးမှ ဝန်ထမ်းများပူးပေါင်း၍ ဈေးအတွင်း ဆားရောင်းချသော ဆိုင်ခန်းပေါင်း ၃၆ ဆိုင်ကို အိုင်အိုဒင်းဓာတ်ပါဝင်မှုတို့ကို စစ်ဆေးခဲ့သည်။

ထို့နောက် လက်လီလက်ကားဆားများရောင်းချနေသောဆိုင်များအား ပညာပေးဆွေးနွေးမှုကို မိခင်နှင့်ကလေးကျန်းမာရေးဌာန ကျန်းမာရေးဆရာမဒေါ်သင်းသင်းလှိုင်က အိုင်အိုဒင်းဆားသုံးစွဲခြင်းဖြင့် ကျန်းမာကြံ့ခိုင် ဉာဏ်ရည်မီ ကလေးကြီးထွားခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များ သားပျက်ခြင်းမှ ကာကွယ်ပေးခြင်း၊ လည်ပင်းကြီးရောဂါဖြစ်ပွားမှု ကာကွယ်ပေးနိုင်သည့်အတွက် အိုင်အိုဒင်းပြည့်ဝသောဆားများကိုသာ ရောင်းချပေးရေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်(ပြန်/ဆက်)**

# ရေမြောင်းအတွင်း ငါးပိုက်ချထွက်သူ ရေနစ်သေဆုံး

**လပွတ္တာ ဩဂုတ် ၂၆**

လပွတ္တာမြို့နယ် သစ်ပုတ်ကုန်းကျေးရွာအုပ်စု အောင်လှိုင်ကုန်းကျေးရွာအနီး တာလမ်းဘေးရေမြောင်းထဲ၌ ဩဂုတ် ၂၄ ရက် ညနေ ၃ နာရီက လူတစ်ဦး ရေနစ်သေဆုံးနေကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပိုးလောင်းရဲကင်းစခန်းမှ ဒုတိယရဲအုပ် သန်းထိုက်စိုးနှင့်အဖွဲ့သည် ရပ်မိရပ်ဖများနှင့်အတူ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ သစ်ပုတ်ကုန်းကျေးရွာအုပ်စု အောင်လှိုင်ကုန်းကျေးရွာနေ ပြည်ဆန်း (၅၆နှစ်) ဖြစ်ကြောင်း၊ ၎င်းသည် ဩဂုတ် ၂၁ ရက် ညနေ ၆ နာရီက နေအိမ်မှ လယ်ကွင်းထဲသို့ ငါးဖမ်းပိုက်ချရန် ထွက်ခွာသွားခဲ့ရာမှ နေအိမ်သို့ပြန်ရောက်လာခြင်းမရှိဘဲ ဩဂုတ် ၂၄ ရက် ညနေ ၃ နာရီ ခွဲခန့်တွင် အောင်လှိုင်ကုန်းကျေးရွာအနီး တာလမ်းဘေးမြောင်းအတွင်း၌ ရေနစ်သေဆုံးနေကြောင်း စစ်ဆေးသိရှိရသည်။ ထို့ကြောင့် ဓမ္မတာအတိုင်းသေဆုံးခြင်းဟုတ်၊ မဟုတ်သိရှိရန် ဒုရဲအုပ်သန်းထိုက်စိုး၏ တိုင်တန်းချက်အရ ပြင်စလူနယ်မြေရဲစခန်းက အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ပုသိမ်လှကြည်**

# ကျွန်းသစ်များဖြင့် တရားမဝင်ဖောင်ဖွဲ့နေစဉ် ဖမ်းဆီးရမိ

**ဗန်းမောက် ဩဂုတ် ၂၇**

ကသာခရိုင် ဗန်းမောက်မြို့နယ် ကျွဲကောကြီးကျေးရွာအနီး ဆိုင်ဘင်ကွေ့ မဲချောင်းအတွင်းမှ ကျွန်းသစ် ၁၆ လုံး (၅ ဒသမ ၀၆၀)တန် ကာလတန်ဖိုးငွေကျပ် ၁၅၁၈၀၀၀ ကို တရားမဝင်ဖောင်ဖွဲ့နေသူ နှစ်ဦးနှင့်အတူ ဩဂုတ် ၂၆ ရက်က ဖမ်းဆီးမိခဲ့ကြောင်း သိရသည်။

အဆိုပါ ကျွန်းသစ် ၁၆ လုံးကို ဗန်းမောက်မြို့နယ် သစ်တောဦးစီးဌာနမှ အဖွဲ့ဝင်များ၊ ဗန်းမောက်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက မဲဇာချောင်းအတွင်း ဖောင်ဖွဲ့နေစဉ် ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

ကျွန်းသစ် ၁၆ လုံးကို တရားမဝင်ဖောင်ဖွဲ့နေသည့် မြင့်ဦး(၄၄ နှစ်) အင်းတော်မြို့နယ်နေသူနှင့် ဌေးဝင်း(၄၅ နှစ်) အင်းတော်မြို့နယ်နေသူတို့နှစ်ဦးအား ဗန်းမောက်မြို့မရဲစခန်းက စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

# ခြင်ထောင်နှင့် ခြင်ထောင်စိမ်ဆေးရည်များထောက်ပံ့လှူဒါန်း

**ရန်ကုန် ဩဂုတ် ၂၇**

ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က ခြင်ထောင်နှင့် ခြင်ထောင်စိမ်ဆေးရည်များ ထောက်ပံ့ပေးအပ်ပွဲနှင့် အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၆ ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် သာသနာ့ဗိမာန်၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ခင်သက်ဌေးက အမှာစကားပြောကြားပြီး ရန်ကုန်တောင်ပိုင်းခရိုင်အတွင်း မြို့နယ်များအတွက် ခြင်ထောင်အလုံး ၁၁၀၀ နှင့် စိမ်ဆေးရည်အထုပ် ၁၁၀၀ ကို ရန်ကုန်တောင်ပိုင်းခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကေသီခိုင်အား ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမာလာစိုးက ကျန်းမာရေးအသိပညာပေးဟောပြောပြီး ခြင်ထောင်ဆေးစိမ်ခြင်း လက်တွေ့ပြသကြသည်။ **(ယာပုံ)**

ရန်ကုန်တိုင်းဒေသကြီးမိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့သည် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်လေးခရိုင်သို့ ဆေးစိမ်ခြင်ထောင်နှင့် ဆေးရည်များကို နှစ်စဉ်ပေးအပ်လှူဒါန်းလျက်ရှိရာ ယခုနှစ်တွင် ခရိုင်များသို့ စုစုပေါင်းခြင်ထောင် အလုံး ၄၀၀၀ နှင့် ခြင်ထောင်စိမ်ဆေးရည်အထုပ် ၄၀၀၀ တို့ကို ပေးအပ်လှူဒါန်းသွားမည် ဖြစ်ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**



# ထားဝယ်အထူးစီးပွားရေးဇုန် ကနဦးလုပ်ငန်းများအကောင်အထည်ဖော်စဉ်မှာပင် အလုပ်အကိုင်သုံးသိန်းခန့် ဖန်တီးပေးသွားနိုင်

နေပြည်တော် ဩဂုတ် ၂၇

**ထားဝယ် အထူးစီးပွားရေးဇုန်၏ ကနဦးလုပ်ငန်းစီမံချက်များအကောင်အထည်ဖော်စဉ်ကာလအတွင်း ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်း သုံးသိန်းခန့် ကို ဖန်တီးပေးသွားနိုင်မည်ဖြစ်ကြောင်း ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီမှ သိရသည်။**

ကနဦး စီမံကိန်းလုပ်ငန်းများတွင် စက်မှုဇုန်လုပ်ငန်းများ၊ ကနဦး လျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် ယာယီလျှပ်စစ်ဓာတ်အားပေးလုပ်ငန်း၊ ကနဦး မြို့ပြစီမံကိန်းလုပ်ငန်း၊ ဆိပ်ကမ်းငယ်လုပ်ငန်း၊ ရေပေးဝေရေးအတွက် ရေလှောင်တမံ၊ မြန်မာ-ထိုင်းနယ်စပ် ဆက်သွယ်မည့် နှစ်လမ်းသွားကားလမ်းနှင့် တယ်လီဖုန်းဆက်သွယ်ရေးလိုင်းများ ဆောင်ရွက်ခြင်းတို့ ပါဝင်မည်ဖြစ်သည်။

"စီမံကိန်းဧရိယာက ဧက ငါးသောင်းလောက် ကျယ်ဝန်းတဲ့အတွက် တစ်ခုလုံးအကောင်အထည်ဖော်ဖို့ မလွယ်ကူဘဲကနဦးလုပ်ငန်းနဲ့ ပင်မလုပ်ငန်းဆိုပြီး နှစ်ပိုင်းခွဲပြီး ကနဦးစီမံကိန်းကို အရင်အကောင် အထည်ဖော်တာဖြစ်ပါတယ်" ဟု ထားဝယ်စီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်က ပြောသည်။

ကနဦးလုပ်ငန်းများကို အကောင်အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာ လုပ်ငန်းလုပ်ကိုင်ခွင့် သဘောတူညီချက်ကို ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အီတာလျံထိုင်းနှင့်အဖွဲ့ ကုမ္ပဏီအဖွဲ့အစည်းများက ယခုလဆန်းပိုင်းတွင် လက်မှတ် ရေးထိုးခဲ့ကြသည်။

ထားဝယ်အထူးစီးပွားရေးဇုန်၏ ကနဦးလုပ်ငန်းများသည် လုပ်သားအခြေပြု စက်မှုဇုန်လုပ်ငန်းများအပေါ်တွင် ဗဟိုပြုဆောင်ရွက်သွားရန် ရည်ရွယ်ပြီး ဒေသတွင်း ပြည်သူလူထုအတွက် အလုပ်အကိုင် အခွင့်အလမ်းများစွာ ရရှိလာမည်ဖြစ်သည်။

ယခုလက်ရှိအချိန်တွင် တန်ချိန်တစ်သောင်းခွဲခန့်ရှိသည့် သင်္ဘောများဆိုက်ကပ်နိုင်သော ဆိပ်ကမ်းငယ်တစ်ခုကို တည်ဆောက်ပြီးဖြစ်ကာ ကုန်လှောင်ရုံများ၊ ဆိပ်ကမ်းအဝင်အထွက် သောင်တူးလုပ်ငန်းများ ဆောင်ရွက်ရန်သာ ကျန်ရှိကြောင်း၊ အထူးစီးပွားရေးဇုန်မှ မြန်မာ-ထိုင်းနယ်စပ်ကို ဆက်သွယ်မည့် မိုင် ၉၀ ခန့်ရှိသည့် နှစ်လမ်းသွားကားလမ်းကို စတင်ဆောင်ရွက်မည်ဖြစ်ကြောင်းလည်း သိရသည်။

**"ထားဝယ်အထူးစီးပွားရေးဇုန်၏ ကနဦးလုပ်ငန်းများသည် လုပ်သားအခြေပြု စက်မှုဇုန်လုပ်ငန်းများအပေါ်တွင် ဗဟိုပြုဆောင်ရွက်သွားရန် ရည်ရွယ်ပြီး ဒေသတွင်း ပြည်သူလူထုအတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာ ရရှိလာမည်ဖြစ်"**

ကနဦးစက်မှုဇုန်ကို မြေနေရာ ဧက ၇၅၀၀ ခန့်တွင် အပိုင်းလိုက်တည်ဆောက်သွားမည်ဖြစ်ပြီး အထောက်အကူပြုလုပ်ငန်းများဖြစ်သည့် လျှပ်စစ်ဓာတ်အားပေးလုပ်ငန်း၊ ရေပေးဝေရေးလုပ်ငန်း၊ မြို့ပြလုပ်ငန်း၊ တယ်လီဖုန်းလိုင်းဆောက်လုပ်ရေးလုပ်ငန်းများကို ကနဦးစီမံကိန်းတွင် စတင်ဆောင်ရွက်မည်ဖြစ်သည်။

ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ အကောင်အထည်ဖော်ခြင်းဆိုင်ရာ လေးကြိမ်မြောက် မြန်မာ-ထိုင်း ပူးတွဲအဆင့်မြင့်ကော်မတီအစည်းအဝေးတွင် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းက ယခုမှစတင်၍ ၂၀၂၅ ခုနှစ်အတွင်း ဒေသခံပြည်သူများအတွက် အလုပ်အကိုင်ပေါင်း သုံးသိန်းခန့်ကို ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာများကို ဆောင်ကြဉ်းပေးနိုင်မည်ဖြစ်ပြီး ဒေသတွင်းလူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်းနှင့် ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့်လည်း နိုင်ငံတကာစံနှုန်းသတ်မှတ်ချက်များ၊ အတွေ့အကြုံများနှင့်အညီ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာများကို ထိခိုက်မှုမရှိစေဘဲ ပါဝင်ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကိုလည်း ဖန်တီးပေးနိုင်သည့် အခြေအနေကောင်းဖြစ်ကြောင်း မှတ်ချက်ပြုခဲ့သည်။

မြန်မာနိုင်ငံတွင် ထားဝယ်၊ ကျောက်ဖြူ၊ သီလဝါအထူးစီးပွား ရေးဇုန် သုံးခုကို အကောင်အထည်ဖော်နေပြီး ထားဝယ်အထူးစီးပွားရေးဇုန်သည် ထားဝယ်ခရိုင် ရေဖြူမြို့နယ် နဘုလယ်ဒေသတွင် တည်ရှိသည်။

**နန္ဒာဝင်း**

# ကလေးဒေသပြန်လည်ထူထောင်ရေးအတွက် စက်ယန္တရားများနှင့် အိမ်ဆောက်ပစ္စည်းများ မုံရွာမှတစ်ဆင့် ပို့ဆောင်

**မုံရွာ ဩဂုတ် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်အတွင်း ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ပြီးနောက် ယခုအခါ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် နိုင်ငံတော်နှင့် ပုဂ္ဂလိကကုမ္ပဏီများ၊ နိုင်ငံတကာမှ အဖွဲ့အစည်းများက ပြန်လည်ထူထောင်ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုသည့် ယာဉ်နှင့် စက်ယန္တရားများ၊ အိမ်ဆောက်ပစ္စည်းများ၊ ကယ်ဆယ်ရေးပစ္စည်းများကို ထောက်ပံ့ပေးပို့လျက်ရှိရာ အဆိုပါပစ္စည်းများအား မုံရွာမြို့ မင်းဒေါင့်ဆိပ်ကမ်းမှ ကလေးဒေသသို့ ရေယာဉ်ကြီးများဖြင့် တင်ပို့ပေးလျက်ရှိကြောင်း သိရသည်။

ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကလေးမြို့နယ်သို့ မြန်မာနိုင်ငံမီးသတ်ဦးစီးဌာနမှ အရှည် ပေ ၂၀ အကျယ် ၆ပေ ရှိ အသက်ကယ်လှေလေးစီးကိုလည်းကောင်း၊ တမူးမြို့နယ်အတွက် အလျား ၁၇ ပေ၊ အကျယ် ၆ပေရှိ အသက်ကယ်လှေတစ်စီးကိုလည်းကောင်း ထောက်ပံ့ပေးထားပြီး ဒေင်အုပ်စုကုမ္ပဏီနှင့် မြန်မာရှေ့ဆောင်ဘဏ်တို့က ခုနစ်တန်ဘက်ဟိုး နှစ်စီး၊ ထွန်စက် ၁၀ စီးကို ထောက်ပံ့ပေးထားကာ အလှူရှင်များကလည်း စက်သုံးဆီများနှင့် အိမ်ဆောက်ပစ္စည်းများကို ထောက်ပံ့ပေးထားသည်။ ပညာရေးဝန်ကြီးဌာနကလည်း ကလေးဒေသမှ ရေဘေးသင့်ကျောင်းများအတွက် စာရေးခုံများနှင့် ထိုင်ခုံများ၊ အထပ်သားများထောက်ပံ့ထားပြီး ပြည်တွင်းအလှူရှင်များနှင့် တရုတ်နိုင်ငံ တက်ဟုန်းပြည်နယ်ခွဲအစိုးရတို့ကလည်း စားသောက်ကုန်များနှင့် လူသုံးကုန်များကို ပေးပို့လှူဒါန်းထားသည်။

အဆိုပါ ထောက်ပံ့လှူဒါန်းသည့် ပစ္စည်းများအား မုံရွာမြို့မှ ကလေးဝမြို့သို့ ရေယာဉ်ကြီးများဖြင့် ပို့ဆောင်ပေးသွားမည်ဖြစ်ပြီး ထိုမှတစ်ဆင့် ကလေးဒေသသို့ မော်တော်ယာဉ်များဖြင့် ဆက်လက်ပေးပို့ဖြန့်ဖြူးသွားမည်ဖြစ်ရာ မုံရွာမြို့မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များက ဩဂုတ် ၂၄ ရက်တွင် မုံရွာမြို့ မင်းဒေါင့်ဆိပ်ကမ်း၌ ရေယာဉ်များပေါ်သို့ တင်ဆောင်ပေးပြီး ကလေးဝမြို့သို့ ထွက်ခွာခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပြီးခဲ့သည့် ဇူလိုင်လကုန်ပိုင်းက မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ရေကြီးနစ်မြုပ်မှုများဖြစ်ပွားခဲ့ပြီး ကလေးမြို့နယ်အတွင်း အဆိုးဆုံးဖြစ်ခဲ့ကာ ပျက်စီးဆုံးရှုံးမှုများ ပေါ်ပေါက်ခဲ့သည်။ ယခုအခါ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန်



နိုင်ငံတော်အစိုးရနှင့် အလှူရှင်များက ထောက်ပံ့ပစ္စည်းအမျိုးမျိုးကို ပေးအပ်လှူဒါန်းလျက်ရှိပြီး ထောက်ပံ့ပစ္စည်းများကို မုံရွာမြို့မှတစ်ဆင့် ကလေးဒေသသို့ ပေးပို့လျက်ရှိသည်။ **ဖိုးချမ်း(မုံရွာ)**

# NMC ကျောင်းသား ကျောင်းသူများ၏ အနုပညာလက်ရာပန်းချီ၊ ဓာတ်ပုံ၊ ကဗျာပြပွဲ

**ရန်ကုန် ဩဂုတ် ၂၇**

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် (NMC) ကျောင်းသား ကျောင်းသူများ၏ ပထမအကြိမ် အနုပညာလက်ရာ ပန်းချီ၊ ဓာတ်ပုံ၊ ကဗျာပြပွဲ Exploration ကို ဩဂုတ် ၂၆ ရက်မှ ၂၈ ရက်အထိ ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်ကျောင်းဘေးရှိ အားကစားခန်းမ၌ ကျင်းပပြသလျက်ရှိသည်။

ပြပွဲတွင် NMC ကျောင်းသား ကျောင်းသူများ ကိုယ်တိုင်ရေးဆွဲထားသည့် ဆီဆေးပန်းချီကား ၃၀ ခန့်၊ ခဲခြစ် ပန်းချီကား ကိုးကား၊ ပြည်တွင်းပြည်ပမြင်ကွင်းဓာတ်ပုံ ၃၀ ကျော်နှင့် ကဗျာများကို ချိတ်ဆွဲပြသထားပြီး ဝယ်ယူလိုသူများကလည်း အနုပညာဈေးဖြင့် ဝယ်ယူအားပေးကြကြောင်း သိရသည်။

"ကျွန်တော်တို့ ဒီလိုပြပွဲလေးကို ပြီးခဲ့တဲ့နှစ်တွေကတည်းက ကြိုးစားထားတာပါ။ ဒီနှစ်ပြသတာ ပထမဦးဆုံးအကြိမ်ဖြစ်ပါတယ်။ ဒီမနက် ဓာတ်ပုံ သုံးပုံရောင်းရပါတယ်။ အနုပညာဈေးဆိုတော့ ကြမ်းခင်းဈေးသုံးသောင်းလောက်ပါပဲ" ဟု Exploration အနုပညာပြပွဲတွင် NMC ကောလိပ် Journalism အထူးပြု တတိယနှစ်ကျောင်းသား ကိုသူရိန်ဝင်းက ပြောသည်။

"ကျောင်းသားများရဲ့ လက်ရာအရည်အသွေးပြပွဲအနေနဲ့ အခုပြပွဲလေးအတွက် ဝင်ပြီးစီမံပေးရတာဖြစ်ပါတယ်"ဟု NMC ကျောင်းမှ ဆရာ စိုင်းခမ်းလင်းက ပြောသည်။ မွန်းလွဲပိုင်းတွင် ကျောင်းသား ကျောင်းသူများက unplugged တေးဂီတအစီအစဉ်များဖြင့် ဖြေဖျော်ပေးကြကြောင်း သိရသည်။

**သန့်ဇင်ဝင်း**

# မလှိုင်မြို့၌ ဝန်ထမ်းအိမ်ရာများ ရာနှုန်းပြည့်တည်ဆောက်ပြီးစီး

**မလှိုင် ဩဂုတ် ၂၇**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့ ရပ်ကွက်ကြီး-၂ ရုံးသစ်နယ်မြေ၌ နိုင်ငံဝန်ထမ်းများ နေထိုင်ရေးအဆင်ပြေစေရန်အတွက် တည်ဆောက်လျက်ရှိသော ဝန်ထမ်းအိမ်ရာများကို ယခုအခါ ရာနှုန်းပြည့်တည်ဆောက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ဝန်ထမ်းအိမ်ရာများကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်ချက်အရ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ တင်ဒါအောင်မြင်ခဲ့သော မိုးပြည့်ထွန်းကုမ္ပဏီနှင့် True Soule ကုမ္ပဏီများက တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ အဆောက်အအုံများမှာ အလျား ၁၀၂ ပေ၊ အနံ ၂၉ ပေရှိ လေးခန်းတွဲ သုံးထပ်ဆောင်နှစ်ဆောင်ဖြစ်ပြီး အဆောက်အအုံတစ်ခုလျှင် အခန်း ၁၂ ခန်းပါဝင်ကာ ရေပေးဝေရေး၊ လျှပ်စစ်မီးရရှိရေးတို့ပါ စနစ်တကျ စီစဉ်ပေးထားကြောင်း သိရသည်။ အဆောက်အအုံများကို မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေဖြင့် တည်ဆောက်ခြင်းဖြစ်ကာ အဆောက်အအုံတစ်ခုလျှင် ကျပ်သိန်း ၁၄၉၀ဖြင့် ဇန်နဝါရီလမှ စတင်အကောင်ထည်ဖော် တည်ဆောက်ခဲ့ပြီး ယခုအခါ လုံးဝပြီးစီးနေပြီဖြစ်သည်။

အိမ်ရာများ တည်ဆောက်ပြီးစီးပြီဖြစ်ရာ ဝန်ထမ်းအိမ်ရာ နေရာချထားရေးကော်မတီက သတ်မှတ်ထားသော စည်းကမ်းချက်များနှင့် ညီညွတ်သူများ၊ နိုင်ငံတော်တာဝန်ဖြင့် ရပ်ဝေးမှပြောင်းရွှေ့လာသော အိုးပိုင်အိမ်ပိုင်မရှိသည့် နိုင်ငံဝန်ထမ်းများကို စိစစ်ရွေးချယ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင်လည်း လေးခန်းတွဲ သုံးထပ်ဝန်ထမ်းအိမ်ရာနှစ်လုံးကို ထပ်မံဆောက်လုပ်နေပြီး မိုးပြည့်ထွန်းကုမ္ပဏီနှင့် True Soule ကုမ္ပဏီများကပင် တာဝန်ယူ၍ တည်ဆောက်လျက်ရှိကြောင်း သိရသည်။

**အောင်ငွေး(မလှိုင်)**







# KBZ BANK

## ကမ္ဘောဇဘဏ်လီမိတက်၏ "၃၃၈" ဘဏ်ခွဲမြောက်ဖြစ်သော

### ရန်ကုန်ဘဏ်ခွဲ(၇၄)

## စိန်ဂျွန်း – မင်းရဲကျော်စွာလမ်းဘဏ်ခွဲ

တိုက်(A-1)၊ မင်းရဲကျော်စွာလမ်း၊ မင်းရဲကျော်စွာစီးပွားရေးအဆောက်အအုံ
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း(၀၁)၃၉၅၃၃၁/၃၂/၃၄၊ ဖက်စ်(၀၁)၃၉၅၂၈၅/၈၆

## ကမ္ဘောဇဘဏ်လီမိတက်၏ "၃၃၉" ဘဏ်ခွဲမြောက်ဖြစ်သော

### ရန်ကုန်ဘဏ်ခွဲ(၇၅)

## ကြည့်မြင်တိုင် – ပန်းပင်ကြီးလမ်းဘဏ်ခွဲ

အမှတ်(၂၉)၊ ပန်းပင်ကြီးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း(၀၉)၂၆၅၂၇၈၈၈၂/၈၃၊ ဖက်စ်(၀၁)၅၁၇၃၅၃

တို့ကို ဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း မိတ်ဆွေ/မိဘပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။

**သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်**

www.kbzbank.com

## အိတ်ဖွင့်တင်ဒါလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကိုယ်ပွားသတင်းစာတိုက် (မန္တလေး) ၏ သတင်းစာပုံနှိပ်လုပ်ငန်းနှင့် အခြားဘေးထွက်ပစ္စည်း(၁၀) မျိုးအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချသွားမည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းများကို ၂၄-၈-၂၀၁၅ ရက်မှ ၃၁-၈-၂၀၁၅ ရက်အထိ နေ့စဉ်၀၉း၃၀ နာရီမှ ၁၆း၀၀ နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁-၉-၂၀၁၅ ရက် ၁၁း၀၀ နာရီမတိုင်မီ ကိုယ်ပွားသတင်းစာတိုက် (မန္တလေး)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်သို့ လာရောက်ပေးပို့ရန်ဖြစ်ပါသည်။ သတ်မှတ် အချိန်ထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ ၁-၉-၂၀၁၅ ရက် ၁၃း၀၀ နာရီတွင် အိတ်ဖွင့်လေလံဖွင့်လှစ်မည်ဖြစ်ပါသည်။

၅။ အဆိုပါ ဘေးထွက်ပစ္စည်းအမျိုးအမည် အရေအတွက်ပစ္စည်းမျက်မြင် အခြေအနေ ကြည့်ရှုလိုသူများနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)သို့ သွားရောက်ကြည့်ရှုနိုင်ပြီး ဖုန်း-၀၂-၃၂၇၂၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်း နိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**
**ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)**
**ပုလဲငွေရောင်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့**

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ အောက်ဖော်ပြပါ ရေနံထွက်ပစ္စည်းများအား တင်ဒါစနစ်ဖြင့် ရောင်းချလိုပါသည်-

(က) အမှတ်(၂) ရေနံချက်စက်ရုံ(ချောက်)ရှိ ရေနံချေး(၂၂၇၇၂၄)ဂါလန်၊ ဖယောင်းကြမ်း (၂၀၀)တန်၊ ဆီပြာ (၂၀၀၀၀၀)ဂါလန်၊ ဖယောင်းစစ်ကျန်ရည် (Stove Reject) (၁၅၀၀၀၀)ဂါလန်

(ခ) ရေနံဓာတုဗေဒစက်ရုံစု(သံပရာကန်)ရှိ စီဂျီအို (၅၀၀၀၀၀)ဂါလန်၊ အမှတ်(၁) ရေနံချက်စက်ရုံ(သန်လျင်)ရှိ FO (၁၀၄၉၀)ဂါလန်

(ဂ) ဓာတ်မြေသြဇာစက်ရုံများရှိ ဓာတ်မြေသြဇာအောက်ကျုံး ကျော်စွာ(၁၇)တန်၊ မြောင်းတကာ (၁၆၁)တန်၊ ကန်ကြီးထောင့် (၆၅)တန် စုစုပေါင်း(၂၄၃)တန်

| စဉ် | အကြောင်းအရာ | တင်ဒါပုံစံရောင်းချမည့်နေ့ရက် | တင်ဒါပိတ်မည့် ရက်/အချိန် | တင်ဒါဖွင့်မည့် ရက်/အချိန် |
|---|---|---|---|---|
| (က) | ချောက်စက်ရုံမှ ရေနံချေး၊ ဖယောင်းကြမ်း၊ ဆီပြာ ဖယောင်းစစ်ကျန်ရည် | ၁-၉-၂၀၁၅ | ၈-၉-၂၀၁၅ (၁၀း၀၀)နာရီ | ၈-၉-၂၀၁၅ (၁၄း၀၀)နာရီ |
| (ခ) | ရေနံဓာတုဗေဒစက်ရုံစုမှ စီဂျီအို၊ သန်လျင်ရေနံချက်စက်ရုံမှ FO | ၁-၉-၂၀၁၅ | ၉-၉-၂၀၁၅ (၁၀း၀၀)နာရီ | ၉-၉-၂၀၁၅ (၁၄း၀၀)နာရီ |
| (ဂ) | ကျော်စွာ၊ မြောင်းတကာ၊ ကန်ကြီးထောင့်တို့မှ ဓာတ်မြေသြဇာအောက်ကျုံး | ၁-၉-၂၀၁၅ | ၁၀-၉-၂၀၁၅ (၁၀း၀၀)နာရီ | ၁၀-၉-၂၀၁၅ (၁၄း၀၀)နာရီ |

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ဘဏ္ဍာရေးဌာန ရုံးအမှတ်(၄၄) နေပြည်တော်နှင့် ဘဏ္ဍာရေးဌာန(ရန်ကုန်ရုံး)၊ အမှတ်(၇)(က)၊ သန်လျှက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၆၇-၄၁၁၃၄၉၊ ၀၆၇-၄၁၁၁၂၂**

# လစာဝင်ငွေခွန်ပေးဆောင်ကြရန် အသိပေးနှိုးဆော်ခြင်း

ဝင်ငွေခွန်ဥပဒေတွင် ''လစာ၊ လုပ်ခ၊ နှစ်စဉ်ကြေး၊ ပင်စင်၊ ကရုဏာကြေးနှင့် လစာ/လုပ်ခအစား သို့မဟုတ် ယင်းတို့အပြင် ထပ်ဆောင်းရရှိသည့် အခကြေးငွေ၊ ကော်မရှင်၊ အကျိုးခံစားခွင့်''တို့အတွက် လစာခေါင်းစဉ်ဖြင့် အခွန်ထမ်းဆောင်ရမည်ဖြစ်ကြောင်း သတ်မှတ်ပြဋ္ဌာန်းထားပါသည်။

ထို့အပြင် အထက်ပါ လစာဝင်ငွေခွန်ကို ''တစ်ဦးတစ်ယောက်ပိုင်လုပ်ငန်းဖြစ်လျှင် ပိုင်ရှင်ကိုယ်တိုင်ကလည်းကောင်း၊ပုဂ္ဂိုလ်စုပိုင်ဖြစ်လျှင် ထိုပုဂ္ဂိုလ်စုကလည်းကောင်း၊ အစိုးရ သို့မဟုတ် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းဖြစ်လျှင် ငွေထုတ်ပေးရန်တာဝန်ရှိသူ စီမံခန့်ခွဲရေးဝန်ထမ်းကလည်းကောင်း တာဝန်ယူ၍ ကျသင့်အခွန်ကို နုတ်ယူပေးသွင်းရန်''ဖြစ်ကြောင်း သတ်မှတ်ပြဋ္ဌာန်းထားပါသည်။

ယခုအခါ ကုမ္ပဏီလုပ်ငန်း၊ စက်ရုံ၊ အလုပ်ရုံ၊ စာသင်ကျောင်း၊ အသက်မွေးဝမ်းကျောင်းပညာသင်ကျောင်း အမျိုးမျိုးတို့ရှိသော်လည်း လစာဝင်ငွေခွန်ပေးသွင်းမှု အားနည်းနေကြောင်း စိစစ်တွေ့ရှိရပါသည်။ ဝင်ငွေခွန်ဥပဒေတွင် လစာဝင်ငွေခွန် နုတ်ယူပေးသွင်းရမည့်ပုဂ္ဂိုလ်၊ လစာနှစ်ချုပ်တင်သွင်းရမည့် ပုဂ္ဂိုလ်တို့ကို သတ်မှတ်ဖော်ပြထားသည့်အပြင် ပြစ်မှုနှင့် ပြစ်ဒဏ်များကိုပါ သတ်မှတ်ပြဋ္ဌာန်းထားသဖြင့် ပျက်ကွက်သူများသည် တည်ဆဲဝင်ငွေခွန်ဥပဒေအရ အပြစ်ရှိလာမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ လုပ်ငန်းရှင်များအနေဖြင့် ပြည်တွင်းအခွန်များဦးစီးဌာန၏ www.irdmyanmar.gov.mm တွင် ဖော်ပြထားသော ဇယားပုံစံအား ကူးယူ၍ စုစုပေါင်းဝင်ငွေကျပ် သိန်း ၂၀ ကျော်သော ဝန်ထမ်းများ၏ သက်ဆိုင်ရာအချက်အလက်များကို ဖြည့်သွင်းပြီး မိမိရုံးချုပ်တည်ရှိရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ အမြန်ဆုံး ဆက်သွယ်ပေးပို့ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**
**ရန်ကုန်တိုင်းဒေသကြီး**

## ဈေးပြိုင်တင်ဒါခေါ်ယူခြင်း

၁။ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန စီမံကိန်းရေးဆွဲရေးဦးစီးဌာန ကျုံပျော်မြို့နယ် စီမံကိန်းဦးစီးရုံးပိုင် သိုလှောင်ရုံဟောင်းအဆောက်အအုံ (မြေမပါ)အား ဈေးပြိုင်တင်ဒါစနစ်ဖြင့် ထုခွဲရောင်းချမည်ဖြစ်ပါသည်။

(က) ကျုံပျော်မြို့နယ်စီမံကိန်းရေးဆွဲရေးဌာနပိုင် သိုလှောင်ရုံအဆောက်အအုံ (၁၄၄ပေ×၅၁ပေ×၁၄ပေ) (သွပ်၊ ဝါး၊ သစ်)
ကမ်းနားလမ်းနှင့် အုန်းတောလမ်းထောင့်၊ မြဝတီရပ်ကွက်၊ ကျုံပျော်မြို့။

| | | |
|---|---|---|
| (ခ) | **တင်ဒါရောင်းချမည့်ရက်/အချိန်** | - ၁-၉-၂၀၁၅ရက်မှ ၁၅-၉-၂၀၁၅ ရက်အထိ<br>- ၁၀း၀၀ နာရီမှ ၁၆း၃၀ နာရီအထိ |
| (ဂ) | **တင်ဒါပိတ်မည့်ရက်/အချိန်** | - ၁၆-၉-၂၀၁၅ ရက် ၁၆း၃၀ နာရီ |
| (ဃ) | **တင်ဒါပုံစံရောင်းချမည့်နေရာ** | - (၁) စီမံကိန်းရေးဆွဲရေးဦးစီးဌာနရုံး အမှတ်(၁)၊ နေပြည်တော်<br>(၂) ဧရာဝတီတိုင်းဒေသကြီး စီမံကိန်း ဦးစီးရုံး၊ ပုသိမ်မြို့ |
| (င) | **Deposit ပေးသွင်းရမည့်နေရာ** | - ပေးသွင်းရမည့် Deposit ငွေများကို တင်ဒါစည်းကမ်းချက်တွင် ဖော်ပြထားသည့်အတိုင်း မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်/ပုသိမ်)တွင် P.O Cheque ဖြင့် ပေးသွင်းရမည်။ |
| (စ) | **တင်ဒါတင်သွင်းရမည့်နေရာ** | - စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ရုံးအမှတ်(၁)၊ နေပြည်တော်။ |

၂။ အဆိုပါသိုလှောင်ရုံ၏ မျက်မြင်အခြေအနေအား သက်ဆိုင်ရာမြို့နယ်သို့ သွားရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါပုံစံဝယ်ယူရမည့်နေရာသို့ လူကိုယ်တိုင်ဖြစ်စေ ဖုန်း-၀၆၇-၄၀၇၁၀၉၊ ၀၆၇-၄၀၇၀၂၀၊ ၀၆၇-၄၀၇၅၁၇တို့သို့ဖြစ်စေ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးကော်မတီ**
**အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန**

# ၂၀၁၅ ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် လူထုအားကစားလှုပ်ရှားမှု ဓာတ်ပုံ၊ ဆောင်းပါးနှင့် ဝတ္ထုတိုပြိုင်ပွဲ ကျင်းပမည်

အားကစားဝန်ကြီးဌာနအနေဖြင့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် နိုင်ငံတကာ ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်အောင်နိုင်ရေးတို့အတွက် အဓိကတာဝန်အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး အတွက် အခြေခံအကျဆုံးဖြစ်သည့် ပြည်သူအများပါဝင်သည့် လူထုအားကစား လှုပ်ရှားမှုကို နှစ်စဉ် ဒီဇင်ဘာလတိုင်းကျင်းပလျက်ရှိရာ အဆိုပါ စုပေါင်းအားကစား လှုပ်ရှားမှုများ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်များပြားလာစေရေးနှင့် အားကစားသည် ကျန်းမာရေးကို တိုက်ရိုက်အထောက်အကူပြုကြောင်း၊ အားကစားအောင်မြင်မှုသည် နိုင်ငံတစ်ခု၏ ဂုဏ်၊ လူမျိုးတစ်မျိုး၏ သိက္ခာဖြစ်ကြောင်း၊ အားကစားမြှင့်တင်တည်ဆောက်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းဖြစ်ကြောင်း အားကစားအောင်မြင်မှုသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို ရောင်ပြန်ဟပ်စေကြောင်း၊ အားကစားတိုးတက်မြင့်မားခြင်းသည် နိုင်ငံတော်၏ ဂုဏ်သိက္ခာအဆင့်အတန်းနှင့် အခြေအနေကို ဖော်ပြနေခြင်းဖြစ်ကြောင်း မျိုးဆက်သစ်လူငယ်များကို ဗလငါးတန်ဖြင့် ဟန်ချက်ညီစွာ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အားကစားကဏ္ဍမှာ မရှိမဖြစ်လိုအပ်သည့် အခန်းကဏ္ဍတစ်ရပ်ဖြစ်ကြောင်းတို့အား ပြည်သူလူထုအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့်သိရှိလာစေရေးအတွက်လည်းကောင်း၊ မြန်မာ့အားကစား အဆင့်အတန်း ရေရှည်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဆောင်ရွက်သင့်သည့် ဆောင်ရွက်ရမည့်အချက်များ၊ အမျိုးသားအားကစားအဆင့်အတန်း တိုးတက်စေရေးအတွက် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ ပြည်သူတစ်ရပ်လုံး အမျိုးသားရေးအသိဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်နိုင်မည့် လူမှုရေးလုပ်ငန်းစဉ်ကြီးတစ်ခုဖြစ်ကြောင်းတို့အား ပေါ်လွင်အောင် ရေးသားနိုင်စေရေးတို့အတွက် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှု အထိမ်းအမှတ်ဓာတ်ပုံ၊ ဆောင်းပါးနှင့် ဝတ္ထုတိုပြိုင်ပွဲ ကျင်းပသွားမည်ဖြစ်သည်။

ဆောင်းပါးပြိုင်ပွဲအတွက် ကွန်ပျူတာစာလုံး Font Size (14) အရွယ်အစားဖြင့် A4 စာမျက်နှာ(၇)မျက်နှာထက်မနည်း၊ (၈)မျက်နှာထက်မများ၊ ဝတ္ထုတိုပြိုင်ပွဲအတွက် ကွန်ပျူတာစာလုံး Font Size (14) အရွယ်အစားဖြင့် A4 စာမျက်နှာ (၁၀)မျက်နှာထက်မနည်း၊ (၁၁)မျက်နှာထက်မများ မိမိတို့ကြိုက်နှစ်သက်ရာ ခေါင်းစဉ်ဖြင့် ရေးသားယှဉ်ပြိုင်နိုင်သည်။

ပြိုင်ပွဲဝင် ရောင်စုံဓာတ်ပုံများကို ၁၀"×၁၂" အရွယ်ဖြင့် အရေအတွက် အကန့်အသတ်မရှိ တင်သွင်းယှဉ်ပြိုင်နိုင်ပြီး လူထုအားကစားလှုပ်ရှားမှု အထိမ်းအမှတ်နှင့် အခြားအားမာန်ပြည့်ဝသည့် အားကစားယှဉ်ပြိုင်လှုပ်ရှားမှု (ပရိသတ်အားပေးသည့်ပုံများပါဝင်သည့်)ဓာတ်ပုံများဖြင့် ယှဉ်ပြိုင်နိုင်ပြီး ဓာတ်ပုံခေါင်းစဉ်ဖော်ပြရမည်။

အထက်ဖော်ပြပါ ဝတ္ထုတို၊ ဆောင်းပါးနှင့် ဓာတ်ပုံပြိုင်ပွဲဝင် စာမူများနှင့် ဓာတ်ပုံများကို ၁-၁-၂၀၁၆ရက် နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး၊ လူထုအားကစားနှင့် ပညာပေးဌာနခွဲ၊ အားကစားဝန်ကြီးဌာန၊ နေပြည်တော်၊ ရုံးအမှတ်(၃၁)သို့လိပ်မူကာ ပေးပို့ကြရန်နှင့် စာမူနှင့်အတူ လိုင်စင်ဓာတ်ပုံ(၂)ပုံ၊ ပေါ်လွင်ထင်ရှားသော နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူမှန်(၁)စောင်၊ ကိုယ်တိုင်ရေးသားကြောင်း ဝန်ခံချက်(၁)စောင်တို့ပါရှိရမည်ဖြစ်ပြီး အဆိုပါအချက်အလက်များအားလုံး ထည့်သွင်းထားသည့် Soft Copy (၁)ချပ်ကိုပါ ထည့်သွင်းပေးပို့ကြရန်ဖြစ်သည်။

ပြိုင်ပွဲတွင် လက်ခံရရှိသော စာမူများနှင့် ဓာတ်ပုံများအနက် ဆုရရှိသည့် ဝတ္ထုတို၊ ဆောင်းပါးနှင့် ဓာတ်ပုံပြိုင်ပွဲများအတွက် ပထမဆုအား ကျပ် ၇ သိန်း၊ ဒုတိယဆုအား ကျပ် ၆ သိန်း၊ တတိယဆုအား ကျပ် ၅ သိန်းနှင့် နှစ်သိမ့်ဆုအား ကျပ် ၄ သိန်း အသီးသီးချီးမြှင့်သွားမည်ဖြစ်သည်။

၄င်းအပြင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိကြသည့် ဆုရစာမူများအား နေ့စဉ်ထုတ်သတင်းစာများနှင့် အားကစားဂျာနယ်များတွင် ဂုဏ်ပြုဖော်ပြသွားမည်ဖြစ်ရာ စာမူပေးပို့ရန် သတ်မှတ်ရက်ထက် နောက်ကျပေးပို့လာသော စာမူများ၊ ဓာတ်ပုံများ၊ သတ်မှတ်ထားသည့် စာရွက်စာတမ်း၊ အထောက်အထားမပြည့်စုံသောစာမူများနှင့်ဓာတ်ပုံများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ကြောင်း၊ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၆၀၂၆၊ ၀၆၇-၄၀၆၀၂၇၊ ၀၉-၂၀၀၂၁၉၆၊ ၀၉-၄၄၈၅၃၅၃၀၁ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

## တင်ဒါခေါ်ယူခြင်း

စက်မှုဝန်ကြီးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၂၁)အကြီးစားစက်ရုံ(သထုံ) ကြီးကြပ်မှုအောက်ရှိ ရော်ဘာပစ္စည်းစက်ရုံခွဲ (သဃ်န်းကျွန်း)နှင့် ရော်ဘာပစ္စည်းစက်ရုံခွဲ(ရွှေဟသ်ာလမ်း)ရှိ အသုံးမလို ပိုလျှံစက်ပစ္စည်း၊ စက်အရန်ပစ္စည်းနှင့်ကုန်ကြမ်းပစ္စည်းလက်ကျန်များကို မျက်မြင်အခြေအနေအတိုင်း လေလံတင်ရောင်းချမည်ဖြစ်၍ သက်ဆိုင်ရာစက်ရုံသို့ သွားရောက်ကြည့်ရှုပြီး ဈေးနှုန်းတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** | - | ၁-၉-၂၀၁၅ ရက် (ရုံးချိန်အတွင်း) |
| **တင်ဒါပိတ်ရက်** | - | ၁၁-၉-၂၀၁၅ ရက် (သောကြာနေ့) ၁၆း၀၀ နာရီ |
| **တင်ဒါဖွင့်ရက်** | - | ၁၆-၉-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့) ၁၃း၀၀ နာရီ |
| **တင်သွင်းရမည့်နေရာ** | - | စက်မှုဝန်ကြီးဌာန၊ အမှတ်(၂)အကြီးစား စက်မှုလုပ်ငန်း၊ စီမံရေးဌာန၊ ရုံးအမှတ်(၄၁)၊ နေပြည်တော်။ |
| **ဖုန်း** | - | ၀၆၇-၄၀၈၂၉၈၊ ၀၆၇-၄၀၈၄၀၇ |

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
## မြေတိုင်းဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြေတိုင်းဦးစီးဌာနတွင် အသုံးပြုရန်အတွက် မြေပုံထုတ်လုပ်ရေး၊ ပုံနှိပ်လုပ်ငန်းသုံးပစ္စည်းများအား ဌာနသို့ အရောက်ပို့စနစ် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁။ | ပုံနှိပ်လုပ်ငန်းသုံးပစ္စည်း | (၁၆)မျိုး |

၂။ အိတ်ဖွင့်တင်ဒါများကို ၇-၉-၂၀၁၅ရက် တနင်္လာနေ့ ညနေ ၁၅း၀၀နာရီ နောက်ဆုံးထား၍ လက်ခံမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် ဝယ်ယူမည့်ပစ္စည်းအမျိုးအမည် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရယူနိုင်ပါသည်။

**လုပ်ငန်းသုံးပစ္စည်းများဝယ်ယူမှုစိစစ်ရေးအဖွဲ့**
**မြေတိုင်းဦးစီးဌာန**
**မြို့ပတ်လမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၃၄၃၃၊ ၀၆၇-၄၁၃၅၈၈**

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
## မြေတိုင်းဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြေတိုင်းဦးစီးဌာနတွင် အသုံးပြုရန်အတွက် အောက်ပါ Software အား ဌာနအရောက်တန်ဖိုး (D.D.P) (နေပြည်တော်) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁။ | AutoDesk Software | 2 Sets |

၂။ အိတ်ဖွင့်တင်ဒါများကို ၈-၉-၂၀၁၅ရက် ၁၂း၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပြီး ၁၄း၀၀နာရီတွင် တင်ဒါဖွင့်လှစ်ပါမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရယူနိုင်ပါသည်။

**လုပ်ငန်းသုံးပစ္စည်းများဝယ်ယူမှုစိစစ်ရေးအဖွဲ့**
**မြေတိုင်းဦးစီးဌာန**
**မြို့ပတ်လမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၃၄၃၃၊ ၀၆၇-၄၁၃၅၈၈**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး
## ဧရာဝတီတိုင်းဒေသကြီး
## အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့တွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း အငှားအိမ်ရာစီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပါသဖြင့် အဆောက်အအုံများ တည်ဆောက်ခြင်း၊ လမ်းရေမြောင်းစသည့် Infrastructure လုပ်ငန်းများတည်ဆောက်ခြင်းနှင့် ပြင်ပလျှပ်စစ်ဓာတ်အားရရှိရေးလုပ်ငန်းများ တည်ဆောက်ခြင်းလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၁-၉-၂၀၁၅ ရက်မှ စတင်ရောင်းချမည်ဖြစ်ပြီး ၁၆-၉-၂၀၁၅ရက် ၁၆း၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ ဖုန်း-၀၄၂-၂၃၇၇၄ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အငှားအိမ်ရာစီမံကိန်းအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ**
**ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့**

## INVITATION FOR OPEN TENDER(6/2015)
## TENDER NO.MPPE/HSD/T/1(2015-2016)

1. Open Tender is invited for the Myanma Petroleum Products Enterprise, Ministry of Energy for the supply of High Speed Diesel (752,000±10% Barrels)
2. **Tender Closing Date & Time** - 9-9-2015,12:00Hrs
3. **Tender Opening Date & Time** - 9-9-2015,13:00Hrs
4. **Delivery Time** - October 2015 to January 2016
5. Tender documents and details information are available at the Department of Finance,Myanma Petroleum Products,Nay Pyi Taw,during our office hours commencing 26-8-2015 on payment of Myanmar Kyat One Hundred Thousand (Kyat 100,000)per set.
6. Only bid from tenderer who has purchased tender document officially from Myanma Petroleum Products Enterprise will be accepted for evaluation.

**Managing Director**
**Myanma Petroleum Products Enterprise**
**Ministry of Energy,No(6)Complex,Nay Pyi Taw**
**Contact Phone No.**
**067-411487/411486/411280**




# နီလာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

Hotel ... → 1100 USD

(၁၂)ရက်ခရီး ... ဟိုတယ် ၄ ည → (၉)သိန်း(၉)သောင်း

(၁၅)ရက်ခရီး ... ဟိုတယ် ၆ ည → (၁၀)သိန်း

... (၇)ရက်ခရီး → (၁၅)သိန်း(၅)သောင်း ...

နီလာဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့ ၂၀၁၅-၁၆ခုနှစ်အတွက် ...

(၁၂)ရက်ခရီးစဉ် (Oct-5,18),(Nov-2,16,30), (Dec-14), (Jan-4,18), (Feb-1,8,22), (Mar-7,21),(April-12,13)

(၁၅)ရက်ခရီးစဉ် (Sept-28),(Oct-13,27),(Nov-10,24),(Dec-8,22),(Jan-5,19),(Feb-2,10),(Mar-1,18),(April-12,13),

... (Sept-29),(Oct-29),(Nov-29),(Dec-29),(Jan-29),(Feb-29),(Mar-29),(April-29)

... (DVD) ...

GAYA Office-Rajapur Buddha Gaya Pin-824231, Mobile:+918292790371

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4J/9430 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

## ဦးတင်မောင်အေး သိစေရန်

ဦးတင်မောင်အေး(ဘ)ဦးထွန်းအေး ၇/ညလပ(နိုင်)၀၁၄၇၇၃ မိသားစုထံအမြန်ပြန်လာပါ။

ဖုန်း - ၀၉ မိုးစန္ဒာ ၇/ညလပ(နိုင်)၁၉၄၈၉၉

သမီး - မအိမ့်ခြွေအေး

မဒေါက်မြို့ ဈေးပိုင်း(၁)ရပ်ကွက် (ပန်ပန်) ညှောင်လေးပင်မြို့နယ်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ခ/၅၁၀၄ Pakokku Diesel Truck (6×4)R ယာဉ်လက်ဝယ်ရှိသူ ဦးကိုကိုလေး ၈/ပခက(နိုင်)၀၂၁၂၈၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ပခုက္ကူ)

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ စက်မှုဇုန်(၃) နန/၃၈ရှိ ၁ဒသမ ၈၂ဧကမှာ ဦးကျော်စွာဦး ၅/မရန(နိုင်)၁၃၅၁၅၈ အမည်ဖြင့် ချထားပေးထားသော မြေပေးမိန့်၊ ငွေရပြေစာ၊ ငွေသွင်းချလန်(မူရင်း)များ ပျောက်ဆုံးသွားပါသဖြင့် ထပ်မံလျှောက်ထားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဖုန်း-၀၉-၄၄၄၀၁၀၆၀၀

## အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာ သိပ္ပံကျောင်း
# MCC Polytechnic (Monywa)
ကို မုံရွာမြို့တွင် ဖွင့်လှစ်လိုက်ပါပြီ



edexcel Approved Centre

# HND
Level (4) & Level (5)
Higher National Diploma

**Diploma in Engineering**
(အင်ဂျင်နီယာ ဒီပလိုမာ)

- Construction & the Built Environment (Civil Engineering)
- Mechanical Engineering
- Electrical and Electronics Engineering

**Diploma in Computing**
(ကွန်ပျူတာ ဒီပလိုမာ)

- Computing and Systems Development

HND Diploma ရရှိပြီးနောက် အင်္ဂလန်နိုင်ငံ တက္ကသိုလ်များဖြစ်သည့် Middlesex University (UK), Birmingham City University (UK) တို့မှ ချီးမြှင့်မည့် နောက်ဆုံးနှစ်ဘွဲ့သင်တန်း B.Sc (Hons;) Engineering, B.Sc (Hons;) Computing ဘွဲ့ စသည့် ဘွဲ့များကိုရရှိမည် ဖြစ်ပါသည်။

Middlesex University London

www.facebook.com/mcc.polytechnic Hot-Line : 01-246634, 01-2304156

**MCC Polytechnic (Monywa)**
ပညာအလင်း ခေတ်မီစာကြည့်တိုက်
ဗိုလ်ချုပ်လမ်းနှင့် ဘုတာရုံလမ်းထောင့်၊ မုံရွာမြို့
Tel: 09-265333120, 09-5028174, 071-23509

Opening Date Sept 14


## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7F/3383 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့




## ပျောက်ဆုံးကြောင်း

နန်းယိင်း (ဘ)ဦးနွဲ့မုန့် ၁၃/တခလ (နိုင်)၀၄၆၉၈၈ ၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၃၆၁၆၀၄၁၁**

## ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှထုတ်ပေးထားသည့် လုပ်သက်စာအုပ်အမှတ် ဘီ ၃၇/၈၉ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပြန်လည်ပေးပို့ပေးပါရန်။

**ဦးထွန်းထွန်းကျော် ဖုန်း-၀၉-၂၆၃၀၆၃၇၄၄**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3J/7310 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5I-9439 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ သံလျှက်မော်တောင်ရပ်ကွက်၊ အကွက်အမှတ် (၄၅၄)၊ ဦးပိုင်အမှတ် (၁၁/၈)နေ (ဦးတင်အုန်း)-ဒေါ်မြင့်မြင့်သိန်း ၉/မနတ(နိုင်)၀၄၃၄၂၁ တို့၏သား ဦးတင်မိုးဝင်း(ခ)မိုးကြီး ၉/ခမစ(နိုင်)၀၂၉၅၂၆ သည် ၂၃-၈-၂၀၁၅ ရက်က မိခင်ဖြစ်သူ ကျွန်မအား ကိုယ်ထိလက်ရောက် ကျူးလွန်စော်ကား၍ စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်အောင် ပြောဆိုခဲ့ပြီး ရိုင်းပျစွာဆဲရေးတိုင်းထွာပြုမူလုပ်ဆောင်ခဲ့ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝသည် ကျွန်မနှင့်လုံးဝ (လုံးဝ) မသက်ဆိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မိခင်-ဒေါ်မြင့်မြင့်သိန်း**


## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ သံလျှက်မော်တောင်ရပ်ကွက်၊ အကွက်အမှတ်(၄၅၄)၊ ဦးပိုင်အမှတ် (၁၁/၈)နေ (ဦးတင်အုန်း)-ဒေါ်မြင့်မြင့်သိန်း ၉/မနတ(နိုင်)၀၄၃၄၂၁ တို့၏သား ဦးမောင်မောင်တင် ၉/ခမစ(နိုင်)၀၁၅၇၇၄ သည် ၈-၄-၂၀၁၅ ရက်က မိခင်ဖြစ်သူ ကျွန်မအား ကိုယ်ထိလက်ရောက် ကျူးလွန်စော်ကား၍ စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်အောင် ပြုမူပြောဆိုခဲ့ပြီး ရိုင်းပျစွာဆက်ဆံခဲ့ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝသည် ကျွန်မနှင့်လုံးဝ (လုံးဝ)မသက်ဆိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မိခင်-ဒေါ်မြင့်မြင့်သိန်း**

## ကုန်အမှတ်တံဆိပ်မူပိုင်ဖြစ်ကြောင်း သတိပေးကြေညာခြင်း

ကြယ်နီဖြန့်ဖြူးရေးကုမ္ပဏီလီမိတက်သည် အောက်ပါကုန်အမှတ်တံဆိပ်ကို တစ်ဦးတည်းမူပိုင်အဖြစ် ရန်ကုန်မြို့စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။




အထက်ပါ Vita 500 Vitamin Enriched Drink ကုန်အမှတ်တံဆိပ်ဖြင့် အားဖြည့်အချိုရည်ကို လက်လီလက်ကား ရောင်းချလျက်ရှိပါသည်။သို့ဖြစ်ပါ၍ အထက်ပါကုန်အမှတ်တံဆိပ်ကို မည်သူမဆို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ လိမ်လည်အတုပြုလုပ်ခြင်း၊ ဆင်တူယိုးမှား ပြုလုပ်ခြင်း၊ အများပြည်သူထင်ယောင်ထင်မှားဖြစ်စေခြင်းတို့ဖြစ်ပေါ်နိုင်ရန်အတွက် ကုန်ပစ္စည်းတင်သွင်းခြင်း၊ ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ တင်ပို့ခြင်း၊ ထုပ်ပိုးခြင်း၊ ကြော်ငြာခြင်း၊ ဆိုင်းဘုတ်တင်ခြင်း စသည်ဖြင့် ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ တရားစွဲဆိုအရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကြယ်နီဖြန့်ဖြူးရေးကုမ္ပဏီလီမိတက်၏လွှဲအပ်ညွှန်ကြားချက်အရ-**

**(ရုံး)အမှတ် ၂၄၄၊ ပထမထပ်၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ဖုန်း-၀၉-၅၀၀၈၅၈၃**

**ဦးခင်ဝင်း**
**ဥပဒေအကျိုးဆောင် (စဉ်-၂၆၅၇)**
**B.A, H.G.P, R.L, D.B.L, D.I.L, D.M.L ,MPA, M.A (BL), PGDIT (New Delhi),D.Jap WIPO; DL 101**

## အများသိစေရန် အသိပေးကြေညာခြင်း

မြေတိုင်းအမှတ် (၇၀)၊ မြေကွက်အမှတ် ၇၈၆၊ ကျန်စစ်သားလမ်း၊ တောင်ဒဂုံမြို့နယ် ဂရန်အမည်ပေါက် ဦးအောင်မြင့်ထံမှ ဦးကိုကိုက ၄၀'×၆၀'ဝယ်ယူပြီး ဦးကိုကို ၁၂/ဒဂတ(နိုင်) ၁၀၈၅၆၅ အမှတ် (၁၀၃)၊ အောက်ဘလောက် ၃၉လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့မှ တစ်ဆင့် ဒေါ်ဖရီဒါ KPU -၁၀၆၆၉၅ အမှတ် (၂၀၀/၂၀၆)ရတနာမြိုင်ကွန်ဒိုအိမ်ရာ၊ တာမွေမြို့က ၂၀'x၆၀' ခေါင်းရင်းခြမ်းအား ၁၃-၃-၂၀၁၅ရက်တွင် စရန်ပေး၍ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် ၁၈-၆-၂၀၁၅ ရက်တွင် ငွေအပြီးသတ်ချေပြီးပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်စိုးနိုင် LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၃၀၃၉၆)**
**အမှတ် (၁၉၂၇/ခ)၊ ကျန်စစ်သားလမ်း၊ (၇၁)ရပ်ကွက်၊ တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၇၃၁၄၁၁၃၆**

## ဒေါ်နန်းနိုင်နိုင်ဦး ၁၃/သပန(ပြု)၀၀၀၃၆၀ နှင့် အများသိစေရန်ကြော်ငြာ

တောင်ကြီးမြို့နယ်၊ တောင်နီကျေးရွာအုပ်စု၊ မိုင်းသော်အရှေ့ကျေးရွာ၊ အမှတ်(၃/ခ ၁၂)နေ ဦးစံညွှန့်(ခ)ဆန်ညို ၁၃/မကန(နိုင်)၀၂၅၆၆၆ ၏လွှဲအပ်ညွှန်ကြားချက်အရအများသိစေရန် ကြော်ငြာလိုက်ပါသည်။

ဒေါ်နန်းနိုင်နိုင်ဦးသည် ဦးစံညွှန့်(ခ)ဆန်ညိုနှင့် ၃၀-၁၀-၂၀၁၃ရက် တရုတ်ဗုဒ္ဓဘာသာထုံးတမ်းစဉ်လာအရ လက်ထပ်ခဲ့ကြောင်းသိရှိရပြီး လွန်ခဲ့သော ၂၄-၂-၂၀၁၅ ရက်တွင် ဒေါ်နန်းနိုင်နိုင်ဦးသည် မိခင်ဖြစ်သူနှင့်အတူ ၎င်းမိခင် နေအိမ်သို့ ပြန်သွားကြောင်း သိရှိရပါသည်။ ခင်ပွန်းဖြစ်သူက ၈-၃-၂၀၁၅ရက်မှစ၍ နေအိမ်သို့ပြန်လာရန်အတွက် အကြိမ်ကြိမ်ဆက်သွယ် ခေါ်ယူခဲ့သော်လည်း ဒေါ်နန်းနိုင်နိုင်ဦးဘက်မှ ၁၂-၃-၂၀၁၅ရက်တွင် ခင်ပွန်းဖြစ်သူအားပြန်လည်ပေါင်းသင်းရန်ဆန္ဒမရှိတော့ကြောင်းနှင့်နေအိမ်သို့ ပြန်မလာနိုင်တော့ပါကြောင်း ပြောဆိုခဲ့သည်ဟု သိရှိရပါသည်။ သို့ဖြစ်ပါ၍ ဒေါ်နန်းနိုင်နိုင်ဦးနှင့် ပတ်သက်သည့်ကိစ္စအဝဝတို့မှာ ဦးစံညွှန့်(ခ)ဆန်ညို နှင့်သက်ဆိုင်ခြင်းမရှိဘဲ ယနေ့မှစ၍ ဇနီးအဖြစ်မှစွန့်လွှတ်လိုက်ပြီဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဦးစံညွှန့်(ခ)ဆန်ညို**
**၁၃/မကန(နိုင်)၀၂၅၆၆၆**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဲဝတ်ရည် LL.B**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၀၄၀၀/၂၀၁၅)**

**အမှတ်(၄/၃၀၅)၊စေတီကုန်းလမ်း၊ဘုရားဖြူရပ်ကွက်၊တောင်ကြီးမြို့၊**
**ဖုန်း-၀၉-၅၂၁၆၃၉၉**

## ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ စာတိုက်ကုန်းအိမ်ရာရှိ တိုက်အမှတ်(C)၊ အခန်း အမှတ်(B4)ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးသောင်းစိန်-ဒေါ်သင်းသင်းထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဦးစိုးရည် ၁၂/ဒလန(နိုင်)၀၃၉၄၃၅၊ ဒေါ်ဖြူဖြူအေး ၁၂/ဒလန(နိုင်)၀၂၇၄၃၅ က ပိုင်ရှင်အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်ပါက ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ရန်ကုန်သစ်၊ မြေကွက်အမှတ် ၃၄၊ မြေကွက်တည်နေရာအမှတ်-၄၊ အောင်ဇေယျ ၇ လမ်း(ယာ)၊ ရန်ကုန်သစ် ဦးဘရှင်အမည်ပေါက် ပါမစ်မြေအားမြေအမည်ပေါက် ဦးဘရှင်ထံမှ အရပ်ကတိအရောင်းအဝယ် အဆက်အစပ်စာချုပ်ဖြင့် ပေ(၂၀×၆၀)ဝယ်ယူထားသူ ဦးကိုကိုဦး ၁၂/သဃက(နိုင်)၀၄၀၄၂၇နှင့်ကျန်ပေ(၂၀×၆၀) ဝယ်ယူထားသူ ဒေါ်နီနီအောင် ၁၂/တမန(နိုင်) ၀၆၃၈၄၂ တို့မှ ပူးတွဲ၍ ပါမစ်ပျောက်ဆုံးကြောင်း ကိုယ်တိုင်တရားရုံး ကျမ်းကျိန်လွှာ၊ ရဲစခန်းတိုင်ကြားစာနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတို့၏ ထောက်ခံစာပူးတွဲတင်ပြ၍ ပါမစ်ပျောက်ဖြင့် ဂရန်သစ်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
### ဗိုလ်မှူးစံဝင်း(ငြိမ်း) အသက်(၉၁)နှစ်

ရန်ကုန်မြို့နေ ဦးအောင်သင်း (YUHGHERN GUO GROUP, CHENGFONG Construction Service Co.,Ltd.) (Head Chairman)-ဒေါ်အေးအေးသိန်း(ဒုတိယတိုင်းဒေသကြီး ဥပဒေအရာရှိ၊ ရန်ကုန်တိုင်းဒေသကြီး၊ဥပဒေချုပ်ရုံး၊ငြိမ်း)တို့၏ဖခင်ကြီး ဗိုလ်မှူးစံဝင်း(ငြိမ်း) အသက်(၉၁)နှစ်သည် ၂၃-၈-၂၀၁၅ရက်(တနင်္ဂနွေနေ့)ည ၁၀း၄၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးခင်လတ်နှင့်ဇနီး ဒေါက်တာမွန်မွန်ခိုင်**
**နေပြည်တော်**

## ဝမ်းနည်းကြေကွဲခြင်း
### ဗိုလ်မှူးစံဝင်း (ငြိမ်း)
### အသက်(၉၁)နှစ်

ကျောက်ဆည်အသင်း(ရန်ကုန်)၏ သက်ကြီးကန်တော့ခံပုဂ္ဂိုလ်(အသင်းဝင်အမှတ်-ရသပ-၁၆၉)ဗိုလ်မှူးစံဝင်း(ငြိမ်း) အသက်(၉၁)နှစ်သည် ၂၃-၈-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **ကျောက်ဆည်အသင်း(ရန်ကုန်)**

## ဦးမျိုးဆွေ အသက်(၈၇)နှစ်
### ဥက္ကဋ္ဌ(အငြိမ်းစား)လူမှုဖူလုံရေးအဖွဲ့

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၂)ရပ်ကွက်၊ တိုက် ၂၈၃၊ အခန်း ၁နေ (အရေးပိုင် ဦးဘဆွေ-ဒေါ်လေးမူ)တို့၏သား၊ [ဒေါ်ခင်ကြွယ်(ကထိက၊ ငြိမ်း၊ လူမှုဝန်ထမ်း)၏ချစ်လှစွာသောခင်ပွန်း၊ ဦးဗိုလ်ဗိုလ်(ဦးစီးအရာရှိ၊ အကောက်ခွန်)-ဒေါ်ဥမ္မာဆွေ၊ ဦးသူရဆွေ(C/E, LIZSTAR Co;Ltd.)-ဒေါ်ညွန့်ညွန့်အေး၊ ဦးသီဟဆွေ(C/E, LIZSTAR Co.,Ltd.)-ဒေါ်စန္ဒာဗိုလ်တို့၏ချစ်လှစွာသောဖခင်၊ မရွှန်းလဲ့ဗိုလ်ဗိုလ်၊ မောင်အောင်ဟိန်းဗိုလ်ဗိုလ်တို့၏ချစ်လှစွာသောအဘိုးသည်၂၇-၈-၂၀၁၅ရက်(ကြာသပတေးနေ့)ည ၇း၀၅နာရီတွင်နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၉-၈-၂၀၁၅ရက်(စနေနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (သင်္ဂြိုဟ်မည့်အချိန်အား ထပ်မံကြေညာပါမည်။)

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်အေးအေး
### နိုင်ငံခြားရေးဝန်ကြီးဌာန(ငြိမ်း)
### အသက်(၇၃)နှစ်

[ဦးပေါ်ထွန်း (အင်ဂျင်နီယာချုပ်၊ ငြိမ်း၊ ရေသန့်ဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)]၏ချစ်လှစွာသောဇနီး ဒေါ်အေးအေးသည် ၂၅-၈-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မလဲ့လဲ့လွင်(မိသားစု)**
**လမ်းဦးစီးဌာန(သာယာဝတီ)**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးဝေလင်း (ပျဉ်းမနား)သာဝတ္ထိ
### အသက်(၇၀)

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ အေးရိပ်မွန် ၄လမ်း၊ အမှတ် ၃၂နေ ဒေါ်သန်းသန်းမြင့်၏ချစ်လှစွာသောခင်ပွန်း ဦးဝေလင်းသည် ၂၆-၈-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၅း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးမြင့်အောင်(မိသားစု)ရွှေပြည်သာ**
**BOB STEBER-ဒေါ်စန္ဒာအောင်(မိသားစု)နှင့်**
**ကုမ္ပဏီဝန်ထမ်းများ**
**GINNACLE IMPORT-EXPORT PTE LTD S'PORE**
**GREAT GOLDEN EMPIRE Co.,LTD (MYANMAR)**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါက်တာဌေးအောင် အသက်(၆၀)
### ပါမောက္ခချုပ်၊ မော်လမြိုင်တက္ကသိုလ်

မော်လမြိုင်တက္ကသိုလ်၊ ပါမောက္ခချုပ် ဒေါက်တာဌေးအောင်သည် ၂၄-၈-၂၀၁၅ရက် နံနက် ၁၀နာရီတွင် ဗဟိုရိစည်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

| | |
|---|---|
| **ဦးထွန်းမင်းဇော်** | **ဒေါ်ခင်သန်းမြင့်** |
| **ညွှန်မှူး(ထွေ/အုပ်)** | **ကထိက၊ ပထဝီဝင်ဌာန** |
| **ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး** | **ပုသိမ်တက္ကသိုလ်** |

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါက်တာဦးဌေးအောင်
### အသက်(၆၀)

မော်လမြိုင်တက္ကသိုလ်၊ ပါမောက္ခချုပ် ဒေါက်တာဦးဌေးအောင်သည် ၂၄-၈-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်**
**ဒုတိယပါမောက္ခချုပ်များနှင့်**
**တောင်ကြီးတက္ကသိုလ်မိသားစု**

## မြိတ်မြို့နယ်အသင်း(ရန်ကုန်)
### ဦးတင်ထွန်း(မြိတ်) အသက်(၅၄)နှစ်
### အသင်းဝင်အမှတ်(၁၀၂၆)

ရန်ကုန်မြို့၊စမ်းချောင်းမြို့နယ်၊စမ်းချောင်း(မုန့်/တောင်ရပ်ကွက်)၊မကြီးကြီးလမ်း၊ အမှတ် ၄၈(မြေညီထပ်)နေ ဒေါ်စန်းမာလာအေး၏ခင်ပွန်းသည်၂၅-၈-၂၀၁၅ရက် ည ၁၁နာရီတွင်ကွယ်လွန်သွားပါ၍ ၂၇-၈-၂၀၁၅ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ အမှုဆောင်အဖွဲ့

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးကျော်ကျော်လင်း အသက်(၃၄)နှစ်
### တပ်စုမှူး၊ ရာသက်ပန်ကြက်ခြေနီအသင်းဝင်
### မှော်ဘီမြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ကြက်ခြေနီသူနာပြုတပ်ရင်းမှ တပ်စုမှူးဖြစ်သူ ဦးကျော်ကျော်လင်း အသက်(၃၄)နှစ်သည် မှော်ဘီမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးတာဝန်များကို ၉-၈-၂၀၁၅ရက်တွင် အသက်ပေး၍တာဝန်ထမ်းဆောင်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**တပ်စုမှူး ဦးကျော်ကျော်လင်း ကောင်းရာသုဂတိလားပါစေ...**

**ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ဝန်ထမ်းများ**
**မြန်မာနိုင်ငံကြက်ခြေနီအသင်း**

## ဒေါ်ရီရီ (ကျုံပျော်-အင်းရဲ)
### အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မအူကုန်းလမ်းကျယ်၊ အမှတ် ၃၂(ခြောက်လွှာ)နေ (ဦးထင်-ဒေါ်တင့်)တို့၏သမီး၊ ဦးဇေယျာမြတ်-ဒေါ်ချိုချိုငြိမ်း(စင်ကာပူ)၊ (ဦးဝင်းလှိုင်)-ဒေါ်ခင်အေးနိုင်၊ ဦးကျော်လင်း-ဒေါ်မော်မော်ခင်၊ ဦးဝင်းထွဋ်(မြန်မာ့ရှေ့ဆောင်ဘဏ်)-ဒေါ်မြတ်မြတ်နွယ်တို့၏မိခင်၊ မြေးကိုးယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၂၆-၈-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၃း၅၇နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၈-၂၀၁၅ရက်(သောကြာနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၉-၂၀၁၅ရက် (အင်္ဂါနေ့) နံနက်ပိုင်းတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး
### ဒေါ်သောင်းသောင်းတင် (ကြံခင်း)
### ကုန်သွယ်ရေး(၉) (ငြိမ်း)
### အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ လမ်းသစ်ရိပ်သာ၊ တိုက် ၁၀၊ အခန်း ၁၉နေ (ဦးဘိုးဆော့-ဒေါ်ငွေတင်)တို့၏သမီး၊ (ဦးဘို-ဒေါ်ကျင်ငွေ)တို့၏ချွေးမ၊ (ဦးမြင့်ဆွေ)၏ဇနီး၊ (ဦးလှထွန်းမြင့်-ဒေါ်ခင်စိန်အေး-ဒေါ်လှမြစိန်)တို့၏ညီမ၊ (ဦးစံညွန့်)-ဒေါ်ဘေဘီသန်း၊ ဒေါ်မေရီသန်းတို့၏အစ်မ၊ Capt; ဦးလှဝင်း(Shin Yang Company, Dubai, UAE)-ဒေါ်မြမြဝင်း(သတ္တုတွင်းဝန်ကြီးရုံး၊ ငြိမ်း)၊ ဦးမင်းသိမ်းထွန်း-Mrs Joy၊ဦးနေမျိုးထွန်း-ဒေါ်သီသီနိုင်(S'pore)တို့၏အဒေါ်၊ ဦးစိုးမိုး(ပဒေါင်သား)-ဒေါ်ပပဝင်းထွန်း(Galmour International Ltd.)၊ ဦးညိုထွန်း(Platinum Shoe)-ဒေါ်သီတာလင်းထွန်း(Glamour International Ltd.)တို့၏ချစ်လှစွာသောမိခင်၊ မောင်လင်းခန့်(Grade-8, Aအထက-၁၊ ဒဂုံ၊ မနန်းအိမ်နွေ့စိုးမိုး(Grade-8,B)၊ မဆုသျှားလဲ့ထွန်း(Grade-3, A၊ အထက-၂၊ လသာ)တို့၏အဘွားသည် ၂၆-၈-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၈-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ရီ (ဟသ်ာတ)
### အသက်(၇၇)နှစ်

ဦးသက်ဇင်မောင်(ညွှန်ကြားရေးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန)-ဒေါ်ရီရီဝေ (လ/ထ ညွှန်ကြားရေးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန)တို့၏ ချစ်လှစွာသောမိခင် ဒေါ်ရီ(ဟသ်ာတ) အသက်(၇၇)နှစ်သည် ၂၆-၈-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၈၄ခုနှစ်၊ စိုက်ပျိုးရေးတက္ကသိုလ်ကျောင်းဆင်း**
**သူငယ်ချင်းများ**

## ဦးအောင်စန်းလွင်
### အသက်(၄၃)နှစ်

တောင်သာမြို့နယ်၊ ကျောက္ကာကျေးရွာနေ (ဦးချစ်အောင်)-ဒေါ်အုန်းမေတို့၏သား၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ ဦးစောယိုရှုး-ဒေါ်နော်ဖေဂရီးတို့၏သားသမက်၊ ဒေါ်စန်းမြင့်ရည်၊ ဦးရဲကြည်၊ဒေါ်ကြူကြူ၊ ဦးသိန်းစိုးတို့၏ညီ/မောင်၊ ဒေါ်တင်မျိုးဌေး၊ ဒေါ်အေးအေးမျိုးတို့၏အစ်ကို၊ ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ နှင်းဆီကုန်း(က)ရပ်ကွက်၊ ဂမုန်းလမ်း၊ တိုက် ၁၊ (ဒုတိယထပ်)နေ ဒေါ်နော်ဆာဂေး၏ခင်ပွန်း၊ မောင်ချစ်ထူး၊ မဆောင်းနှင်းဖြူတို့၏ဖခင်သည် ၂၇-၈-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၈း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၈-၂၀၁၅ရက်(စနေနေ့)နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၉-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးကျော်ကျော်ရဲထွန်း(ခ)
### ဖိုးကျော် B.Sc (Phy)
### လှိုင်ကော်တက္ကသိုလ်၊ ၂၀၀၆
### အသက်(၃၅)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြဖဆပလရပ်ကွက်၊ ကန်တော်ကလေးအိမ်ရာ၊ အမှတ် A၊ အခန်း ၂၀၂နေ ဦးလှထွန်း [အင်ဂျင်နီယာမှူး(မြို့ပြ)-ငြိမ်း၊ မြန်မာ့မီးရထား]-ဒေါ်နုနုဝေတို့၏သား၊ ဗိုလ်မှူးဇော်ဇော်လင်း(လေ) - ဒေါ်သင်းသီတာထွန်းတို့၏အစ်ကို၊ မပြည့်မှူးခင်၊ မောင်လွမ်းပြည့်လင်းတို့၏ဦးလေး၊ ဒေါ်အိရွှေစင်၏ချစ်လှစွာသောခင်ပွန်းသည် ၂၆-၈-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) ည ၈း၀၅နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၈-၂၀၁၅ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁-၉-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ခရစ်တော်၌အိပ်ပျော်ခြင်း
### ဦးစောကျော်မြင့်(စောဒိုခို)
### အမှတ်(၁)စက်မှုဝန်ကြီးဌာန
### မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း(ငြိမ်း)
### အသက်(၈၀)

အင်းစိန်မြို့၊ ဦးစံလုံးလမ်း၊ အမှတ် ၁၈၄၁နေ (ဦးစောအားဒုတ်-ဒေါ်စိန်ပု)တို့၏သား၊ (ဒေါ်စောကြည်)၏ခင်ပွန်း၊ နော်အေးဖော - စောလောရင့်၊ (စောဒီးသ)-နော်ခိုဗီးလယာစန်းစန်းခတို့၏ဖခင်၊ နော်ကလိုဝါးဖော၊ နော်မူးဝါး၊ စောမူးစေး၊ စောဒေါမနစ်ဘုန်းကျော်၊ နော်ဖနိုးလယာ၊ မေဘုန်းကြည်တို့၏အဘိုးသည် ၂၇-၈-၂၀၁၅ရက်(ကြာသပတေးနေ့)ညနေ ၅း၁၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၉-၈-၂၀၁၅ရက်(စနေနေ့)နံနက် ၁၀နာရီတွင် နံ့သာကုန်းကရင်နှစ်ခြင်းအသင်းတော်၌ ဝတ်ပြုဆုတောင်းပြီး ထိန်ပင်ကရင်သုသာန်၌ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

## ဦးကွတ်ဆယ်(ခ)
### ဦးပေါက်စ
### အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ယမုံနာ(၂)ရပ်ကွက်၊ ရွာမလမ်း၊ အမှတ် ၂၈၈နေ (ဦးမိညောင် - ဒေါ်ကျင်မြ)တို့၏သား၊ (ဦးထွန်းရင်-ဒေါ်မကြီး)တို့၏သားသမက်၊ ဦးကွတ်ဖောင်-ဒေါ်ခင်အေးကြူ၊ ဦးကွတ်ရင်-ဒေါ်စန်းမော်တို့၏ညီ/မောင်၊ ဦးကွတ်တာ-ဒေါ်စန်းရွှေ၊ဦးကွတ်ခင်-ဒေါ်မေဦး၊ဦးခင်ဇော်-ဒေါ်သန်းသန်းအေး၊ (ဒေါ်သန်းသန်း)၊ ဦးသန်းဦး - ဒေါ်သန်းသန်းထွေးတို့၏အစ်ကို၊ မအေးအေးအောင်(ခ)မမော်၊ မမြတ်မြတ်မော်၊ မောင်ထွန်းထွန်းဝင်း၊ မောင်မျိုးသူ - မသူဇာဝင်းတို့၏ဖခင်၊ ဒေါ်စန်းစန်းရီ၏ခင်ပွန်းသည် ၂၆-၈-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇း၀၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၈-၈-၂၀၁၅ရက်(သောကြာနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ဖူကျန့်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁-၉-၂၀၁၅ရက် (အင်္ဂါနေ့)တွင် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးမြင့်သိန်း(ခ)ဦးဘရာ
### (မြိတ်)
### အကောက်ခွန်ရုံးကိုယ်စားလှယ်
### အသက်(၇၅)နှစ်

မြိတ်မြို့၊ မြစ်ငယ်ရပ်၊ ဒေါလမ်း၊ အမှတ် ၁၅နေ (ဦးချာလီ-ဒေါ်တင်)တို့၏သား၊ (ဒေါ်စန်းမြ)၏ခင်ပွန်း၊ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ နိဗ္ဗိန္ဒလမ်း၊ အမှတ် ၅၈၇နေ ဒေါ်ချိုချိုမြင့်-ဦးလေးမြင့်ကျော်၊ ဒေါ်ညိုညိုမြင့်၊ ဦးကိုကိုနိုင်၊ ဒေါ်မီမီဆင့်-ဦးကျော်ကျော်ထွန်း၊ဦးမျိုးသိန်းလတ်တို့၏ဖခင်၊မြေးလေးယောက်တို့၏အဘိုးသည် ၂၇-၈-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၈း၄၅နာရီတွင် သီရိစန္ဒာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၈-၂၀၁၅ရက်(စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂-၉-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်အေးအေး
### နိုင်ငံခြားရေးဝန်ကြီးဌာန(ငြိမ်း)
### အသက်(၇၃)နှစ်

[ဦးပေါ်ထွန်း (အင်ဂျင်နီယာချုပ်-ငြိမ်း၊ ရေသန့်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)]၏ချစ်လှစွာသောဇနီး၊ ဦးမောင်မောင်အေးထွန်း(Emirates Air Lines, Brisbane Australia)၊ ဒေါက်တာအေးသီတာထွန်း (Staff Specialist Canterbury Hospital, Sydney, Australia)တို့၏ ချစ်လှစွာသောမိခင်၊ Bionca Maung Htun, Ethan Ba Nyar Myat တို့၏အဘွားသည် ၂၅-၈-၂၀၁၅ရက် ည ၇း၂၀နာရီတွင်အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၉-၈-၂၀၁၅ရက် ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်အေးအေး
### နိုင်ငံခြားရေးဝန်ကြီးဌာန(ငြိမ်း)
### အသက်(၇၃)နှစ်

ဦးသာလှ (နိုင်ငံခြားရေးဝန်ကြီးဌာန၊ ငြိမ်း)-ဒေါ်ခင်နွဲ့(နိုင်ငံခြားရေးဝန်ကြီးဌာန၊ ငြိမ်း)]တို့၏သမီး၊ ဦးထွန်းထွန်း (Australia)၏ညီမ၊ (ဦးမင်းမောင်မောင်)၊ ဦးဘော်နီသာလှ(USA)၊ ဒေါ်အုန်းမမ(USA) Mu Mu Limdebauer (USA)၊ ဒေါ်စိုးမမ၊ ဦးဇင်မောင်မောင် (Germany)တို့၏အစ်မကြီး၊ မျိုးမောင်မောင်ဝင်း၊ လင်းမောင်မောင်ဝင်း(နိုင်ငံခြားရေးဝန်ကြီးဌာန)၊ (စောမိုးသဲ)၊ ဇော်မိုးဦး (USA)၊ ရဲလင်းနောင်၊ မေကြည်မောင်(USA)၊ မြရည်မွန် (USA)၊ ပန်းအိမ်ဖြူ (USA)၊ Nada-Limdebauer(USA)၊ ဆုဝေ(USA)၊ ပန်းမြတ်မွန်(Germany)၊Eric Maung (Germany)၊ မင်းဇော်ဦး(USA)တို့၏ကြီးကြီးသည် ၂၅-၈-၂၀၁၅ရက် ည ၇း၂၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၈-၂၀၁၅ ရက် ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်မြင့်မြင့်ဦး
### အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဗိုလ်သူရလမ်း၊ အမှတ် ၂၃နေ (ဦးမြမောင်)-ဒေါ်ဌေးလှိုင်တို့၏သမီး၊ ဦးတင်ဖေ-ဒေါ်ခင်စန်းဝင်းတို့၏ညီမ၊ ဦးသက်အောင်-ဒေါ်အေးသန်း၊ (ဦးကျော်ဇေယျ)-ဒေါ်အေးအေးချို၊ (ဦးမိုးကျော်သူ)တို့၏အစ်မ၊ မူဆယ်မြို့၊ ဟိုနားရပ်ကွက်နေ ဦးဝင်းမြင့်၏ဇနီး၊ မောင်ဘုန်းအောင်ကျော်-မမေရီအောင်၊မောင်ဝေယံလင်းတို့၏မိခင်၊ မောင်ဘုန်းလက်ရုံး၊မောင်ဘုန်းရဲထွဋ်တို့၏အဘွားသည် ၂၆-၈-၂၀၁၅ရက်မွန်းလွဲ ၁း၄၉နာရီတွင် မူဆယ်မြို့၊ ဟိုနားရပ်ကွက်နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၈-၈-၂၀၁၅ရက်တွင် မူဆယ်မြို့သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ခရစ်တော်၌အိပ်ပျော်ခြင်း
### PU GO ZA THANG (Taangpua Beh)
### တာဟန်း၊ ကလေးမြို့
### အသက်(၈၅)နှစ်

ချင်းပြည်နယ်၊ တီးတိန်မြို့၊ လေးလွမ်းရပ်ကွက်နေ (Pu Luan Khua Thang -Pi Don Ning)တို့၏သား၊(Pu Thuam Za Cin-Pi Niang Go Cing), (Pi Dim Khua Zen), (Pu Lian Pum-Pi Goih Za Niang),(Pu Vung Za Pau)-Pi Tual Gawh Cing(တီးတိန်)တို့၏ညီ/မောင်၊Pu Kham Zen-Pi Cing Khan Niang (ယုဇနဥယျာဉ်မြို့တော်၊ ရန်ကုန်မြို့)၊ Pu Thawng Za Suan-Pi Niang Khan Man(တာဟန်း၊ ကလေးမြို့)၊ (Tg.Hang Go Mang), (Pi Pau Za Dim-Pu Khai Khan Pau), (Tg.Kai Khan Lian),(Pi Len Khua Niang)-Pu Hang Za Lian (လမ်ဇန်)၊ Pi Ciin Khan Lun(USA)-(Pu Kham Za Dal)တို့၏အစ်ကို၊ ကလေးမြို့၊ တာဟန်းရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနေ (Pi Dam Ciin)၏ခင်ပွန်း၊ Nu Man En Vung-Rev Tuang Khan Kap (ပြည်တော်သာစံပြကျေးရွာ)၊ Nu Dim Go Niang,(Tg.Thang Khan Khai), (Tg. Cin Khan Langh),Pa Cin Suan Thang-Nu Ciin San Zo(တာဟန်း၊ ကလေးမြို့)၊ Miss Ning Khan Kimတို့၏ချစ်လှစွာသောဖခင်၊ မြေးခုနစ်ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘိုးသည် ၂၆-၈-၂၀၁၅ရက် ည ၁၀း၁၀နာရီတွင် ကလေးမြို့ တာဟန်းနေအိမ်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၈-၈-၂၀၁၅ရက် မွန်းလွဲ၂နာရီတွင်ဝတ်ပြုဆုတောင်းပြီး တာဟန်းဂိုဏ်းပေါင်းစုံခရစ်ယာန်သုသာန်သို့ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
### ဒုရဲမှူးကြီး ရဲသူရကျော်မြင့် (လ/၅၀၃၉၊ ငြိမ်း)
### ဒုပြည်နယ်ရဲတပ်ဖွဲ့မှူး၊ ရှမ်းပြည်နယ်(ကျိုင်းတုံ)
### အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ(တော်စူလျှောင်)(ဦးကျော်-ဒေါ်စိန်တင်)တို့၏သား၊ ကြည့်မြင်တိုင်မြို့နယ်နေ (ဦးအေးကြည်-ဒေါ်တင်တင်)တို့၏သားသမက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ကျောင်းကြီးလမ်း၊ အိုးဘိုရပ်ကွက်၊ အမှတ် 80 D1နေ ဒေါ်နွဲ့နွဲ့အေး၏ချစ်လှစွာသောခင်ပွန်း၊ ဦးတင့်ဝေ-ဒေါ်ခင်ဆွေလွင်၊ ဦးမြင့်ကြည်-ဒေါ်စောယုဝေ၊ ဦးသန်းအောင်(md.Cosmmate International Co.,Ltd.)-ဒေါ်ခင်ယုဝေ(MD. 81 HOTEL Inlay)တို့၏ချစ်လှစွာသောဖခင်၊ ဒေါက်တာလင်းထိုက်-ဒေါ်ပိုးဖြူခင်၊ (မောင်ဝေလွင်ဦး)၊ ဒေါက်တာအောင်ကိုဖြိုး၊ မောင်ဉာဏ်မင်းထွန်း၊ မမြတ်နိုးအိမ်၊ မောင်နိုင်လင်းထက်၊ မောင်အောင်ကျော်ထက်၊ မောင်စွမ်းမင်းထက်တို့၏အဘိုး၊ မောင်လင်းသွေးသစ်၊ မဆုဝတီထိုက်တို့၏အဘိုးသည် ၂၇-၈-၂၀၁၅ရက်(ကြာသပတေးနေ့)နံနက် ၁း၁၈နာရီတွင် ဗဟိုရိစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၈-၂၀၁၅ရက်(စနေနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၉-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါကျောင်းကြီးလမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါက်တာဝင်းမြင့်စိန်
### M.B.,B.S (Rgn) SAMA-4622
### အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ဘောက်ထော်ဘုတာရုံလမ်း၊ ပြည်သာယာအဆင့်မြင့်အိမ်ရာ၊ တိုက် ၄၊ အခန်း ၅၄နေ (ဦးလှစိန်-ဒေါ်ကြည်ခင်)တို့၏သား၊ (ဦးကျော်ငြိမ်း-ဒေါ်မြရှိန်)တို့၏သားသမက်၊ (ပါမောက္ခချုပ်ဦးမျိုးမြင့်)-ပါမောက္ခဒေါ်တင်တင်အောင်၊ ဦးခင်ဇော်-ဒေါ်ခင်လှဌေး(ဒုပါမောက္ခချုပ်၊ငြိမ်း)၊ ဦးရဲမြင့်-ဒေါက်တာမေရင်ရင်သန်းတို့၏မောင်၊ ဦးထူးမြင့်-ဒေါ်ခင်စောဝင်းတို့၏အစ်ကို၊ ဒေါ်ခင်သန်းအေး၏ခင်ပွန်း၊ ဦးနေမျိုးဝင်း၊ ဦးအောင်ဖြိုးဝင်း(ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက်)တို့၏ဖခင်ကြီးသည် ၂၇-၈-၂၀၁၅ရက် မွန်းလွဲ ၁း၂၀နာရီတွင် ဗဟိုရိစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၈-၂၀၁၅ရက်(စနေနေ့)နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်သောင်းကြည်
### (ငါးသိုင်းချောင်းမြို့)
### အသက်(၈၃)နှစ်

ငါးသိုင်းချောင်းမြို့၊ ရွှေပြည်အေးရပ်ရှင်ရုံနေ သီဟသုဓမ္မမဏိဇောတရေ (ဦးထွန်းလှိုင်)၏ဇနီး၊ ဒေါ်နှောလေး၏အစ်မ၊ ဘာမင်ဟန်ဆရာတော် ဦးဥတ္တရဉာဏ၏ရဟန်းအစ်မ၊ကပ္ပတိန်မင်းနိုင်-ဒေါက်တာမြင့်မြင့်လှိုင်၊ ဒေါက်တာခင်မောင်လှိုင် - ဒေါ်အေးအေးမွန်၊ ဦးသောင်းလှိုင်၊ ဦးကြည်လှိုင်-ဒေါ်သန်းသန်းအေး၊ ဦးတင်မောင်လှိုင်-ဒေါ်ဖြူဖြူ၊ ဦးအောင်ဇော်မြင့်-ဒေါ်ဖြူဖြူလှိုင်တို့၏မိခင်၊ မြေး ၁၂ယောက်တို့၏ဘွားဘွားကြီးသည် ၂၇-၈-၂၀၁၅ရက် နံနက် ၁၁း၁၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၉-၈-၂၀၁၅ရက် မွန်းလွဲ ၁နာရီတွင်ငါးသိုင်းချောင်းမြို့သုသာန်၌ အရိုးပြာအိုးအား ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကိုမင်းသူရ
### အသက်(၄၂)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်ချုပ်လမ်း၊ အမှတ် ၁၆၃/၆နေ (ဦးကံဝင်း) - ဒေါ်ထားထားတင်တို့၏သား၊ ဦးအောင်မြင့်-ဒေါ်ရီရီမာ၊ဦးထင်အောင် - [ဒေါ်ကြည်ကြည်မာ(ခ)နီနီ]၊ ဦးဝင်းမင်းဌေး-ဒေါ်လဲ့လဲ့မာ၊ ဦးကျော်သူရ - ဒေါ်နှင်းနှင်းကြည်တို့၏ ညီ/မောင်၊ မစောစပယ်ဝင်း၊ မောင်အောင်သူရဝင်း-မအေးအေးမွန်တို့၏ အစ်ကို၊ တူ၊ တူမ ၁၁ယောက်တို့၏ ဦးလေး၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၂၆-၈-၂၀၁၅ရက်(ကြာသပတေးနေ့)နံနက် ၆နာရီတွင် သဃ်္ဃန်းကျွန်း စံပြဆေးရုံ၌ ကွယ်လွန်သွားပါ၍ ယင်းနေ့ မွန်းလွဲ ၂း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## မြိတ်မြို့နယ်အသင်း(ရန်ကုန်)
### ဦးစူးဘွန်(ခ)
### ဦးထင်ကျော် (မြိတ်)
### အသင်းဝင်အမှတ်-၅၄၇၉
### အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၀လမ်း၊အမှတ် ၅၁၊ သုံးလွှာနေ(ဦးဟိုတင်-ဒေါ်ဘန်ကွီ)တို့၏သား၊ ဒေါ်သောင်းသောင်းနု၏ ခင်ပွန်းသည် ၂၇-၈-၂၀၁၅ရက် နံနက် ၈း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၈-၂၀၁၅ရက် (စနေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(မြိတ်အသင်းနှင့် နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) အမှုဆောင်အဖွဲ့

## ရဟန်းဒါယကာကြီး
### ဦးထွန်းဗုက်(ခ)
### ဦးထန်းဟုတ် (ဝေါမြို့)
### အသက်(၆၅)နှစ်

ရန်ကုန်မြို့၊တာမွေမြို့နယ်၊မလွကုန်း၊ ငွေးကြွယ်(က)ရပ်ကွက်၊ ကျိုက္ကဆံလမ်း၊ အမှတ် ၂၆၇နေ (ဦးဘိုးမြ-ဒေါ်ကျင်ဌေး)တို့၏သား၊ ဒေါ်စန်းရီ၏ခင်ပွန်း၊ (မောင်သိန်းထိုက်)၊(မောင်ဇော်ထွန်း)၊ မောင်သန်းထိုက်-မဇင်မာဦး၊ မောင်ကုဋေထိုက် - မဖြူမာဝင်းတို့၏ဖခင်သည် ၂၇-၈-၂၀၁၅ရက်(ကြာသပတေးနေ့) ၅း၄၅နာရီတွင် သျှင်ပါကူဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၉-၈-၂၀၁၅ရက်(စနေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၉-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ချန်ပီယံလိဂ်ခြေစစ်ပွဲ ဒုတိယအကျော့ ရွန်းနီ၏ဟက်ထရစ်သွင်းဂိုးနှင့် မန်ယူ ဂိုးပြတ်နိုင်



ယူအီးအက်ဖ်အေချန်ပီယံလိဂ်ခြေစစ်ပွဲ ဒုတိယအကျော့ပွဲစဉ်တွင် ဘယ်လ်ဂျီယံကလပ် ဘရူဂျက်နှင့် အင်္ဂလန်ကလပ် မန်ယူတို့ ဩဂုတ် ၂၇ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ မန်ယူအသင်း အဝေးကွင်း၌ လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကာ နှစ်ကျော့ပေါင်းရလဒ် ခုနစ်ဂိုး-တစ်ဂိုးဖြင့် အုပ်စုပွဲသို့ တက်ရောက်ခဲ့သည်။

ပထမအကျော့ မန်ယူအိမ်ကွင်း အိုးထရက်ဖို့ဒ်၌ သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိထားပြီး ဒုတိယအကျော့အဝေးကွင်း၌ ဂိုးမသွင်းနိုင်ဘဲ ခြေစွမ်းပျောက်နေသော တိုက်စစ်မှူး ရွန်းနီက ပွဲချိန် မိနစ် ၂၀၊ ၄၉ မိနစ်၊ ၅၇ မိနစ်တို့တွင် ဟက်ထရစ်သွင်းဂိုးနှင့်အတူ ဂိုးများပြန်လည်သွင်းယူလာခဲ့ပြီး နည်းပြဗန်ဟားလ်၏ ယုံကြည်မှုကို အကောင်အထည်ဖော်နိုင်ခဲ့သည်။ ပွဲချိန် ၆၃ မိနစ်တွင် ဟာရဲရားက မန်ယူအတွက် ***စာမျက်နှာ ၆ ကော်လံ ၆*** ❄



# မြန်မာ ယူ-၁၉ အသင်း တီမောနှင့် သရေကျ

သတင်း-ညီမြတ်သော်တာ ➤ ဓာတ်ပုံ- MFF

**ဗီယန်ကျင်း ဩဂုတ် ၂၇**

လာအိုနိုင်ငံ၌ ကျင်းပလျက်ရှိသည့် အာဆီယံယူ-၁၉ ပြိုင်ပွဲ အုပ်စု(ခ)ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဗီယန်ကျင်းမြို့ရှိ အမျိုးသားအားကစားကွင်း၌ ကျင်းပရာ မြန်မာနှင့် တီမောအသင်းတို့ တစ်ဂိုးစီ သရေကျခဲ့သည်။

**မြန်မာ ယူ-၁၉ - တစ်ဂိုး**
**တီမော ယူ-၁၉ - တစ်ဂိုး**

ဆီမီးဖိုင်နယ် တက်ရောက်ရေးအတွက် အရေးပါသည့်ပွဲစဉ်တွင် မြန်မာအသင်းသည် နိုင်ပွဲပျောက်ဆုံးခဲ့ပြီး သရေတစ်မှတ်ရရှိရန် ရုန်းကန်ခဲ့ရသည်။ အကောင်းဆုံးပုံစံပြသနိုင်ခြင်းမရှိသည့် မြန်မာအသင်းသည် ပွဲအစ၌ ဂိုးစောစီးစွာပေးခဲ့ရ၍ ခက်ခက်ခဲခဲကစားခဲ့ရပြီး ပွဲပြီးခါနီး နာကျင်အချိန်ပိုဂိုးကြောင့်သာ ရှုံးပွဲမကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။ မြန်မာအသင်းသည် လက်ရှိ ခြေစွမ်းပိုင်းကြောင့် နောက်တစ်ဆင့်တက်ရန် ရုန်းကန်ရဖွယ်ရှိနေသည်။

ပွဲအစ တစ်မိနစ်မပြည့်မီမှာပင် မြန်မာအသင်း ဂိုးစပေးခဲ့ရပြီး မြန်မာနောက်တန်း အမှားကို အခွင့်ကောင်းယူကာ ***စာမျက်နှာ ၄ ကော်လံ ၅*** ◆

မြန်မာနှင့်တီမောအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

**နေပြည်တော် ဩဂုတ် ၂၇**

ယနေ့ မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## ယနေ့ ဖတ်စရာ

**နိုင်ငံရေးပါတီများ ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခွင့်ပြုလုပ်ရာတွင် လိုက်နာကြရမည့်ကြေညာချက် ထုတ်ပြန်**
စာမျက်နှာ » ၁၀

**နိုင်ငံတော်အနေဖြင့် ဂြိုဟ်တုနည်းပညာပိုင်ဆိုင်ရေးအတွက် ရေတိုရေရှည်စီမံကိန်းများ ချမှတ်ဆောင်ရွက်သွားရန်ရှိ**
စာမျက်နှာ » ၁၁







mmalin.npt @ gmail.com, www.facebook.com/MYANMAALINNEWS

မြန်မာ့အလင်း

၂၀၁၅ခုနှစ်၊ ဩဂုတ် ၂၈ ရက်၊ သောကြာနေ့။




လူမှုစီးပွား

**ဘက်စုံဖွံ့ဖြိုးတိုးတက်နေသော ရန်ကုန်တိုင်းဒေသကြီး အရှေ့ခြမ်းမှ မြို့တစ်မြို့**

စာ - ၃





ပြည်တွင်းရေးရာ


**ကလေးမြို့နယ်ရှိ ပြောင်းရွှေ့လိုကြသည့် ရေဘေးသင့်ကျေးရွာများအတွက် နှစ်မျိုးနှစ်စားစီမံထားရှိ**

စာ - ၄










# ချယ်လ်ဆီးနှင့် သူ၏ ပကတိအရှိတရား

ဇရာသီအဖွင့်နှစ်ပွဲမှာ ချယ်လ်ဆီးနိုင်ပွဲမရဘူး။ ဆွမ်ဆီးနဲ့ နှစ်ဂိုးစီသရေ၊ မန်စီးတီးကို သုံးဂိုးပြတ်နဲ့ရှုံးတယ်။ နှစ်ပွဲကစား ရမှတ်တစ်မှတ်နဲ့ ရပ်တည်မှုက အဆင့် ၁၆ ဆိုတော့။ အရှင်းဆုံးပြောမယ်။ ပရီမီယာလိဂ် ချန်ပီယံဆုကာကွယ်နိုင်မှု ရှိမရှိမှာ အရင်က မထားခဲ့ကြတဲ့ သံသယအချို့ ချယ်လ်ဆီးအပေါ် တည်မှီစပြုလာတယ်။ မော်ရင်ညိုစကိုင်တုန်းကလို နှစ်ရာသီဆက်ချန်ပီယံဖြစ်ရေးမှာ ချယ်လ်ဆီးအပေါ်ယုံကြည်သူနည်းလာတယ်လို့လည်း ဆိုနိုင်တယ်။

အထူးသဖြင့် အရင်က ချယ်လ်ဆီးအပေါ် အကောက်အယူလုပ်မှုမှာ အကောင်းဘက်သက်ရောက်မှုအားများတယ်။ အဓိကအကြောင်းတရားက ပြိုင်ဘက်ဝန်းကျင်တည်ငြိမ်မှုအား နည်းပါးခြင်းပဲ။ အရှင်းဆုံးပြောရရင် လီဗာပူးကအပြောင်းအလဲများတယ်။ ကစားသမားအဝင် ထုနဲ့ထည်နဲ့ရှိမှုအရ လီဗာပူးဟာ အသင်းလိုက်တည်ငြိမ်မှု ဟန်တစ်ခုကို အချိန်အတိုင်းအတာတစ်ခုအထိ ပြန်လည်တည်ဆောက်ယူရမယ်လို့ အကောက်အယူလုပ်ကြသလို မန်ယူနဲ့ အာဆင်နယ်ကလည်း ထိရောက်ပြည့်ဝတဲ့ ဖြည့်တင်းမှုမရှိဘူး။ နှစ်သင်းစလုံးဟာ အဓိကလိုအပ်တဲ့ အဆုံးသတ်သေချာတဲ့ တိုက်စစ်မှူးကို အခုထိ မခေါ်နိုင်သေးသလို ခံစစ်ကိုလည်း ဖြည့်တင်းမှုမရှိကြဘူး။

စာမျက်နှာ ၂ သို့

## ပရီမီယာလိဂ်ပွဲစဉ် (၄)

**စနေနေ့ (၂၉-၈-၁၅)**

| | | | |
|---|---|---|---|
| ည ၆း၁၅ | နယူးကာဆယ် | - | အာဆင်နယ် |
| ည ၈း၃၀ | ချယ်လ်ဆီး | - | ပဲလေ့စ် |
| ည ၈း၃၀ | ဘုန်းမောက် | - | လက်စတာ |
| ည ၈း၃၀ | ဗီလာ | - | ဆန်းဒါးလန်း |
| ည ၈း၃၀ | မန်စီးတီး | - | ဝက်ဖို့ဒ် |
| ည ၈း၃၀ | စတုတ် | - | ဝက်စ်ဘရွန်း |
| ည ၈း၃၀ | လီဗာပူး | - | ဝက်စ်ဟမ်း |
| ည ၁၁း၀၀ | စပါး | - | အဲဗာတန် |

**တနင်္ဂနွေနေ့ (၃၀-၈-၁၅)**

| | | | |
|---|---|---|---|
| ည ၇း၀၀ | ဆောက်သမ်တန် | - | နော့ဝှစ်ချ် |
| ည ၉း၃၀ | ဆွမ်ဆီး | - | မန်ယူ |

## စီးရီးအေပွဲစဉ် (၂)

**စနေနေ့ (၂၉-၈-၁၅)**

| | | | |
|---|---|---|---|
| ည ၁၀း၃၀ | ဘိုလော့နာ | - | ဆက်ဆူအိုလို |
| နံနက် ၁း၁၅ (တနင်္ဂနွေနံနက်) | အေစီမီလန် | - | အမ်ပိုလီ |

**တနင်္ဂနွေနေ့ (၃၀-၈-၁၅)**

| | | | |
|---|---|---|---|
| ည ၁၀း၃၀ | ရိုးမား | - | ဂျူဗင်တပ်စ် |
| နံနက် ၁း၁၅ (တနင်္လာနံနက်) | အတ္တလန္တာ | - | ဖရိုစီနုံနီ |
| နံနက် ၁း၁၅ (တနင်္လာနံနက်) | ကာပီ | - | အင်တာမီလန် |
| နံနက် ၁း၁၅ (တနင်္လာနံနက်) | ချီယေဗို | - | လာဇီယို |
| နံနက် ၁း၁၅ (တနင်္လာနံနက်) | ဂျီနိုအာ | - | ဗီရိုနာ |
| နံနက် ၁း၁၅ (တနင်္လာနံနက်) | နာပိုလီ | - | ဆမ်ဒိုးရီးယား |
| နံနက် ၁း၁၅ (တနင်္လာနံနက်) | တိုရီနို | - | ဖီအိုရင်တီးနား |
| နံနက် ၁း၁၅ (တနင်္လာနံနက်) | အူဒီးနီးစ် | - | ပါလာမို |

## စပိန်လီဂါပွဲစဉ် (၂)

**သောကြာနေ့ (၂၈-၈-၁၅)**

| | | | |
|---|---|---|---|
| နံနက် ၁း၀၀ (စနေနံနက်) | ဗီလာရီးရဲ | - | အက်စ်ပန်ညို |

**စနေနေ့ (၂၉-၈-၁၅)**

| | | | |
|---|---|---|---|
| ည ၁၁း၀၀ | ဆိုစီဒက် | - | ဂီတွန် |
| နံနက် ၁း၀၀ (တနင်္ဂနွေနံနက်) | ဘာစီလိုနာ | - | မာလာဂါ |
| နံနက် ၂း၃၀ (တနင်္ဂနွေနံနက်) | ဆယ်တာဗီဂို | - | ဗယ်လက်ကာနို |
| နံနက် ၃း၀၀ (တနင်္ဂနွေနံနက်) | ရီးရဲ | - | ဘက်တစ် |

**တနင်္ဂနွေနေ့ (၃၀-၈-၁၅)**

| | | | |
|---|---|---|---|
| ည ၁၁း၀၀ | အီဘာ | - | ဘီလ်ဘာအို |
| နံနက် ၁း၀၀ (တနင်္လာနံနက်) | ဆီဗီလာ | - | အက်သလက် |
| နံနက် ၁း၀၀ (တနင်္လာနံနက်) | ဗလင်စီယာ | - | ဒီပို့တီဗို |
| နံနက် ၃း၀၀ (တနင်္လာနံနက်) | လက်ပဲလ်မတ် | - | လီဗန်တေး |
| နံနက် ၃း၀၀ (တနင်္လာနံနက်) | ဂီတာဖေး | - | ဂရန်နာဒါ |

## ဘွန်ဒက်စ်လီဂါပွဲစဉ်(၃)

**သောကြာနေ့ (၂၈-၈-၁၅)**

| | | | |
|---|---|---|---|
| နံနက် ၁း၀၀ (စနေနံနက်) | ဝုဖ်ဘတ် | - | ရှော်လ်ကေး |

**စနေနေ့ (၂၉-၈-၁၅)**

| | | | |
|---|---|---|---|
| ည ၈း၀၀ | စတုဂတ် | - | ဖရန့်ဖတ် |
| ည ၈း၀၀ | အော့စ်ဘတ် | - | အင်ဂိုဆလပ် |
| ည ၈း၀၀ | ကိုလုံး | - | ဟမ်းဘတ် |
| ည ၈း၀၀ | မိန့်ဇ် | - | ဟန်နိုဗာ |
| ည ၈း၀၀ | ဒရန်စတက် | - | ဟော့ဖန်ဟိမ်း |
| ည ၁၁း၀၀ | ဘိုင်ယန် | - | လေဗာကူဆင် |

**တနင်္ဂနွေနေ့ (၃၀-၈-၁၅)**

| | | | |
|---|---|---|---|
| ည ၈း၀၀ | ဒေါ့မွန် | - | ဟာသာဘာလင် |
| ည ၁၀း၀၀ | ဝါဒါဘရီမင် | - | ဂလာဘတ်ချ် |

## ချယ်လ်ဆီးနှင့် သူ၏ပကတိအရှိတရားမှ

ဒီတော့ ဒီရာသီပရီမီယာလိဂ်မှာ မော်ရင်ညိုရဲ့ ချယ်လ်ဆီးကို တုဖက်ပြိုင်နိုင်တဲ့အသင်းနည်းတယ်။ မန်စီးတီးလောက်သာ ပခုံးချင်းယှဉ်နိုင်မယ့် အခြေအနေမှာရှိပြီး လီဗာပူး၊ အာဆင်နယ်၊ မန်ယူတို့က စိန်ခေါ်သူစစ်စစ်မဖြစ်နိုင်ဘူးလို့ လက်ခံကြတာနဲ့အမျှ ချယ်လ်ဆီးရဲ့ ချန်ပီယံဆုကာကွယ်ရေးလျှောက်လမ်းအပေါ် သံသယမထားခဲ့ကြဘူး။ အထူးသဖြင့် ချယ်လ်ဆီးရဲ့ ပကတိအရှိတရားဟာ တည်ငြိမ်မှုသဘောဆောင်တယ်။ ပြောမယ်ဆိုရင်ပေါ့။ သူတို့ဟာ မနှစ်ကအတိုင်း မပြတ်ဘူး။ ဒီတော့ သူတို့အစုအဖွဲ့ရဲ့ အင်အားဟာ မနှစ်ကထက်တောင် ပိုပြီး ပြီးပြည့်စုံမယ်လို့ တွက်ဆခဲ့ကြသော်ငြား လက်တွေ့မှာ ထင်သလိုဖြစ်မလာတဲ့အခါ ဘာကြောင့်လဲဆိုတာကအစ ချင့်တွက်အဖြေထုတ်ကြည့်ချင်စရာလို ဖြစ်လာတယ်။

တချို့ကတော့ ချယ်လ်ဆီးရဲ့ဖြစ်တည်မှုမှာ မော်ရင်ညိုဟာ အခြေခံကျပါတယ်လို့ ဆိုကြတယ်။ ပြောမယ်ဆိုရင်ပေါ့ မန်စီးတီးနဲ့ပွဲမှာ ဖာဘရီဂတ်စ်ကို ကွင်းလယ်အဖျက်ပိုင်းမှာ သုံးတယ်။ အဲဒီမှာ ဖာဘရီဂတ်စ်ဟာ ကွင်းလယ်အဖျက်နေရာမှာ လုံးဝမကစားတတ်တော့ ချယ်လ်ဆီးရဲ့ ကွင်းလယ်အဖျက်အားက သိသိသာသာကျသွားတယ်။ ပြောချင်တာက မော်ရင်ညိုရဲ့ ချယ်လ်ဆီးဟာ ပြောခဲ့ပြီးတဲ့အတိုင်း လူစာရင်းက အပြောင်းအလဲမရှိဘဲ မနှစ်ကစတိုင်အတိုင်း ဆက်ရှိနေမယ်ဆိုသော်ငြား အယူအဆနဲ့ ဗျူဟာပိုင်းမှာတော့ အပြောင်းအလဲရှိတယ်။ ကစားသမားနေရာချထားမှုအပြင် ကစားပုံနဲ့ ကစားဟန်မှာပါ အပြောင်းအလဲရှိတယ်။ အရှင်းဆုံးပြောရရင် မော်ရင်ညိုကိုယ်တိုင်ကိုယ်က ဒီရာသီမှာ ဘယ်သူမှမထင်ထားတဲ့ ကစားဟန်နဲ့ ပွဲထွက်လာမယ်လို့ ရာသီမစခင်ကတည်းက ပြောခဲ့တာဆိုတော့။ ပြောမယ်ဆိုရင် ချယ်လ်ဆီးမှာ မော်ရင်ညိုကြောင့် ဗျူဟာပိုင်းဆိုင်ရာ အပြောင်းအလဲဖြစ်တယ်။ အဲဒါနဲ့အတူ အသင်းဟာလည်း တည်ငြိမ်မှုမဲ့တယ်လို့ဆိုကြတယ်။

ဒါပေမယ့် တချို့ကတော့ ချယ်လ်ဆီးရဲ့ဖြစ်စဉ်မှာ အခြေခံအကြောင်းတရားဟာ အဲဒီအချက်တစ်ခုတည်းမဟုတ်ဘူးလို့ ဆိုကြတယ်။ ပြောမယ်ဆိုရင် ချယ်လ်ဆီးဟာ ပရီမီယာလိဂ်ရာသီမစခင်မှာ ထိမိတဲ့အင်အားဖြည့်တင်းမှုမလုပ်ဘူး။ ထွက်သွားတဲ့ ပီတာဆက်ချ်ရဲ့နေရာမှာ ဘီဂိုဗစ်နဲ့ အစားထိုးတယ်။ ဒရော့ဘာရဲ့နေရာမှာ ဖယ်ကာအိုကို အငှားနဲ့ ပြန်ဖြည့်မှုလောက်ပဲလုပ်တယ်။ အဲဒီမှာ ဖယ်ကာအိုက မျှော်လင့်သလို ခြေစွမ်းမပြနိုင်ဘူး။ ဒီတော့ တိုက်စစ်မှာ အရန်အင်အားမရှိသလို ဖြစ်သွားတယ်။ ဒီတော့ ကော်စတာတိုးမရတဲ့ပွဲနဲ့ ခြေစွမ်းမပြနိုင်တဲ့ပွဲတွေမှာ တိုက်စစ်ပိုင်းကို အပြောင်းအလဲလုပ်ဖို့ခက်သွားသလို မော်ရင်ညိုဟာ အဓိကအားနည်းတဲ့ ဗဟိုခံစစ်ကိုလည်း မဖြည့်တော့ ခံစစ်ကအစ မလုံတော့ဘူး။



ပြောမယ်ဆိုရင် ချယ်လ်ဆီးမှာ ဗဟိုခံစစ်မှူးကောင်းရှားတယ်။ တယ်ရီ၊ အိုင်ဗန်နိုဗစ်၊ ကာဟေးလ်၊ ဇူးမားတို့ပဲရှိတယ်။ အဲဒီအထဲမှာ တယ်ရီဟာ မနှစ်ကလောက်တောင် ကြံ့ခိုင်မှုရော ခြေစွမ်းပါမကောင်းတော့တဲ့အခါ ခံစစ်ကိုအပြောင်းအလဲလုပ်ဖို့အတွက်ပါ ခက်သွားတယ်။ ပြောရရင် ရှေ့နှစ်ပွဲဖြစ်တဲ့ ဆွမ်ဆီး၊ မန်စီးတီးတို့နဲ့ပွဲတွေမှာ ငါးဂိုးအထိပေးခဲ့ရတာဟာ ချယ်လ်ဆီးခံစစ်အရင်လို မဟုတ်ဘူးဆိုတာ မြင်သာတယ်။ ဒီတော့ အဲဒါကိုအခြေခံပြီးပြောရင် အခု မော်ရင်ညိုဟာ ပက်ဒရိုကိုခေါ်တယ်။ ဘာသာရာဟမ်ကိုလည်း ခေါ်တယ်ဆိုသော်ငြား မပြည့်စုံနိုင်သေးဘူးလို့ ဆိုကြတယ်။

ပြောချင်တာက ပက်ဒရိုရောက်လာမှုဟာ ချယ်လ်ဆီးတိုက်စစ်ကို ပိုပြီးအားကောင်းစေမယ်လို့ တွက်ကြတယ်။ တကယ်လည်း ပက်ဒရို စပြီးပွဲထွက်တဲ့ ဝက်စ်ဘရွန်းနဲ့ပွဲမှာ ချယ်လ်ဆီးနိုင်ပွဲစရတယ်။ အဲဒီမှာ ချယ်လ်ဆီးက သုံးဂိုးသွင်းတော့ ပက်ဒရိုက ကိုယ်တိုင်တစ်ဂိုးသွင်းသလို နောက်တစ်ဂိုးကလည်း ပက်ဒရိုရဲ့ကန်ချက်ကို ကော်စတာက ပိတ်သွင်းခဲ့တာဆိုတော့ ပက်ဒရိုကိုရလိုက်ခြင်းဟာ ချယ်လ်ဆီးတိုက်စစ်အတွက် ထိရောက်တဲ့ဖြည့်တင်းမှုလို့ဆိုနိုင်သော်ငြား အဲဒီပွဲမှာ နှစ်ဂိုးပြန်ပေးခဲ့ရတဲ့ ချယ်လ်ဆီးခံစစ်ပိုင်းကျတော့ ထောက်ရှုဝေဖန်ချင်စရာဖြစ်လာတယ်။ ပြောရမယ်ဆိုရင် အဲဒီပွဲမှာ ချယ်လ်ဆီးဟာ နှစ်ဂိုးပေးရတယ်။ ပယ်နယ်တီတစ်ကြိမ်ပေးရပြီး အနီကတ်တစ်ခု အပြခံရတာကိုကြည့်ရုံနဲ့တင် ချယ်လ်ဆီးခံစစ်ရဲ့ ဖရိုဖရဲနိုင်မှုကို မြင်သာတယ်ဆိုပြီး ကောက်ချက်ဆွဲထောက်ပြကြတယ်။

အထူးသဖြင့် လက်ရှိချယ်လ်ဆီးရဲ့ခံစစ်မှာ အက်စ်ပီလီကျူသာရှိတယ်။ အိုင်ဗန်နိုဗစ်၊ ကာဟေးလ်၊ ဇူးမား၊ တယ်ရီတို့ရှိပြီး ရာဟမ် ထပ်ရောက်တယ်။ ဒါပေမယ့် အဲဒီစုဖွဲ့မှုက မပြည့်စုံဘူး။ ပြောရရင် ရာဟမ်က ဘယ်တောင်ပံခံစစ်ကစားသမား။ ဒီအတွက် ရာဟမ်ကို ဘယ်တောင်ပံခံစစ်မှာသုံးရင် အက်စ်ပီလီကျူတာကို သူ့ရဲ့ပုံမှန်နေရာဖြစ်တဲ့ ညာတောင်ပံမှာ သုံးတဲ့အခါ ကာဟေးလ်နဲ့ အိုင်ဗန်နိုဗစ်ကို ဗဟိုခံစစ်မှာသုံးနိုင်မယ်။ ဒါဆို တယ်ရီကျရိပ်ပြလာမှုကြောင့် ယိုယွင်းလာတဲ့ ဗဟိုခံစစ်ဟာ ကာဟေးလ်နဲ့ အိုင်ဗန်နိုဗစ်တော့ ကျစ်လျစ်သွားနိုင်သော်ငြား ချယ်လ်ဆီးခံစစ်အတွက် အရန်အင်အားစုဟာ တယ်ရီနဲ့ ဇူးမားတို့ပဲရှိမယ်လို့ ယူဆကြတယ်ဆိုတော့ ချယ်လ်ဆီးခံစစ်ဟာ ရာဟမ်ရောက်လာရုံနဲ့ ပြည့်စုံပြီလို့ ဆိုနိုင်ပါ့မလား။

ပြောမယ်ဆိုရင် အခုချယ်လ်ဆီးဟာ သုံးပွဲကစားပြီးချိန်မှာ ခုနစ်ဂိုးအထိပေးခဲ့ရပြီး ဒီအတွက် ချယ်လ်ဆီးအနေနဲ့ ချန်ပီယံဆုကာကွယ်နိုင်ရေးမှာ အဲဒီယိုကွက်ကို အချိန်မီပြုပြင်နိုင်ဖို့ သိပ်ကိုလိုတယ်လို့ပဲ ဆိုချင်တယ်။

■ ဝေမိုးဆက်

## ချန်ပီယံဖြစ်လိုပါက ချယ်လ်ဆီးကဲ့သို့ ရှုံးပွဲနည်းရန်လိုအပ်ကြောင်း အာဆင်နယ်ခံစစ်မှူး မာတီဆက်ကာ ဖွင့်ဟ



အာဆင်နယ်အသင်းအနေဖြင့် ပရီမီယာလိဂ်ချန်ပီယံအဖြစ် အောင်ပွဲရယူလိုပါက ယမန်နှစ်ရာသီတွင် ချန်ပီယံအဖြစ် အောင်ပွဲခံနိုင်ခဲ့သည့် ချယ်လ်ဆီးအသင်းကဲ့သို့ တစ်ရာသီအတွင်း ရှုံးပွဲနည်းနိုင်သမျှ နည်းစေရေးအတွက် လုပ်ဆောင်နိုင်ရန် လိုအပ်မည်ဖြစ်ကြောင်း အာဆင်နယ်အသင်း ဗဟိုခံစစ်မှူး မာတီဆက်ကာက ထုတ်ဖော်ပြောဆိုလိုက်သည်။

ယခုနှစ် ပရီမီယာလိဂ်ရာသီအဖွင့်ပွဲအဖြစ် ဝက်စ်ဟမ်းကို အိမ်ကွင်းတွင် လက်ခံကစားခဲ့သောပွဲ၌ ၂-၀ ဖြင့် အရေးနိမ့်ခဲ့ရသည့် အာဆင်နယ်အသင်းသည် ၂၀၁၄-၁၅ ခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲတွင် ရှုံးပွဲ ခုနစ်ပွဲကြုံတွေ့ခဲ့ရကာ အဆင့် (၃)နေရာတွင်သာ ရပ်တည်နိုင်ခဲ့သည်။

"အာဆင်နယ်အသင်းအနေနဲ့ ချန်ပီယံ ချယ်လ်ဆီးနဲ့ နှိုင်းယှဉ်နိုင်ဖို့ဆိုရင် ချယ်လ်ဆီးလိုပဲ ရှုံးပွဲအနည်းငယ်သာ ကြုံတွေ့ရအောင် စွမ်းဆောင်နိုင်ဖို့ လိုပါတယ်။ ချယ်လ်ဆီးအသင်းဟာ ပြီးခဲ့တဲ့ ပရီမီယာလိဂ်ရာသီမှာ ရှုံးပွဲ သုံးပွဲပဲရှိခဲ့တယ်။ ဒါက ချယ်လ်ဆီးကို ကျွန်တော်တို့မယှဉ်နိုင်သေးတဲ့ အချက်ဖြစ်ပါတယ်။ အာဆင်နယ်အသင်းဟာ အမှတ်ပေးပြိုင်ပွဲ တစ်ရာသီမှာ ရှုံးပွဲ ၆ ပွဲ၊ ၇ ပွဲ၊ ၈ ပွဲလောက် ကြုံတွေ့နေရတယ်။ ဒီလို ရှုံးပွဲအရေအတွက်ဟာ ချန်ပီယံဖြစ်လာဖို့အတွက် မလုံလောက်ပါဘူး"ဟု ပြောသွားသည်။

အာဆင်နယ်အသင်းသည် လာမည့် စက်တင်ဘာ ၁၉ ရက်တွင် ချယ်လ်ဆီးအသင်း၏ အိမ်ကွင်း စတမ်းဖို့ဒ်ဘရစ်ချ်၌ သွားရောက်ရင်ဆိုင်ရမည်ဖြစ်သည်။

ဂျာမနီဗဟိုခံစစ်မှူး မာတီဆက်ကာ(၃၀နှစ်)က ကစားသမားဘဝမှ အနားယူပြီးချိန် နည်းပြလောကသို့ဝင်ရောက်ရန် ရည်မှန်းထားခြင်းမရှိကြောင်း၊ ကစားသမားဘဝ ကုန်ဆုံးချိန်တွင် ဂျာမနီနိုင်ငံသို့ ပြန်လည်ပြောင်းရွှေ့နေထိုင်ရန် မိမိနှင့် ဇနီးဖြစ်သူတို့ ရည်မှန်းထားကြောင်း ပြောဆိုခဲ့သည်။

"ဂျာမနီကိုမပြန်ဘူးဆိုရင် ကျွန်တော်တို့ရဲ့ ဥယျာဉ်တွေကို ဘယ်သူကကြည့်ရှုထိန်းသိမ်းပေးမှာလဲ"ဟု မာတီဆက်ကာက ပြောဆိုခဲ့သည်။

ခံစစ်မှူး မာတီဆက်ကာသည် ၂၀၁၄ ခုနှစ် မတ်လအစောပိုင်းတွင် အာဆင်နယ်အသင်းနှင့် နှစ်နှစ်သက်တမ်းရှိ စာချုပ်သစ် ချုပ်ဆိုခဲ့ပြီး အဆိုပါစာချုပ်အရ ၂၀၁၇ ခုနှစ်အထိ အာဆင်နယ်တွင် ရှိနေမည်ဖြစ်သည်။ မာတီဆက်ကာသည် ပြီးခဲ့သည့်ဘောလုံးရာသီတွင် အာဆင်နယ်အတွက် စုစုပေါင်း ၄၈ ပွဲ ပါဝင်ကစားခဲ့ပြီး နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။

**အောင်က**

## ကမ္ဘာ့အဆင့် ၂ နေရာကို ဆွစ်ဇာလန်တင်းနစ်သမား ဖက်ဒါရာ ရယူနိုင်ခဲ့

*ပရော်ဖက်ရှင်နယ် တင်းနစ်အဖွဲ့ (ATP)မှ ပြီးခဲ့သည့် ဩဂုတ် ၂၄ ရက်တွင် ထုတ်ပြန်ခဲ့သော ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် ဆွစ်ဇာလန်တင်းနစ်သမား ရော်ဂျာဖက်ဒါရာသည် ကမ္ဘာ့အဆင့် ၂ နေရာသို့ တက်ရောက်လာနိုင်ခဲ့သည်။*

*အဆိုပါ ကမ္ဘာ့အဆင့်သတ်မှတ်ချက်၌ အဆင့် ၁ နေရာကို ဆားဘီးယားတင်းနစ်သမား နိုဗက်ဂျိုကိုဗစ်က ဆက်လက်ရယူနိုင်ခဲ့ပြီး အသက် ၃၄ နှစ်အရွယ် ဖက်ဒါရာသည် ယခင် အဆင့် ၃ နေရာမှ အဆင့် ၂ နေရာအား ဗြိတိန်တင်းနစ်သမား အင်ဒီမာရေးထံမှ လွှဲပြောင်းရယူနိုင်ခဲ့ခြင်းဖြစ်သည်။ အသစ်ထွက်ပေါ်လာသည့် ကမ္ဘာ့အဆင့်သတ်မှတ်ချက်၏ အဆင့်လေးနေရာမှ အဆင့် ၁၁ နေရာအထိ အပြောင်းအလဲမရှိခဲ့ပေ။*

*ကမ္ဘာ့အဆင့် ၁ တင်းနစ်သမားဟောင်း ရော်ဂျာဖက်ဒါရာသည် ပြီးခဲ့သည့် ဩဂုတ် ၁၅ ရက်မှ ၂၃ ရက် အထိ အမေရိကန်နိုင်ငံ အိုဟိုင်းယိုးပြည်နယ်တွင် ကျင်းပခဲ့သော ၂၀၁၅ ခုနှစ် Western & Southern Open တင်းနစ်ပြိုင်ပွဲ၏ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် ဗိုလ်စွဲနိုင်ခဲ့ခြင်းကြောင့် ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် တစ်နေရာမြင့်တက်လာခဲ့ခြင်းဖြစ်သည်။ ၂၀၁၅ ခုနှစ် ဂရင်ဆလမ်ပြိုင်ပွဲလေးခုအနက် နောက်ဆုံးပြိုင်ပွဲဖြစ်သော အမေရိကန်အိုးပင်းပြိုင်ပွဲအကြိုအဖြစ် ကျင်းပသည့် Western & Southern Open တင်းနစ်ပြိုင်ပွဲ၌ ဖက်ဒါရာသည် ဆီမီးဖိုင်နယ်အဆင့်၌ အင်ဒီမာရေးအား ၆-၄၊ ၇-၆ (၈-၆)ဖြင့် အနိုင်ရခဲ့ပြီး ဗိုလ်လုပွဲတွင် ကမ္ဘာ့အဆင့် ၁ နိုဗက်ဂျိုကိုဗစ်အား ၇-၆(၇-၁)၊ ၆-၃ ဖြင့် အနိုင်ရဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ Western & Southern Open တင်းနစ်ပြိုင်ပွဲ၌ ဖက်ဒါရာက အင်ဒီမာရေးနှင့် ဂျိုကိုဗစ်တို့အား အနိုင်ရရှိခဲ့ခြင်းသည် ပြိုင်ပွဲတစ်ခုတည်း၌ ကမ္ဘာ့အဆင့် ၁ နှင့် ၂ တို့ကို ပထမဆုံးအကြိမ် အနိုင်ရရှိခြင်းဖြစ်ပြီး အဆိုပါပြိုင်ပွဲတွင် ချန်ပီယံဆုကို (၇)ကြိမ်မြောက် ရရှိခဲ့ခြင်းဖြစ်သည်။*

*ဖက်ဒါရာသည် ကမ္ဘာ့အဆင့် ၂ အဖြစ် သတ်မှတ်ခံခဲ့ရခြင်းကြောင့် လာမည့် ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၁၃ ရက်အထိကျင်းပမည့် အမေရိကန်အိုးပင်း အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၌ ဗိုလ်လုပွဲမတိုင်မီအထိ ကမ္ဘာ့အဆင့် ၁ ဖြစ်သူ ဂျိုကိုဗစ်နှင့် ရင်ဆိုင်ရမည်မဟုတ်ပေ။*

*ဖက်ဒါရာသည် ၂၀၀၄၊ ၂၀၀၅၊ ၂၀၀၆၊ ၂၀၀၇ နှင့် ၂၀၀၈ ခုနှစ် အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲများတွင် ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့ဖူးသူဖြစ်သည်။*



**ဖက်ဒါရာအား ၂၀၁၅ ခုနှစ် Western & Southern Open ချန်ပီယံဆုနှင့်အတူ တွေ့ရစဉ်။**

ရန်ကုန်တိုင်းဒေသကြီး

# ဘက်စုံဖွံ့ဖြိုးတိုးတက်နေသော ရန်ကုန်တိုင်းဒေသကြီးအရှေ့ခြမ်းမှ မြို့တစ်မြို့

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က စေလွှတ်လိုက်သော ကားတစ်စီးဖြင့် ကျွန်တော် သုံးခွမြို့သို့ ဩဂုတ်လ နောက်ဆုံးပတ်က ရောက်ရှိသွားခဲ့သည်။ သုံးခွသည် ကျွန်တော့် ဇာတိမြေ ခရမ်းနှင့် တစ်ဆက်တစ်စပ်တည်း ရှိနေပြီး မုတ္တမပင်လယ်ကွေ့နှင့် ထိစပ်နေသော ရန်ကုန်တိုင်းဒေသကြီးမှ မြို့တစ်မြို့ ဖြစ်သည်။

ခရမ်းနှင့် ၁၀ မိုင်ခန့်အကွာမှ မြို့တစ်မြို့ ဖြစ်သည့်နည်းတူ ကျွန်တော်ခရမ်းတွင်ရှိသည့် အချိန်က ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ဖြစ်သော်လည်း ထိုမြို့သည် ယခင်က ကျွန်တော့်ဇာတိမြို့နှင့်အတူ ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးသောစာရင်းတွင် ပါဝင်ခဲ့သည်။ သုံးခွမြို့ကို ၁၁၅၂ ခုနှစ် ဟံသာဝတီမင်းလက်ထက် မှော်ဝန်းချောင်း (လက်ရှိ ကျောက်တန်းမြို့နယ်ဘက်သို့ စီးဆင်းနေသည့်ချောင်း)၊ သိင်္ဂီချောင်း၊ တကောချောင်း စသည့် ချောင်းသုံးချောင်းဆုံရာတွင် မြို့တည်ထောင်ထားသောကြောင့် သုံးခွမြို့ခေါ်သည်ဟု ဆိုသည်။ အကျယ်အဝန်းမှာ တစ်မြို့နယ်လုံး ၃၂၂ ဒသမ ၅၈ စတုရန်းမိုင်ကျယ်ဝန်းပြီး အရှေ့အနောက် ၂၇ ဒသမ ၅ မိုင်၊ တောင်မြောက် ၁၅ ဒသမ ၅ မိုင်နှင့် မြို့ဧရိယာမှာ ၂ ဒသမ ၄၇၂ စတုရန်းမိုင်ရှိသည်ဟု သိရသည်။

ထိုနေ့က ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထည့်လိုက်သည့် တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်မြင့်နှင့်အတူ ကျွန်တော် သုံးခွမြို့နယ် အုပ်ချုပ်ရေးမှူးရုံးသို့သွား၍ မြို့နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းခွင့်ရတော့မှ မြို့ပြအင်္ဂါရပ်များနှင့်အညီ ဖွံ့ဖြိုးတိုးတက်သော မြို့တစ်မြို့ ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့သုံးခွမှာ ယခုအခါ မြို့ပေါ်ရပ်ကွက် ၁၂ ခုနှင့် ကျေးရွာအုပ်စု ၆၄ အုပ်စု၊ ကျေးရွာပေါင်း ၁၆၂ ရွာရှိပြီး မြို့ပေါ်တွင် အိမ်ခြေ ၆၃၃၁လုံး၊ အိမ်ထောင်စု ၆၇၂၁စု၊ ကျေးလက်တွင် အိမ်ခြေ ၃၂၀၄၀၊ အိမ်ထောင်စု ၃၃၄၃၅ စုရှိပြီး စုစုပေါင်း တစ်မြို့နယ်လုံးတွင် လူဦးရေ ၁၅၉၈၅၆ ဦးရှိကြောင်း၊ စီးပွားရေးမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး အဓိကထွက်ကုန်မှာ ဆန်စပါးနှင့် ပဲတီစိမ်း ဖြစ်ကြောင်းနှင့် ထို့အပြင် ခရီးသည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း၊ သီးနှံစိုက်ပျိုးထုတ်လုပ်မှုနှင့် ကုန်သွယ်မှုလုပ်ငန်းများလည်းရှိကြောင်း၊ ထို့ကြောင့် ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်တွင် ထုတ်လုပ်မှုတန်ဖိုးမှာ ကျပ်သန်း ၈၆၁၃၉ ဒသမ ၅၊ ဝန်ဆောင်မှုတန်ဖိုး ငွေကျပ်သန်း ၆၃၁၄ ဒသမ ၄ နှင့် ကုန်သွယ်မှုတန်ဖိုးငွေကျပ် ၁၃၈၁၀ ဒသမ ၈ သန်း စုစုပေါင်း အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးငွေကျပ်သန်း ၁၂၆၂၆၁၄ ဒသမ ၇ ရှိကြောင်း" မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ထွန်းက ပြောပြသည်။

သုံးခွမြို့နယ်၌ ကျေးလက်နေပြည်သူပေါင်း ၁၃၂၁၁၆ဦး၊ တောင်သူပေါင်း ၁၉၃၈၀ ရှိပြီး အသားတင်စိုက်ပျိုးမြေ ၁၄၅၁၇၉ ဧကနှင့် လယ်မြေတစ်မျိုးတည်း ၁၄၃၆၃၉ ဧက ရှိသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် နွေစပါး၊ မိုးစပါး ၁၄၉၈၃၁ ဧက စိုက်ပျိုးနိုင်ခဲ့သဖြင့် တင်းပေါင်း ၁၀၆၆၂၈၅၀ ထွက်ရှိခဲ့ပြီး အထွက်နှုန်းမှာ ၇၁ ဒသမ ၁၆ တင်းဖြစ်ကြောင်း၊ ဆောင်းသီးနှံများဖြစ်သည့် မြေပဲ ၁၁၉ ဧကစိုက်ခဲ့ကာ တင်းပေါင်း ၆၁၆၁ တင်း၊ ပဲတီစိမ်း ၁၂၉၁၅၉ ဧကစိုက်ခဲ့ပြီး အထွက် တင်းပေါင်း ၂၀၅၄၁၀၉ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

ထို့အပြင် ၂၀၁၅-၂၀၁၆ ယခု ဘဏ္ဍာရေးနှစ်တွင် မြို့နယ်အတွင်း၌ စပါးစိုက်ဧက ၁၄၈၇၁၉ ဧက စိုက်ပျိုးခဲ့ရာ ယခုအခါ ၉၉ ရာခိုင်နှုန်း စိုက်ပျိုးပြီးဖြစ်သည်။ ဆောင်းသီးနှံများဖြစ်သည့် ပဲတီစိမ်း၊ မတ်ပဲ၊ ပဲလွန်းနှင့် ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာတို့ကိုလည်း ယခင်နှစ်များနည်းတူ စိုက်ပျိုးသွားရန် စီစဉ်ထားသည်ဟု သိရသည်။

ယမန်နှစ် ပဲတီစိမ်းစိုက်ပျိုးထားသော အချိန်က ကုန်သွယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှုတိုးမြှင့်ရေးဦးစီးဌာန ကုန်ပစ္စည်းအရည်အသွေးစစ်ဆေးရေးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနများနှင့် ပဲစိမ်း ပြည်ပတင်ပို့သော Bright Light ကုမ္ပဏီတို့ပူးပေါင်းပြီး E.U (ဥရောပကော်မရှင်)နိုင်ငံများသို့ သတ်မှတ်အရည်အသွေးများနှင့်အညီ တင်ပို့နိုင်ရေး စတင်ဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် E.Uမှ သတ်မှတ်ထားသော G.A.P (Good Agricultural Practice), G.H.P (Good Health Practice) အချက်များနှင့်အညီ စိုက်ပျိုးသူလယ်သမားများ၏ လယ်ကွင်းထဲအထိ ထွန်ယက်စိုက်ပျိုးသည်မှ ရိတ်သိမ်းထုပ်ပိုးတင်ပို့သည့် အချိန်အထိ အဆင့်တိုင်းတွင် စစ်ဆေးကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သုံးခွမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးတင်မြင့်မောင်က ပြောသည်။

ထို့အပြင် သုံးခွမြို့နယ်၌ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း သုံးခွမြို့နယ်မန်နေဂျာရုံးမှ ၂၀၁၄-၂၀၁၅ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း သုံးခွမြို့ပေါ်ရှိရပ်ကွက်အသီးသီးတို့၌ 0.4KV ကောင်းကင်ဓာတ်အားလိုင်းကြေးကြိုးများနှင့် ACSR 35 mm ကြိုးများကို HDBC No.(2.4) ဖြင့် လဲလှယ်ခြင်း၊ ထရန်စဖော်မာများ အသစ်တပ်ဆင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး သုံးခွမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၃၁ ရွာမှာ နိုင်ငံတော်၏ဓာတ်အားစနစ်မှ ဓာတ်အားရရှိပြီး မီးများလင်းနေပြီဖြစ်သလို ယခုနှစ်အတွင်း ထပ်မံတိုးချဲ့တည်ဆောက်ပေးလိုက်သော ဥက္ကံဝဓာတ်အားခွဲရုံမှ စစ်ကိုင်းစုကျေးရွာအထိ 33 KV ဓာတ်အားလိုင်း ၁၇ မိုင်မှ စစ်ကိုင်းစု၊ ဝင်းကီး၊ အဇတ်ဝ၊ ကိုင်းကန်ကြီး၊ ဘုရားကြီး၊ ကျားဘို၊ စစ်ကုန်း၊ တောဂွ၊ လသာကုန်း၊ အလန်းကုန်း၊ ဟေမဇာလာ၊ နဘဲကုန်းကျေးရွာပေါင်း ၁၂ ရွာတို့ ဓာတ်အားများရယူ၍ မီးများလင်းနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကလည်း ၂၀၁၃-၂၀၁၄ ခုနှစ်တွင် လမ်းတံတားရေပေးရေးနှင့် ဆိုလာစနစ်ဖြင့် ကျေးလက်မီးလင်းရေးလုပ်ငန်းတို့ကို ငွေကျပ်သန်း ၃၂၅ ဒသမ ၈၈၀ သုံးစွဲပေးခဲ့ပြီး ယူနီဆက်ဖ်နှင့်ပူးပေါင်း၍ ကျေးလက်ရေရရှိရေးလုပ်ငန်းအတွက် မြေသားရေကန်သုံးကန်နှင့် တွင်းနက်ရေတွင်း ၁၀ တွင်းကို ခွင့်ပြုငွေကျပ် ၄၆ သန်း၊ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာနှစ်တွင် လမ်းရေပေးရေးအတွက် တွင်းနက်လုပ်ငန်း၊ ဆိုလာစနစ်ဖြင့်မီးလင်းရေးလုပ်ငန်း၊ ကျန်းမာရေးလုပ်ငန်းများအတွက် ငွေကျပ် ၁၂၅၅ ဒသမ ၄၂၁ သန်း၊ ယူနီဆက်ဖ်နှင့်ပူးပေါင်း၍ သဲကုန်း၊ အုန်းနဲ့ကုန်း၊ လဘုံကျိုး၊ စစ်ကုန်းကျေးရွာများ ရေရရှိရေးအတွက် ငွေကျပ် ၁၆ သန်း၊ ၂၀၁၅-၂၀၁၆ခု ဘဏ္ဍာရေးနှစ်အတွင်း လမ်း-ကျေးလက်ရေရရှိရေး၊ ဆိုလာစနစ်ဖြင့် မီးလင်းရေးနှင့်ကျေးလက်အိမ်ရာများ ၁၁ လုံး အပါအဝင် ငွေကျပ်သန်း ၃၉၀ ဒသမ ၃၃၀၊ ယူနီဆက်ဖ်နှင့်ပူးပေါင်း၍ ညောင်နီ(အခိုင်ကွင်း)၊ ရွက်တိုင်၊ မကျီးပင်ချောင်၊ ဘန့်ဘွေးကျေးရွာတို့၌ ကျေးလက်ရေရရှိရေးအတွက် ငွေကျပ် ၁၆ သန်းတို့ အကုန်အကျခံသုံးစွဲ၍ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သုံးခွမြို့နယ်၌ လမ်းဦးစီးဌာနအနေဖြင့် ပဲခူး-သနပ်ပင်-ခရမ်း-သုံးခွ-သန်လျင် ပြည်ထောင်စုကားလမ်းမကြီးမှ ၁၆ မိုင် ၂ ဖာလုံကို OMINI FOCUS Construction Co., Ltd. သို့ ဧပြီ ၁ ရက်က BOT စနစ်ဖြင့် ဆောင်ရွက်စေလျက်ရှိသည်။

**သုံးခွ-ကဒပွနလမ်း မိုင် (၀/၀-၅/၀) ၅မိုင်**

ယင်းလမ်းသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အပြီးတွင် ငါးမိုင်စလုံး ၁၂ ပေအကျယ်၊ ခုနစ်လက်မထု ကွန်ကရစ်လမ်းဖြစ်သွားပြီး လမ်းအတွင်းရှိ တံတားသုံးစင်းစလုံးမှာလည်း ၂၀၁၄-၂၀၁၅ တွင် အာရ်စီတံတားများ ဖြစ်သွားပြီဖြစ်သည်။

**လက်ပံကျိုး-ဘောင်ဘာဒါန်းလမ်း မိုင်(၀/၀-၁၄/၃) ၁၄ မိုင်**

ယင်းလမ်းသည် ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ်အပြီးတွင် ၁၄ မိုင် ၃ ဖာလုံကို ကွန်ကရစ်လမ်းအဖြစ် တည်ဆောက်ခဲ့ပြီးဖြစ်သည်။ ယင်းလမ်းပေါ်ရှိ တံတား ၁၄ စင်းမှာလည်း အာစီတံတားများဖြစ်ပြီး ယခုနှစ် ၂၀၁၅-၂၀၁၆ တွင် အာရ်စီတံတား ဆယ်ပေအရှည်၊ ၂၄ ပေအကျယ် တစ်စင်း တည်ဆောက်ပြီးပါက စုစုပေါင်း အာရ်စီတံတား ၁၅ စင်း ဖြစ်သွားမည်ဖြစ်သည်။

မြို့နယ် စည်ပင်သာယာရေးအဖွဲ့က သုံးခွမြို့ကို မြို့ပြအင်္ဂါရပ်များနှင့်ညီသော မြို့တစ်မြို့ဖြစ်ရေးအတွက် လမ်း၊ တံတား မြို့ပြရေပေးရေးလုပ်ငန်းနှင့် ကျေးလက်လမ်း၊ ကျေးလက်ရေပေးဝေရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ်တွင် မြို့တွင်းကွန်ကရစ်လမ်း ငါးလမ်း၊ တံတားတစ်စင်း၊ မြို့ရေပေးရေးကန်တိုးချဲ့တူးဖော်ခြင်း၊ ၃၁ ဧကရှိသောကန်ကို ရေထိန်းတံခါးပြုလုပ်ခြင်း၊ ကျေးလက်လမ်းအဖြစ် သုံးခွ-လက်ပံ ပေ ၆၃၀ ခင်းခြင်း၊ ကျေးလက်ရေပေးရေးအတွက် စက်ရေတွင်းတူးဖော်ခြင်း၊ ရေကန်ရေစက်ရုံတည်ဆောက်ခြင်းအပါအဝင် မြို့ပြနှင့်ကျေးလက်တို့၌ ခွင့်ပြုငွေကျပ် ၉၁ ဒသမ ၇၉၂ သန်း သုံးစွဲခဲ့ပြီး ၂၀၁၄-၂၀၁၅ခု ဘဏ္ဍာရေးနှစ်၌ ခွင့်ပြုငွေကျပ် ၃၅၄ ဒသမ ၆ သန်း၊ ၂၀၁၅-၂၀၁၆ ခုက ဘဏ္ဍာရေးနှစ်၌ ခွင့်ပြုငွေကျပ် ၃၃၃ ဒသမ ၉၃၉ သန်းသုံးစွဲ၍ မြို့တွင်းလမ်း ၂၅ လမ်းနှင့် မြို့ပြ နှင့်ကျေးလက်ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် သုံးခွမြို့နယ်တွင် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုလွှတ်တော်က ခွဲဝေချထားပေးသော ငွေကျပ်သိန်း ၁၀၀၀ နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေမှ ချထားပေးသော ငွေကျပ်သန်း ၁၀၀၀ တို့ကို မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီက မြို့ပြနှင့်ကျေးလက်တစ်ပြေးညီ ဖွံ့ဖြိုးစေရန်ရည်ရွယ်၍ ကျေးလက်လမ်းများ၊ တံတားများ၊ ရေရရှိရေးလုပ်ငန်းများ၊ ကျေးလက်ကျန်းမာရေးလုပ်ငန်းများ၊ စာကြည့်တိုက်များ၊ ဓာတ်အားစနစ်ဖြင့် အလှမ်းဝေးသည့် ကျေးရွာများအတွက် ဆိုလာစနစ်ဖြင့် မီးလင်းနိုင်ရေးလုပ်ငန်းများကို ပြည်သူများ ပါဝင်ငွေဖြင့်ပေါင်း၍ နှစ်စဉ်ဆောင်ရွက်လျက်ရှိသောကြောင့် သုံးခွမြို့နယ်သည် တစ်မြို့နယ်လုံး ဘက်စုံဖွံ့ဖြိုးတိုးတက်နေသော ရန်ကုန်အရှေ့ဖျားမှ မြို့တစ်မြို့ဟု ဆိုချင်ပါသည်။

ခရမ်းစိုးမြင့်





သုံးခွမြို့တွင်းလမ်းများ အဆင့်မြှင့်တင်၍ ကွန်ကရစ်လမ်းများအဖြစ် ခင်းပေးထားသည်ကို တွေ့ရစဉ်။

မြန်မာ့အလင်း
၂၈-၈-၂၀၁၅ (သောကြာနေ့)

စစ်ကိုင်းတိုင်းဒေသကြီး

# ကလေးမြို့နယ်ရှိ ပြောင်းရွှေ့လိုကြသည့် ရေဘေးသင့်ကျေးရွာများအတွက် နှစ်မျိုးနှစ်စားစီမံထားရှိ

သတင်း - စိုးဝင်း(SP)
ဓာတ်ပုံ - တင်လှမောင်



ရေဘေးသင့်ခံခဲ့ရသော ပေါက်ခုံကျေးရွာမြင်ကွင်းကို ကလေး-ဂန့်ဂေါ ကားလမ်းပေါ်မှ တွေ့ရစဉ်။

**စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့တွင် ပြီးခဲ့သည့် ဇူလိုင် ၂၈ ရက်က နေရာအနှံ့ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ရာ ကျေးရွာအုပ်စုများအတွင်းရေဝင်ရောက်မှုနှင့် အိမ်ခြေနစ်မြုပ်သည်အထိ ရေလွှမ်းခံခဲ့ရသောကြောင့် နိုင်ငံတော်အစိုးရက ရေဘေးကယ်ဆယ်ရေးစခန်းများထားရှိကာ ယခုအခါ ရေဘေးကယ်ဆယ်ရေးစခန်းများထဲမှ ပြောင်းရွှေ့လိုကြသည့် ရေဘေးသင့်ကျေးရွာများအတွက် နှစ်မျိုးနှစ်စားစီမံထားရှိကြောင်း သိရသည်။**

ကလေးမြို့နယ်အုပ်ချုပ်ရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဝေလွင်ဖြိုးက " ရွာလုံးကျွတ်ပြောင်းရွှေ့ချင်လို့ တင်ပြလာတာရှိပါတယ်။ တချို့ကျတော့လည်း ရေတကယ်လွှမ်းသွားပြီးတော့ ပျက်စီးဆုံးရှုံးမှုများပေမယ့်လည်း မပြောင်းရွှေ့ချင်ကြဘူး။ ကိုယ့်ဒေသမှာပဲ အခြေချနေထိုင်ချင်ကြတယ်။ ဥပမာ အောင်မြင်သာကျေးရွာလိုမျိုးပါ၊ အဲ့ဒီရွာက အိမ်ခြေ ၈၅ လုံးကအိမ်ခေါင်လောက်ပဲကျန်ပြီး နွံတွေလွှမ်းသွားပါတယ်၊ သူတို့ကိုပြောင်းရွှေ့လိုတဲ့ဆန္ဒရှိလားဆိုတော့ ဆန္ဒမရှိဘူးတဲ့၊ သူတို့ရွာကိုပဲ ပြန်နေချင်ကြတယ်လေ။ ဥပမာ အိမ်ခြေအလုံးတစ်ရာလောက် ရေထဲမျောပါသွားတဲ့ရွာတွေကပြောင်းရွှေ့ချင်ကြတယ်ဆိုရင်တော့ ကျွန်တော်တို့ကမြေလွတ်၊ မြေလပ်တွေပြန်ရှာပေးပြီး အိမ်ကွက်ပြန်ရိုက်ပေးမှာပါ။ သမ္မတကြီးရောက်ရှိလာခိုက်မှာလည်းပါဝါပွိုင့်နဲ့တင်ပြထားတာ ရွာ ၁၃ ရွာရှိနေပါတယ်။ မြေလွတ်၊ မြေလပ်များရှာပြီး နေရာပြန်ချပေးဖို့ကတော့ လက်ရှိ နှစ်မျိုးနှစ်စားစီမံခန့်ခွဲထားပါတယ်။ တောင်သူဆိုရင်ကျွဲနွားထွန်ယက်ပစ္စည်းနဲ့စိုက်ပျိုးပစ္စည်းများ ထားနိုင်ဖို့ကိုပေ ၁၀၀ ပတ်လည် (သို့)ပေ ၁၀၀၊ ၁၅၀ လျာထားပါတယ်။ သာမန်လက်လုပ်လက်စားဆိုရင်တော့ ပေ ၆၀၊ ၈၀ လောက်နဲ့ လောလောဆယ်မြေနေရာရှာဖွေပြီး ဆောင်ရွက်နေတာရှိပါတယ်။ ပြောင်းရွှေ့မယ့်သူတွေကိုလည်း သေချာစာရင်းစိစစ်ပြီး ဆောင်ရွက်သွားမှာပါ"ဟုပြောသည်။

ကလေးမြို့နယ်အတွင်းရပ်ကွက်ပေါင်း ၁၉ ရပ်ကွက်နှင့် ကျေးရွာအုပ်စုပေါင်း ၄၁ အုပ်စုရှိပြီး ရပ်ကွက်ပေါင်း ၁၅၆ ရွာရှိသည်။ ကလေးမြို့နယ်အတွင်းရေဘေးသင့်ခံရသည့်ကျေးရွာစုစုပေါင်း ၆၂ ရွာရှိနေပြီး အိမ်ခြေနစ်မြုပ်သည်အထိ အဓိကရေလွှမ်းခံခဲ့ရသည့်ရွာပေါင်း ၂၈ ရွာရှိကာ ကျန်ရွာစုစုပေါင်း ၃၄ ရွာမှာ ရေဝင်ရွာများအဖြစ် သတ်မှတ်ထားသည်။

ယခင်က ကလေးမြို့ပေါ်တွင် ရေဘေးကယ်ဆယ်ရေးစခန်း ၁၂ ခုဖွင့်လှစ်ထားပြီး လက်ရှိအနေအထားအရ ရေဘေးကယ်ဆယ်ရေးစခန်း ကိုးခုမှ ရေဘေးသင့်ပြည်သူများမှာ နေရပ်သို့ ပြန်ပြီဖြစ်သောကြောင့် ရေဘေးကယ်ဆယ်ရေးစခန်း သုံးခုသာကျန်ရှိတော့သည်။ ကျေးရွာများရှိ နေအိမ်များသို့ ပြန်လည်ဝင်ရောက်နေထိုင်နိုင်ကြသော နေရပ် ပြန်ရေဘေးသင့်ပြည်သူများကို ကလေးမြို့ရေဘေးသင့်ပြည်သူများပြန်လည်ထူထောင်ရေးကွပ်ကဲမှုရုံးက နှစ်ပတ်စာ ဆန်၊ ဆီ၊ ဆား ထုတ်ပေးလျက်ရှိသည်။

"ရေဘေးကယ်ဆယ်ရေးစခန်းတွေ ဖွင့်လှစ်ထားတယ်ဆိုပေမယ့် ကျွန်တော်တို့က ဘယ်ရွာက ဘယ်ကယ်ဆယ်ရေးစခန်းမှာ ရှိလဲဆိုတာ တိတိကျကျတော့ မဟုတ်ပါဘူး။ သူတို့တစ်တွေလည်းအဆင်ပြေသလို အဆင်သင့်သလိုနီးစပ်ရာလာရောက်နေထိုင်ကြတာပါ။ လက်ရှိ ရှိနေတဲ့ကယ်ဆယ်ရေးစခန်းသုံးခုထဲမှာတော့ တောင်ဖီလာတောရဘုန်းကြီးကျောင်းရဲ့ ကယ်ဆယ်ရေးစခန်းမှာ လူဦးရေများပါတယ်။ သာသနာ့ပါလကျောင်း ကယ်ဆယ်ရေးစခန်းလည်းရှိပါတယ်။ အောင်ရတနာဘုန်းကြီးကျောင်းရဲ့ ကယ်ဆယ်ရေးစခန်းမှာနေထိုင်ကြတဲ့အိမ်ထောင်စု ၁၁၁ စုက အရင်ကတည်းက စခန်းပိတ်သွားပါပြီ။ ပိတ်ပြီးတော့မှ ကျန်တဲ့ စာသင်ကျောင်းတွေမှာ လေး၊ ငါးစုဆီ၊ ကျန်တဲ့ဟာတွေကို အောင်ရတနာ ဘုန်းကြီးကျောင်းမှာပေါင်းပြီး ဖြည့်လိုက်တော့ လက်ရှိအောင်ရတနာဘုန်းကြီးကျောင်းရဲ့ ကယ်ဆယ်ရေးစခန်းမှာ အိမ်ထောင်စု ၃၁ စုရှိပြီး ကယ်ဆယ်ရေးစခန်း သုံးခုပြန်ဖြစ်သွားပါတယ်"ဟု ဆက်လက်ရှင်းပြသည်။

အဆိုပါရေဘေး ကယ်ဆယ်ရေးစခန်းသုံးခုတွင် ကယ်ဆယ်ရေးစခန်းမှူးများထားရှိပြီး အလှူရှင်များမရှိသည့်ရက်များ၌ ကယ်ဆယ်ရေးစခန်းတာဝန်ခံများက ချက်ပြုတ်ကျွေးမွေးရန်အတွက် ဆန်နှင့် အလှူရှင်များလှူဒါန်းထားသည့် ခေါက်ဆွဲခြောက်၊ ငါးသေတ္တာများကို ရေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးကွပ်ကဲမှုရုံးမှ တစ်ရက်ကြိုတင်ထုတ်ယူကာ ရေဘေးသင့်ပြည်သူများအတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ ရေဘေးကယ်ဆယ်ရေးစခန်းများထဲမှ ပြောင်းရွှေ့လိုကြသည့် ကျေးရွာအမည်များမှာ နန်းကျင်းဆောင်၊ အနောက်ခုံသာ၊ ကံကြီး၊ နန်းစောင်းပု၊ မော်လိုက်ကလေး (တောင်)၊ မော်လိုက်ကလေး(မြောက်)၊ သဖန်းအိုင်၊ သာစီ(ကြက်ဖနက်)၊ ကျောက္ကာကျေးရွာ၊ အေးသာယာကျေးရွာ၊ နတ်နန်းကျေးရွာ၊ ကျီကုန်း၊ နတ်ကြီးကုန်း(ကာ)တို့ဖြစ်ပြီး ကလေးမြို့ရေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးကွပ်ကဲမှုရုံးက ထိုရွာများကို လျာထားကြောင်းသိရသည်။

ကရင်ပြည်နယ်

# ကရင်ရိုးရာ ချည်ဖြူပွဲ မင်္ဂလာကျင်းပ



ကျိုက်ထိုမြို့နယ်လုံးဆိုင်ရာ ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီကကြီးမှူး၍ တတိယအကြိမ်မြောက် ကရင်ရိုးရာချည်ဖြူပွဲ မင်္ဂလာအခမ်းအနားကို ဩဂုတ် ၂၆ ရက် နံနက် ၉ နာရီက ကျိုက်ထိုမြို့နယ် ကင်မွန်းချောင်းကျေးရွာ ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီရုံး၌ကျင်းပရာ မွန်ပြည်နယ် ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောအောင်ကျော်သိန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်၊ မြို့နယ်အထောက်အကူပြု ကော်မတီဥက္ကဋ္ဌ ဦးစံမြ၊ ကရင်စာပေယဉ်ကျေးမှုကော်မတီ နာယက ဦးစောစံသိန်း၊ ဥက္ကဋ္ဌ ဦးစောမြင့်ရွှေနှင့် ကျိုက်ထို၊ ဘီးလင်း၊ ရွှေကျင်မြို့များမှ ကရင်တိုင်းရင်းသား တိုင်းရင်းသူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါချည်ဖြူပွဲ မင်္ဂလာကို နှစ်စဉ်ဝါခေါင်လဆန်းတွင် ကျင်းပပြီး ရဟန်းသံဃာများအား ဆွမ်းဆက်ကပ်၍ ချည်ဖြူပွဲကြိုးများကို အခမ်းအနားသို့ တက်ရောက်လာကြသူများအား စည်းနှောင်ပေးကြသည်။

ချည်ဖြူပွဲမင်္ဂလာပွဲတွင် ပါဝင်သည့်ပစ္စည်းများမှာ အပ်ချည်၊ ကောက်ညှင်း၊ ထမင်းဆုပ်၊ ကြံဆစ်၊ နတ်ပန်းညို၊ ငှက်ပျောသီး၊ ရေ အစရှိသည်တို့ဖြစ်ပြီး အဆိုပါပစ္စည်းခုနစ်မျိုးသည် ခုနစ်ရက်သားသမီးများ ဘေးအန္တရာယ်ကင်းရှင်းခြင်းသဘောကိုဆောင်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မန္တလေးတိုင်းဒေသကြီး

# ငါ့သရောက်မြို့နယ် ဆည်ကျေးရွာအုပ်စု ကြက်ဆူတန်းတဲတိုက်တွင် သောက်သုံးရေဖူလုံစွာသုံးစွဲနိုင်ရန် အဝီစိစက်ရေတွင်း တူးဖော်ဆောင်ရွက်ပေး



မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့နယ် ဆည်ကျေးရွာအုပ်စု ကြက်ဆူတန်းတဲတိုက်နေပြည်သူများ နှစ်စဉ်သောက်သုံးရေအတွက် အခက်အခဲဖြစ်လျက်ရှိပြီး ယခုနှစ်တွင် ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၅ -၂၀၁၆ ဘဏ္ဍာနှစ် ခွင့်ပြုငွေကျပ် ၉၀ ဒသမ ၉၅ သိန်းဖြင့် ကြက်ဆူတန်းတဲတိုက်နေ ပြည်သူများ သန့်ရှင်းသောသောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေးအတွက် လေးလက်မခွဲ အဝီစိစက်ရေတွင်းကို တူးဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။**(ယာပုံ)**

အဆိုပါလေးလက်မခွဲ အဝီစိစက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းများကို ရန်ကုန်အခြေစိုက် စိန်သဟာကုမ္ပဏီက တာဝန်ယူဆောင်ရွက်ပေးလျက်ရှိရာ သန့်ရှင်းသောမြေအောက်ရေရရှိနိုင်ရန်အတွက် အနက်ပေ ၈၀၀ ခန့်အထိ တူးဖော်ပေးသွားမည်ဖြစ်ကြောင်း၊ ကြက်ဆူတန်းတဲတိုက်မှ ဒေသခံပြည်သူများကလည်း လိုအပ်သည့်အကူအညီများ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ မကြာမီပြီးစီးတော့မည်ဖြစ်ကြောင်း ယင်းစက်ရေတွင်းတူးဖော်ရေးလုပ်ငန်းမှ ဦးကျော်သူရက ပြောပြသည်။

စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းများ ပြီးစီးသွားပါက ရေတိမ်ကောမှုမရှိစေရန်အတွက် ရေသိုလှောင်အုတ်ရေကန်ဆောက်လုပ်နိုင်ရေးအတွက် ဒေသခံများအနေဖြင့် အခက်အခဲဖြစ်နေပြီး အုတ်ရေကန်အလှူရှင် အကူအညီ လိုအပ်နေကြောင်းသိရသည်။

ကြက်ဆူတန်းတဲတိုက်နေပြည်သူတစ်ဦးကလည်း "ကျွန်တော်တို့ ကြက်ဆူတန်းတဲတိုက်ကတောင်သူတွေ ယခင်ကသောက်သုံးရေအတွက်ဆိုရင် နှစ်မိုင်ကျော်လောက်ဝေးတဲ့ ဆည်ကျေးရွာကို သွားရောက်ပြီး ရေတိုက်ရတာပါ၊ အချိန်သုံးနာရီလောက် အကုန်ခံပြီးသွားရတော့ အလုပ်လုပ်ချိန်သိပ်မရပါဘူး။ ဒီနှစ်တော့ စက်ရေတွင်းရှိပြီဆိုတော့ မိမိတို့တောင်သူအလုပ်ကို အချိန်ပြည့်လုပ်နိုင်တော့မှာဖြစ်တဲ့အတွက် ဝမ်းသာပီတိဖြစ်ရပါတယ်"ဟု ကြက်ဆူတန်းတဲတိုက်နေ ဒေသခံဦးဝင်းမောင်က ပြောပြသည်။

**ရဲဝင်းနိုင်(ပြန်/ဆက်)**

ဧရာဝတီတိုင်းဒေသကြီး

# အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် ထရော်ရွာသစ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကို အခြေခံပညာအထက်တန်းကျောင်းအဖြစ်သို့ အဆင့်တိုးမြှင့်ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၆ ရက်က ထရော်ရွာသစ် အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ထရော်ရွာသစ် အခြေခံပညာအထက်တန်းကျောင်းဆိုင်းဘုတ်ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်၊ ခရိုင်ပညာရေးမှူးဒေါ်စိန်မာအေးနှင့် မြို့နယ်ပညာရေးမှူး ဦးဝင်းဌေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ တာဝန်ရှိသူများက အမှာစကားများပြောကြားကြပြီး ကျောင်းအကျိုးတော်ဆောင် ဦးစိန်ဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ထို့နောက် ကျောင်းအဆင့်တိုးမြှင့်ခြင်း အထိမ်းအမှတ်အလံကို ထရော်ရွာသစ် အခြေခံပညာအထက်တန်းကျောင်းအုပ် ဆရာကြီး ဦးတင်မင်းနိုင်က ခရိုင်ပညာရေးမှူး ဒေါ်စိန်မာအေးထံသို့ ပေးအပ်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့၊ မြို့နယ်စည်ပင်သာယာရေး အဖွဲ့၊ ဆရာ ဆရာမများ၊ မြို့နယ် ဘင်ခရာတပ်ဖွဲ့နှင့် မိဘပြည်သူ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်းသိရသည်။

**(မြို့နယ် ပြန်/ဆက်)**

ကချင်ပြည်နယ်

# မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေပေးအပ်

ကချင်ပြည်နယ် ရွှေကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၂၆ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးသောင်းညွှန့်က အမှာစကားပြောကြားပြီး မြို့နယ်အတွင်းရှိ တောပုန်းကျေးရွာ၊ မိုးလဲ-နောင်ရင်းကျေးရွာ၊ မြောက်ရွာကျေးရွာ၊ နောင်လက်ကြီးကျေးရွာ၊ သာစည်ကျေးရွာ၊ နောင်ကုတ်ကျေးရွာ၊ ကျွန်းတော်ကျေးရွာ၊ သဘော်အင်းကျေးရွာ၊ ရေလဲကျေးရွာ၊ ဆင်တပ်ကျေးရွာ၊ ရွှေချောင်းသာကျေးရွာ၊ ရွှေပဒေသာကျေးရွာများရှိ မြစိမ်းရောင်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများထံသို့ တစ်ရွာလျှင် ငွေကျပ်သိန်း ၃၀၀ စီကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးထွန်း၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးသိန်းလင်းနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

စစ်ကိုင်းတိုင်းဒေသကြီး

# ကျေးလက်ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်

နိုင်ငံတော်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေး အစီအစဉ်ဖြင့် ကျေးလက်ရေပေးဝေရေးများ ဆောင်ရွက်လျက်ရှိသည်။ စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့နယ်တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ခွင့်ပြုရန်ပုံငွေကျပ် ၉ ဒသမ ၈၃ သန်းဖြင့် ပင်လည်ဘူးမြို့နယ် အင်္ဂကျေးရွာ၌ လုပ်ငန်းအမည် (တွင်းနက်) ကို ထွဋ်ခေါင်ဦးကုမ္ပဏီက တာဝန်ယူပြီး ကျေးလက်ရေပေးဝေရေးများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးလွင်(ပင်လည်ဘူး)**

# ကျေးလက်ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း မြင်းမူမြို့နယ်၌ ဆောင်ရွက်လျက်ရှိ

၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေကျပ် ၃၂၄ ဒသမ ၉၇ သန်းဖြင့် စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်၌ ကျေးလက်ကျောက်ချောလမ်းများ ခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေကျပ် ၅၅ သန်းဖြင့် တစ်မိုင်အရှည်ရှိ ငွေးပင်တော-လက်ပန် ကျောက်ချောလမ်းနှင့် ခွင့်ပြုရန်ပုံငွေကျပ် ၆၇ ဒသမ ၀၂ သန်းဖြင့် တစ်မိုင်၊ ၁ ဒသမ ၈ ဖာလုံအရှည်ရှိ ကန်ဖျားကျောက်ချောလမ်းတို့ကို မုံရွာမြို့၊ စိုးမိအိုကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ခွင့်ပြုရန်ပုံငွေကျပ် ၂၀၂ ဒသမ ၉၅ သန်းဖြင့် သုံးမိုင်၊ လေးဖာလုံအရှည်ရှိ သစ်လိန်-လက်ပန် ကျောက်ချောလမ်းကို မုံရွာမြို့ ရွှေဝါနိုင်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်မည်ဖြစ်သည်။

ယခုအခါ ငွေးပင်တော-လက်ပန် ကျောက်ချောလမ်းသည် ၂၀ ရာခိုင်နှုန်းနှင့် ကန်ဖျားကျောက်ချောလမ်းသည် ၇၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ပြီး သစ်လိန်-လက်ပန်ကျောက်ချောလမ်းကိုလည်း မကြာမီ စတင်ခင်းကျင်းဆောင်ရွက်သွားမည် ဖြစ်သည်။

အဆိုပါ ကျေးလက်ကျောက်ချောလမ်းများ ခင်းခြင်းလုပ်ငန်းကို မြင်းမူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းမြင့်အောင်နှင့် ဝန်ထမ်းများက သတ်မှတ်စံချိန်စံညွှန်း ပြည့်မီရေးနှင့် သတ်မှတ်ကာလအတွင်း ပြီးစီးရေး ကွင်းဆင်းစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဖိုးခါး(ပြန်/ဆက်)**

မန္တလေးတိုင်းဒေသကြီး

# မြန်မာတစ်ပြည်လုံး အစည်ကားဆုံးဆင်နွှဲ တောင်ပြုံးမင်းနှစ်ပါး ချိုးရေတော်သုံးပွဲ

**ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီး၌ ယုံကြည်ကိုးကွယ်မှု အမျိုးမျိုးအဖုံဖုံရှိကြသည်။ ထိုသို့ယုံကြည်ကိုးကွယ်မှုများသည် ရေးနှစ်ပေါင်းများစွာကပင် ဖြစ်တည်လာခဲ့ရာ နောင်လည်းရှိနေဦးမည်ဖြစ်သည်။ ယုံကြည်မှုအတွက် ကိုးကွယ်ခြင်းများသည် လူသားတို့၏စိတ်သန္တာန်၌ အလိုရှိသောတောင့်တမှုကို ဖြည့်စွမ်းနိုင်သဖြင့် ကိုးကွယ်ပူဇော်ပသခြင်းက မိမိတို့၏အလိုရှိမှုကို ရရှိစေသည်ဟု လူတို့၏စိတ်၌ ထင်မြင်မိလေသည်။ မြန်မာတို့၏ ကိုးကွယ်ပူဇော်ပသမှုတချို့၌ နတ်တို့ကို ပူဇော်ပသခြင်းသည်လည်း ယုံကြည်မှုတစ်မျိုးပင်ဖြစ်သည်။**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်ရှိ တောင်ပြုံးဆုတောင်းပြည့်၊ ဆုတောင်းရမြတ်စွာဘုရားပွဲတော်နှင့် တောင်ပြုံးအရှင်နှစ်ပါးပွဲတော်ကို အစဉ်အလာမပျက် ကျင်းပလျက်ရှိရာ ဩဂုတ် ၂၆ ရက်က ကျင်းပသည့် မင်းနှစ်ပါး ချိုးရေတော်သုံးပွဲမှာ အစည်ကားဆုံးဖြစ်ကြောင်း သိရှိရသည်။

မြန်မာပြည်အနှံ့အပြားမှ ရည်ရွယ်ချက်အမျိုးမျိုးဖြင့် လာရောက်ကြသဖြင့် အထက်မြန်မာပြည်တွင် အစည်ကားဆုံးပွဲတော်ဖြစ်သည်နှင့်အညီ ဒေသထွက် လူသုံးကုန်နှင့် စားသောက်ကုန်ပစ္စည်းများ ရောင်းချကြသည့် ဆိုင်ခန်းများနှင့်အတူ ဖျော်ဖြေရေးဇာတ်ရုံကြီးများကလည်း အားဖြည့်ဝန်းရံထားသဖြင့် နှစ်စဉ် တိုးမပေါက်အောင် စည်ကားသောပွဲတော်ကြီးဖြစ်သည်။ ထို့အပြင် အနယ်နယ်အရပ်ရပ် နတ်ပွဲများထက်လည်း ကြီးကျယ်ထင်ရှားသည့် ပွဲတော်ကြီး တစ်ခုဖြစ်ကြောင်း မန္တလေးမြို့သစ်နေ ဒေါ်လှမြိုင်က ပြောသည်။

"တောင်ပြုံးပွဲတော်ကို နှစ်တိုင်းလာရောက်ဆင်နွှဲဖြစ်တယ်၊ တစ်နိုင်ငံလုံးကလည်း ယုံကြည်ချက်အမျိုးမျိုးနဲ့ လာရောက်ကြတဲ့အတွက် ပွဲတော်စည်ကားတာကတော့ အံ့မခန်းပါပဲ၊ ဒီနေ့ကျင်းပတဲ့ မင်းနှစ်ပါးကို ချိုးရေတော်သုံးတဲ့နေ့ဆို ကိုးကွယ်ယုံကြည်မှုအရ လာရောက်ပူဇော်ပသကြသူတွေ၊ လေ့လာကြည့်ရှုကြသူတွေနဲ့ အထူးစည်ကားတဲ့နေ့ပါပဲ။ ဆိုင်ခန်းတွေလည်း ရောင်းကောင်းတဲ့နေ့တစ်နေ့ပါ" ဟု ၎င်းက ပြောကြားသည်။



ဘုရားပွဲထက် နတ်ပွဲဟုသာ လူသိပိုများသည့် တောင်ပြုံးပွဲတော်ကြီးတွင် အစဉ်အလာမပျက် တောင်ပြုံးမင်းနှစ်ပါးအား ကိုးကွယ်ယုံကြည်ကြသူများက မိမိတို့ စီးပွားရေး၊ လူမှုရေး၊ အလုပ်အကိုင်ကိစ္စရပ်များ အောင်မြင်နိုင်စေရန် ပူဇော်ပသခြင်းများ လာရောက်ပြုလုပ်ကြသလို နတ်ဝင်သည်များကလည်း နတ်နန်းများတည်ဆောက်၍ မင်းနှစ်ပါးအား ပူဇော်ပသကြပြီး အဆိုပါနတ်ပွဲများတွင် နတ်များအား သွားရောက်ပူဇော်ပသပါက ဆုတောင်းပြည့်သည်ဟု ယုံကြည်ကြကြောင်း တောင်ပြုံးသို့ နှစ်စဉ်သွားရောက်လည်ပတ်သူ မိုးကုတ်မြို့မှ ကိုကြိုင်က ဆက်လက်ပြောကြားသည်။

"ရွှေဖျဉ်းကြီး၊ ရွှေဖျဉ်းလေးအရှင်နှစ်ပါး မစလို့ စီးပွားတက်လာတယ်ဆိုပြီး ယုံကြည်လာရောက်တဲ့သူတွေ၊ အခက်အခဲတွေ အဆင်ပြေဖို့ လာရောက်တဲ့သူတွေနဲ့ အပျော်သဘောလာတဲ့သူတွေ အမျိုးမျိုးပါပဲ၊ ကျွန်တော်လည်း စိတ်ဝင်စားလို့ နှစ်တိုင်းလာဖြစ်တယ်၊ ပျော်လည်းပျော်ပါတယ်၊ နတ်ဒိုးသံကြားရင် စိတ်ကမနေနိုင်ဘူး ဝင်ကချင်လာတယ်၊ တကယ့်ကို ကြီးကျယ်ခမ်းနားတဲ့ပွဲတော်တစ်ခုပါ" ဟု ၎င်းက ဆိုသည်။



နောက်ပိုင်းနှစ်များတွင် စားဝတ်နေရေးကျပ်တည်းမှုများနှင့်ပွဲတော်တွင်း ဆိုင်ခန်းဈေးနှုန်း အပြောင်းအလဲကြောင့် တောင်ပြုံးပွဲတော်သို့ လာရောက်ဆင်နွှဲသူ အရေအတွက် အနည်းငယ်လျော့ကျရုံမှအပ မန္တလေးမြို့၊ ပတ်ဝန်းကျင်မြို့နယ်၊ ကျေးရွာများမှ လာရောက်မှုများ ပုံမှန်ရှိခြင်းကြောင့် စည်ကားမြဲဖြစ်သည်။ "နောက်ပိုင်းနှစ်တွေမှာ စီးပွားရေးအခြေအနေကြောင့်ထင်တယ်၊ တောင်ပြုံးပွဲတော်မှာ အပြောင်းအလဲတချို့ရှိတယ်၊ နတ်နန်းတွေ၊ နတ်ပွဲတွေမှာ လူတော်တော်များများက ဈေးသက်သာတဲ့ပစ္စည်းတွေကို အသုံးပြုလာကြတယ်၊ နယ်ဝေးကလူတွေလည်း အလာနည်းလာတာ သတိထားမိတယ်" ဟု မတ္တရာမြို့နေ ကိုပိုင်က ၎င်းအမြင်ကို သုံးသပ်ပြောကြားသည်။

တောင်ပြုံးပွဲတော်ကြီးတွင် ပထမနေ့ကန်တော့ခံပွဲတော်ဖြင့်အစပြုပြီး ညညီလာခံ၊ ချိုးရေတော်သုံး၊ နန်းတက်ပွဲများ၊ ယုန်ထိုး၊ ထိန်ခုတ်၊ ရွှေဘုံဆင်း စသည့်ပွဲတော်များကို တစ်ရက်စီ ကျင်းပပြုလုပ်လေ့ရှိပြီး ချိုးရေတော်သုံးသည့် အခမ်းအနားမှာ ပွဲတော်ကြီးတွင် အစည်ကားဆုံးနေ့ဖြစ်ကြောင်း သိရှိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာများဖြင့် အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်စေမည်

ကရင်ပြည်နယ် မြဝတီမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၏ အခြေခံအိမ်တွင်းမှုသင်တန်းအမှတ်စဉ်(၅၅)နှင့် အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ် (၄၁)ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၄ ရက် နံနက် ၉ နာရီက အဆိုပါသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်က အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများကို နယ်စပ်ဒေသရှိ တိုင်းရင်းသူကလေးများအား အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်ကြားပေးရန်နှင့် သင်ကြားတတ်မြောက်သည့် အသက်မွေးဝမ်းကျောင်းပညာရပ်များဖြင့် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း ထူထောင်နိုင်သည်အထိ ကူညီဆောင်ရွက်ရန်၊ ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်နိုင်ခြင်းဖြင့် စားဝတ်နေရေးဘက်စုံတိုးတက်ပြီး လူနေမှုအဆင့်အတန်းမြင့်မားလာစေရန်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကိုစောင့်ထိန်းပြီး အကျင့်စာရိတ္တကောင်းမွန်သည့် အမျိုးသမီးများဖြစ်လာစေရန်၊ တိုင်းချစ်ပြည်ချစ်၊ မျိုးချစ်စိတ် အစဉ်ရှင်သန်ထက်မြက်နေသည့် အမျိုးသမီးလေးများဖြစ်လာစေရန်နှင့် ရိုးရာယဉ်ကျေးမှုအိမ်တွင်းမှုအတတ်ပညာများ ပိုမိုထွန်းကားပြန့်ပွားလာစေရန်ဟူသော ကောင်းမွန်သည့် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ဆက်လက်၍ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သိန်းဦးက သင်တန်းနှင့်စပ်လျဉ်းသည်များ ရှင်းလင်းပြောကြားပြီး ပြည်နယ်အစိုးရမှ ထောက်ပံ့ပစ္စည်းများကို ပြည်နယ်နတလမှူးကြီးကြပ်ရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသက်နောင်က ကျောင်းအုပ်ဆရာမကြီးအား ပေးအပ်ခဲ့သည်။ အဆိုပါသင်တန်းသို့ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ အထောက်အကူပြုကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ တာဝန်ရှိသူများ၊ တပ်ရင်း/တပ်ဖွဲ့မှူးများ၏ ဇနီးများ၊ သင်တန်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

*၂၀၁၅-၁၆ လာလီဂါပြိုင်ပွဲကစပြီ။ ဒီတော့ လာလီဂါနဲ့ပတ်သက်ပြီး ချန်ပီယံအဖြစ်အားပြိုင်မှုမှာ ဘာစီလိုနာကို တုဖက်ပြိုင်နိုင်တဲ့အသင်း ရှိ မရှိအပေါ် ချင့်တွက်သုံးသပ်မှုတွေရှိလာတယ်။ အထူးသဖြင့် ဒီရာသီမှာ ဘာစီလိုနာဟာ ကစားသမားအထွက်သာရှိပြီး အဝင်မရှိဘူး။ ဇာဗီ၊ ဂျူလိုဖျူ၊ အဖယ်လ်လိုင်း၊ မွန်တိုယာ၊ ပက်ဒရိုတို့ ထွက်တယ်။ တူရန်၊ အဲလက်စ်ဗီဒဲလ်တို့ အဝင်ရှိသော်ငြား အဆိုပါ ကစားသမားတွေဟာ ဇန်နဝါရီအပြောင်းအရွှေ့ဈေးကွက်ရောက်မှသာ အသင်းမှာဝင်ကစားခွင့်ရမှာဆိုတော့...။ အရှင်းဆုံးပြောရရင် ဘာစီလိုနာရဲ့ ပကတိအနေအထားဟာ အပေါင်းလက္ခဏာဆောင်မှုထက် အနုတ်သဘောဆောင်တယ်လို့ မြင်သူတွေရှိလာတယ်။*

# သံသယများနဲ့ ဘာစီလိုနာ

ရင်းဆက်



ပြောမယ်ဆိုရင်။ လက်ရှိမှာ ဘာစီလိုနာဟာ ဥရောပစူပါဖလားမှာ ဆီဗီလာကို ခက်ခက်ခဲခဲကစားပြီးမှ အချိန်ပိုမှာနိုင်တယ်။ စပိန်စူပါဖလားမှာလည်း ဘီလ်ဘာအိုကို ဂိုးပြတ်ရှုံးခဲ့တယ်။ ရာသီအဖွင့်မှာလည်း ဘီလ်ဘာအိုကို ၁-၀နဲ့သာ နိုင်တယ်ဆိုတော့။ တကယ်ပဲ အဲ့ဒီဘာစီလိုနာရဲ့ အနုတ်သဘောဆောင်မှုဆိုတဲ့ အယူအဆဟာ လက်သင့်ခံစရာဖြစ်နေပြီလား တွေးစရာဖြစ်လာတယ်။

ဒါပေမယ့်ပေ့ါ။ တချို့ကတော့ အဲ့ဒီဘာစီလိုနာရဲ့ အနုတ်သဘောဆောင်မှုရဲ့နောက်ကွယ်မှာ လာလီဂါရဲ့ ပကတိအရှိတရားနဲ့ ဘာစီလိုနာရဲ့ အခြေခံစုဖွဲ့မှုအတိုင်းအဆကို ထောက်ပြကြတယ်။ ပြောမယ်ဆိုရင်။ ဘာစီလိုနာဟာ ပြိုင်ပွဲစစ်စစ်အဖြစ် လေးပွဲကစားရာမှာ ခံစစ်က ကိုးဂိုးပေးခဲ့ရတဲ့အခါ၊ အဲ့ဒီခံစစ်အရည်အသွေးအရ ဘာစီလိုနာအနေနဲ့ လာလီဂါချန်ပီယံဆုကို ကာကွယ်နိုင်ရေး လွယ်ကူပါ့မလားဆိုပြီး သံသယဖြစ်စရာကောင်းတယ်ဆိုတာ မှန်ပေမယ့်၊ ဒါဟာ ဘာစီလိုနာရဲ့ ပကတိအရှိတရားမဟုတ်ဘူးလို့ ဆိုကြတယ်။

အထူးသဖြင့် ဘာစီလိုနာရဲ့ပကတိအနေအထားကို လေ့လာကြည့်ရင် သူတို့ဟာ မနှစ်က အဓိကဆုဖလားသုံးလုံး တစ်ပြိုင်နက်ရတယ်။ အခုဒီနှစ်မှာ အဲ့ဒီဆုဖလားသုံးလုံးယူပြခဲ့တဲ့ အစုအဝေးထဲက ပွဲထွက်မှု ဘယ်လောက်ရှိသလဲ ပြန်ကြည့်တော့။ ဇာဗီက မနှစ်က ဘောလုံးရာသီမှာ အဓိကကစားသမားမဟုတ်ဘူး။ အများစုမှာ လူစားဝင်ကစားသမားအဖြစ်သာ ပွဲကိုထိန်းချုပ်ဖို့ ဝင်ကစားခွင့်ရကာ ဂျူလိုဖျူ၊ အဖယ်လ်လိုင်းတို့က မနှစ်ကတည်းက အသင်းမှာမရှိသူတွေ။ မွန်တိုယာက အဲဗက်စ်နောက်မှ အရန်အဖြစ်ရှိခဲ့သူ။ ပက်ဒရိုက အရန်ကစားသမား။

အရှင်းဆုံးပြောရရင် မက်ဆီ၊ ဆွာရက်ဇ်၊ နေမာ၊ ရာကီတစ်၊ အင်နီယေစတာ၊ ဘတ်စကွက်၊ အယ်လ်ဘာ၊ မာရှေယာနို၊ ပီကေး၊ အဲလ်ဗက်စ်စတဲ့ မနှစ်က ဆုဖလားသုံးလုံးစလုံး တစ်ပြိုင်နက်ရယူနိုင်ခဲ့တဲ့ ဘာစီလိုနာရဲ့ ပင်မအစုအဖွဲ့ဟာ လက်ရှိအချိန်ထိ မပျက်မယွင်းသေးဘူးဆိုတော့။ သူတို့ကို အလုံးအရပ် လျော့သွားတယ်မဆိုနိုင်တဲ့အပြင် ရာကီတစ်၊ ဆွာရက်ဇ်တို့ရဲ့ ပိုမိုအထိုင်ကျလာနိုင်မှုအားအရ အသင်းလိုက် နားလည်ညီညွတ်မှုအပိုင်းမှာပါ အပေါင်းလက္ခဏာ ပိုဆောင်လာနိုင်တယ်လို့ တွက်ဆသူတွေတောင် ရှိလာကြတယ်။

ပြောရရင် လာလီဂါမှာ အကြိမ်ကြိမ်ပြောခဲ့ဖူးသလို ဝင်ငွေအရ ကွာဟမှုဟာ ဘာစီလိုနာလို အသင်းကြီးတစ်သင်းအတွက် အတိမ်းအစောင်းခံတဲ့ အခြေအနေကို ဖန်တီးပေးရာ ရောက်တယ်လို့ ဆိုကြတယ်။ အရှင်းဆုံးပြောရရင် လာလီဂါမှာ ဘာစီလိုနာနဲ့အပြိုင် ဈေးကွက်အတွင်း တိုးဝင်နိုင်တဲ့အသင်းဆိုလို့ ရီးရဲကလွဲလို့ အခြားမရှိဘူး။

ဒီနွေဈေးကွက်မှာ အက်သလက်တီကိုဟာ ယူရိုသန်း ၁၀၀ ကျော်သုံးပြီး အားဖြည့်မှုတွေ ပြုလုပ်ထားမှုအရ သာမန်ကြည့်ရင် သူတို့ဟာ အသင်းတိုးတက်ရာ တိုးတက်ကြောင်းအတွက် အင်အားအလုံးအရင်းသုံးကာ အပြောင်းအလဲ ပြုလုပ်ထားတယ်လို့ မြင်နိုင်သော်ငြား လက်တွေ့ကြည့်ရင် သူတို့ရဲ့ငွေကြေး သုံးစွဲမှုဟာ ငါးကြင်းဆီနဲ့ ငါးကြင်းပြန်ကြော်ရာရောက်တယ်လို့ အကောက်အယူ လုပ်လို့ရတယ်။

အရှင်းဆုံးပြောရရင်။ အက်သလက်တီကိုမှာ မန်ဇူကစ်ထွက်တယ်။ တူရန် ထွက်တယ်။ အယ်လ်ဒါဝီရက်စ်၊ မီရန်ဒါ၊ ခရစ္စတီယန်ရိုဒရီဂွက်ဇ်တို့လည်း ထွက်တယ်။ ပြောမယ်ဆိုရင် အက်သလက်တီကိုဟာ ဒီနွေဈေးကွက်မှာ ကစားသမားရောင်းချမှုကနေ ယူရိုသန်း ၁၀၀ ကျော်ရခဲ့တာဆိုတော့။ သူတို့ရဲ့ ဖြည့်တင်းမှုဟာ အသင်းအတွက် မနှစ်ကထက် ပိုမိုပြီးပြည့်စုံရေးကို ဦးတည်သလား။ ဒါမှမဟုတ် အပြောင်းအလဲပြုလုပ်ရုံ အနေအထားတစ်ခုလားဆိုတာ သံသယရှိစရာဖြစ်သလို ကျန်တဲ့အသင်းတွေအထဲမှာ ယူရို ၉၄ သန်း ကျော်သုံးခဲ့တဲ့ ဗလင်စီယာဟာလည်း စစ်စစ်ပေါက်ပေါက်တွက်ရင် မနှစ်က အငှားလာကစားခဲ့တဲ့ ကစားသမားတွေဖြစ်တဲ့ နီဂရီဒို၊ ရိုဒရီဂွက်ဇ်၊ အန်ဒရီဂိုမက်ဇ်တို့သုံးဦးတည်းအတွက် ယူရို ၇၂ သန်း နီးပါးသုံးခဲ့တာဆိုတော့။ သူတို့ရဲ့ ခြေလှမ်းဟာလည်း မနှစ်ကအလုံးအရပ်ကို လျော့မသွားအောင် ထိန်းရုံသက်သက်သာဖြစ်တယ်လို့ ကောက်ချက်ဆွဲနိုင်တယ်လို့ ဆိုကြတယ်။

ဒါဆို တခြားအသင်းတွေရဲ့ အနေအထားကို သုံးသပ်ကြည့်ပြန်တော့ ကျန်အသင်းတွေထဲမှာ ယူရို ၁၀ သန်းကျော်သုံးတဲ့အသင်းဆိုလို့ ဆီဗီလာနဲ့ ဗီလာရီးရဲတို့သာရှိပြီး သူတို့ရဲ့သုံးငွေဟာလည်း ယူရို သန်း ၃၀ တောင် မပြည့်တဲ့အခါ။

**ဒီဘက်ခေတ်လာလီဂါမှာ ချန်ပီယံဆုကို ထိထိမိမိ စိန်ခေါ်နိုင်တဲ့အသင်းအဖြစ် ဘာစီလိုနာနဲ့ ရီးရဲကလွဲလို့ အခြားမရှိဘူး။ အဲ့ဒီနောက်မှာ အက်သလက်တီကိုဟာ ကော်ကောင်အဖြစ် တိုးဝင်နိုင်တဲ့အသင်းအဖြစ် ရှိနေပေမယ့် လက်တွေ့မှာ သူတို့ရဲ့အစုအဖွဲ့နဲ့ တောင့်ခံနိုင်အားဟာ ရီးရဲ၊ ဘာစီလိုနာတို့နဲ့ယှဉ်ရင် သိသိသာသာ ကွာကို ကွာတယ်။ အဲ့ဒီတော့ ဘာစီလိုနာရဲ့ အဓိကပြိုင်ဘက်ဟာ လာလီဂါမှာ ရီးရဲတစ်သင်းသာရှိသလို လက်ရှိမှာ အဲ့ဒီရီးရဲဟာလည်း နည်းပြသစ်နဲ့အထိုင်ကျဖို့ လုပ်ယူရမယ့်အချိန်။**

ဆိုခဲ့ပြီးတဲ့အတိုင်း လာလီဂါမှာ ဘာစီလိုနာရဲ့ လောင်းရိပ်ကိုဖောက်ထွက်နိုင်ဖို့ တံ့ပြန်အန်တုနိုင်တဲ့အသင်းဟာ ရီးရဲကလွဲပြီး အခြားမရှိတဲ့အပြင် လက်ရှိ ရီးရဲကိုကြည့်ပြန်တော့လည်း ဒါနီလိုလောက်သာ ထိမိတဲ့အားဖြည့်မှုရှိတဲ့အခါ လက်ရှိဘာစီလိုနာရဲ့ ချို့ယွင်းချက်ဟာ သူတို့အတွက် ကြီးကြီးမားမား ချို့ယွင်းချက်တစ်ခုဖြစ်ရဲ့လားဆိုတာ မေးစရာဖြစ်လာတယ်။

ပြောမယ်ဆိုရင်ပေ့ါ။ ဒီဘက်ခေတ် လာလီဂါမှာ ချန်ပီယံဆုကို ထိထိမိမိ စိန်ခေါ်နိုင်တဲ့အသင်းအဖြစ် ဘာစီလိုနာနဲ့ ရီးရဲကလွဲလို့ အခြားမရှိဘူး။ အဲ့ဒီနောက်မှာ အက်သလက်တီကိုဟာ ကော်ကောင်အဖြစ် တိုးဝင်နိုင်တဲ့အသင်းအဖြစ် ရှိနေပေမယ့် လက်တွေ့မှာ သူတို့ရဲ့အစုအဖွဲ့နဲ့ တောင့်ခံနိုင်အားဟာ ရီးရဲ၊ ဘာစီလိုနာတို့နဲ့ယှဉ်ရင် သိသိသာသာ ကွာကို ကွာတယ်။ အဲ့ဒီတော့ ဘာစီလိုနာရဲ့ အဓိကပြိုင်ဘက်ဟာ လာလီဂါမှာ ရီးရဲတစ်သင်းသာရှိသလို လက်ရှိမှာ အဲ့ဒီရီးရဲဟာလည်း နည်းပြသစ်နဲ့ အထိုင်ကျဖို့ လုပ်ယူရမယ့်အချိန်။ ဒါနီလိုကလွဲလို့ ထိမိတဲ့အားဖြည့်မှုမရှိတဲ့ အခြေအနေတွေအရ ဘာစီလိုနာရဲ့ အင်အား အပေါင်းမဆောင်ရင်တောင် ရီးရဲတို့အင်အားဟာလည်း မနှစ်ကထက် ပိုမိုပြီးပြည့်စုံတယ်လို့ မဆိုနိုင်တဲ့အခါ။ တကယ်ပဲလက်တွေ့မှာ ဘာစီလိုနာအတွက် လာလီဂါဆုဖလားကာကွယ်ရေးဟာ ကြီးမားတဲ့ အဟန့်အတားဖြစ်နိုင်ပါ့မလား။

ပြောမယ်ဆိုရင်။ ဘာစီလိုနာရဲ့ လက်ရှိအခက်အခဲဟာ ရာသီဝက်သာရှိတယ်။ ဇန်နဝါရီရောက်ရင် ခေါ်ယူထားတဲ့ တူရန်နဲ့ အဲလက်စ်ဗီဒဲလ်တို့ အသင်းနဲ့ပေါင်းမယ်။ သူတို့ဟာ လက်ရှိအချိန်မှာလည်း ကွင်းအတွင်း ဝင်ကစားခွင့်မရသေးသော်ငြား လေ့ကျင့်ရေးကွင်းမှာ ပေါင်းထုပ်လေ့ကျင့်နေနိုင်မှုအရ သူတို့ပွဲထွက်လာချိန်မှာလည်း ဘာစီလိုနာရဲ့အသင်းလိုက် အစုအဖွဲ့ဟာ မပျက်ယွင်းနိုင်သလို သူတို့ကြောင့် ပိုပြီးပြည့်စုံလာဦးမယ့်အချက်ကိုလည်း မေ့ထားလို့ မရနိုင်ဘူး။

ထပ်ပြောရရင် အဲ့ဒီအသင်းကြီးနှစ်သင်းရဲ့ အမှားကိုစောင့်ပြီး ကော်ကောင်နေရာဝင်ယူမယ့် အက်သလက်တီကိုဟာလည်း သူတို့ရဲ့ပြုပြင်ပြောင်းလဲမှုတွေအောက်မှာ အပြောင်းအလဲတစ်ခုရဲ့ အခြေခံသဘောသဘာဝအရ အထိုင်ကျရေးနဲ့ အစုအဖွဲ့တစ်ခုလုံး တည်တည်ငြိမ်ငြိမ် အစွမ်းပြရေးအတွက် အချိန်တစ်ခု လိုအပ်နေသေးတဲ့အခါ။ ဘာစီလိုနာဟာ ကစားသမားအဝယ်စာရင်းသာရှိပြီး အဝင်စာရင်း မရှိသေးမှုနဲ့အတူ သူတို့ရဲ့ စုဖွဲ့မှုဟာ အပေါင်းလက္ခဏာမဆောင်သော်ငြား။ သူတို့ရဲ့ အဓိကပြိုင်ဘက် ရီးရဲဟာလည်း အပေါင်းလက္ခဏာမဆောင်သလို သူတို့ရဲ့အမှားကို အခွင့်ကောင်းယူနိုင်တဲ့ အက်သလက်တီကိုဟာလည်း မနှစ်ကထက် တိုးတက်လာမယ်လို့ ယတိပြတ်သုံးသပ်လို့ မရနိုင်တဲ့အခါ။

အချုပ်ပြောရမယ်ဆိုရင်တော့။ ရာသီအဖွင့်ကာလမှာ ဘာစီလိုနာဟာ ပြိုင်ပွဲအသွင်နဲ့ လေးပွဲကစားပြီး လေးပွဲစလုံးမှာ ခြေစွမ်းမပြနိုင်ဘူး။ ဆီဗီလာကို ခက်ခဲစွာ ရင်ဆိုင်ခဲ့ရသလို စပိန်စူပါဖလားမှာ ဘီလ်ဘာအိုကိုလည်း ဂိုးပြတ်ရှုံးခဲ့ကာ ရာသီအဖွင့်မှာလည်း ဘီဘာအိုကို ၁-၀ နဲ့သာ နိုင်တယ်ဆိုပေမယ့် အဲ့ဒီအချက်တစ်ခုတည်းနဲ့တော့ ဘာစီလိုနာရဲ့ လာလီဂါလျှောက်လမ်းအပေါ် သံသယထားမယ်ဆိုရင် အချိန်စောလွန်းသေးတယ်လို့သာ ဆိုချင်မိတယ်။ ■

မြန်မာ့အလင်း
၂၈-၈-၂၀၁၅ (သောကြာနေ့)

# အော့တာမန်ဒီ သို့မဟုတ် မိုးပြာရောင်တို့ရဲ့ ခံစစ်တံတိုင်းသစ်

အောင်ကြ

မန်စီးတီးအသင်းဟာ ပြီးခဲ့တဲ့ ရက်ပိုင်းကပဲ ဗလင်စီယာခံစစ်မျိုး အော့တာမန်ဒီကို ပေါင် ၃၁ဒသမ ၇ သန်းနဲ့ ခေါ်ယူလိုက်ပါတယ်။ ဒါကြောင့်မကြာခင် အော့တာမန်ဒီဟာ မန်စီးတီးအသင်းရဲ့ ခံစစ်မျိုးတွေဖြစ်တဲ့ ကွန်ပါနေး၊ မန်ဂါလာတို့နဲ့အတူ ပါဝင်ကစားခွင့် ရရှိတော့မှာလည်း ဖြစ်ပါတယ်။ ဒါပေမယ့် အော့တာမန်ဒီဟာ မန်စီးတီးအသင်းအတွက် သင့်တော်မှန်ကန်တဲ့ ကစားသမားတစ်ဦး ဖြစ်လားမလားဆိုတာကိုတော့ လူတိုင်းက သံသယရှိနေကြပါတယ်။

ဒါကြောင့်လည်း မန်စီးတီးအသင်းမှာ နံပါတ် ၃၀တတ်ဆင်ကစားမယ့် ခံစစ်မျိုး အော့တာမန်ဒီရဲ့ ပြီးခဲ့တဲ့ ရာသီကစွမ်းဆောင်မှုတွေနဲ့ မန်စီးတီးအသင်းရဲ့ ခံစစ်မျိုးတွေရဲ့ စွမ်းဆောင်မှုတွေကို ယှဉ်ကြည့်ခဲ့ပါတယ်။ လက်ရှိမန်စီးတီးအသင်းရဲ့အဓိကခံစစ်မျိုးတွေဖြစ်တဲ့ ကွန်ပါနေး၊မန်ဂါလာ၊ ဒီမစ်ချီလီတို့နဲ့ နှိုင်းယှဉ်ကြည့်တဲ့အခါ အော့တာမန်ဒီ ဟာ ၃၅ပွဲကစားခွင့်ရရှိခဲ့သူဖြစ်ပေမယ့် ဒီမစ်ချီလီတစ်ဦးတည်းသာ ၃၁ပွဲ ကစားခဲ့ရပြီး ကွန်ပါနေးနဲ့ မန်ဂါလာတို့ကတော့ ၂၅ပွဲစီသာကစားခဲ့ရပါတယ်။ ကစားခဲ့တဲ့ပွဲတွေရဲ့ ရလဒ်တွေကို ယှဉ်ကြည့်မယ်ဆိုရင်လည်း ဒီမစ်ချီလီတစ်ဦးတည်းသာ တစ်ဂိုးသွင်းယူနိုင်ပြီး ကွန်ပါနေးနဲ့ မန်ဂါလာတို့ကတော့လုံးဝဂိုးသွင်းယူနိုင်ခြင်းမရှိပါဘူး။ ဒါပေမယ့် အော့တာမန်ဒီကတော့ ဗလင်စီယာအသင်းအတွက် ခြောက်ဂိုးအထိသွင်းယူနိုင်ခဲ့ပါတယ်။ ဒ့ါအပြင် ပျမ်းမျှအားဖြင့် ပွဲတစ်ပွဲစီတွင် ခံစစ်အတွက် အားထုတ်မှုကိုကြည့်မယ်ဆိုရင်လည်း ၁၂ကြိမ်လောက်ရှိပါတယ်။ မန်စီးတီးခံစစ်မျိုးတွေဖြစ်တဲ့ ကွန်ပါနေး၊ မန်ဂါလာနဲ့ ဒီမစ်ချီလီတို့ရဲ့ အားထုတ်မှုကို ကြည့်မယ်ဆိုရင် အများဆုံး ရှစ်ကြိမ်လောက်သာရှိတာကို တွေ့ရပါတယ်။

ဒါပေမယ့် ပြီးခဲ့တဲ့ရာသီက အော့တာမန်ဒီရဲ့ ရလဒ်တွေကို ကြည့်မယ်ဆိုရင် အကောင်းရလဒ်တွေကြီးပဲ ကြည့်လို့တော့မရပါဘူး။ ပြီးခဲ့တဲ့ရာသီက အော့တာမန်ဒီဟာ ခံစစ်ပိုင်းလှုပ်ရှားမှုမှာ အားသာမှုတွေ ဂိုးသွင်းနိုင်မှုတွေဟာ မန်စီးတီးခံစစ်မျိုးတွေထက် ပိုမိုသာလွန်တာကိုတွေ့ရသလို ခံစစ်ပိုင်းအမှားကိုကြည့်မယ်ဆိုရင်လည်း ငါးကြိမ်တိုင်ရှိတာကို တွေ့ပါတယ်။ ဒါဟာ မန်စီးတီးအသင်းခံစစ်မျိုးတွေနဲ့ ယှဉ်ရင်တော့ ခံစစ်ပိုင်း အမှားသုံးကြိမ်လောက်သာတာကို တွေ့ပါတယ်။ ဒ့ါအပြင်စည်းကမ်းပိုင်းကို ကြည့်မယ်ဆိုရင်လည်း အော့တာမန်ဒီဟာ ပြီးခဲ့တဲ့ရာသီမှာ အဝါကတ်ကိုးကြိမ်နဲ့ အနီကတ်တစ်ကြိမ်အပြခံခဲ့ရပါတယ်။ ဒါဟာမန်စီးတီးခံစစ်မျိုးတွေထက် သာတာကို တွေ့ရပါတယ်။ မန်စီးတီးအသင်းရဲ့ ကပ္ပတိန်ဖြစ်တဲ့ ကွန်ပါနေးဟာ ပြီးခဲ့တဲ့ ရာသီမှာ အဝါကတ် ခုနစ်ကြိမ်အပြခံခဲ့ရပေမယ့် အနီကတ်တော့တစ်ကြိမ်မှ အပြခံခဲ့ရခြင်းမရှိပါဘူး။ မန်ဂါလာဆိုရင်လည်း အနီကတ် တစ်ကြိမ်အပြခံခဲ့ရပေမယ့် အဝါကတ်အနေနဲ့ လေးကြိမ်သာအပြခံခဲ့ရပါတယ်။ ဒီမစ်ချီလီဆိုရင်လည်း အဝါကတ်ခြောက်ကြိမ်သာအပြခံခဲ့ရပါတယ်။ ဒါတွေကြောင့် အော့တာမန်ဒီရဲ့ ပြီးခဲ့တဲ့နှစ် စွမ်းဆောင်မှုတွေကို ကြည့်မယ်ဆိုရင်တော့ ကောင်းမွန်မှုတွေရှိသလို ဆိုးရွားမှုတွေရှိတယ်ဆိုတာကိုလည်း တွေ့ရပါတယ်။

လက်ရှိအချိန်မှာ မန်စီးတီးအသင်းက အော့တာမန်ဒီကို ခေါ်ယူလိုက်ခြင်းနဲ့ပတ်သက်ပြီး ထိခိုက်မှုရှိနိုင်တဲ့ကစားသမားကတော့ လူငယ်ကစားသမား ဒီနာယာဖြစ်ပါတယ်။ မန်စီးတီးအသင်းနေနဲ့ အခုလိုရုတ်တရက် အော့တာမန်ဒီကို ခေါ်ယူလိုက်ခြင်းဟာ ဒီနာယာအတွက်တော့ အရန်ခုံမှာ ဆက်လက်ရှိနေဖို့ သေချာသလောက်ရှိသွားသလို အသင်းကနေ အငှားနဲ့ဒါမှမဟုတ် အပြီးတောင်ထွက်သွားဖို့ ရှိနိုင်ပါတယ်။ ဒါဟာမန်စီးတီးအသင်းမှာ ရှိတဲ့ လူငယ် မျိုးဆက်သစ်ကစားသမားတွေအတွက်တော့ ဝမ်းနည်းစရာသတင်းစကားလည်းဖြစ်ပါတယ်။ ဒါပေမယ့်မန်စီးတီးအသင်းကတော့ အသင်းရဲ့အောင်မြင်ရေးကိုသာရှေးရှုတာကြောင့်အသင်းမှာ အော့တာမန်ဒီ အခြေကျပြီးခြေစွမ်းပြကစားနိုင်ရေးသာ အဓိကဖြစ်နေပါတယ်။

နောက်ထပ်လူတိုင်းသိလိုတဲ့ မေးခွန်းကတော့ အော့တာမန်ဒီဟာ ကွန်ပါနေး၊ မန်ဂါလာတို့နဲ့အတူ အကောင်းဆုံး တွဲဖက်ကစားနိုင်မလားဆိုတာပါပဲ။ လက်ရှိအချိန်မှာ မန်စီးတီးအသင်း သုံးပွဲကစားပြီးချိန်မှာတော့ မန်စီးတီးအသင်းဟာ ပေးဂိုးမရှိအသင်းအဖြစ် ပရီမီယာလိဂ်ရဲ့ ထိပ်ဆုံးနေရာမှာ ရပ်တည်နေပါတယ်။ ဒါတွေကြောင့် လာမယ့်ပွဲတွေမှာသာ အော့တာမန်ဒီကို ထည့်သုံးခဲ့မယ်ဆိုရင် မန်စီးတီးအသင်းရဲ့လက်ရှိ အခြေကျနေတဲ့ ခံစစ်ကိုများ ထိခိုက်မှုရှိလေမလားဆိုပြီး စိုးရိမ်စရာတွေလည်း ထွက်ပေါ်လို့နေပါတယ်။ ဒါကြောင့် တချို့ဘောလုံးပညာရှင်တွေကတော့ မန်စီးတီးအသင်းအနေနဲ့ လက်ရှိ ခံစစ်အတိုင်းကိုသာ ဆက်လက်ထားရှိပြီး လက်ရှိခံစစ်မျိုးတစ်ဦးဦး ဒဏ်ရာရရှိမှသာ အော့တာမန်ဒီကို အစားထိုးကစားစေဖို့ကိုလည်း အကြံပြုပြောဆိုမှုတွေ ရှိနေခဲ့ပါတယ်။ ဒါကြောင့်လက်ရှိအခြေအနေတွေအရ အော့ဒါမန်ဒီဟာ မန်စီးတီးအသင်းရဲ့ အကောင်းဆုံးခေါ်ယူမှုဖြစ်ရဲ့လားဆိုတာကတော့ မေးခွန်းထုတ်စရာ ဖြစ်နေပါတယ်။ ဒါပေမယ့် အဲ့ဒါတွေအားလုံးကို အချိန်ကသာအဖြေပေးသွားမှာဖြစ်ပါတယ်။ အခုအချိန်မှာ ကျွန်တော်တို့ ပြောနိုင်တာကတော့ အော့တာမန်ဒီဟာ ထိပ်ဆုံးအဆင့်ကို ရောက်ရှိနေတဲ့ အကောင်းဆုံးခံစစ်မျိုးတစ်ဦးဖြစ်တယ်ဆိုတာနဲ့ ခံစစ်မျိုးတစ်ဦးဖြစ်ပေမယ့် ဂိုးသွင်းနိုင်စွမ်းရှိတယ်ဆိုတာပါပဲ။ တကယ့်လို ပရီမီယာလိဂ်နဲ့အံဝင်ခွင်ကျကစားနိုင်မယ့် ခံစစ်မျိုးတွေကို ရွေးထုတ်ကြည့်ပါဆိုရင်လည်း အော့တာမန်ဒီက ထိပ်ဆုံးကပါလာမှာဖြစ်ပါတယ်။ ဒါကြောင့်လက်ရှိသူ့ရဲ့ ကြံ့ခိုင်မှုတွေနဲ့ တွန်းတွန်းတိုက်တိုက်ကစားနိုင်မှုတွေကြောင့် မန်စီးတီးအသင်းရဲ့ အကောင်းဆုံး ခံစစ်သမားတစ်ဦးအနေနဲ့ တွေ့မြင်နိုင်ဖွယ် ရှိတယ်ဆိုတာကိုသာ ပြောရင်း. . ။




# ဟက်သာသလွန် ပြိုင်ပွဲတွင် ဂျက်ဆီကာအင်းနစ် ရွှေတံဆိပ်ဆွတ်ခူး




တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ Beijing National အားကစားပြိုင်ကွင်း၌ ဩဂုတ် ၂၂ ရက်မှ ၃၀ ရက်အထိ ကျင်းပလျက်ရှိသည့် ၂၀၁၅ ခုနှစ် IAAF World Championships in Athletics ပြိုင်ပွဲ၏ အမျိုးသမီး ခုနစ်မျိုးစုံ (Heptathlon) အားကစားပြိုင်ပွဲ၌ ဗြိတိသျှ ပြေးခုန်ပစ်အားကစားမယ် ဂျက်ဆီကာအင်းနစ်က ရွှေတံဆိပ် ဆွတ်ခူးရရှိသွားခဲ့သည်။ ဂျက်ဆီကာအင်းနစ်သည် ပထမဆုံးယှဉ်ပြိုင်ခဲ့သည့် မီတာ ၁၀၀ အပြေးပြိုင်ပွဲမှအပ ကျန်ပြိုင်ပွဲများတွင် ပြိုင်ဘက်များအား စုစုပေါင်းရမှတ်အသာဖြင့် ပြိုင်ပွဲတစ်လျှောက် ဦးဆောင်နိုင်ခဲ့သည်။

အသက် ၂၉ နှစ်အရွယ်ရှိ ဂျက်ဆီကာအင်းနစ်သည် ၂၀၀၉ ခုနှစ် IAAF World Championships in Athletics ပြိုင်ပွဲ၏ အမျိုးသမီး ခုနစ်မျိုးစုံ အားကစား ပြိုင်ပွဲ (Heptathlon)တွင် ရွှေတံဆိပ်ဆု ဆွတ်ခူးရရှိခဲ့ဖူးပြီး ယခုဒုတိယအကြိမ် ရွှေတံဆိပ်ရရှိခဲ့ခြင်းဖြစ်သည်။

ယခုနှစ် အမျိုးသမီး Heptathlon ပြိုင်ပွဲကို ဩဂုတ် ၂၂ ရက်နှင့် ၂၃ရက်တို့တွင် ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ကာ ဩဂုတ် ၂၂ ရက်တွင် မီတာ ၁၀၀တန်းကျော်အပြေးပြိုင်ပွဲ၊ အမြင့်ခုန်ပြိုင်ပွဲ၊ သံလုံးပစ်ပြိုင်ပွဲနှင့် မီတာ ၂၀၀ အပြေးပြိုင်ပွဲ၊ ဩဂုတ် ၂၃ ရက်တွင် အလျားခုန်ပြိုင်ပွဲ၊ လှံတံပစ်ပြိုင်ပွဲ၊ မီတာ ၈၀၀ အပြေးပြိုင်ပွဲတို့ကို ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။

ဂျက်ဆီကာအင်းနစ်သည် အဆိုပါပြိုင်ပွဲ အားလုံး၌ စုစုပေါင်းရမှတ် ၆၆၆၉ မှတ်ဖြင့် ရွှေတံဆိပ်ဆု ဆွတ်ခူးနိုင်ခဲ့သည်။ ငွေတံဆိပ်ဆုကို ကနေဒါနိုင်ငံသူ ဘရိန်နီသီဆန်အီတုန်က စုစုပေါင်းရမှတ် ၆၅၅၄ ဖြင့်လည်းကောင်း၊ ကြေးတံဆိပ်ဆုကို လတ်ဗီးယားနိုင်ငံသူ အက်မီဒီနာက စုစုပေါင်း ရမှတ် ၆၅၁၆ မှတ်ဖြင့်လည်းကောင်း ရရှိခဲ့သည်။

ဂျက်ဆီကာအင်းနစ်သည် ၂၀၁၄ ခုနှစ် ဇူလိုင် ၁၇ ရက်တွင် သားငယ်ရစ်ဂျီအား မွေးဖွားခဲ့ပြီးနောက် ပြီးခဲ့သည့် ဆောင်းဦးရာသီအတွင်းမှသာ လေ့ကျင့်မှုများ ပြန်လည်ပြုလုပ်နိုင်ခဲ့ပြီး ပြိုင်ပွဲဝင်ခဲ့ခြင်းဖြစ်သည်။

"အခုလို ရွှေတံဆိပ်ဆုရရှိခဲ့ခြင်းဟာ ကျွန်မရဲ့ အားကစားသမား သက်တမ်းအတွင်း အကောင်းဆုံးနေ့ရက်တွေထဲက တစ်နေ့ပါ။ ဒီလို အောင်မြင်မှုရရှိခဲ့တာကို မယုံကြည်နိုင်အောင် ဖြစ်နေရဆဲပါ။ ဒီပြိုင်ပွဲမှာ ဆုတံဆိပ်တစ်ခုခု ရရှိနိုင်မယ်ဆိုမှသာ လာရောက်ပြိုင်ပွဲဝင်ဖို့ ကျွန်မနဲ့ နည်းပြတိုနီမီနီချီလိုတို့ တိုင်ပင်ခဲ့ပါတယ်။ ဒါပေမယ့် အမြင့်ဆုံးအဖြစ် ကြေးတံဆိပ်ဆုအတွက်ပဲ ရည်မှန်းထားခဲ့တာပါ။ ငွေတံဆိပ်ရခဲ့မယ်ဆိုရင်တောင် အံ့အားသင့်စရာဖြစ်လိမ့်မယ်လို့ ယူဆထားခဲ့ကြပြီး ရွှေတံဆိပ်ဆုရရှိဖို့ကိုတော့ထည့်သွင်းပြောဆိုခြင်းမရှိခဲ့ပါဘူး။ ဒါကြောင့် အခုလို ရွှေတံဆိပ်ဆု ရရှိခဲ့ခြင်းကို မယုံကြည်နိုင်အောင်ဖြစ်ရပါတယ်"ဟု ဂျက်ဆီကာအင်းနစ်က ပြောသွားသည်။